# LIVING COLOR

စီးပွားရေး ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် သတင်းမဂ္ဂဇင်း

NO.111, SEPTEMBER, 2004



## စာကြည့်တိုက်များ၏ အခန်းကဏ္ဍ

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

LIVING COLOR
HOLLYWOOD
SINGAPORE
YANGON

**This magazine is founded and managed**
**by board of directors of Myanmar Partners Think Tank Group in June, 1995**
**underlicensed of Living Color.**

**RECYCLE**

**KEEP THE WORLD GREEN.**


၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြားဖော်ပြချက်အားလုံး၊ ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲထားသည်ဖြစ်စေ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာအုပ်၏ 'ဈေးကွက်စီးပွားရေးသတင်း' ကဏ္ဍတွင် ဖော်ပြထားသောသတင်းများ (အထူးသဖြင့် ဘောင်ခတ် ဖော်ပြသော သတင်းများ)ကို နိုင်ငံခြားဘာသာဖြင့်ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက်သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆို ဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်ပါသည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ခွင့်ပြုချက်ရယူရမည် ဖြစ်ပါသည်။

# EDITORIAL

# နိုင်ငံကူးလက်မှတ်နှင့် ပတ်သက်၍ လိုက်လျောမှုများကို ကြိုဆို

ပြီးခဲ့သော ဩဂုတ်လဆန်းပိုင်းမှစ၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က မြန်မာနိုင်ငံသားအားလုံးသို့ သက်တမ်း ၂ နှစ်ရှိပြီး အကြိမ်ကြိမ် အသုံးပြုနိုင်မည့် နိုင်ငံကူးလက်မှတ်များ ထုတ်ပေးမည့် အစီအစဉ်ကို စတင်ခဲ့ရာ ပြည်ပနှင့် အကူးအသန်းများလာသော ယနေ့အခြေအနေနှင့် များစွာ လိုက်လျောညီထွေဖြစ်သည့် ကြိုးပမ်းအားထုတ်မှုတစ်ရပ်အနေဖြင့် ကြိုဆိုလိုက်ပါသည်။

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ ယခင်က ထုတ်ပေးနေသော နိုင်ငံကူးလက်မှတ်များမှာ တစ်ကြိမ်သုံး အမျိုးအစားဖြစ်ပြီး လက်မှတ်ကိုင်ဆောင်ထားသူ ကာယကံရှင် မြန်မာနိုင်ငံတွင် ရှိနေပါက ခြောက်လသာ သက်တမ်းရှိခဲ့သည်။ ကာယကံရှင် ပြည်ပသို့ ခရီးထွက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက် လာချိန်တွင် အလိုအလျောက် သက်တမ်းကုန်ဆုံးပြီး ခရီးမထွက်ဖြစ်ပါက ခြောက်လပြည့်လျှင် သက်တမ်း ငယ် တိုးရသည်။ တစ်နှစ် ပြည့်သွားပါက အသစ်ကဲ့သို့ ပြန်လည်လျှောက်ထားရသည်။ ယခုအစီအစဉ်သစ်အရ ထုတ်ပေးမည့် နိုင်ငံကူးလက်မှတ်များ၏ သက်တမ်းမှာ ခေတ်ပုံပါ စာမျက်နှာတွင် ဖော်ပြထားသည့်အတိုင်း ၂ နှစ်ရှိမည် ဖြစ်သည်။ နိုင်ငံကူးလက်မှတ်လျှောက်ထားသည့် လုပ်ငန်းအဆင့်ဆင့်ကိုလည်း မြန်ဆန်အောင် စီစဉ်ထားသည်ဟု သိရသည်။

ယခုလိုက်လျောမှုများသည် ကျန်းမာရေးအတွက် အကြိမ်ကြိမ် ဆေးကုသွားမည့်သူများ၊ ပြည်ပတွင် ပညာသင်ကြားမည့်လူငယ်များအတွက် အထူးပြေလည်မှုတစ်ခု ဖြစ်သွားခဲ့သည်ကို တွေ့ရသည်။ ယခင်စနစ်ဟောင်းတွင် ကျန်းမာရေးအတွက် ဆေးကုသွားမည့်ပုဂ္ဂိုလ်များအနေဖြင့် မိမိတို့ ကျန်းမာရေးအခြေအနေကို ခုနစ်လခန့် ကြိုတင်သိရှိရန်လိုအပ်ပြီး တစ်ကြိမ်ပြန်ရောက်တိုင်း အသစ်ပြန်လည် လျှောက်ထားခဲ့ကြရသည်။

၁၉၈၈ ခုနှစ်ကပင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံကူးလက်မှတ်များ လျှောက်ထားရယူရေးနှင့် ပတ်သက်၍လည်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရန် ထိုစဉ်က အစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားချက်ကို နိုင်ငံပိုင်သတင်းစာများ၌ သတင်းထုတ်ပြန်ခဲ့သည်ကို စာဖတ်သူများ မှတ်မိကြဦးမည်ထင်ပါသည်။ နောက်ပိုင်းတွင် စီးပွားရေးနိုင်ငံကူးလက်မှတ်တစ်မျိုးကို တီထွင်၍ လိုက်လျောမှုများပြုလုပ်ခဲ့ သော်လည်း သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားမှုများကို ယခင်အတိုင်း ဆက်လက်ကျင့်သုံးခဲ့သည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ ယခုကဲ့သို့ လိုက်လျောမှုများကို ခေတ်နှင့်အညီ ပြုပြင်ပေးခဲ့သော မြန်မာနိုင်ငံအစိုးရတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့တို့ကို အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း Living Color က ဖော်ပြလိုပါသည်။

**အယ်ဒီတာ**

၃-၈-၂၀၀၄

# လှုပ်ငန်းမှတ်တမ်း


**Board of Editors**

Chief Editor – ကျော်မင်းဆွေ

Editor In Charge (Production) – မင်းဇင်

Editor In Charge (News) – ကျော်ကျော်အောင်

Senior Executive Editors – ကျော်နိုင်၊ မင်းနိုင်စိုး

Executive Editors – မျိုးညွန့်မောင်၊ အောင်ကျော်မင်း၊ နွေးအိငြိမ့်၊ ခိုင်ချို‌ဇော်ဝင်းတင်

Research & Development Editor – ဇင်ဇင်သော်

Chief Reporter – သောင်းထိုက်

Staff Reporters – ဆန်းဦး(စီးပွားပညာ)၊ စိုးယုဝေ၊ ထားထားမြင့်၊ ငြိမ်းအိ၊ ကေခိုင်ကျော်

**Art Director**

စိုးသော်တာ

**DTP Department**

Supervisor – မခိုင်

Staff Operators – မင်းမင်းသူ၊ ငုဝါခိုင်

**Accountant**

အေးအေးဆင့်

**Advertising Department**

General Manager – ဖေအောင်ဇင်

Manager (Marketing) – ကျော်သူမြင့်အောင်

Assistant Manager (Design & Planning) – ဇာနည်ဝင်း

Assistant Manager (Admin & Marketing) – စန်းသီတာ

Receptionist – ဖြူဖြူသီ

Marketing Assistants – စောဂေးနေထူး၊ စောဆာကီးလား၊ စောမောင်မောင်လေး၊ ယုဇနလွင်

**Printing House**

General Manager – ကျော်စိုး

**Production**

Supervisor – တင်ဝင်းထွဋ်

**Admin**

Office Superintendent – အောင်ကျော်ဆန်း

Assistant – မိုးကျော်လွင်

**Distribution Department**

သိန်းလွင်၊ စောကပေါ်ထူး

Cover Design – စိုးသော်တာ

Color Seperation – Best Colour

Cover Logo – အောင်မင်း၊ ဘဒွေးကြည်၊ မြင့်မောင်ကျော်

Illustrator – soe thaw dar



**Publisher**

ဦးရဲနိုင်ဝင်း (မြ- ၃၇၅၅)

အမှတ် ၇၀(တ)၊ ငွေဝတ်မှုန်ရိပ်သာ

ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

**Printer**

ခိုင်သန်း၊ Living Color ပုံနှိပ်တိုက် (မြ–၀၆၃၄၈)

အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

**Office**

အမှတ် ၃၈၊ (ပ–ထပ်၊ ယာ) မပိုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။

ရန်ကုန်။ ဖုန်း–၅၂၆၃၀၂၊ ၄၄၁၂၁၆၃၊ ဖက်စ်–၅၂၆၃၀၂



**E-mail**

Chief Editor - c-editor@myanmarpartners.com.mm

News Room - myanfo@myanmarpartners.com.mm

Marketing - paz@myanmarpartners.com.mm



**Web Site - www.foreverspace.com.mm**

Photographer – K.M.S (Super King), P.A.Z

B/W Film – PERFECT

Binding – သစ္စာ စာအုပ်ချုပ်

**Upper Myanmar Distributor**

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၆၈၅/ ၂၀၀၄(၈)

Circulation – ၁၀၀၀

Price – ၅၀၀ ကျပ်

Copyright – Living Color

**ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်**

## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ကန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့် လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr. Slim, Ever Fine, KMD Computer Center, Client Focus Technology Group, Bagan Cybertech, e-Empire၊ စာပေလောက(၃)တိုက်နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

# မာတိကာ


၁ အယ်ဒီတာ့အာဘော်

၄ ယခုလ သတင်းအညွှန်း

၅ ယခုလ အကြိုက်ဆုံးကြော်ငြာ

၆ ယခုလ အကြိုက်ဆုံးကုန်ပစ္စည်း

၇ အကျိုးဆောင်

၈ မြန်မာ့စီးပွားရေးသတင်း

၂၆ သတင်းဆောင်းပါး

၄၀ မျက်နှာဖုံးဆောင်းပါး
**စာကြည့်တိုက်များ၏ အခန်းကဏ္ဍ**
ဖြိုးဝင်းလတ်၊ ထားထားမြင့်

၄၈ တွေ့ဆုံခြင်း
**"စာကြည့်တိုက်နှင့် မော်ကွန်းတိုက် ရောနေသလို မဖြစ်ဖို့ လိုပါတယ်"**
**(တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် အငြိမ်းစား စာကြည့်တိုက်မှူး ဦးသော်ကောင်းနှင့် တွေ့ဆုံခြင်း)** ဖြိုးဝင်းလတ်

၅၂ မြန်မာ့စီးပွားရေးအမြင်
**ခေတ်မီပြည့်သူ့စာကြည့်တိုက်များ တိုးမြှင့်ထူထောင်ရေး** မျိုးညွန့်မောင်

၅၆ **ပညာရှာရခြင်းအကြောင်းအရင်းငါးရပ်**
မောင်မြင့်ဇော်

၅၈ **လိုအပ်နေသည့် စာကြည့်တိုက်ကောင်းများ**
မိုးချာန်

၆၀ **မြို့ပြလူဦးရေ ပြောင်းရွှေ့ဝင်ရောက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ** အဂ္ဂ

၆၃ **အမျိုးသမီးတို့၏ စွမ်းရည်နှင့် တိုးတက်မှု**
ဇင်ဇင်သော်

၆၆ ယနေ့စီးပွားရေးမြင်ကွင်း
**ဆီမီးစာကြည့်တိုက်** တင်ဝင်းထွဋ်၊ **MNM**

၇၂ **လစဉ်ထုတ်မဂ္ဂဇင်းများနှင့် ကိုယ်ပိုင်ဟန်တည်ဆောက်မှု**
အောင်ကျော်မင်း၊ ကျော်မျိုးညွန့်

၇၈ **အလားအလာကောင်းသို့ ဦးတည်လာသော မြန်မာ့ပုလဲမွေးမြူရေး** မင်းနိုင်စိုး

၈၃ **ဟိုဘက်၊ သည်ဘက်** ဧယျာအုန်း

၈၈ **မိုးလေဝသနှင့် လူမှုစီးပွားအကျိုးဆက်များ**
ကံရှင်

၉၂ **ရွှေးဟောင်းပစ္စည်းဈေးကွက်** ဇင်ဇင်သော်

၉၆ **ရန်ကုန် ကုန်စည်ဈေးကွက်**
မင်းညွန့် **(L.C)**

၁၀၀ ဈေးဝယ်လမ်းညွှန်

၁၀၂ ကာတွန်း
**ဒါရိုက်တာအောင်ကြူကြူ** စိုးသော်တာ

၁၁၈ IT မိတ်ဆက်
**အသုံးတွင်ကျယ်လာတော့မည့် Online e-Library စနစ်များ**
ဖြိုးဝင်းလတ်

၁၂၁ ရက်စွဲမှတ်တမ်း

၁၂၃ တစ်ဦးတည်းကိုယ်စားလှယ်

၁၂၅ တွေ့ဆုံဆွေးနွေးမှုများ

၁၂၇ ထင်ရှားကျော်ကြား မြန်မာ့စီးပွား

၁၃၀ ကုမ္ပဏီနှင့် စက်မှုလက်မှုလုပ်ငန်းများ မိတ်ဆက်
**Myanmar Asia Optical International Co., Ltd.**

၁၃၂ ကုန်ဈေးနှုန်း

၁၃၉ မြန်မာပြည်တွင်လုပ်သည်

၁၄၂ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၄၆ အတွေးအမြင်
**အရေအတွက်မှ အရည်အချင်းသို့**
ထွန်းအောင်

၁၄၈ **ကျွန်တော် ပန်းချီကုန်သည် (၂၃)**
ဦးလှဝင်း(လေသူရဲတစ်ဦး)

၁၅၁ **ငွေ–ငွေ–ငွေ လောကမှာ ငွေဟာလေ (၁၈)**
ကြည်မင်း

၁၅၆ **စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၁၈)** လှထုစိန်ဝင်း

## NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွန်း

'ယခုလ သတင်းအညွန်း'ကဏ္ဍကို လတစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်း တစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြု မိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့် မူဝါဒမှာ အယ်ဒီတာအဖွဲ့၏ အာဘော်**

> မိမိတို့နိုင်ငံ၌ ကလေးသူငယ်များ၏ လွတ်လပ်မှုကို ကာကွယ်ထိန်းသိမ်းနိုင်သည့် ဥပဒေများ ထုတ်ပြန်ထား၊ အရွယ်မရောက် သေးသည့် ကလေးသူငယ်အားလုံး စစ်မှုထမ်း ရခြင်းမှ ကာကွယ်သည့်ဥပဒေနှင့် အမိန့်များ ရှိပြီးဖြစ်ကြောင်း

၂၀၀၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသော အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်

## ADVERTISEMENT OF THE MONTH

# ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် မြို့တော်အသံလွှင့်ဌာနမှ တင်ဆက်သော ‘သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်း’ ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ အဆိုပါကြော်ငြာသည် ကြော်ငြာလိုသောမဂ္ဂဇင်း၏ Trends ကို ပေါ်လွင်စေပြီး ယင်းအသံလွှင့်ဌာနမှ တင်ဆက်နေသော ကြော်ငြာများအနက် ထူးခြားစွာ ဆွဲဆောင် နိုင်သော အသံအနေအထားဖြင့် တင်ဆက်နိုင်သောကြောင့် ယခုကဲ့သို့ ရွေးချယ်လိုက်ရခြင်း ဖြစ်သည်။

| | | |
|---|---|---|
| ဖန်တီးသူ | – | ကာတွန်းမောင်မောင်အောင် |
| ကြာမြင့်ချိန် | – | ၁၀ စက္ကန့် |



# PRODUCT OF THE MONTH

# ယခုလ အကြိုက်ဆုံးကုန်ပစ္စည်း

ယခုလ စိတ်ကြိုက်ကုန်ပစ္စည်းအဖြစ် ဇူလိုင် ၁၈ ရက်နေ့က စတင်ဖြန့်ချိသည့် ထွန်းအိန္ဒြာဗို၏ ဒိုင်ယာရီ Live Show VCD ကာရာအိုကေကို ရွေးချယ်လိုက်ပါသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်နေ့ များက Strand Hotel ၌ ကျင်းပရာတွင် မူရင်းလက်မှတ်ရောင်းဈေးဖြစ်သော လေးထောင်ကျပ်နှင့် ခြောက်ထောင် ကျပ်၏ ငါးဆခန့်အထိ မြင့်တက်သွားသည့်အပြင် VCD ထွက်ရှိရာ၌လည်း စထွက်သည့်နေ့တွင်ပင် ဝယ်လိုအား များပြားလွန်း၍ ပစ္စည်းပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ တစ်ချပ်စီခွဲ၍ ရောင်းချမည်ဟု သတင်းထုတ်ပြန်ပြီးမှ နှစ်ချပ်ကို တစ်ချပ်နှုန်းဖြင့် ရောင်းချခြင်း အစရှိသည့် ထူးခြားမှုများကို တွေ့ရပါသည်။ နှစ်အတန်ငယ် ပူးပေါင်း ဖျော်ဖြေမှု လုံးဝပြတ်တောက်နေသည့် မျိုးကျော့မြိုင်နှင့် ပြန်လည်တွဲဖက်သီဆိုခြင်း၊ Live Show လာရောက် ကြည့်ရှုသူများကို မဲဖြင့်ရွေးချယ်၍ ညစာစားပွဲပြုလုပ်ရာ ကံထူးသူအားလုံး အမျိုးသမီးပရိသတ်ဖြစ်နေသော ထူးခြားချက်ရှိခြင်း၊ ရွှေဆိုင်တွင် လက်ဆောင်အဖြစ် အခမဲ့ပေးသော ပထမဆုံး ဗီစီဒီကာရာအိုကေဖြစ်ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ခြင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ဒါရိုက်တာ | – | ဓာတ်ပုံပီတာ |
| တေးဂီတ | – | Lazy Club |
| စီစဉ်သူ | – | Dr.ကိုကိုလွင် |
| ထုတ်လုပ်/ဖြန့်ချိ | – | Iron Cross Home Entertainment |
| တည်းဖြတ် | – | နော်နန်းလှိုင်ကွန်း (CMP) |



# အကျိုးဆောင်ကဏ္ဍ

## တိုက်ခန်းငှားရန်

ယုဇနပလာဇာဘေး၊ ဒုတိယထပ်၊ 12'½ x 45'၊
ရေမီး၊ ဖုန်း၊ Ari Con ပါ၊ အဆင့်မြင့်ပါကေးခင်းပြီး။
ညှိနှိုင်းဈေး
ဗညားဒလလမ်းမကြီး၊ တာမွေမြို့နယ်။ ဖုန်း-၂၀၂၃၅၄

## ဝန်ထမ်းအလိုရှိသည်

ဆေးခန်းအကူ မ - (၂) ဦး အလိုရှိသည်။
ညနေ (၃) နာရီမှ (၅) နာရီအတွင်း
လာရောက်လျှောက်ထားနိုင်သည်။
ရွှေဒဂ္ဂီ (သွားနှင့်ခံတွင်း)
၃၇၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း-၅၄၅၈၆၉

## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| A+ Network ကျွမ်းကျင်သူ | - | ၂ ဦး |
| Graphic ကျွမ်းကျင်သူ | - | ၁ ဦး |
| DTP ကျွမ်းကျင်သူ | - | ၁ ဦး |

Quick Computer

၃၅ လမ်း(အလယ်)၊ လဝကရုံး၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၂၅၀၅၃၅

## ဝန်ထမ်းအလိုရှိသည်

အလှပြင်ဆိုင်တွင် တာဝန်ထမ်းဆောင်ရန်အတွက် အလှပြင်
လုပ်ငန်းကို စိတ်ဝင်စားသော အလုပ်သင် (သို့) ကျွမ်းကျင်
အမျိုးသမီးဝန်ထမ်း (၂)ဦး အလိုရှိသည်။
လှကေသွယ် (ဆံပင်နှင့် မိတ်ကပ်အလှပြုပြင်ရေး)
အမှတ်(၂၁၅)၊ ပ-ထပ်၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်။ ဖုန်း-၅၅၉၉၇၆
(ကျောက်မြောင်းဈေးမှတ်တိုင်ရှေ့)

## အရောက်ပို့ပေးမည်

Singapore Buying Guide 2004
Singapore Commercial & Industrial Guide 2004
Industrial Guide 2005
(green book)
Commercial & Consumer Guide 2005
(green book)
Ph: 540934, E-mail:theinaung@mail4u.com.mm

## ရောင်းမည်

တိုက်(အသစ်)၊
တိုက်(၇)၊ ပထမထပ်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်။
၁၃' x ၅၀'
ညှိနှိုင်းဈေး

တိုက်(၃)၊ ၇ လွှာ၊ သုဒသနလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်။ ၁၅' x ၆၅'
ညှိနှိုင်းဈေး
ဖုန်း-၇၀၉၂၅၀

## Business Opportunities in Malaysia

1. All advertising such as Newspaper, magazine etc.
2. Travel and tour
3. All kinds of Business contact and jobs
4. All kinds of Business contact and price.
5. Lowest price for all kinds of material please kindly contact wwefgwef@yahoo.ca

## ကွန်ပျူတာငှားရန်ရှိသည်

Pentium III
Canon Printer နှင့် Colour Printer တွဲလျက်
တစ်လ (၃)သောင်း
ဖုန်း-၇၁၀၆၁၀

## ရောင်းမည်

မြောက်ဒဂုံ(၄၄)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၅' x ၆၀' (၁ ထပ်တိုက် ကားဂိုဒေါင်၊ တယ်လီဖုန်းပါ ခြံအပြည့်ဆောက်ထား)
ခြံခတ်ပြီးသား သိန်း (၁၂၀) ကျပ်၊ ဖုန်း-၅၈၀၃၃၁

# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၁၁ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ


## မြန်မာ - ထိုင်း နှစ်နိုင်ငံအကြား သဘာဝဓာတ်ငွေ့ရှာဖွေရေး သဘောတူစာချုပ်သစ် ချုပ်ဆို

**ရန်ကုန်၊ ဩဂုတ် ၉**

ထိုင်းနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီ PTTEP International Ltd. နှင့် မြန်မာနိုင်ငံတို့အကြား မြန်မာ့ကမ်းလွန်ပင်လယ်ပြင် နေရာနှစ်ခုတွင် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာတန်သည့် သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုး အတည်ပြုလိုက်ကြောင်း ဩဂုတ်လ ၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါစမ်းသပ်တူးဖော်မည့်နေရာများမှာ PTTEP အနေဖြင့် လောလောဆယ် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်နေသည့် ရတနာသဘာဝဓာတ်ငွေ့လုပ်ကွက်အနီးတွင် တည်ရှိသည်။

လေ့လာစူးစမ်းမှုများအရ မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့သိုက် ပမာဏမှာ ၁၄၄၂.၀၅ ဘီလီယံ ကုဗမီတာရှိ နောင်နှစ်ပေါင်း ၁၅၇ နှစ်အတွင်းထိ ထုတ်ယူနိုင်စွမ်းရှိသည်ဟု စွမ်းအင် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးမြင့်၏ စာတမ်းတစ်ခုအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ BIMSTEC မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် ပါဝင်လျက်ရှိရာ ထိုနိုင်ငံများကြား၌ မဟာဗျူဟာမြောက်အနေအထားတွင်ရှိကြောင်း၊ ထိုသို့တည်ရှိမှုကြောင့် ၂၀၁၅ တွင် အကောင်အထည်ဖော်မည့် အာဆီယံဖြတ်ကျော် Trans-ASEAN ဓာတ်ငွေ့ပိုက်လိုင်းနှင့် မကြာမီအကောင်အထည်ဖော်မည့် BIMSTEC ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမည့်အစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် အဓိက သဘာဝဓာတ်ငွေ့တင်ပို့သူ ဖြစ်လာနိုင်ကြောင်း သက်ဆိုင်ရာ ထုတ်ပြန်ချက်များအရ သိရသည်။

# EPL ဘောလုံးပွဲများ Yangon Entertainment မှ တာဝန်ယူထုတ်လွှင့်

**ရန်ကုန်၊ ဩဂုတ် ၉**

ယခုနှစ် ဘောလုံးပွဲရာသီတွင် English Premier League ဘောလုံးပွဲစဉ်များကို Yangon Entertainment မှ စပွန်ဆာအဖြစ် တာဝန်ယူ၍ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်းကို ဩဂုတ်လ ၇ ရက်နေ့က စတင်ထုတ်လွှင့်ခြင်း အထိမ်းအမှတ် အခမ်းအနားၡ၌ ကြေညာသွားခဲ့သည်။

အဆိုပါပွဲစဉ်များကို မြဝတီရုပ်သံမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှ ထုတ်ပြန်ပြောကြားသည်။

# ရန်ကုန်ဟိုတယ်ကြီးခြောက်ခု ကြယ်ငါးပွင့်အဆင့်အတန်း သတ်မှတ်

**ရန်ကုန်၊ ဩဂုတ် ၃**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက မြန်မာနိုင်ငံတစ်ဝန်းရှိ မှတ်ပုံတင်ထားသော ဟိုတယ်များကို ကြယ်ပွင့်အဆင့်အတန်း သတ်မှတ်ရေးလုပ်ငန်း စတင်နေပြီဖြစ်ရာ ရန်ကုန်မြို့တော်ရှိ ဟိုတယ်ကြီးခြောက်ခုကို ကြယ် ငါးပွင့်အဆင့်အတန်း သတ်မှတ်ပေးလိုက်ကြောင်း ၎င်းဝန်ကြီးဌာနမှ အရာ ထမ်းတစ်ဦးက ပြောကြားသည်။

ကြယ်ငါးပွင့်အဆင့်အတန်း ရရှိသွားသော ဟိုတယ်များမှာ–

(၁) Traders Hotel၊ (၂) Sedona Hotel၊ (၃) Grand Plaza Park Royal Hotel၊ (၄) Hotel Nikko Royal Lake၊ (၅) Kandawgyi Palace Hotel၊ (၆) Strand Hotel တို့ ဖြစ်ကြသည်။

နာမည်ကျော် Dusit Inya Lake Hotel နှင့် Seasons of Yangon ဟိုတယ်များမှာ ကြယ်လေးပွင့်အဆင့်အတန်းသာ ရရှိခဲ့သည်ဟု ၎င်းကဆိုသည်။

၂၀၀၄ ခုနှစ်အထိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသော ဟိုတယ်၊ အင်းနှင့် တည်းခိုရိပ်သာ စုစုပေါင်း ၁၁၉ ခု ရှိသည်။

# နိုင်ငံတကာအဆင့် LearnEnglish ပြိုင်ပွဲ မြန်မာကျောင်းသူနှစ်ဦး ဆုရ

**ရန်ကုန်၊ ဇူလိုင် ၃၁**

ကမ္ဘာအရပ်ရပ်ရှိ ဗြိတိသျှကောင်စီ (BC) သင်ကြားရေးဌာနများမှ ကျောင်းသား ၆၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ပြီး BC ၏ Web Site ဖြစ်သည့် LearnEnglishkids မှ ကျင်းပပေးသည့် စာအုပ်များကို ဖတ်ရှုခံစားခြင်းပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ကျောင်းသူနှစ်ဦး ဆုရရှိခဲ့ကြောင်း တရားဝင်ထုတ်ပြန်သောသတင်းတစ်ရပ်အရ သိရသည်။

ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီ သင်ကြားရေးဌာနတွင် အတန်းတက်နေကြသည့် မေသူဇော်သည် အသက် ၁၀ နှစ်နှင့်အောက် ယှဉ်ပြိုင်ပွဲအတွက် Caroline Laidlaw ၏ Salty to the Rescue စာအုပ်နှင့် ပထမဆုကိုလည်း ကောင်း၊ နွယ်နွယ်လင်းဦးသည် ၁၄ နှစ် နှင့် အထက်တန်းအတွက် Judy West ၏ The Magnificent Mango နှင့် နှစ်သိမ့်ဆုကိုလည်းကောင်း ရရှိခဲ့ပြီး ဆုရရှိသူများ၏ ခံစားတင်ပြမှုများကို http://www.LearnEnglish.org.uk/kids/competition/index.html ပေါ်တွင် ဖတ်ရှုနိုင်ကြောင်း ယင်းသတင်းတွင် ဖော်ပြထားသည်။

ပါဝင်ယှဉ်ပြိုင်ကြသော ကျောင်းသားများအားလုံးသည် ဆုလက်မှတ်များ ရရှိမည်ဖြစ်ပြီး ဆုရရှိသူများအတွက် LearnEnglish အဖွဲ့မှ ဆုလက်မှတ်နှင့် စာအုပ်၊ ဗြိတိသျှကောင်စီ Teaching Centre မှ အဘိဓာန်စာအုပ်နှင့် Education UK မှ အခြားဆုများအား အခမ်းအနားဖြင့် ချီးမြှင့်ပေးသွားမည်ဟု ယင်းသတင်းက ဆိုသည်။

LearnEnglish သည် ဗြိတိသျှကောင်စီ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး လူကြီးများ၊ ကလေးများနှင့် စစ်မှုထမ်းများအတွက် ပညာရေးနှင့်ပတ်သက်သည့် Web Site များ လွှင့်တင်ထားကာ အခြားအကျိုးရှိသည့် Web Site များနှင့်လည်း ချိတ်ဆက်ထားသည်။ ■

# တန်ချိန် ၁၂၀၀၀ သင်္ဘောကျင်း ၂၀၀၅ ခုနှစ်ဆန်းတွင် ဖွင့်လှစ်မည်

**ရန်ကုန်၊ ဇူလိုင် ၂၇**

ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် တန်ချိန် ၁၂၀၀၀ သင်္ဘောများ လွှန်းတင်ပြုပြင်နိုင်သော ရေလုံသင်္ဘောကျင်းအဖြစ် တိုးမြှင့်တည်ဆောက်နေရာ ယခုအခါ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး လာမည့် ဒီဇင်ဘာလကုန်တွင် ပြင်ဆင်မှုလုပ်ငန်းရပ်အားလုံး လက်စသတ်၍ ၂၀၀၅ ခုနှစ်ဆန်းတွင် စတင်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သင်္ဘောကျင်းလုပ်ငန်းနှင့် နီးစပ်သူတစ်ဦးက ဇူလိုင်လကုန်ပိုင်းတွင် ပြောကြားသည်။

ယခင်က တန်ချိန် ၂၅၀၀ သင်္ဘောများသာ လွှန်းတင်ပြင်ဆင်နိုင်ခဲ့သည့် အဆိုပါသင်္ဘောကျင်း ပြင်ဆင်တည်ဆောက်မှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shondong Agricultural Industry and Commerce Group Corporation ၏ ချေးငွေ အမေရိကန်ဒေါ်လာ ၂၅.၄၅ သန်းဖြင့် ၂၀၀၁ ခုနှစ်မှ စတင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းသင်္ဘောကျင်း ပြီးစီးသွားပါက ပြည်တွင်းသာမက ပြည်ပရေယာဉ်များပါ လွှန်းတင်ပြင်ဆင်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

# မြန်မာကုန်သည်များ စစ်တကောင်းသို့ သွားလာရောင်းဝယ်လျက်ရှိ

**ရန်ကုန်၊ ဇူလိုင် ၂၆**

နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး သဘောတူညီချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအား Teknaf နယ် အနောက်ဘက်ရှိ Cox's Barzar နှင့် စစ်တကောင်းအထိ လွတ်လပ်စွာ သွားလာခွင့်ပေးထားကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံဘက်ကမူ ဘင်္ဂလားဒေ့ရှ်ကုန်သည်များအား မောင်တောနှင့် စစ်တွေမြို့များသို့ သွားလာခွင့်ကို ခွင့်ပြုခြင်းမရှိသေးကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

သို့ရာတွင် မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်စခန်းဟောင်း နဂရူရာ နာဟီကာကို ပြန်လည်ဖွင့်လှစ်ပြီးသည်နှင့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်ကုန်သည်များ ပိုမိုလွတ်လပ်စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

# ရော်ဘာစိုက်ပျိုးသူများကိုသာ တင်ပို့ခွင့်ပြုမည်ဟု UMFCCI က ပြောကြား

လက်တွေ့ ရော်ဘာပင်စိုက်ပျိုးသူများကိုသာ ရော်ဘာကို ပြည်ပသို့ တင်ပို့ခွင့် (Export) ပေးမည်ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူများက ရော်ဘာလုပ်ငန်းရှင်များအား ပြောကြားခဲ့ကြောင်း ပြည်ပသို့ ရော်ဘာ တင်သွင်းနေသူလုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ရော်ဘာပင်များ စိုက်ပျိုးနေသည့် BAMAR Rubber & General Trading မှ ဒါရိုက်တာဦးဖုန်းမြင့်က မိမိတို့အနေဖြင့် ရော်ဘာစိုက်ပျိုးမှုသက်သက်ကိုသာ လုပ်ကိုင်ကြောင်း၊ ပြည်ပသို့ ရော်ဘာတင်ပို့မှုလုပ်ငန်းကို မကျွမ်းကျင်သေးကြောင်း ပြည်ပသို့ တင်ပို့သူများကိုသာ ရောင်းချလေ့ရှိသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ရော်ဘာကို မိုးရာသီကုန်ဆုံးသည့် အောက်တိုဘာလတွင် အစေးခြစ် ထုတ်လုပ်ကြပြီး အဆိုပါရာသီသည် ရော်ဘာ ခေါ် ကြက်ပေါင်စေးထုတ်လုပ်သည့်ရာသီဖြစ်ကြောင်း၊ တာဝန်ရှိသူများက ရော်ဘာကို ကုန်ချောပစ္စည်းအဖြစ် တင်ပို့စေလိုသော်လည်း နည်းပညာ အားနည်းနေသေးကြောင်း ဦးဖုန်းမြင့်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးသူအများစုသည် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်နှင့် မော်လမြိုင်မြို့နယ်တွင်ရှိပြီး ရန်ကုန်မှ Exporter များက ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းသက်သက်ကိုသာ လုပ်ကိုင်လေ့ရှိကြသည်။ ရော်ဘာစိုက်ပျိုးသူများနှင့် ရော်ဘာလုပ်ငန်းရှင်များအား စုပေါင်း၍ မြန်မာနိုင်ငံ ရော်ဘာလုပ်ငန်းရှင်များအသင်းကို မကြာမီ တည်ထောင်သွားမည်ဟု UMFCCI မှတာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။ ■

# နယ်မြို့များ၌ တရားမဝင် ခိုးကူး VCD များ တွင်ကျယ်

**မိုးညှင်း၊ ဇူလိုင် ၅**

တေးသီချင်း VCD ကာရာအိုကေများအား တရားမဝင် ခိုးကူးရောင်းချမှုနှင့် ကာရာအိုကေဆိုင်များတွင် အသုံးပြုမှုများ နယ်မြို့များတွင် တွင်ကျယ်လျက်ရှိကြောင်း မိုးညှင်းမြို့မှ ဈေးကွက်လေ့လာဆန်းစစ်သူတစ်ဦးက ဇူလိုင်လဆန်းပိုင်းတွင် ပြောကြားသည်။

မူရင်း VCD သီချင်းခွေများအား တစ်ချပ်လျှင် ၁၇၀၀ ကျပ်ခန့် ပေးရချိန်တွင် ခိုးကူးခွေများမှာ တစ်ချပ်လျှင် ၅၀၀ ကျပ်ခန့်သာရှိသဖြင့် ဈေးသက်သာပြီး သုံး၍ဖြစ်သောကြောင့် ယင်းသို့ တွင်ကျယ်နေရကြောင်း၊ ခိုးကူး VCD ကဲ့သို့ပင် တရားဝင်ကိုယ်စားလှယ်ယူ ဖြန့်ချိခွင့်ရထားသော အီလက်ထရွန်နစ်ပစ္စည်းများနှင့် တံဆိပ်တူ (ဥပမာ–Panasonic၊ Sony) ပစ္စည်းများကိုလည်း နယ်စပ်မှတစ်ဆင့် တင်သွင်းရောင်းချမှုများ ရှိနေကြောင်း ပုသိမ်မြို့မှ အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်ရှင်တစ်ဦးက ဆိုသည်။

တရားမဝင်ခိုးကူးခြင်းမှ သက်သာစေမည့်နည်းလမ်းတစ်ခုမှာ VCD ဖြန့်ချိသူများအနေဖြင့် နယ်မြို့များသို့ စပေါ်ငွေရယူပြီး အရောင်းကိုယ်စားလှယ်သဘောမျိုးပေးသင့်ကြောင်း၊ သက်ဆိုင်ရာနယ်မြို့များ၏ တရားမဝင်ခိုးကူးခွေ ပပျောက်ရေးကို အဆိုပါအရောင်းကိုယ်စားလှယ်များအား ဆောင်ရွက်စေသင့်ပြီး VCD သီချင်းခွေအား လက်ရှိဖြန့်ချိဈေးထက် လျှော့ချဖြန့်ဖြူးသင့်ကြောင်း အဆိုပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

# ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် စက်မှုဇုန်များ တိုးချဲ့မည်

**ရန်ကုန်၊ ဇူလိုင် ၂၇**

မြန်မာ–ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ကရင်ပြည်နယ် မြဝတီ၊ ဘားအံစက်မှုဇုန်နှင့် မွန်ပြည်နယ် မော်လမြိုင်စက်မှုဇုန်များကို မကြာမီ တိုးချဲ့လုပ်ကိုင်သွားနိုင်ရန် စီစဉ်လျက်ရှိသည်ဟု မော်လမြိုင်စက်မှုဇုန်မှ လုပ်ငန်းရှင်တစ်ဦးက ဇူလိုင်လကုန်တွင် ပြောကြားသည်။

မြဝတီ–ဘားအံ ကားလမ်းဘေးတွင် တည်ရှိပြီး ၉၅၀ ဧက ကျယ်ဝန်းသော မြဝတီစက်မှုဇုန်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား ၂ မီဂါဝပ်ကို ထိုင်းနိုင်ငံဘက်မှ ရယူသွားမည်ဖြစ်ကြောင်း၊ ဘားအံစက်မှုဇုန်သည် ဘားအံ၊ မော်လမြိုင်၊ ကော့ကရိတ်လမ်းဘေး လှကဒေါင်းကျေးရွာအနီးတွင် တည်ရှိ၍ ၉၈၁ ဧက ကျယ်ဝန်းပြီး မော်လမြိုင်စက်မှုဇုန်သည် ၆၈၄ ဧက ကျယ်ဝန်းကြောင်း ၎င်းက ဆိုသည်။ ထို့အတူ ဘုရားသုံးဆူဒေသတွင်လည်း စက်မှုဇုန်တစ်ခု ဖော်ဆောင်လုပ်ကိုင်သွားရန် စီစဉ်ထားရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသွားသည်။

# မော်ဒယ်လ်နိမ့် ဂြိုဟ်တုရုပ်သံဖမ်းစက်အချို့ Upgrade လုပ်နိုင်ပြီ

**ရေဆင်း၊ ဇူလိုင် ၁၁**

မော်ဒယ်လ်အနိမ့် ဂြိုဟ်တုရုပ်သံဖမ်းစက်တွင် စာရင်းဝင်လာသည့် Top Fireld 3030 အား Upgrade လုပ်နိုင်ပြီဖြစ်ကြောင်း ပျဉ်းမနားမြို့မှ အဆိုပါစက်အသုံးပြုသူတစ်ဦးက ပြောကြားသည်။

အခကြေးငွေဖြင့် ကြည့်ရှုရသောလိုင်းများအား နည်းပညာတိုးတက်မှုကြောင့် ကုန်ကျစရိတ်သက်သာစွာဖြင့် ကြည့်ရှုနိုင်သည့် မော်ဒယ်လ်နိမ့်မြင့် ဂြိုဟ်တုရုပ်သံဖမ်းစက်များ ဒရစပ်ဝင်ရောက်လာမှုကြောင့် မော်ဒယ်လ်နိမ့်များ ဈေးကွက်ပျောက်လုနီးပါးဖြစ်နေရာမှ ၎င်းစက်များအား မော်ဒယ်လ်မြင့်စက်များနှင့် စွမ်းဆောင်ရည်တူညီအောင် Upgrade လုပ်ပေးနိုင်သော Software အား အင်တာနက်မှ ရရှိနိုင်သည့်အတွက် မော်ဒယ်လ်နိမ့်စက် အသုံးပြုသူများအတွက် များစွာအကျိုးရှိကြောင်း ၎င်းက ဆိုသည်။ မကြာမီလပိုင်းအတွင်း ဈေးကွက်သို့ စဦးဝင်ရောက်ခဲ့သော မော်ဒယ်လ်နိမ့် YURI YR 5D စက်များအတွက်လည်း အင်တာနက်မှ Software ရရှိတော့မည်ဟု စလောင်းတပ်ဆင်သည့် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သော ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

**ကိုထူး(ရေဆင်း)**

# သမဝါယမအသင်းသစ်များ စနစ်တကျစီစဉ်၍ တည်ထောင်ခွင့်ပြု

**ရန်ကုန်၊ ဇူလိုင် ၁၅**

သမဝါယမဝန်ကြီးဌာနမှနေ၍ သမဝါယမအသင်းများ ဖွဲ့စည်းရေးကို စနစ်တကျစိစစ်ပြီးမှ ခွင့်ပြုလျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ချုပ် ဗိုလ်မှူးကြီးစိုးဝင်းက Living Color သို့ ပြောကြားသည်။

ဖွဲ့စည်းလိုသူ များပြားသည့်အတွက် သမဝါယမအသင်းပေါင်း လေးထောင်ကျော် မှတ်ပုံတင်လုပ်ကိုင်လျက်ရှိကြောင်း၊ ဖျက်သိမ်းရှင်းလင်းကြော်ငြာသော အသင်းအချို့မှာ ၂၀၀၀ ပြည့်နှစ်မတိုင်မီကပင် ဖျက်သိမ်းပြီး စာရင်းရှင်းလင်းရန် ကျန်ရှိသေး၍သာ ကြေညာခြင်းဖြစ်ကြောင်းနှင့် အချို့မှာ စည်းမျဉ်းစည်းကမ်းနှင့် မကိုက်ညီ၍ ဖျက်သိမ်းရန် သက်ဆိုင်ရာမှ အမိန့်ထုတ်ပြန်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

# လှော်ကားဥယျာဉ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်လို

**ရန်ကုန်၊ ဇူလိုင် ၂၀**

မြန်မာနိုင်ငံရှိ သဘာဝအခြေခံခရီး သွားဒေသ ၁၅ ခုအနက် တစ်ခုအပါအဝင် ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးဆုံးသဘာဝ အခြေခံခရီးသွားဒေသဖြစ်သည့် လှော်ကားသဘာဝဥယျာဉ်အား သဘာဝပတ်ဝန်း ကျင် မပျက်စီးစေရန် စနစ်တကျ ထိန်း သိမ်းဆောင်ရွက်သင့်ပြီဖြစ်ကြောင်း အဆိုပါ ဥယျာဉ်သို့ ဇူလိုင်လ တတိယပတ်အတွင်း သွားရောက်လည်ပတ်ခဲ့သူတစ်ဦးက ပြော ကြားသည်။

ဥယျာဉ်အတွင်း ပတ်လမ်းတစ် လျှောက်၌ သမင်၊ ဒရယ်၊ မျောက် စသည့် တိရစ္ဆာန်များအား အစာကျွေးပြီး ပလတ် စတစ်အိတ်ခွံများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ လာရောက်အပန်းဖြေ ပျော်ပွဲစားထွက်သူ များက စားကြွင်းစားကျန်၊ အမှိုက်သရိုက်နှင့် သောက်ရေသန့်ဘူးခွံများကို စည်း ကမ်းမဲ့စွန့်ပစ်ခြင်း၊ ရေကန်များ၌ တား မြစ်ပိတ်ပင်ထားသော်လည်း ငါးဖမ်းခြင်း၊ ရေကူးခြင်းတို့ကြောင့် ဥယျာဉ်၏ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးနိုင်ကြောင်း၊ ထို့အပြင် ဥယျာဉ်အတွင်းရှိ အများသုံး အိမ်သာများမှာလည်း သန့်ရှင်းမှုမရှိသည် ကို တွေ့ရကြောင်း၊ အများပြည်သူသာမက နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ၊ သုတေသနပြုလုပ်သူများပါ လာရောက် လေ့လာလည်ပတ်ရာ ဥယျာဉ်တစ်ခုဖြစ်၍ စနစ်တကျ ပြုပြင်ထိန်းသိမ်းမှုနှင့် စည်း ကမ်းထိန်းသိမ်းမှုများကိုပါ ဆောင်ရွက် သင့်ပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

လှော်ကားသဘာဝဥယျာဉ်ကို သစ် တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သား ငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ၁၉၈၉ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ် ခဲ့ပြီး

# တရုတ်တာယာ ဈေးမြင့်

**ရန်ကုန်၊ ဇွန် ၂၃**

မော်တော်ယာဉ်ကြီးသုံး တာယာ များအနက် ကွန်တိန်နာလိုင်းမှဝင်သော တရုတ်နိုင်ငံထုတ် တာယာအချို့ ဇွန်လ တတိယပတ်အတွင်း ဈေးမြင့်တက်သွား ခဲ့ကြောင်း မော်တော်ယာဉ် တာယာမျိုးစုံ တင်သွင်းရောင်းဝယ်သူလုပ်ငန်းရှင်ကြီး တစ်ဦးက ပြောကြားသည်။

အဆိုပါ တရုတ်တာယာများအနက် Westlake မော်တော်ယာဉ်ကြီးသုံး ၉၆၂ အရွယ် တာယာသည် ယခင် ၁၁၆,၀၀၀ ကျပ်မှ ၁၂၁,၀၀၀ ကျပ်အထိလည်းကောင်း၊ ၉၅၂ အရွယ်အစား တာယာသည် ယခင် ၁၁၄,၀၀၀ ကျပ်မှ ၁၁၇,၀၀၀ ကျပ်သို့ လည်းကောင်း အသီးသီးမြင့်တက်ခဲ့ ကြောင်း၊ အခြားနိုင်ငံထုတ် တာယာများ မှာ အပြောင်းအလဲများစွာ မရှိကြောင်း၊ အကြောင်းရင်းမှာ ပြည်တွင်းဈေးကွက် တွင် အခြားနိုင်ငံထုတ် တာယာများ လက်ကျန်များနေပြီး အဆိုပါကာလတွင် တရုတ်နိုင်ငံထုတ် တာယာများ အဆက် မပြတ် ဝင်ရောက်လာခဲ့သဖြင့် ပြုပြင် ပြောင်းလဲမှုပြုလုပ်ထားသော ကုန်သွယ် ရေးအခွန်မူဝါဒ၏ အကျိုးဆက်ကြောင့် ယခုကဲ့သို့ ဈေးမြင့်သွားရခြင်းဖြစ်ကြောင်း၊ နောင်အခါ အခြားတာယာများလည်း ဈေးမြင့်လာဖွယ်ရှိကြောင်း အဆိုပါပုဂ္ဂိုလ် က သုံးသပ်ပြောကြားသည်။ ■

တိရစ္ဆာန်ဥယျာဉ်ငယ်၊ ငှက်ပြတိုက် နှင့် အပန်းဖြေစခန်း လေးခုအပါအဝင် ဧရိယာအကျယ်အဝန်း စုစုပေါင်း ၈၈၀ ဧက ရှိသည်။ ■

# အချိုရည်သစ်တစ်မျိုး ထွက်ပေါ်မည်

**ရန်ကုန်၊ ဩဂုတ် ၈**

မြန်မာအချိုရည်ဈေးကွက်အတွင်း၌ အင်အားတောင့်တင်းသည့် Loi Hein Co., Ltd. သည် မကြာမီကာလအတွင်း Carbonated Soft Drink တစ်မျိုးကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဇူလိုင်လနှောင်းပိုင်းတွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါအချိုရည်ကို ဈေးနှုန်းချိုသာစွာ ဈေးကွက်အတွင်းသို့ ဖြန့်ချိ၍ အခြားအချိုရည်ကုမ္ပဏီများကို ပြိုင်ဆိုင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ Loi Hein Co., Ltd. သည် အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အချိုရည်လေးမျိုး၊ စီးကရက်နှစ်မျိုးနှင့် အမျိုးသမီးသုံးပစ္စည်းတစ်မျိုးတို့ကို ထုတ်လုပ်လျက် ရှိသည်။

# သစ်ထောက်ခံချက်ရရှိရန် ဆောင်ရွက်

**ရန်ကုန်၊ ဇူလိုင် ၂၇**

နိုင်ငံတကာဈေးကွက်သို့ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချရာတွင် ကမ္ဘာ့ပတ်ဝန်းကျင်မှ လက်ခံရန် မဖြစ်မနေပါရှိရမည့် သစ်အထောက်အထားလက်မှတ်များ သစ်တောနယ်မြေအလိုက်ရရှိရန် မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ ကြိုးပမ်းလျက်ရှိရာ သစ်တောပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေး အသင်း FREDA မှ Timber Certificate ကော်မတီတွင် အကြံပေးအဖြစ် ဆောင်ရွက်နေကြောင်း FREDA အဖွဲ့၏ ဥက္ကဋ္ဌဦးစိန်အောင်ဝင့်က ဇူလိုင်လ ၂၇ ရက်နေ့တွင် ပြောကြားသည်။

ယခုအခါ ဂျပန်ကဲ့သို့ နိုင်ငံကြီးများသည် သစ်တောထွက်ပစ္စည်းများ ဝယ်ယူရာ၌ Forest Management Substainable (သစ်တောထိန်းသိမ်းစောင့်ရှောက်မှု)ပြုလုပ်နေသော အထောက်အထားပါသည့် သစ်ထောက်ခံချက် Timber Certificate ပါမှသာ ဝယ်ယူတော့မည်ဖြစ်ရာ မြန်မာနိုင်ငံမှလည်း အဆိုပါသစ်ထောက်ခံချက်ရရှိရေးအတွက် ကြိုးပမ်းနေကြောင်း FREDA အဖွဲ့၏ အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လာ သည့် မော်ဘီမြို့နယ် သစ်တောသင်တန်းကျောင်းအုပ်ကြီးက Living Color သို့ ပြောကြားသည်။

FREDA အဖွဲ့အစည်းသည် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သစ်တောသယံဇာတဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ဧရာဝတီတိုင်း၌ ဒီရေတော ၁၁၁၅ ဧကကို စိုက်ပျိုးပြီးစီးခဲ့ပြီဟု ဦးစိန်အောင်ဝင့်က ပြောကြားသည်။

# နယ်ဖြန့် စည်ဘီယာတစ်မျိုး အရည်အသွေးကျ

**မိုးညွှန်း၊ ဇူလိုင် ၂၄**

မြန်မာနိုင်ငံတစ်ဝန်း စည်ဘီယာသောက်သုံးမှု ပိုမိုများပြားလာသည်နှင့်အမျှ နယ်မြို့များသို့ စည်ဘီယာရောင်းချခွင့် ပါမစ်များ ချထားပေးလျက်ရှိသည့် အနက် စည်ဘီယာ အမျိုးအစားတစ်ခုမှာ အရည်အသွေးမမီသည့်အပြင် သောက်သုံးရန်မသင့်သည့် အခြေအနေမျိုးရှိနေကြောင်း ဒေသခံအချို့ထံမှ သိရှိရသည်။

အဆိုပါ စည်ဘီယာ ရောင်းချခွင့်ကို နယ်မြို့များသို့ အစောဆုံး ချပေးထားပြီး နယ်စည်ဘီယာဈေးကွက်ကို လက်ဦးမှုရယူထားကြောင်း၊ အရည်အသွေးမီသည့် စည်ဘီယာများ ဈေးကွက်အတွင်း ဝင်ရောက် လာပါက အဆိုပါစည်ဘီယာမှာ ဈေးကွက် ပျက်သွားဖွယ်ရှိကြောင်း နယ်ဈေးကွက် လှေ့လာသူတစ်ဦးက ဆိုသည်။

နယ်မြို့များတွင် ပုလင်းသွတ်ဘီယာများမှာ အရည်အသွေးကောင်းသော်လည်း ဈေးနှုန်းမြင့်မားမှုရှိသည့်အတွက် ဈေးသက်သာပြီး တစ်ခွက်ချင်းဝယ်ယူသောက်သုံးနိုင်သော စည်ဘီယာအား ဈေးကွက်အတွင်း၌ ပို၍လက်ခံအကြိုက်တွေ့လျက်ရှိကြောင်း၊ ပုလင်းသွတ်မြန်မာဘီယာတစ်လုံးလျှင် ၁၂၀၀ ကျပ်ပေါက်နေသော်လည်း စည်ဘီယာတစ်ဂျားလျှင် ၁၂၀၀ ကျပ်သာရှိကြောင်း အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

ပြည်တွင်းဈေးကွက်တွင် နေရာယူလျက်ရှိသော စည်ဘီယာများမှာ မြန်မာ၊ တိုက်ဂါး၊ မန္တလေး၊ Skol ၊ Dagon ၊ ABC Stout တို့ ဖြစ်သည်။ ■

# အမေရိကန်ပါမောက္ခများ ရန်ကုန်တက္ကသိုလ်တွင် သင်တန်းပို့ချသွား

**ရန်ကုန်၊ ဇူလိုင် ၂၉**

အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံရေးရာကျွမ်းကျင်သူ ရောဘတ်တေလာ (Robert Taylar) အပါအဝင် ပါမောက္ခ ခုနစ်ဦးမှ Researcher Courses for Junior University Faultily in History, Literature and the Social Science ခေါင်းစဉ်ဖြင့် ဇူလိုင်လ ၁၃ ရက်နေ့မှ ၂၃ ရက်နေ့အထိ ရန်ကုန် တက္ကသိုလ် စိန်ရတုခန်းမတွင် သင်တန်းတစ်ရပ် ပို့ချသွားသည်။

အဆိုပါသင်တန်းသို့ တက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ ကထိကများ ၁၀၀ ဦးကျော် တက်ရောက်ခဲ့ကြပြီး Comporative Government, Cultarl Anthro, Public Administration, Government SEA, Historigarphy and Reshearch Method ခေါင်းစဉ်များဖြင့် ဟောပြောပို့ချခဲ့ကြသည်။ ယခုသင်တန်းသည် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ပထမဦးဆုံး ဖွင့်လှစ်ခဲ့သည့် သင်တန်းဖြစ်ကြောင်း၊ အမြင်ချင်းဖလှယ်နိုင်မည်ဟု ယူဆပါကြောင်း ရောဘတ်တေလာက Living Color သို့ ပြောကြားသည်။

# ပုလင်းသွတ်အချိုရည် အရည်အသွေးကျဆဲ

**ရန်ကုန်၊ ဩဂုတ် ၇**

ပြည်တွင်းထုတ် ပုလင်းသွတ်အချိုရည်တစ်မျိုးမှာ ရံဖန်ရံခါ အနည်များ တွေ့ရဆဲဖြစ်သကဲ့သို့ ပုလင်းဖောက်လိုက်သည့်အခါ အဝဌ် သံချေးနှစ်များ မကြာခဏ တွေ့ရကြောင်း စမ်းချောင်းမြို့နယ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဇူလိုင်လ နောက်ဆုံးပတ်၌ သောက်သုံးသူတစ်ဦးက ပြောကြားသည်။

ပုလင်းဝတွင် သံချေးနှစ်များ တွေ့ရသဖြင့် အဆိုပါဆိုင်မှ ဝန်ထမ်းကို ခေါ်၍ ပြောပြသော်လည်း အဆိုပါဝန်ထမ်းက တစ်သျှူး (လက်သုတ်စက္ကူ)ဖြင့် သုတ်ကာ ပြန်ပေးခဲ့ကြောင်း ၎င်းက ဆိုသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ကလည်း အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အဆိုပါအချိုရည်ကုမ္ပဏီမှ ထုတ်လုပ်သည့် ၁၉၈၀ ခုလွန်နှစ်များကတည်းက မြန်မာနိုင်ငံတွင် အထူး လူကြိုက်များခဲ့ပြီး ၁၉၉၀ ခုနှစ်နောက်ပိုင်း အသွင်သစ်နှင့် ပြန်လည်ထုတ်လုပ်ရာတွင် ယခင်အရသာကို မမီကြောင်း စားသုံးသူအများစုက မှတ်ချက်ပြုထားသော အချိုရည်ကို သောက်သုံးရာ ချဉ်စူးစူး အနံ့အရသာဖြစ်နေပြီး အနည်အမှုန်များလည်း ပါဝင်နေသည်ဟု ဆိုသည်။ (သတင်းဖော်ပြပြီး Living Color. 2004 January)

# ၂၀၀၅ ၌ ကျွန်းစိုက်ခင်းဧက သုံးသောင်းကျော် ဖြစ်လာမည်

**ရန်ကုန်၊ ဇူလိုင် ၁၄**

၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်၌ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၈၀ ရှာဖွေပေးနိုင်ခဲ့သော ကျွန်းသစ်အား တိုးတက်ထုတ်လုပ်ရန် ရည်မှန်း၍ စိုက်ခင်းများဖြင့် နှစ်စဉ် အစားထိုးစိုက်ပျိုးခဲ့ရာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ စုစုပေါင်း ကျွန်းစိုက်ခင်းဧက ၃၄,၀၂၅ အထိ ဖြစ်ပေါ်လာစေရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ သတင်းရပ်ကွက်မှ သိရသည်။

ယင်းကဲ့သို့ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ၂၀၀၅ ခုနှစ်၌ တစ်နိုင်ငံလုံးတွင် စုစုပေါင်း အထူးကျွန်းဧက ၂၀,၀၀၀ နှင့် ရိုးရိုးကျွန်းဧက ၁၄,၀၂၅ ဖြစ်လာဟု ယင်းသတင်းက ဆိုသည်။ မြန်မာနိုင်ငံ၌ ကျွန်းသစ်အများဆုံး ထွက်ရှိရာဖြစ်သော စစ်ကိုင်းတိုင်းတွင် ကျွန်းပင် ၄၀,၀၀၀ ကိုလည်းကောင်း၊ ဒုတိယအများဆုံးဖြစ်သော ပဲခူးတိုင်း တွင် အပင်ပေါင်း ၄၀,၀၀၀ နီးပါးကိုလည်းကောင်း၊ တတိယ အများဆုံးထွက်ရှိသော ကချင်ပြည်နယ်တွင် အပင် ၂၅,၀၀၀ ခန့်ကိုလည်းကောင်း တိုးချဲ့စိုက်ပျိုးရန်လျာထားကြောင်း သစ်တောဦးစီးဌာနမှ ထုတ်ပြန်ထားသော သတင်းများအရ သိရသည်။

မြန်မာနိုင်ငံ ဧရိယာ၏ ၅၂.၂၈ ရာခိုင်နှုန်းဖြစ်သော ၃၅,၃၄၇ စတုရန်းကီလိုမီတာသည် သစ်တောများဖြင့် ဖုံးလွှမ်းနေပြီး ယင်းဧရိယာ၏ ၃၇.၃၈ ရာခိုင်နှုန်းမှာ ရွက်အုပ်ပိတ်တောဖြစ်ကာ တောပျက်မှာ ၁၄.၉ ရာခိုင်နှုန်းခန့် ရှိသည်။ ■

# အပြင်လူအစားထိုး ထိုင်ခိုင်းမှုကြောင့် ဆက်သွယ်ရေးဝန်ထမ်းနှစ်ဦးအား တာဝန်မှ ရပ်စဲ

**ရန်ကုန်၊ ဇူလိုင် ၂၆**

ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း မောင်ထော်လေးအရှေ့နှင့် အနောက်အိတ်ချိန်းနယ်မြေရှိ အများပြည်သူသုံးတယ်လီဖုန်းစခန်းတစ်ခုမှ ဝန်ထမ်းနှစ်ဦးအား အပြင်လူအစားထိုးထိုင်ခိုင်းမှုကြောင့် တာဝန်မှ ရပ်နားခဲ့သည်ဟု အဆိုပါအိတ်ချိန်းရုံးမှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဆက်သွယ်ရေးဝန်ထမ်းအချို့သည် ကွန်ပျူတာမှတ်တမ်းများအတိုင်း ခေါ်ဆိုသော ယူနစ်များအတွက် ကျသင့်သောငွေများ ပေးဆောင်ရာတွင် ကွာဟမှုရှိနေရာ လိုငွေများကို သတ်မှတ်သောရက်မတိုင်မီ အမြန်ပေးဆောင်ရန်လည်း နှိုးဆော်ထားသည်။

အများပြည်သူဆက်သွယ်ရေးလိုအပ်ချက်ကြောင့် ယာယီနေ့စားဝန်ထမ်းများ အများအပြား ခန့်အပ်ခဲ့သော်လည်း အလုပ်ချိန်မတိကျခြင်း၊ ငွေကြေးအလွဲသုံးစားလုပ်ခြင်းအပြင် နေ့စားဖြင့် ထိုင်ခိုင်းခြင်းစသော အကျင့်ဖောက်ဖျက်မှုများ ယာယီနေ့စားဝန်ထမ်းများအတွင်းရှိနေကြောင်း၊ တာဝန်ရှိသူများမှ ထိုကိစ္စကို တင်းတင်းကျပ်ကျပ် အရေးယူသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးစခန်း တာဝန်ခံအရာရှိတစ်ဦးက ဆိုသည်။

မိမိတို့ရရှိသောငွေနှင့် ဆက်သွယ်ရေးစခန်းရှိ ကွန်ပျူတာမှတ်တမ်း၏ ကျသင့်ငွေမှာ ကွာခြားမှုရှိကြောင်း၊ တိုးမြှင့်ကောက်ခံပါကလည်း ဖုန်းဆက်သူများက လက်မခံကြကြောင်း၊ အချို့နေ့များတွင် လိုအပ်ငွေကို စိုက်ထုတ်ပေးရကြောင်း ဝန်ထမ်းအမျိုးသမီးငယ်တစ်ဦးက Living Color သို့ ပြောကြားသည်။

အများပြည်သူသုံးတယ်လီဖုန်းစခန်းများအတွက် ယာယီနေ့စား ဝန်ထမ်းများကို တစ်လကျပ်သုံးထောင်နှင့် ရက်မှန်ကြေးအဖြစ် တစ်လ နှစ်ထောင် စုစုပေါင်း ကျပ် ငါးထောင်ဖြင့် ခန့်ထားလုပ်ကိုင်စေခဲ့ကြောင်း၊ ပျက်ရက်မရှိမှသာ ရက်မှန်ကြေးရရှိကြောင်း နေ့စားဝန်ထမ်းတစ်ဦးက ဆိုသည်။

---

# ပုဂံရှေးဟောင်းမြို့ရိုး ထပ်မံ ထိန်းသိမ်းမည်

**ပုဂံ၊ ဇူလိုင် ၁၅**

ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပုဂံမြို့ဟောင်းရှိ အရှေ့ဘက်မြို့ရိုးကို ကျပ်သိန်းပေါင်း ၂၀၀ အထိ အကုန်အကျခံ၍ ထိန်းသိမ်းရန်ရှိကြောင်းကို ဇူလိုင်လ ၁၅ ရက်နေ့က ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် နီးစပ်သည့် ပုဂံမြို့ခံတစ်ဦးက ပြောကြားသည်။

ပုဂံမြို့သည် မြင်းခေါင်းပုံသဏ္ဌာန်ရှိ၍ သက္ကရာဇ် ၈၄၂ ခုတွင် မြို့စတင်တည်ခဲ့သည်။ အနောက်ဘက်မြို့ရိုးမှာ ဧရာဝတီမြစ်ထဲပါသွားပြီဖြစ်၍ မရှိတော့ပေ။ တောင်ဘက်မြို့ရိုးနှင့် ကျုံးကို ၁၉၈၉–၉၀ ဘဏ္ဍာရေးနှစ်အတွင်း တူးဖော်ခဲ့ရာ ပျူခေတ်အုတ်ချပ်အပါအဝင် ရှေးဟောင်းပစ္စည်းများ၊ မွန်ဘာသာဖြင့် ရေးသားထားသည့် နန်းတည်ကျောက်စာဟု ယူဆရသော အပိုင်းတစ်ခုနှင့် မလွယ်ပေါက်၊ ကျုံးဖြတ်တံခါးနှင့် ပြအိုးတို့ကို တွေ့ရှိခဲ့သည်ဟု ရှေးဟောင်းသုတေသနဦးစီးဌာနမှ ထုတ်ပြန်ထားချက်များအရ သိရသည်။

လက်ရှိထိန်းသိမ်းမည့် မြို့ရိုးသည် ခေတ်မီနည်းပညာများ၊ ရှေးဟောင်းစံနှုန်းများနှင့်အညီ ရှေးလက်ရာမပျက်စေဘဲ ထိန်းသိမ်းရန်လိုအပ်သည်ဟု ဝါရင့်မြန်မာသမိုင်းပညာရှင်ကြီးတစ်ဦးက အကြံပြုသုံးသပ်ကြောင်း အဆိုပါပုဂံမြို့ခံက ပြောကြားသည်။

**တင်လင်း**

---

# အင်တာနက်နှင့် ချိတ်ဆက်၍ ဓာတ်ပုံကူးပေးနိုင်သော ဆိုင်သစ်ဖွင့်

**ရန်ကုန်၊ ဩဂုတ် ၈**

NIKKO GENERAL TRADING ၏ NIKKO DIGITAL LASER LAB ဓာတ်ပုံကူးဆိုင်တွင် အင်တာနက်နှင့် ချိတ်ဆက်၍ ဓာတ်ပုံကူးပေးနိုင်သည်ဟု ယင်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဇူလိုင်လ ၁၇ ရက်နေ့က ပြုလုပ်ခဲ့သော ဆိုင်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဓာတ်ပုံကူးဆိုင်သစ်ကို အမှတ် ၁၃၇/၁၄၃ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်တွင် ဖွင့်လှစ်ထားပြီး NORITSU LASER-32 စက်သစ်ကို အသုံးပြုထားကြောင်းနှင့် ၎င်းစက်ဖြင့် ၁၂'x၃၆' အရွယ်ပုံကြီးများအထိ ကူးယူနိုင်စွမ်းရှိသည်ဟု ၎င်းက ထပ်မံပြောကြားသည်။

# World Vision ၏ ဖွံ့ဖြိုးမှုစီမံချက် ထပ်မံတိုးချဲ့မည်

**ရန်ကုန်၊ ဇူလိုင် ၁၆**

ရပ်ရွာဒေသဖွံ့ဖြိုးမှုစီမံချက်ကို ဆောင်ရွက်နေသည့် World Vision အဖွဲ့အစည်းက နောက်ထပ် သုံးမြို့နယ်တွင် လုပ်ငန်းများ ထပ်မံတိုးချဲ့ဆောင်ရွက်ရန်ရှိသည်ဟု ဇူလိုင်လ ၁၂ ရက်နေ့က အဆိုပါအဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

World Vision ရပ်ရွာဒေသဖွံ့ဖြိုးမှုစီမံချက်ကို ၁၉၉၆ ခုနှစ်မှစ၍ လုပ်ဆောင်ခဲ့ပြီး ၁၉၉၃–၂၀၀၃ ခုနှစ်အထိ မြို့နယ်ပေါင်း ၁၉ မြို့နယ်တွင် ဖွံ့ဖြိုးမှု အစီအစဉ် လုပ်ဆောင်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ချင်းပြည် နယ်၊ ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းတို့ရှိ မြို့နယ်သုံးမြို့နယ်တွင် ဖွံ့ဖြိုးမှုစီမံ ချက်များ တိုးချဲ့ဆောင်ရွက်ရန်ရှိကြောင်း ၎င်းက ဆိုသည်။

အဆိုပါစီမံချက်တွင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ HIV, AIDS ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းများ၊ လူကုန်ကူးခံရမှုကာကွယ်တားဆီးရေးနှင့် ကျောင်းပြင်ပပညာရေး အစီအစဉ်တို့ ပါဝင်သည်ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

**တင်လင်း**

# ဘိုကလေး၌ ကဏန်းဖမ်းဆီးရရှိမှု လျော့

**ရန်ကုန်၊ ဇူလိုင် ၃၁**

မြန်မာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေရှာဖွေပေးသော ရေငန်ကဏန်းများ အမြောက်အမြား ထွက်ရှိရာဒေသတစ်ခု ဖြစ်သည့် ဧရာဝတီတိုင်း ဘိုကလေး မြို့နယ်အောက်ပိုင်းဒေသများ၌ ယခုနှစ် မိုးရာသီအတွင်း ကဏန်းကောင်ရေ ဖမ်းဆီးမှုနှင့်ရရှိမှု လျော့နည်းသွားကြောင်း ဒေသအတွင်းရှိ ကဏန်းအဝယ်ဒိုင်တစ်ခုမှ Living Color သို့ ဇူလိုင်လကုန်တွင် ပြောကြားခဲ့သည်။

လက်ရှိ ကဏန်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ကောက်ဈေး ၉၀၀ ကျပ် ခန့်ရှိပြီး ကဏန်းဖမ်းဆီးရရှိမှုမှာလည်း နည်းပါးသောကြောင့် ကဏန်း ရှာဖွေဖမ်းဆီးသူများမှာ ရာသီအလိုက် ဈေးကောင်းပြီး ကုန်ကျစရိတ်သက်သာသော ငါးလမန်း၊ ငါးရှဉ့်ထောင်ဖမ်းဆီးမှုများကို အဓိကအာရုံ စိုက်လုပ်ကိုင်ကြသောကြောင့် ကဏန်း ဖမ်းဆီးမှု လျော့နည်းသွားကြောင်း ၎င်း ကဏန်းအဝယ်ဒိုင်မှ ဆိုသည်။ မူလဒေသခံ ကဏန်းကုန်သည်အများစုမှာ အရှုံးနှင့်သာ ရင်ဆိုင်ရကြောင်း၊ လက်ရှိ ကုန်သည် များမှာ မြို့ကြီးများမှ လာရောက်ဝယ်ယူ လုပ်ကိုင်နေကြကြောင်း ကဏန်းပွဲစား တစ်ဦးက ပြောကြားခဲ့သည်။

■

# ဟိုတယ်/ခရီး ဈေးကွက်ရှာဖွေရေး ကျွမ်းကျင်မှုသင်တန်း UMTA မှ ဖွင့်လှစ်

**ရန်ကုန်၊ ဇူလိုင် ၂၈**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင် များအသင်း (UMTA) က စီစဉ်သော Professional Marketing for Hospitality & Tourism အမည်ရှိ မြန်မာနိုင်ငံရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဈေးကွက် ရှာဖွေရေးဆိုင်ရာကျွမ်းကျင်မှုသင်တန်း တစ်ရပ်ကို ဩဂုတ်လ ၂ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၌ ပထမဦးဆုံးအကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း UMTA မှ အမှုဆောင်အဖွဲ့ဝင် ဦးသက်လွင်တိုးက ပြောကြားသည်။

မြန်မာနိုင်ငံ၏ Tourism Industry မှာ လက်တွေ့ဆောင်ရွက်နေရမှု အတွေ့ အကြုံများသာရှိပြီး စာတွေ့နှင့် စနစ်ကျန မှုအားနည်းနေလျက်ရှိကြောင်း၊ အထူး သဖြင့် Marketing (ပြည်ပဈေးကွက်ရှာ ဖွေရေး)တွင် အားနည်းနေသည်ကို တွေ့ရ ကြောင်း၊ ထို့ကြောင့် ပညာရပ်နယ်ပယ်မှ ကျွမ်းကျင်သူပညာရှင်များကိုခေါ်ယူပြီး Industry နယ်ပယ်၌ လုပ်ငန်းဆောင်ရွက် နေသူများကို ဈေးကွက်ရှာဖွေရေးနှင့် စပ် လျဉ်း၍ မွမ်းမံသည့်အနေဖြင့် သင်တန်း ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း ၎င်းက ဆို သည်။

အဆိုပါသင်တန်းကို ရန်ကုန်စီးပွား ရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ အငြိမ်းစားပါမောက္ခ ဒေါ်လှမြင့်က ဦးစီး သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်း ကာလမှာ အချိန်ပိုင်း ၁၂ ရက်ကြာမြင့်မည် ဖြစ်ကြောင်း၊ သင်တန်းကြေးမှာ တစ်ဦး

လျှင်၂၀၀၀၀ကျပ်သတ်မှတ်ထားပြီး UMTAအသင်းဝင်များကို ၁၀ ရာခိုင်နှုန်း Discount သတ်မှတ်ထားကြောင်းနှင့် ယင်းသင်တန်းကို အပတ်စဉ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

# Branded ဗီစီဒီ အသုံးများဖွယ်

**ရန်ကုန်၊ ဩဂုတ် ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းလာသော ဗီစီဒီများ ဈေးနှုန်းမြင့်တက်မှုကြောင့် နာမည်ကြီးအမှတ်တံဆိပ် Branded ဗီစီဒီများ ပြန်လည်အရောင်းသွက်လာဖွယ်ရှိကြောင်း ကျောက်တံတားမြို့နယ်ရှိ အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်ရှင်တစ်ဦးက ဩဂုတ်လဆန်း၌ ပြောကြားသည်။

အကောက်ခွန်တွက်ချက်ပုံနှင့် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံမှု အပြောင်းအလဲနောက်ပိုင်း တရုတ်ဗီစီဒီများမှာ ယခင်ဈေးနှုန်းမှ ကျပ်တစ်သောင်းကျော်ခန့် မြင့်တင်ရောင်းချလာသော်လည်း Branded အမှတ်တံဆိပ်ဗီစီဒီများမှာ ဈေးနှုန်းပြောင်းလဲမှု နည်းပါးသဖြင့် တရုတ်နှင့် Branded ကြား ဈေးနှုန်းကွာဟမှု လျော့နည်းလာကြောင်း ၎င်းက ဆိုသည်။

ဗီစီဒီကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ်ပစ္စည်းများကို နယ်စပ်မှ တင်သွင်းလာခြင်းဖြစ်ရာ ဈေးနှုန်းတက်ရန်မည်သို့မျှ အကြောင်းမရှိကြောင်း၊ အကြောင်းမှာ နယ်စပ်ဒေသကုန်သွယ်ရေးအတွက် အခွန်တွက်ချက်မှု အပြောင်းအလဲမရှိသောကြောင့်ဖြစ်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။ ■

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး NGO အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်

**ရန်ကုန်၊ ဇူလိုင် ၁၅**

မြန်မာနိုင်ငံ၌ သားငှက်တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ပြီးခဲ့သည့် ဇွန်လ အတွင်းက ဇီဝမျိုးစုံ၊ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (Biodiversity And Nature Conservation Association-BANCA) အမည်ရှိ ပြည်တွင်း NGO အဖွဲ့အစည်းတစ်ရပ် တရားဝင် ဖွဲ့စည်းလိုက်ကြောင်း အဆိုပါအသင်းနှင့် နီးစပ်သော သတင်းရပ်ကွက်မှ သိရသည်။

BANCA သည် မြန်မာနိုင်ငံအတွင်း သားငှက်တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် တတိယမြောက် ပြည်တွင်း NGO အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကျန်အဖွဲ့အစည်းနှစ်ခုမှာ ၁၉၉၃ ခုနှစ်ခန့်က ပထမဦးဆုံးဖွဲ့စည်းခဲ့သည့် သစ်တော သယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (Forest Resource Environment Development and Conservation Association-FREDA) နှင့် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလက ဒုတိယမြောက် ဖွဲ့စည်းခဲ့သည့် မြန်မာငှက်ဝါသနာရှင်အသင်း (Myanmar Bird and Nature Society-MBNS) တို့ ဖြစ်ကြသည်။

# အရည်အသွေးနိမ့်ထီးများ ဈေးကွက်၌ များပြား

**ရန်ကုန်၊ ဇူလိုင် ၁၅**

ယုဇနပလာဇာရှိ ထီးရောင်းချသည့်ဆိုင်တစ်ဆိုင်၌ အရည်အသွေးနိမ့် ထီးများရောင်းချသည်ကို ကြုံရကြောင်း ဝယ်ယူသည့်ရက်၏ နောက်တစ်ရက်တွင် ထီးရွက်စုတ်ပြဲသွားသောထီးကို ဝယ်ယူမိသူတစ်ဦးက ပြောကြားသည်။

၎င်း၏ မိတ်ဆွေတစ်ဦးမှာလည်း အဆိုပါဆိုင်မှ ဝယ်ယူပြီး တစ်ပတ်အကြာ၌ ဝင်ရိုးကော်ကွင်း ကွဲထွက်သွားကြောင်း၊ နှစ်ပေါင်းများစွာ သိုလှောင်ထားသည့်အတွက် ထီးကိုင်းများအနေအထားမမှန်ဘဲ လန်ထွက်မှုကြောင့် ၎င်းဝယ်ယူသည့်ထီးမှာလည်း ချုပ်ရိုးများ ပြုတ်ထွက်သွားကြောင်း ထပ်လောင်းပြောကြားသည်။

အဆိုပါပုဂ္ဂိုလ် ဝယ်ယူသည့်ထီးနှင့် အမှတ်တံဆိပ်တူညီသည့် ထီးဝယ်ယူသူအချို့မှာလည်း အလားတူဖြစ်ရပ်များ ကြုံတွေ့ရကြောင်း ထီးဈေးကွက်သတင်းများအရ သိရသည်။ အဆိုပါအမှတ်တံဆိပ်မှာ ရဟန်းသံဃာဆောင်းထီးများပါ ယခုနှစ်၌ အမြောက်အမြား ထုတ်လုပ်ရောင်းချလျက် ရှိသည်။ ■

# အမျိုးသားစာကြည့်တိုက်တွင် ကွန်ပျူတာဖြင့် စာအုပ်ရှာဖွေစနစ် အသုံးပြုမည်

**ရန်ကုန်၊ ဇူလိုင် ၂၃**

ကွန်ပျူတာဖြင့် စာအုပ်ရှာဖွေသည့်စနစ်ကို မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်၌ မကြာမီ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အမျိုးသားစာကြည့်တိုက်မှူး ဦးတင်ဆောင်က Living Color သို့ ပြောကြားသည်။

ကွန်ပျူတာဖြင့်စာအုပ်စာရင်းပြုစုမည့် Software ကို Forever ကုမ္ပဏီ၏ အကူအညီဖြင့် စာအုပ်စာရင်းပြုစုနေပြီး အဆိုပါ Software တပ်ဆင်ပြီးစီးပါက နိုင်ငံပိုင်စာကြည့်တိုက်များတွင် ကြုံတွေ့ရသော ကတ်တလောက်ဖြင့်သာ အသုံးပြု၍ စာအုပ်ရှာဖွေခြင်းအခက်အခဲကို စာဖတ်ရှုသူများ ကြုံတွေ့ရမည်မဟုတ်ဟု ဦးတင်ဆောင်က ဆိုသည်။

၂၀၀၂ ခုနှစ်မှစ၍ နေရာပြောင်းရွှေ့ဖွင့်လှစ်ထားသော အမျိုးသားစာကြည့်တိုက်သို့ နေ့စဉ်လာရောက်သူ ပုံမှန် ၃၀ ဦးခန့်ရှိကြောင်းနှင့် လက်ရှိရှစ်ထပ်အဆောက်အအုံနှင့် တခြားအဆောက်အအုံများ ပြီးစီးပါက စာကြည့်တိုက်ပညာနှင့် ပတ်သက်၍ သင်တန်းများ ဖွင့်လှစ်ရန်ရှိကြောင်း ၎င်းက ထပ် လောင်းပြောကြားသည်။

# မြန်မာ့ကမ်းရိုးတန်း၌ မိုးဇလတိုင်းတာရေးစခန်း မရှိသေး

**ရန်ကုန်၊ ဇူလိုင် ၂၇**

စုစုပေါင်း အရှည်ကီလိုမီတာ ၂၂၀၀ ခန့်ရှိသော မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနပိုင် မိုးလေဝသ တိုင်းတာရေးစခန်းများ လုံးဝမရှိသေးကြောင်း အဆိုပါဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က Living Color သို့ ပြောကြားသည်။

အဆိုပါဦးစီးဌာနအနေနှင့် မြန်မာ့ပင်လယ်ပြင်ဆိုင်ရာ မိုးလေဝသနှင့် ဇလဗေဒသတင်းအချက်အလက်များကို မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှတစ်ဆင့် ရယူနေရကြောင်း၊ ပင်လယ်ပြင်တိုင်းတာချက်များအတွက် အလိုအလျောက်တိုင်းတာနိုင်သော ခေတ်မီတိုင်းတာရေးစက်ကိရိယာ တပ်ဆင်စခန်းများ လိုအပ်မည်ဖြစ်ကြောင်း၊ လောလောဆယ်တွင်မူ ဦးစီးဌာနတစ်ခုအနေနှင့် ပင်လယ်ပြင်ဆိုင်ရာ ကိုယ်ပိုင်တိုင်းတာရေးစခန်း မရှိသေးကြောင်း အဆိုပါဦးစီးဌာနက ဆိုသည်။

လက်ရှိအခြေအနေတွင် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ တိုင်းတာရေးအတွက် ခေတ်မီစက်ကိရိယာများ တိုးချဲ့ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ယခင်က အသုံးပြုခဲ့သော Analoge စနစ်သုံးစက် ကိရိယာများအား ခေတ်မီ Digital စနစ် သုံးစက်များဖြင့် အစားထိုးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးကိရိယာများကိုလည်း ယခုထက် ပိုမိုချဲ့ထွင်ရဦးမည်ဖြစ်ကြောင်း ၎င်းတို့ကဖြည့်စွက်ပြောကြားသည်။

# ပဲစင်းငုံ ပြည်တွင်းဈေး ပိုကောင်း

**ရန်ကုန်၊ ဇူလိုင် ၃၀**

မြန်မာနိုင်ငံ၏ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယပဲဈေးကွက်ပေါက်ဈေးထက် ပြည်တွင်းပဲဈေးကွက်၌ ပဲစင်းငုံဈေးပိုရလျက်ရှိကြောင်း ရန်ကုန်မြို့တော်ရှိ ပဲအဝယ်ဒိုင်တစ်ဦးက Living Color သို့ ဇူလိုင်လနောက်ဆုံးပတ်၌ ပြောကြားသည်။

ပြည်တွင်းဈေးကွက်၌ ပဲစင်းငုံတစ်တန်လျှင် ကျပ်သုံးသိန်းဖြင့်ဈေးကောင်းရရှိနေသော်လည်း အိန္ဒိယနိုင်ငံရှိ ပဲဈေးကွက်သို့ ပို့ကုန်အဖြစ် ပဲမျိုးစုံ တင်ပို့မှုတွင် ဈေးအရနည်းကြောင်း၊ ပဲစင်းငုံတင်ပို့မှု လျော့နည်းလာပြီး ပြည်တွင်းဈေးကွက်၌သာ ရောင်းချနေကြောင်း၊ ကိုယ်စားလှယ်များမှ တောင်သူလယ်သမားများထံမှ ထွက်ရှိသော ပဲမျိုးစုံ (ကုန်ကြမ်း)ကို ဝယ်ယူသိုလှောင်ထားပြီး သန့်စင်ပြီးသော ပဲမျိုးစုံ (ကုန်ချော)ကို နိုင်ငံခြားပဲကုမ္ပဏီများသို့ မှာယူနိုင်သလောက် တင်ပို့ပေးရကြောင်း၊ ယခင်က တစ်လလျှင် ပြည်ပပို့ကုန်အဖြစ် တန်တစ်ထောင်တင်ပို့မှုရှိသော်လည်း မေလနောက်ပိုင်းမှစ၍ တင်ပို့မှု လျော့နည်းလာကြောင်း ၎င်းက ဆိုသည်။

# PET အမျိုးအစား အချိုရည်ဘူးများ အသစ်သာသုံးသင့်

**ရန်ကုန်၊ ဇူလိုင် ၁၂**

PET ပလတ်စတစ်ဘူးအကြည်ဖြင့် ထုတ်လုပ်နေသော အချိုရည် အမှတ်တံဆိပ်များစွာအနက် အချို့သည် ဘူးဟောင်း (Recircle) ကို ပြန်လည်အသုံးပြုနေသည့်အတွက် ကျန်းမာရေးရှုထောင့်အရ ဘူးအသစ်များသာ သုံးသင့်ကြောင်း အဖျော်ယမကာ ထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

ပလတ်စတစ်ဘူးအကြည် PET များသည် တစ်ခါသုံးသာဖြစ်သင့်ပြီး မည်သည့်အချိုရည်တွင်မဆို ဓာတ်ကြွင်းစိမ့်ဝင်မှုအနည်းနှင့်အများ ရှိနိုင်ကြောင်း၊ ဘူးဟောင်းများသည် အခြားဓာတုပစ္စည်းများ သိုလှောင်ခြင်း၊ အခြားအရာများထားသိုခြင်း၊ မသန့်ရှင်းသည့်နေရာများတွင်လည်း ထားရှိနိုင်ခြင်းတို့ကြောင့် မည်မျှပင် ဆေးကြောသော်လည်း သန့်စင်မှု ရှိနိုင်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။ အချိုရည်ဘူးတစ်ဘူးတွင် အချိုရည်၏ ကုန်ကျစရိတ်ထက် ပလတ်စတစ်ဘူး၏ ကုန်ကျစရိတ်က ပိုများကြောင်း ထုတ်လုပ်သူများနှင့် နီးစပ်သော သတင်းရပ်ကွက်မှ သိရသည်။ ဘူးဟောင်းဖြင့်ထုတ်သော အချိုရည်များကို ရန်ကုန်ဈေးကွက်ထက် နယ်ဈေးကွက်တွင် ဖြန့်ချိလျက်ရှိကြောင်း ယင်းသတင်းက ဆိုသည်။

ယခုအခါ မြန်မာနိုင်ငံတွင် အချိုရည်ထုတ်လုပ်ဖြန့်ဖြူးနေသော လုပ်ငန်းနှင့် ကုမ္ပဏီ ၁၀ ခုထက်မနည်း ရှိနေသည်။

■

# ၂၀၀၄ ခုနှစ် မြစ်ရေတက်ခြင်းသည် စံချိန်သစ်ဖြစ်

**ရန်ကုန်၊ ဇူလိုင် ၂၇**

ယခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံ မြောက်ဖျားစွန်း၌ မိုးရွာသွန်းမှုများခဲ့ပြီး ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်ကျော်ခဲ့ရာတွင် ယခင် မြစ်ရေအမြင့် ဆုံးတက်ခဲ့သည့် စံချိန်ဟောင်းကိုပင် ကျော်လွန်သွားခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က Living Color သို့ ပြောကြားသည်။

၁၁–၁၀–၁၉၉၉ နေ့တွင် ဗန်းမော်မြို့၌ စံချိန်ဟောင်းဖြစ်သော အမြင့်ဆုံးမြစ်ရေမှတ်သည် ၁၃၃၆ စင်တီမီတာဖြစ်ခဲ့ပြီး ယခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ၁၃၃၇ စင်တီမီတာအထိ ရောက်ရှိကာ စံချိန်သစ် ဖြစ်သွားသည်။ ထို့အတူ မန္တလေးမြို့၏ စံချိန်ဟောင်း မြစ်ရေမှတ်သည် ၃–၁၀–၁၉၉၇ နေ့တွင် ၁၃၀၅ စင်တီမီတာ ရှိခဲ့ဖူးပြီး ယခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် ၁၃၈၁ စင်တီမီတာသို့ ရောက်ရှိသွားကာ ဆက်လက် မြင့်တက်လာဖွယ်ရှိသေးကြောင်း အဆိုပါ ပုဂ္ဂိုလ်က ဆိုသည်။

စစ်ကိုင်းမြို့၏ ဧရာဝတီမြစ်ရေမှတ်သည်လည်း ဇူလိုင်လ ၂၇ ရက်တွင် ၁၂၇၁ စင်တီမီတာသို့ ရောက်ရှိလာပြီး ယခင် ၁၃–၈–၁၉၇၄ နေ့က အမြင့်ဆုံးဖြစ်သော ၁၂၂၇ စင်တီမီတာကို ကျော်လွန်ကာ စံချိန်သစ်အဖြစ် မှတ်တမ်းဝင်သွားသည်။

# Loujia ဆိုင်ကယ် အဝယ်လိုက်

**မန္တလေး၊ ဇူလိုင် ၂၅**

မန္တလေးမြို့တော်၌ မော်တော်ဆိုင်ကယ်များအား ဒေသတွင်း လိုင်စင်ပြုလုပ်မှတ်ပုံတင်ပေးခြင်းအား ဇူလိုင်လ ၁၉ ရက်နေ့မှ စတင် ရပ်နားပြီးနောက်ပိုင်း Loujia အမည် လိုင်စင်ရှိ တရုတ်မော်တော်ဆိုင်ကယ်များ အဝယ်လိုက်လျက်ရှိကြောင်း ယာဉ်မျိုးစုံရောင်းဝယ်သည့်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ဇူလိုင်လ ၂၅ ရက်နေ့တွင် ပြောကြားသည်။

ဆိုင်ကယ်မှတ်ပုံတင်ခြင်း ဆောင်ရွက်နေစဉ်ကပင် ကယ်ရီဝင်ရောက်မှုနည်း၍ ဈေးနှုန်းတဖြည်းဖြည်း မြင့်တက်လာပြီး မှတ်ပုံတင်ခြင်း ရပ်နားပြီးနောက် ကျပ်နှစ်သိန်းခန့် ထပ်မံမြင့်တက်သွားကြောင်း မန္တလေးမြို့ပေါ်ရှိ ဆိုင်ကယ်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူအသိုင်းအဝိုင်းတစ်ခုအဆိုအရ သိရသည်။ Loujia ဆိုင်ကယ်မှာ အင်ဂျင်မာသည်ဟု ဈေးကွက်မှ အစွဲရှိသည့်အတွက် ယခင် ကျပ်သုံးသိန်းစွန်းစွန်းမှ ဇူလိုင်လ နောက်ဆုံးပတ်တွင် ကျပ် ၅ သိန်းခွဲသို့ ရောက်ရှိနေကြောင်း ဆိုင်ကယ်မှတ်ပုံတင် ထပ်မံဆောင်ရွက်ပေးမည်ဟု ယူဆ၍ ရောင်းချသူတစ်ဦးက ပြောကြားသည်။ ■

# ယခုနှစ် ဒီဇင်ဘာတွင် ပုလဲပြပွဲ ကျင်းပရန်ရှိ

**ရန်ကုန်၊ ဇူလိုင် ၆**

ယခုနှစ် ဒီဇင်ဘာလတွင် ပြည်တွင်းပုလဲပြပွဲတစ်ရပ်ကို ကျင်းပနိုင်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးက Living Color သို့ ဩဂုတ်လဆန်းပိုင်းက ထုတ်ဖော်ပြောကြားသည်။

၂၀၀၃ ခုနှစ်အတွင်း ပြည်တွင်းပုလဲပြပွဲကို နှစ်ကြိမ် ကျင်းပခဲ့ပြီး ယခုနှစ်တွင် တစ်ကြိမ် ကျင်းပခဲ့ရာ ပြည်တွင်း ဝယ်လိုအားမှာ ယခင်နှစ်ပွဲများထက် တက်လာကြောင်း၊ မြန်မာလူမျိုးတို့၏ ပုလဲဝတ်ဆင်မှုဓလေ့မှာ ပိုမို၍ ကျယ်ပြန့်လာနေပါကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ယခုကျင်းပမည့် ပုလဲပြပွဲမှာ ပုလဲဝတ်ဆင်မှု သရုပ်ပြပွဲများ၊ လက်ဝတ်ရတနာအရောင်းဆိုင်များ၊ အချောထည်၊ အလုံးလိုက်အရောင်းပြခန်းများဖြင့် ပိုမို၍ နေရာကျယ်ကျယ်ဝန်းဝန်းရှိသော မင်းဓမ္မလမ်း အပြည်ပြည်ဆိုင်ရာ စုဝေးခန်းမတွင် ကျင်းပရန် စဉ်းစားထားကြောင်း ဦးမောင်တိုးက ပြောကြားသည်။ ပုလဲလက်ဝတ်ရတနာများကို ရွှေထည် အားပြုသော လက်ဝတ်ရတနာများကဲ့သို့ ရောင်းနိုင်ဝယ်နိုင်သော ဈေးကွက်တစ်ရပ် ကျယ်ကျယ်ပြန့်ပြန့် ရှိခဲ့ပါက ပြည်တွင်းဈေးကွက်ကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်သည်ဟု ပုလဲဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်သည်။

# တိုက်ခန်းငှားရမ်းခ ကျဆင်း

**ရန်ကုန်၊ ဩဂုတ် ၇**

ကန်ထရိုက်တိုက်ခန်း များပြားသော မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ တာမွေ၊ စမ်းချောင်းမြို့နယ်များတွင် ယခင်လပိုင်းများနှင့် နှိုင်းယှဉ်ပါက ဩဂုတ်လဆန်းတွင် တိုက်ခန်းငှားရမ်းခများ ပျမ်းမျှ ကျပ်တစ်သောင်းကျော်ကျော် ကျဆင်းနေကြောင်း မင်္ဂလာ တောင်ညွန့်မြို့နယ်မှ တိုက်ခန်းပိုင်ရှင်တစ်ဦးက ပြောကြားသည်။

အလုပ်အကိုင် အနုတ်အသိမ်း များပြားသည့်အတွက် မိမိမြို့ရွာများသို့ ပြန်လည်သွားရောက်နေထိုင်သည့်အပြင် ငှားရက်ခသက်သာရန် မြို့သစ်တိုက်ခန်းများသို့ ပြောင်းရွှေ့ငှားရမ်းနေထိုင်သူ များပြားလာ၍ဖြစ်ကြောင်း တာမွေမြို့နယ်မှ တိုက်ခန်းရောင်းဝယ်ငှားရမ်းမှုများအား ဝန်ဆောင်မှုပေးနေသူတစ်ဦးက ဆိုသည်။ တာမွေမြို့နယ်အတွင်း ပထမထပ် ငှားရမ်းခ ယခင် ငါးသောင်းကျပ်ခန့်ရှိရာမှ ယခု သုံးသောင်းငါးထောင်၊ ဒုတိယထပ် ယခင် လေးသောင်းခွဲမှ ယခု နှစ်သောင်းငါးထောင်နှင့် သုံးသောင်းကြား၊ တတိယထပ် ယခင် လေးသောင်းမှ ယခု နှစ်သောင်းငါးထောင်၊ စတုတ္ထထပ် ယခင် သုံးသောင်းငါးထောင်မှ ယခု နှစ်သောင်းအထိ ကျဆင်းနေကြောင်း ရောင်းဝယ်ငှားရမ်းရေး၍ ဝန်ဆောင်မှုပေးသူအချို့၏အဆိုအရ သိရသည်။ ■

# မြန်မာအမျိုးသမီးများအကြား Mascara အသုံးပြုမှုများပြား

**ရန်ကုန်၊ ဩဂုတ် ၁**

အမျိုးသမီးများ၏ မျက်တောင်ကို ဆေးဆိုးကော့ညွှတ်ခြင်းဖြင့် မျက်ဝန်းအလှဆွဲဆောင်မှုအားကောင်းစေသော Mascara ခေါ် မျက်တောင်ဆိုးဆေးရည်မှာ ငယ်ရွယ်သူမြန်မာအမျိုးသမီးများအကြား အသုံးများလာပြီး ဈေးကွက်ဝင် အလှကုန်တစ်ရပ်ဖြစ်လာကြောင်း ဩဂုတ် လ ၁ ရက်နေ့က L'OREAL အလှကုန်မှ ထုတ်လုပ်သည့် L'OREAL Double Extension Mascara မိတ်ဆက်ပွဲအခမ်းအနားသို့ တက် ရောက်သူ မိတ်ကပ်ဆံပင် အလှဖန်တီးရှင် တစ်ဦးက ပြောကြားသည်။

၁၉၈၀ ခုနှစ်မတိုင်မီနှစ်များက မြန်မာရုပ်ရှင်မင်းသမီးများသည် မျက်တောင်တုများအား အသုံးပြု၍ မျက်ဝန်းအလှကို ခြယ်သခဲ့သော်လည်း ယခုအခါ မျက်တောင်တုအသုံးပြုခြင်းမရှိတော့ဘဲ Mascara ဖြင့်သာ ခြယ်သလာရာ နိုင်ငံခြားမှ တင်သွင်းလာသည့် Mascara အမျိုးအစားမျိုးစုံသည် ဈေးကွက်ဝင်နေရာရလာကြောင်း အဆိုပါအလှဖန်တီးရှင်က ဆိုသည်။

လှယဉ်ကျေးမယ်ဟောင်းတစ်ဦးဖြစ်သည့် ဇာညီစိမ့်က မိမိအနေနှင့် Mascara ကို နေ့စဉ်အသုံးပြုကြောင်း၊ Mascara တစ်ဘူးလျှင် တစ်သောင်းဝန်းကျင်ခန့်ပေးရသော်လည်း မိမိမျက်ဝန်းအလှကို သိသာစွာ လှပလာစေကြောင်းဟု Living Color သို့ ပြောကြားသည်။

မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ ဝင်ရောက်နေသော Mascara အမျိုးအစားမျိုးစုံရှိ၍ ဈေးအချိုဆုံး ၆၀၀ ကျပ်မှ ကျပ်နှစ်သောင်းဝန်းကျင်ခန့်အထိ တန်ဖိုးရှိပြီး Mascara ဈေးကွက်တွင် L'OREAL

အလှကုန်မှ ဖြန့်ချိနေသော Mascara အမျိုး အစား လေးမျိုးရှိသည်ဟု L'OREAL မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

---

## Software Engineer များ နည်းပညာသစ်များကို အမြဲတမ်းအသုံးပြုနေရန်လို

**ရန်ကုန်၊ ဩဂုတ် ၉**

ပြည်တွင်းရှိ Software Engineer များအနေဖြင့် အမြဲတမ်း ပေါ်ပေါက်နေသည့် Tools နှင့် နည်းပညာသစ်များကို အသုံးချ၍ မိမိတို့၏ Products များကို ရေးဆွဲထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း Myanmar Information Technology Pte. Ltd. မှ ဒါရိုက်တာ ဦးရဲသူရသက်က ဇူလိုင်လ ၂၇ ရက်နေ့က ပြောကြားသည်။

ထိုနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ MICT Park ၌ Myanmar Professional Education Center (MPEC) မှ ကျင်းပပြုလုပ်သော Education For ICT Professional Seminar ၌ ၎င်းက အထက်ပါအတိုင်း ပြောကြားသွားခြင်း ဖြစ်သည်။

Software Engineer တစ်ဦး၏ အရည်အချင်းသည် ခေတ်ပေါ် Tools နှင့် နည်းပညာသစ်များကို မည်ကဲ့သို့ ဖော်ထုတ်အသုံးချနိုင်မှုအပေါ်တွင် မူတည်နေကြောင်း ၎င်းက ဆိုသည်။

အဆိုပါ Seminar ၌ Enterprise Application Development With Microsoft.Net အကြောင်းကို ဦးရဲသူရသက်ကလည်းကောင်း၊ Web-based Java Programming++ ဘာသာရပ် အကြောင်းကို လက်ထောက်အထွေထွေ မန်နေဂျာဦးနေလင်းသန်းကလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။ ■

## ငါးသလောက်များ ဘင်္ဂလားဒေ့ရှ်သို့ ဆက်တိုက်ပို့

**စစ်တွေ၊ ဇူလိုင် ၃၁**

ရခိုင်ကမ်းရိုးတန်းတွင် ယခုနှစ် မိုးရာသီ၌ ငါးသလောက် ဖမ်းဆီးရရှိမှု များပြားသည့်အတွက် စစ်တွေမြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်တိုက်တင်ပို့ ရောင်းချသဖြင့် ဒေသခံရေလုပ်ငန်းရှင်များ ဝင်ငွေကောင်းလျက်ရှိကြောင်း ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဇူလိုင်လနောက်ဆုံးပတ်၌ ပြောကြားသည်။

ငါးသလောက်များအား အကောင်အရွယ်အစားအလိုက် ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အထိ ဈေးပေးကာ စစ်တွေမြို့ ငါးဒိုင်များက ဝယ်ယူလျက်ရှိကြောင်း၊ စစ်တွေမြို့တွင် ရေခဲရိုက်ကာ ရာသီဥတုအခြေအနေကို ချိန်ဆ၍ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့လျက်ရှိကြောင်း အဆိုပါလုပ်ငန်းရှင်က ထပ်လောင်း ပြောကြားသည်။

---

## အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးရေး အဖွဲ့ကြီးနှင့် FREDA တို့ လုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်မည်

**ရန်ကုန်၊ ဇူလိုင် ၂၇**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် အခြေစိုက်သည့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးရေးအဖွဲ့ကြီးနှင့် မြန်မာနိုင်ငံရှိ သစ်တောသယံဇာတဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေး အသင်း (FREDA) တို့ ပူးပေါင်း၍ သစ်တောဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို ၂၀၀၄ ခုနှစ်မှစတင်၍ ပူးပေါင်းလုပ်ဆောင်သွားမည်ဟု FREDA အဖွဲ့၏ ဥက္ကဋ္ဌဦးစိန်အောင်ဝင့်က ဇူလိုင်လ ၂၇ ရက်နေ့တွင် IBC အဆောက်အအုံ၌ ကျင်းပသော FREDA ၏ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးတွင် ပြောကြားသွားသည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးရေး အဖွဲ့ကြီးမှ တာဝန်ရှိသူအချို့သည် ၂၀၀၃ ခုနှစ်အတွင်း ရန်ကုန်သို့ လာရောက်၍ FREDA မှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့သည်ဟု ၎င်းက ဆိုသည်။

၁၉၉၆ ခုနှစ်က စတင်တည်ထောင်ခဲ့သော FREDA အဖွဲ့အစည်းသည် သစ်တောဦးစီးဌာန၊ ဂျပန်နိုင်ငံမှ JICA အဖွဲ့တို့နှင့် ပူးပေါင်း၍ သစ်တောဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်ဟု အသင်းကြီး၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။ ■

# နွားမျိုးရည်ချောင်း ခုနစ်သောင်း ပြည်ပမှ တင်သွင်း

**ရန်ကုန်၊ ဇူလိုင် ၁၇**

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် မေထုန်မဲ့နည်းဖြင့် မျိုးစပ်နိုင်ရန် နွားထီး၊ နွားမ မျိုးကောင်းမျိုးသန့်များ၏ မျိုးရည်ချောင်း ခုနစ်သောင်းခန့်ကို ပြည်ပမှ တင်သွင်းခဲ့သည်ဟု မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ အရာထမ်းတစ်ဦးက ဇူလိုင်လ ဒုတိယပတ်တွင် ပြောကြားခဲ့သည်။

အဆိုပါမျိုးရည်ချောင်းများအား ပြည်တွင်းမွေးမြူရေးလုပ်ငန်းရှင်များအတွက် အခကြေးငွေယူ၍ မျိုးစပ်လုပ်ငန်းများကို လုပ်ကိုင်သွားမည်ဖြစ်ပြီး ယခုအခါ မြန်မာနိုင်ငံမှ တိရစ္ဆာန်ထွက်ပစ္စည်းများဖြစ်သည့် နွား၊ နွားကလီစာနှင့် သားရေများကို ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ ပုံမှန် တင်ပို့လျက်ရှိသည်ဟု အဆိုပါအရာထမ်းက ဆိုသည်။

# ဘိုကလေး-အမာမြို့နယ်ခွဲ သင်္ဘောစီးနင်းခ ပိုမိုကောက်ခံဟုဆို

**ဘိုကလေး၊ ဩဂုတ် ၁**

ရေကြောင်းခရီးများကိုသာ အဓိက အများဆုံးအသုံးပြုသွားလာနေရသော ဧရာဝတီတိုင်းအတွင်း ဘိုကလေးမြို့နယ်နှင့် အမာမြို့နယ်ခွဲ သင်္ဘောသည် သတ်မှတ်ထားသော စီးနင်းခနှုန်းထားများထက် ပိုမိုကောက်ခံနေသည်ဟု အမာမြို့နယ်ခွဲမှ စစ်မှုထမ်းဟောင်းခရီးသွားတစ်ဦးက Living Color သို့ ဇူလိုင်လနှောင်းပိုင်း တွင် ပြောကြားခဲ့သည်။

၂၀၀၄ ခုနှစ် နှစ်ဦးပိုင်းတွင် အမာမြို့နယ်ခွဲရောက် ဌာနဆိုင်ရာ အကြီးအကဲတစ်ဦးက ခရီးသည်တစ်ဦးလျှင် စီးနင်းခ ၅၀၀ ကျပ် သတ်မှတ်ပေးခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် ၈၀၀ ကျပ်သို့ တိုးမြှင့်ကောက်ခံလျက်ရှိကြောင်း၊ သင်္ဘောများသည် ညပိုင်းမှသာ အများဆုံးသွားလာပြီး မြစ်ရေအတက်အကျနှင့် သွားလာကြကြောင်း၊ တစ်ခါတစ်ရံ လှိုင်းလေများကြားတွင် သွားလာရသည့်အတွက် ခရီးသွားများအနေဖြင့် မမြင်နိုင်သော ကျရောက်လာမည့် အန္တရာယ်များကို စိုးရိမ်ထိတ်လန့်ရကြောင်း ရေယာဉ်စီးခရီးသည်တစ်ဦးက ပြောကြားသည်။ ဘိုကလေး–အမာသင်္ဘောများသည် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပေးထားပြီး မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်မှလည်း စက်သုံးဆီများကို အပြည့်အဝ ထုတ်ပေးထားကြောင်း သင်္ဘောလိုင်းမှ သင်္ဘောသားတစ်ဦးက ဆိုသည်။ ■

# မုံရွာ - ကလေးဝ ကားလမ်းခရီး သွားလာရေးခက်ခဲ

**ရန်ကုန်၊ ဇူလိုင် ၂၀**

မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် မုံရွာမြို့မှ ကလေးဝမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော မူလလမ်းဟောင်းဖြစ်သည့် မဟာမြိုင်ဖြတ်လမ်းနှင့် မကြာသေးမီက အသစ်ဖွင့်လှစ်ခဲ့သော ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ မုံရွာ–ယာကြီး–ကလေးဝ လမ်းသစ်တို့မှာအသုံးပြု၍မရသဖြင့် မုံရွာမြို့မှ ကလေးဝမြို့သို့ သွားရောက်လိုသူများအဖို့ ချင်းတွင်းမြစ်ကြောင်းခရီးကိုသာ အဓိကအားထားနေရကြောင်း ကလေးဝမြို့ခံလူငယ်တစ်ဦးက ပြောကြားသည်။

ခရီးအကွာအဝေး ၁၆၀ မိုင်ခန့်ရှည်လျားသည့် မူလလမ်းဟောင်းဖြစ်သော မဟာမြိုင်ဖြတ်လမ်းမှာ အဆက်မပြတ် မိုးရွာသွန်းချိန်၌ ဗွက်များထကာ ချောင်းများရေကျော်နေသောကြောင့် အဆိုပါလမ်းမှ ဖြတ်သန်းသွားလာသည့် ခရီးသည်တင်ကားများ မဟာမြိုင်တောအတွင်း တန်းစီ၍ ညအိပ်ညနေစောင့်ဆိုင်းနေကြရသဖြင့် လမ်းခရီး၌ ကြန့်ကြာမှုများ ပေါ်ပေါက်ရကြောင်း ၎င်းက ပြောကြားသည်။

အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး၏ စီမံကိန်းအစိတ်အပိုင်းအဖြစ် ကလေးဝမြို့၌ ချင်းတွင်းမြစ်ကူးတံတားတစ်စင်း ဆောက်လုပ်ပြီးပါက အဆိုပါမဟာမြိုင်ဖြတ်လမ်းအား အသုံးပြုဖောက်လုပ်သွားမည်ဖြစ်ကြောင်း ကလေးဝမြို့မှ ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးက ပြောကြားသည်။ (သတင်းဖော်ပြပြီး၊ Living Color-108) ■

# တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အဖွဲ့ ကေလာသတောင်သို့ ထွက်ခွာ

**ရန်ကုန်၊ ဇူလိုင် ၁၆**

တက္ကသိုလ်အသီးသီးမှ ဆရာ ဆရာမနှင့် အဖွဲ့ဝင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၉၀ ဦး ပါဝင်သော တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အဖွဲ့သည် မွန်ပြည်နယ် သထုံခရိုင်ရှိ ပေ ၃၀၀၀ခန့် မြင့်မားသော ကေလာသတောင်တန်းပေါ်သို့ မိုးရာသီ တောင်တက်လေ့ကျင့်မှုများ ပြုလုပ်ရန် ရန်ကုန်မြို့မှ ဇူလိုင်လ ၁၆ ရက် နေ့ နံနက်က ရထားခရီးဖြင့် ထွက်ခွာသွားကြကြောင်း တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းမှ အမှုဆောင်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် အတွင်းရေးမှူးနှင့် တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း ဥက္ကဋ္ဌ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကထိက ဦးမျိုးသန့် ဦးဆောင်သော အဆိုပါတောင်တက်အဖွဲ့သည် သထုံခရိုင်အတွင်းရှိ ဝေပုလ္လတောင်အပါအဝင်၊ ကျိုက်တလန်းတောင်၊ ကေလာသဖတောင်နှင့် မြသပိတ်တောင်များသို့ပါ လေ့ကျင့်တက်ရောက်ကြရင်း အဆိုပါဒေသအတွင်း ဝင်းကကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်းနှင့် ခရီးစဉ်ကာလ စုစုပေါင်း သုံးညအိပ် လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

---

# ပထမဦးဆုံး ဆိုင်တင်ရောင်းချသည့် ပြည်တွင်းထုတ် Accounting Software ထွက်ပေါ်

**ရန်ကုန်၊ ဇူလိုင် ၁၄**

အသုံးပြုသူ၏ လိုအပ်ချက်အလိုက် ခွဲခြမ်းဝယ်ယူနိုင်ပြီး မြန်မာနိုင်ငံ၌ ပထမဦးဆုံး ဆိုင်တင်ရောင်းချသည့် BizAcc Gold အမည်ရှိ Accounting Software ကို Myanmar Information Technology Pte.Ltd. (MIT)မှ ဇူလိုင်လအတွင်း ဈေးကွက်သို့ ထုတ်လုပ်ဖြန့်ချိလိုက်ကြောင်း အဆိုပါကုမ္ပဏီမှ ဒါရိုက်တာဦးရဲသူရသက်က ပြောကြားသည်။

အဆိုပါ BizAcc Gold ကွန်ပျူတာစာရင်းကိုင်စနစ်ကို MIT မှ ယခင်က ထုတ်ဝေခဲ့သည့် BizAcc ကွန်ပျူတာစာရင်းကိုင်စနစ်အပေါ် အခြေခံပြီး အသုံးပြုသူများ၏ လိုအပ်ချက်များ ပြည့်စုံစေရန် Edition ငါးမျိုးခွဲခြား၍ ဖြည့်ဆည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။ ယခင်က MIT အပါအဝင် ပြည်တွင်း IT ကုမ္ပဏီအသီးသီးမှ ထုတ်ဝေခဲ့သည့် Software များမှာ အသုံးပြုသူ (User)ထံ တိုက်ရိုက် သွားရောက်ရောင်းချခဲ့ခြင်းဖြစ်ပြီး ယခုစနစ်မှာမူ နီးစပ်ရာ Supermarket များတွင် မိမိအသုံးပြုလိုသည့် Edition အလိုက် ရွေးချယ်ဝယ်ယူနိုင်ကြပြီဖြစ်ကြောင်း၊ အသုံးပြုရလွယ်ကူစေရန် Edition တစ်ခုချင်းအလိုက် Manual အညွှန်းစာအုပ်နှင့် Copy ကူးယူခြင်းမှ ကာကွယ်နိုင်ရန် Hardware Protection Key နှင့် လိုင်စင် (Software Protection Key) နှစ်မျိုးပါ ပါရှိကြောင်း ၎င်းက ရှင်းပြသည်။

ယင်း BizAcc Gold ကွန်ပျူတာစာရင်းကိုင်စနစ်တွင် ကွန်ပျူတာစာရင်းကိုင် အခြေခံသင်တန်းများနှင့် လေ့လာလိုသူများအတွက် Database Record ၁၀၀၀ သာ ထည့်သွင်းနိုင်မည့် Academic Edition၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် Economic Edition၊ ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်း (Enterprise) များအတွက် Standard Edition၊ ကုမ္ပဏီစာရင်းစစ်များနှင့် Accountants များအတွက် Professional Edition နှင့် ကုမ္ပဏီကြီးများနှင့် အကြီးစား စီးပွားရေးလုပ်ငန်းများအတွက် Database များစွာ ထည့်သွင်းအသုံးပြုနိုင်ပြီး Project Costing, Asset Management နှင့် MS SQL တို့ ပါဝင်သည့် Enterprise Edition ဟူ၍ ငါးမျိုးခွဲခြားထားပြီး ကွန်ပျူတာတစ်ခုချင်းသာမက အချင်းချင်း Network ချိတ်ဆက်၍ အသုံးပြုနိုင်ကြကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း၌ MIT မှ ထုတ်ဝေခဲ့သည့် BizAcc ကွန်ပျူတာစာရင်းကိုင်စနစ်ကို အသုံးပြုနေကြသူ စုစုပေါင်း ၄၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ Sales and Marketing Department မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■

# ဂိုဒေါင် ရွှေ့ပြောင်းမှု များပြား

**မန္တလေး၊ ဇူလိုင် ၂၈**

ဇူလိုင်လ နောက်ဆုံးပတ်မှ ဩဂုတ်လ ပထမပတ်အတွင်း မန္တလေးမြို့တော်၌ ဂိုဒေါင်ပြောင်းရွှေ့မှု များပြားခဲ့ကြောင်း ပြည်ကြီးတံခွန်မြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။

မန္တလေးမြို့ ဧရာဝတီမြစ်ရေသည် ဇူလိုင်လ ၂၇ ရက် မွန်းတည့်က ၁၉၆၈ နောက်ပိုင်း အမြင့်ဆုံးစံချိန်ဖြစ်သည့် ၁၃၈၂ စင်တီမီတာသို့ ရောက်ရှိခဲ့ရာ မန္တလေးမြို့တော်ရှိ ကမ်းနားလမ်းဘက်နှင့် မြို့သစ်ပိုင်းနေရာများ၌ ဆန်၊ ပဲ သိုလှောင်ထားသူများမှာ ပစ္စည်းများ ရွှေ့ပြောင်းသိုလှောင်ရသည့်အတွက် ကုန်ကျစရိတ် များပြားခဲ့ကြောင်း ၎င်းက ဆိုသည်။ အဆိုပါအချိန်တွင် တောင်ပေါ်သို့ ရောက်ရှိနေသော ကုန်တင်ယာဉ်ကြီးများလည်း ဆင်းမလာသည့်အတွက် ကားငှားခများပါ ဈေးနှုန်းမြင့်မားခဲ့ကြောင်း၊ ကွဲဆည်ကန်ပွဲရုံတန်းများမှာလည်း ရေရောက်ရှိလာမည်ကို စိုးရိမ်ခဲ့ကြောင်း၊ သို့သော် အဆိုပါနေရာသို့ ရေရောက်ခြင်းမရှိခဲ့ကြောင်း ၎င်းက ဆိုသည်။ မန္တလေးမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းများသို့ အကျိုးသက်ရောက်မှု မရှိသော်လည်း အမရပူရဘက်နှင့် ဦးပိန်တံတား တည်ရှိရာနေရာများတွင် ရေတက်သည့်အတွက် ရက်ကန်းလုပ်ငန်းများ ရပ်နားထားရသည့်အပြင် ဦးပိန်တံတားအသွား ဆိုင်ခန်းများလည်း ပြန်လည်ပြင်ဆင်ရဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။ မန္တလေးမြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရာလမ်းတစ်လျှောက်တွင် အဆိုပါရက်များ၌ မော်တော်ယာဉ်များ၏ အင်ဂျင်ခန်း ရေဝင်ကာ စက်ချွတ်ယွင်းမှု များပြားခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

---

# ထန်းလျှော်ခြင်းကြောင့် နှစ်စဉ် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်

**ရန်ကုန်၊ ဇူလိုင် ၂၄**

မြန်မာနိုင်ငံ၌ ထန်းပင်အပေါ်များဆုံး ပေါက်ရောက်ရာနှင့် ထန်းလျက် အဓိကချက်လုပ်ရာဒေသကြီးဖြစ်သည့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်အတွင်း၌ ထန်းပင်ပေါ်မှ မတော်တဆပြုတ်ကျခြင်း (ထန်းလျှော်ခြင်း)ကြောင့် နှစ်စဉ် ထန်းတက်သမား ၁၂၀ ဦးထက်မနည်း အသက်ဆုံးရှုံးခြင်း သို့မဟုတ် ဒုက္ခိတဘဝ ရောက်ခြင်းတို့နှင့် ကြုံတွေ့နေရကြောင်း အဆိုပါဒေသအတွင်း လေ့လာသုတေသနပြုခဲ့သူ ဆရာဝန်တစ်ဦးက Living Color သို့ ပြောကြားသည်။

အဆိုပါကိန်းဂဏန်းပမာဏသည် သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများသို့ ထန်းလျှော်ခြင်းကြောင့် ရောက်ရှိလာသော လူနာဦးရေကို တွက်ချက်ရယူထားခြင်း ဖြစ်ကြောင်း၊ အမှန်တကယ်တွင်မူ အထက်ပါ ဆေးရုံ၊ ဆေးခန်းများသို့ လာရောက်ပြသကုသမှု ခံယူခြင်းမရှိသော မျက်ကွယ်ရှိ သေဆုံးသူ သို့မဟုတ် ဒုက္ခိတဘဝ ရောက်ရှိသူဦးရေမှာ အဆိုပါပမာဏထက် ငါးဆမှ ရှစ်ဆအထိ ရှိနိုင်ကြောင်း ဒေသခံများ၏ အဆိုကို ကိုးကား၍ ၎င်းက ဆိုသည်။

ထိုကဲ့သို့ မတော်တဆဖြစ်ပွားမှုများ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်လည်း ကြုံတွေ့နေလျက်ရှိကြောင်း၊ အသက်ဆုံးရှုံးသူနှင့် ဒုက္ခိတဘဝ ရောက်ရှိသူများကို ကြည့်လျှင် လူလတ်ပိုင်း အရွယ်ကောင်း အမျိုးသားများဖြစ်ကြကြောင်း၊ ၎င်းတို့သာမက ၎င်းတို့ကို မှီခိုအားထားနေရသည့် မိသားစုဝင်များပါ ဒုက္ခရောက်ကြရကြောင်း၊ ထိုကဲ့သို့ မတော်တဆဖြစ်ပွားမှုများ လျော့ပါးပပျောက်သွားစေရန်အတွက် ထန်းတက်သမားတို့၏ မိရိုးဖလာအလေ့အထနှင့် Attitude ကို အချိန်ယူ ပညာပေးပြုပြင်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိ အာဏာပိုင်အဖွဲ့အစည်းများကလည်း စီမံချက်တစ်ခုအသွင် ချမှတ်ကာ အသက်အန္တရာယ် ကြိုတင်ကာကွယ်ရေး ကျန်းမာရေးပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ကွင်းဆင်းဆောင်ရွက်သင့်ကြောင်း ၎င်းက အကြံပြုပြောကြားသွားသည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၌ လုပ်ငန်းခွင် မတော်တဆ ထိခိုက်ဒဏ်ရာ ရရှိခြင်းကြောင့် နှစ်စဉ် သေဆုံးသူ သို့မဟုတ် ဒုက္ခိတဘဝ ရောက်ရှိသူဦးရေမှာ တိုးတက်များပြားလာလျက်ရှိကြောင်း၊ ထိုသို့ဖြစ်ရခြင်းကြောင့် လုပ်ငန်းအသီးသီး၌ လုပ်သားအင်အားနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘဝပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်နေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ Health Situation in South-East Asia (1994-1997) စစ်တမ်းတွင် ဖော်ပြပါရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော အမျိုးသားကျန်းမာရေးစီမံချက်တွင် မြန်မာနိုင်ငံ၌ သေဆုံးမှုအများဆုံး အဓိက ရောဂါကြီး ၃၉ မျိုး ရှိသည့်အနက် မတော်တဆ ထိခိုက်ခြင်းသည် ဦးစားပေးအဆင့် ၃၃ တွင် ရှိသည်ဟု ဖော်ပြထားသည်။

■

# မိုးများ နှမ်းဈေး ပိုရ

**ရန်ကုန်၊ ဩဂုတ် ၆**

ယခုနှစ် နှမ်းကြဲရာသီနောက်ပိုင်း မိုးများခဲ့၍ နှမ်းထွက်လျော့ကျဖွယ်ရှိရာ လှောင်လက်ဝယ်ရာသီတွင် ယခု လက်ရှိ နှမ်းဈေးထက် ပိုမို၍ ရရှိဖွယ်ရှိကြောင်း မကွေးတိုင်း နတ်မောက်မြို့နယ်မှ နှမ်းစိုက်တောင်သူမိသားစုတစ်စုက ဩဂုတ်လဆန်း၌ ပြောကြားသည်။

ဩဂုတ်လဆန်း၌ နှမ်းတစ်တင်းလျှင် (နက်/အဖြူ )တစ်သောင်းသုံးထောင်ကျပ်ခန့် ရှိနေပြီး နှမ်းလှောင်သူ ကုန်သည်ဝယ်လက်များ ဆင်းမလာသေး၍ ဈေးငြိမ်နေသော်လည်း ယခုနှစ် နှမ်းကြဲရာသီမှစ၍ မိုးကောင်းခဲ့ခြင်းက နှမ်းထွက်လျော့ကျစေနိုင်သည့်အတွက် လှောင်လက်ရာသီတွင် ယခင် ဈေးကောင်းစဉ် ရရှိခဲ့သော တစ်တင်းလျှင် နှစ်သောင်းကျပ်နီးပါးထိ ရောက်ရှိသွားဖွယ်ရှိကြောင်း အဆိုပါမိသားစုဝင်တစ်ဦးက ဆိုသည်။ နှမ်းကြဲရာသီတွင် မျိုးအတွက် ကုန်ကျစရိတ်မှာ တစ်ဧက တစ်ခွဲ (တင်း တစ်ဝက်)နှင့်မြေဆီအခံ အညို၊ အဖြူ (ပုလဲ) နှစ်အိတ် အသုံးပြုမည်ဆိုပါက တစ်ဧကချင်း ကုန်ကျစရိတ်မှာ ၄၀၀၀၀ ကျပ်နီးပါး ရှိကြောင်း၊ နှမ်းတစ်ဧက အထွက်နှုန်း ငါးတင်း၊ ခြောက်တင်းသာ ရရှိခဲ့ပါက လက်ရှိ ပေါက်ဈေးဖြင့်ဆိုလျှင် လုပ်အားဆုံးရှုံးပြီး တွက်ခြေမကိုက်နိုင်ကြောင်း၊ ရာသီဥတု၊ မိုးအဆင်ပြေချောမွေ့သည့်နှစ်များတွင် တစ်ဧက ၂၀ တင်းခန့် ရရှိခဲ့ပါက တွက်ခြေကိုက်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

လယ်ယာစိုက်ပျိုးရေးပညာရှင်တစ်ဦးက နှမ်းသည် ရာသီဥတုအပေါ်တွင် အဓိက တည်မှီနေရသည့်အတွက် လောင်းကစားဆန်သည့် သီးနှံဖြစ်ကြောင်း၊ နှမ်းစိုက်တောင်သူများအတွက် ဈေးကွက်၌ မက်လုံးရှိသည့်ဈေးနှုန်းရရှိရန် အရေးကြီးကြောင်း၊ ထိုသို့မဟုတ်ဘဲ အခြားအပြိုင် သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းများ ရှိလာပါက ဆီထွက်သီးနှံများ ထွက်ရှိမှုအပေါ် ထိခိုက်နိုင်ကြောင်း စာတမ်းဖတ်ပွဲတစ်ခုတွင် ဖွင့်ဆိုသွားခဲ့သည်။

မြန်မာနိုင်ငံ ဆီကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးကလည်း နှမ်းဈေးကောင်းရရှိရန်မှာ ပြည်ပတင်ပို့မှုအပေါ်တွင် အဓိက တည်မှီနေကြောင်း နှမ်းနက်တစ်တန်ကို ပြည်ပတင်ပို့ပါက စားအုန်းဆီ နှစ်တန် ပြန်လည်ဝယ်ယူနိုင်ကြောင်း အဆိုပါပွဲတွင် မှတ်ချက်ပြုခဲ့သည်။

ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ မြေပဲစိုက်ပျိုးခြင်းတွင် တစ်တုံးထွန်သမားအများစုဖြစ်၍ အခြားဆီထွက်သီးနှံ ဆီအုန်းကဲ့သို့ ဘဏ္ဍာရေးအထောက်အပံ့ မရရှိသည့်အတွက် အသေးစား စိုက်ပျိုးစရိတ်ချေးငွေ များကျယ်ကျယ်ပြန့်ပြန့်ရရှိရန် လိုအပ်လျက်ရှိကြောင်း ပညာရှင်တစ်ဦးက ပြောကြားသည်။

---

# ဆူပါဆလွန်း ဈေးကျနှုန်းနည်း

**ရန်ကုန်၊ ဩဂုတ် ၈**

ဩဂုတ်လဆန်းမှ စတင်၍ မော်တော်ယာဉ်ဈေးနှုန်းများ ပြန်လည်ကျဆင်းလျက်ရှိသော်လည်း Nissan ကုမ္ပဏီထုတ် Sunny Supersaloon ယာဉ်များမှာ ပြန်လည်ကျဆင်းသည့်ပမာဏ နည်းပါးကြောင်း ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမှ လုပ်သက်ရင့် ဝယ်ရောင်းအချို့ထံမှ ဩဂုတ်လ ပထမပတ်အတွင်း သတင်းရရှိသည်။

မော်တော်ယာဉ်ဈေးနှုန်းမှာ ၂၀၀၄ ခုနှစ်အတွင်း၌ တည်ငြိမ်မှု လွန်စွာနည်းပါးပြီး ရောင်းချိန်တွင် ဈေးပြန်တက်ခြင်း၊ ဝယ်ယူပြီးချိန်၌ ဈေးပြန်ကျဆင်းခြင်းများ မကြာခဏ ဖြစ်ပေါ်လျက်ရှိရာ ဆီစားနှုန်းသက်သာပြီး ပြင်ဆင်ရသည့်စရိတ်စကများစွာမကုန်ကျသည့် 86/ 87 မော်ဒယ်လ် အဆိုပါယာဉ်များအား ပြန်လည်ရောင်းချခြင်းမပြုဘဲ လက်ဝယ်ကိုင်ထားသူ များပြားကြောင်း စမ်းချောင်းမြို့နယ် ရွှေရည်လက်ဖက်ရည်ဆိုင်အနီး နေထိုင်သည့် လုပ်သက်ရင့် ဝယ်ရောင်းတစ်ဦးက စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်၌ ပြောကြားသည်။

အခွန်တွက်ချက်ကောက်ခံမှုနှုန်းထား အပြောင်းအလဲကို အကြောင်းခံ၍ ဈေးကစားမှုရှိခဲ့ရာမှ ဇူလိုင်လအတွင်း ကျပ်သိန်းတစ်ရာနှင့် သိန်းသုံးရာကြား တန်ဖိုးရှိယာဉ်များ သိန်းနှစ်ဆယ်မှ သုံးဆယ် အတွင်း မြင့်တက်သွားခဲ့ပြီး မျှော်မှန်းသည့် ဝယ်လိုအား အမှန်တကယ် ဖြစ်ပေါ်ခြင်း မရှိသည့်အတွက် ဩဂုတ်လဆန်းတွင် တက်သွားသည့် ပမာဏ၏ သုံးပုံနှစ်ပုံခန့် ပြန်လည်ကျဆင်းသွားသော်လည်း ဆူပါဆလွန်းများမှာ တစ်စီးလျှင် ကျပ်ငါးသိန်းခန့်သာ ကျဆင်းကြောင်း ရန်ကင်းမြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာနအနီး နေထိုင်သည့် လုပ်သက်ရင့် ဝယ်ရောင်းတစ်ဦးက တွက်ချက်ပြသည်။ ဩဂုတ်လဆန်း၌ ကျပ်သိန်း ၁၄၀ ခေါ် ဈေးရှိ 87 မော်ဒယ်လ်ဆူပါဆလွန်း 'သ'အက္ခရာ မှာ ဇူလိုင်လဆန်းအတွက် ၁၆၅ သိန်းအထိ ခေါ်ဆိုမှုရှိခဲ့ကြောင်း တာမွေမြို့နယ် သတိပဋ္ဌာန်လမ်းသို့ အရောင်းအဝယ်ပြုလုပ်ရန် လာရောက်သည့် သဃ်န်းကျွန်းမြို့နယ်မှ တိုင်းရင်းဆေးဆရာတစ်ဦးက ပြောကြားသည်။ ■

# တေးထုတ်လုပ်ရေးလုပ်ငန်းသစ် တေးရေးသစ်များ အသုံးပြုမည်

**ရန်ကုန်၊ ဇူလိုင် ၁၇**

ဆောက်လုပ်ရေးလုပ်ငန်းရှင်၊ တေးသံရှင်၊ တေးစီးရီး ထုတ်လုပ်သူ၊ Grand Royal Whisky မှ ဒါရိုက်တာတစ်ဦး စုစုပေါင်း ခုနစ်ဦး ပူးပေါင်းတည်ထောင်သည့် Seven Melody Creative Division မှ တေးရေးအသစ်များ ရွေးချယ်၍ တေး ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွဲ့ဝင် တစ်ဦးဖြစ်သူ ဦးမိုးသန်းချစ်က ပြောကြားသည်။

အသက် ၁၉ နှစ်နှင့် ၃၄ နှစ်ကြား ပရိသတ်များနှစ်ခြိုက် အောင် ပစ်မှတ်ထား ရေးဖွဲ့ထားသည့် တေးသီချင်းတစ်ပုဒ်လျှင် တေးရေးခ ကျပ်တစ်သိန်း ပေးချေမည်ဖြစ်ပြီး ၂၀၀၄ ခုနှစ် စက် တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ရန်ကုန်မြို့ မဟာ ဗန္ဓုလပန်းခြံလမ်းရှိ စံပယ်ဦးတေးသံသွင်းသို့ ပေးပို့နိုင်ကြောင်း၊ တေးသီချင်း စပ်ဆိုရေးဖွဲ့ရာ၌ (ကော်ပီသီချင်းများပါ ပေးပို့နိုင်) အကြမ်းတီးခတ်မှုနှင့် အဆိုကြမ်း ပါဝင်သော Tape ခွေပါ ပူးတွဲ ပေးပို့ရမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှ ထုတ်ပြန်ကြေညာ ထားသည်။ အဆိုပါကြော်ငြာတွင် ဂီတသင်္ကေတ ပါဝင်သည့် စာ သားအပြည့်အစုံအပြင် ခွေကြမ်းသေသပ်မှု Quality သည် အရေး ကြီးသည်ဟု ဖော်ပြထားရာ အဆိုပါကိစ္စများ ဆောင်ရွက်ရန် ငွေ ကြေး သောင်းဂဏန်း အသုံးပြုရမည်ဖြစ်သော်လည်း မိမိသီချင်း များကို နာမည်ကြီးတေးဂီတဝိုင်းဖြင့် တီးမှုတ်သီဆိုကာ ဈေး ကွက်အတွင်း ဖြန့်ချိသည့် အခွင့်အရေးကို နှစ်ခြိုက်သဖြင့် သီချင်း များ ရေးဖွဲ့ပေးပို့ဖြစ်ကြောင်း မြန်မာတိုင်းရင်းသား တေးဂီတ ဝါသနာ လူငယ်တစ်ဦးက ပြောကြားသည်။

# အမျိုးသမီးစီးရီးခွေ ထုတ်လုပ်သူများ

**ရန်ကုန်၊ သြဂုတ် ၇**

မြန်မာနိုင်ငံ တေးသီချင်းထုတ်လုပ်သည့်ဈေးကွက်၌ အမျိုး သမီးတေးသီချင်းများ စီစဉ်ထုတ်ဝေသူ များပြားလာကြောင်း ကျောက်တံတားမြို့နယ်အတွင်းရှိ တေးထုတ်လုပ်ရေးလုပ်ငန်း ရှင်တစ်ဦးက သြဂုတ်လဆန်း၌ ပြောကြားသည်။

အမျိုးသမီးတေးသံရှင်အချို့မှာ ဈေးနှုန်းညှိနှိုင်းရ လွယ်ကူ ရာ လူသစ်တန်းအချို့ဆိုလျှင် တစ်ပုဒ်သီဆိုခ သောင်းဂဏန်းသာ ပေးချေရခြင်း၊ အချို့မှာ ငွေကြေးစိုက်ထည့်၍ပင် ပါဝင်သီဆိုခြင်း များ ရှိကြောင်း ၎င်းက ဆိုသည်။

သြဂုတ်လဆန်းတွင် ထုတ်ပြန်သည့် Yangon's Top 20 Music Tapes စာရင်း၌ အမျိုးသမီးတေးသံရှင်များ၏ တေးသီ ချင်းခွေ ခုနစ်ခုအထိ ပါဝင်သည့်အပြင် အမျိုးသမီးတေးသံရှင်များ သီးသန့်စုစည်းသီဆိုသည့် တေးစီးရီးတစ်ခုမှာ နံပါတ်တစ်နေရာ တွင် ရှိနေသည်ကို တွေ့ရသည်။

# မျိုးဆက်သစ်ဆရာဝန်များ အရိုးကုသမှုဆိုင်ရာ စွမ်းဆောင်နိုင်မှု နည်းပါး

[redacted]

မျိုးဆက်သစ်ဆရာဝန်များမှာ ဆေးပညာဘွဲ့ယူထားသော် လည်း ဆေးကုသမှုပိုင်းဆိုင်ရာ စိတ်ဝင်စားမှုနည်းပါးလာသည့် အတွက် ယခင်က TMO ခေါ် မြို့နယ်ဆရာဝန်အဆင့်တွင် အရိုး ကုသမှုကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သော်လည်း ယခုအခါ စွမ်းဆောင်နိုင်မှု နည်းပါးကာ ကုသမှု၌ အမှားအယွင်း များပြား လာသည်ကို တွေ့ရကြောင်း ရန်ကုန်ဆေးတက္ကသိုလ်(၁) အရိုး ရောဂါကုသမှုဌာန ပါမောက္ခဒေါက်တာကျော်မြင့်နိုင်က ပြောကြား သည်။

TRAUMA ခေါ် ထိခိုက်ဒဏ်ရာ ရမှုများကို ကုသရာတွင် ဆရာဝန်အချို့၏ အမှားအယွင်းအချို့ တွေ့လာရသဖြင့် အထွေ ထွေရောဂါကုဆရာဝန်များ Orthopaedics ခေါ် အရိုးရောဂါကုသမှု ဆေးပညာရပ်ကို ကျွမ်းကျင်မှုရှိရန် အထူးလိုအပ်ကြောင်း သြဂုတ် လ ၇ ရက်နေ့က မြန်မာနိုင်ငံ ဆရာဝန်အသင်းတွင် ကျင်းပသော (၁၃)ကြိမ်မြောက် အရိုးရောဂါကုသမှုဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ၎င်းက ပြောကြားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အရိုးရောဂါကုသမှုဆိုင်ရာ နည်းပညာသည် အထိုက်အလျောက် တိုးတက်လာပြီး တင်ပါးဆုံအစားထိုးမှုနှင့် ဒူးဆစ်အစားထိုးမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီဟု ဒေါက်တာ ကျော်မြင့်နိုင်က ပြောကြားသည်။

အရိုးရောဂါကုသမှုဌာနသည် ပြင်သစ်၊ သြစတြေးလျ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံတို့မှ အရိုးရောဂါကုဆရာဝန်များနှင့် ပူးပေါင်း၍ နည်းပညာနှင့် ပစ္စည်းထောက်ပံ့မှုများ ရယူ၍ ကုသမှု များ ဆောင်ရွက်နေသည်ဟု အရိုးရောဂါကုသမှုဆိုင်ရာ ပါမောက္ခ က Living Color သို့ ပြောကြားသည်။ ■

# Excel Treasure Tower Shopping Mall
# ဆိုင်ခန်းများအားလုံး ငှားရမ်းပြီးစီး

**ရန်ကုန်၊ ဩဂုတ် ၃**

ဇူလိုင်လ ၂ ရက်နေ့က ဖွင့်လှစ်လိုက်သော Excel Treasure Tower Shopping Mall တွင် ဈေးဆိုင်ခန်းများအားလုံး ငှားရမ်းပြီးစီးပြီဖြစ်၍ နောက်ထပ် ငှားရမ်းစရာ အခန်းလွတ်မရှိတော့ဘဲ လူနေအိမ်ခန်းနှင့် ရုံးခန်းများသာ ငှားရမ်းစရာရှိတော့ကြောင်း Excel Treasure Tower Shopping Mall ၏ ဈေးကွက်မန်နေဂျာ ဒေါ်ဝါဝါက Living Color သို့ ပြောကြားသည်။

Shopping Center များတွင် ဖွင့်လှစ်လေ့ရှိသည့် MK Fashion Shop, Giordano ကဲ့သို့ နာမည်ကြီးဆိုင်များအပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကို ၂၀၀၃ ခုနှစ် ဇွန်လပိုင်း ကပင် ငှားရမ်းပြီးပြီဖြစ်ကြောင်း၊ မင်္ဂလာအခမ်းအနားနှင့် အခြား အခမ်းအနားများကိုပါ ငှားရမ်းနိုင်ရန်အတွက် Wedding Mall ခန်းမတစ်ခုကိုပါ မွမ်းမံပြင်ဆင်နေကြောင်း ဒေါ်ဝါဝါက ဆိုသည်။

Excel Tower တည်ရှိသောနေရာသည် ရန်ကုန်မြို့တော်၏ ယာဉ်ကြောပိတ်ဆို့မှုအများဆုံး နေရာများအနက် တစ်ခုဖြစ်သည့်အတွက် အများပြည်သူနှင့် သက်ဆိုင်သော အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်သူများအနေဖြင့် အနာဂတ်တွင် ယခုထက် ပိုမိုဖွံ့ဖြိုးလာမည့် မြို့ပြအင်္ဂါရပ်များနှင့်လျော်ညီအောင် စနစ်တကျ တွက်ချက် ပြီးမှသာ ဆောက်လုပ်သင့်ကြောင်း မြို့ပြဆိုင်ရာ လေ့လာသူများက သုံးသပ်ကြသည်။

Excel Tower သို့ လာရောက်သူများအတွက် ကားရပ်နားမှု အဆင်ပြေစေရန် ပွင့်သစ်စ စားသောက်ဆိုင်နှင့် နေရာလဲ၍ ကားရပ်နားရန် နေရာတိုးချဲ့သွားမည် ဖြစ်ကြောင်းနှင့် လာမည့် ဩဂုတ်လ ၂၄ ရက်နေ့တွင် Excel Treasure Shopping Center ၏ ပထမဆုံးဈေးပွဲတော်ကို ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

---

# စစ်တွေ၌ ရန်ကုန် ကုန်စည် ဈေးနှုန်းပြောင်းလဲ

**စစ်တွေ၊ ဩဂုတ် ၇**

မေလ ၁၉ ရက်နေ့က ကြုံတွေ့ခဲ့ရသော သဘာဝအပြောင်းအလဲများကြောင့် ဆိပ်ကမ်းများ ဆိုက်ကပ်၍ မရသည့်အပြင် ဇူလိုင်လအတွင်း မိုးရွာသွန်းမှု များပြား၍ ရေလမ်းသယ်ယူပို့ဆောင်ရေးအစား ကုန်းလမ်းပို့ဆောင်ရေး အားပြုရမှုကြောင့် ရန်ကုန်မြို့မှ ပုံမှန်တင်ပို့နေသော ကုန်စည်အချို့၌ ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်နေ ကြောင်း ဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဩဂုတ်လ ပထမပတ်တွင် ပြောကြား သည်။ ရန်ကုန်–တောင်ကုတ်ကားလမ်းကိုသာ အသုံးပြုနေရသဖြင့် သောက်ရေသန့် ကဲ့သို့ ကုန်စည်များပင် တစ်ပုလင်း ကျပ် ၅၀ ခန့် အကုန်အကျခံ သယ်ယူရကြောင်း ၎င်းက ဆိုသည်။ ရန်ကုန်မှ ကုန်စည်များအား တရားဝင်ကိုယ်စားလှယ် ရယူထားသူ များမှာ ဈေးနှုန်းများစွာ မြင့်တက်ခြင်းမရှိရန် ထုတ်လုပ်သူနှင့် ညှိနှိုင်းလျက်ရှိပြီး အချိန် ကိုက် ရေတိုဆောင်ရွက်သူအချို့မှာ လက်ဦးမှုရယူ၍ အမြတ်အစွန်း များပြားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

---

# သဘာဝရေချိန်
# ပုစွန်ကန်မွေးမြူရေး
# လုပ်ကိုင်သူ များပြား

**ဘိုကလေး၊ ဩဂုတ် ၆**

ဧရာဝတီတိုင်းအတွင်းရှိ အမာမြို့နယ်ဒေသခွဲတွင် ပင်လယ်ဒီရေတောများကို တာတမံကန်များ ဆည်ဖို့ပြီး သဘာဝရေချိန်ပုစွန်ဥနှင့် အကောင်ပေါက်ငယ်များပါသည့် ပင်လယ်ဒီရေများကို တာတမံကန်များအတွင်းသွင်း၍ မွေးမြူရသော သဘာဝရေချိန်ပုစွန် မွေးမြူသည့် လုပ်ငန်းသည် အရင်းအနှီး အကုန်အကျနည်းပါးပြီး အကျိုးအမြတ်ရှိကြသဖြင့် လုပ်ကိုင်သူ များပြားလာကြောင်း သဘာဝပုစွန်ကန် ၃၀၀ ခန့် မွေးမြူထားသူတစ်ဦးက Living Color သို့ ဇူလိုင်လနှောင်းပိုင်းတွင် ပြောကြားခဲ့သည်။

သဘာဝရေချိန်ပုစွန်မွေးမြူရေး လုပ်ငန်းများကို ယင်းဒေသ၌ လွန်ခဲ့သော လေးငါးနှစ်ဝန်းကျင်မှ စတင် မွေးမြူကြကြောင်း၊ သဘာဝရေချိန်ပုစွန်ကန်များသည် ပုစွန်သားလောင်းများကို အစာ၊ ဆေးဝါးများ သုံးစွဲစရာ မလိုအပ်ဘဲ သဘာဝပင်လယ်ရေချိန်ကိုသာ ပုံမှန်အားဖြင့် လဲလှယ်ပေးရကြောင်းနှင့် သဘာဝကန်သည် ရင်းနှီးမြှုပ်နှံရမှုစရိတ် နည်းပါးသည့်အတွက် ယခုအခါ ပုစွန်ကန်မွေးမြူသူ တစ်နှစ်ထက်တစ်နှစ် များပြားလာပြီး ကန်အရေအတွက် တိုးပွားလာသည်ဟု ဆိုသည်။ သဘာဝပုစွန်ကန်မှ ကျားပုစွန်၊ ပုစွန်ဖြူ (မြီးနီ)နှင့် မြက်ပုစွန် သုံးမျိုးကို အဓိကရရှိကြောင်း လက်ရှိဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျားပုစွန် ၇၅၀၀ ကျပ်၊ ပုစွန်ဖြူ (မြီးနီ) ၃၅၀၀ ကျပ်နှင့် မြက်ပုစွန် ၉၀၀ ကျပ်နှုန်းသာရှိကြောင်း အထက်ပါပုစွန် လုပ်ငန်းရှင်က ထပ်လောင်းပြောကြားသည်။

# အထူးလုံခြုံရေးအမှတ်အသားများ ပါဝင်သည့် အမေရိကန်ဒေါ်လာ ၅၀ တန် ငွေစက္ကူသစ် ထုတ်ဝေမည်

**ရန်ကုန်၊ ဇွန် ၂၉**

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသော အမေရိကန်ဒေါ်လာများကို အတုပြုလုပ်ခြင်းမှ တားဆီးကာကွယ်ရန် ရည်ရွယ်၍ ဒေါ်လာ ၅၀ တန် ငွေစက္ကူပုံစံသစ်အား အထူးလုံခြုံရေးအမှတ်အသားများဖြင့် ယခုနှစ်စက်တင်ဘာလနှောင်းပိုင်း သို့မဟုတ် အောက်တိုဘာလဆန်းတွင် ထုတ်ဝေသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ရှိ အမေရိကန် ပြန်ကြားရေးဌာနမှ ဧပြီလ ၂၆ ရက်နေ့တွင် တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါငွေစက္ကူသစ်ထုတ်ဝေခြင်းကြောင့် ပုံစံဟောင်းဒေါ်လာငွေများ၏ တန်ဖိုး လျော့ကျသွားမည်မဟုတ်ကြောင်းလည်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ ဒေါ်လာ ၁၀၀ တန် ငွေစက္ကူသစ်အားလည်း ဆက်လက်ထုတ်ဝေသွားရန်ရှိပြီး ၅ ဒေါ်လာနှင့် ၁၀ ဒေါ်လာတန် ငွေစက္ကူပုံစံသစ်များ ရေးဆွဲရေးနှင့် ပတ်သက်၍ စဉ်းစားနေကြဆဲဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

အသစ်ထွက်ရှိလာမည့် ဒေါ်လာ ၅၀ တန် ငွေစက္ကူသည် ၂၀၀၄ ခုနှစ် ငွေစက္ကူအစီအစဉ်သစ်၌ ဒုတိယမြောက် ထုတ်ဝေခြင်းဖြစ်ပြီး ၂၀၀၃ ခုနှစ် ဩဂုတ်လတွင် ဒေါ်လာ ၂၀ တန် ငွေစက္ကူသစ်ကို ပထမအကြိမ် ထုတ်ဝေခဲ့ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။

လုံခြုံရေးအမှတ်အသားများဖြစ်သည့် ရေစာ၊ ငွေစက္ကူကြိုးနှင့် အရောင်ပြောင်းမင်တို့ပါဝင်သော အဆိုပါငွေစက္ကူသစ်၏ နောက်ခံအရောင်မှာ အပြာနှင့်အနီ ဖျော့ဖျော့ အရောင်များဖြစ်ပြီး အမေရိကန်နိုင်ငံအလံနှင့် မက်တယ်လစ်အပြာရောင်ကဲသော ငွေရောင်ကြယ်ပွင့်ငယ်တစ်ခုလည်း ပါဝင်မည်ဖြစ်သည်ဟု ယင်းသတင်းတွင် ဖော်ပြထားသည်။

---

# ငွေရတုအထိမ်းအမှတ် ချင်းတွင်းရေကြည် ရေဆေးပန်းချီပြပွဲ ဩဂုတ်လ ၂ ရက်တွင် ကျင်းပ

**ရန်ကုန်၊ ဩဂုတ် ၄**

ရေဆေးပန်းချီကားများကိုသာ သီးသန့်ရေးဆွဲကာ နှစ်စဉ် ပုံမှန်ပြသလေ့ရှိသည့် မုံရွာမြို့မှ ပန်းချီဆရာများ၏ ငွေရတုအထိမ်းအမှတ် ချင်းတွင်းရေကြည် ပန်းချီပြပွဲ တစ်ရပ်ကို ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးအရှေ့ဘက်တန်း၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)ပြခန်း၌ ကျင်းပမည်ဖြစ်ကြောင်း မုံရွာမှလာသော သတင်းတစ်ရပ်က ဆိုသည်။ ပုံမှန်ကျင်းပလေ့ရှိသည့် ချင်းတွင်းရေကြည် ရေဆေးပန်းချီပြပွဲတွင် တစ်ကြိမ်ပြလျှင် ကား ၁၀၀ ခန့်မှ ၁၇၆ ကားအထိ ပြသခဲ့ဖူးပြီး ပြသရာတွင်လည်း ပန်းချီဆရာ ၁၄ ဦးမှ ၁၈ ဦးအထိ စုပေါင်းပါဝင်ကြောင်း ယင်းသတင်းက ဆိုသည်။ ယခု အဆိုပါ FEC ၄၀ မှ ၁၀၀ အထိ ဈေးနှုန်းသတ်မှတ်ထားသည့် ပန်းချီကားများ ပါဝင်ပြသမည့် ငွေရတုပြပွဲ (၁၉၇၉–၂၀၀၄)တွင်လည်း အဆိုပါပန်းချီဆရာ ၁၉ ဦးခန့်၏ ကားပေါင်း တစ်ရာခန့် ပြသမည်ဖြစ်သည့်အပြင် ထူးခြားသည့်အချက်မှာ အရွယ်အစားကြီးသော ပန်းချီကားများကိုပါ ရေးဆွဲလာကြခြင်းဖြစ်သည်ဟု မုံရွာမြို့ခံတစ်ဦးက Living Color သို့ ပြောကြားသည်။ ယခင်အကြိမ်များက ပါဝင်ပြခဲ့သူများအပြင် ပန်းချီသင်တန်းဆင်း ယဉ်ကျေးမှုတက္ကသိုလ်ဘွဲ့ရများ၊ ပညာရေးလောက ဆရာများ၊ ပါမောက္ခများ၊ ဝါသနာဖြင့် ပြင်ပတွင် လေ့ကျင့်အောင်မြင်လာကြသူများ စသဖြင့် လူသစ်များလည်း တိုးလာကြောင်း အဆိုပါဒေသခံထံမှ သိရသည်။ ချင်းတွင်းရေကြည်ပန်းချီပြပွဲများကို ၁၉၇၉၊ ၁၉၈၀၊ ၁၉၈၂၊ ၁၉၈၄၊ ၁၉၈၆၊ ၁၉၈၇၊ ၁၉၉၉၊ ၂၀၀၁၊ ၂၀၀၄ အထိ ကိုးကြိမ် ပြခဲ့ပြီးဖြစ်သည်။

# ကမ္ဘာကျော် မျက်လှည့်ပညာရှင် ဖြေဖျော်မှုပြုလုပ်

**ရန်ကုန်၊ ဇူလိုင် ၃၁**

ကမ္ဘာကျော်ထိပ်သီးမျက်လှည့်ပညာရှင်များဖြစ်သည့် David Copperfield ၊ Siegfreid & Roy တို့ကဲ့သို့ အနာဂတ်တွင် အလားအလာအရှိဆုံး ငယ်ရွယ်သူမျက်လှည့်ပညာရှင်ဆုဖြစ်သည့် Mibaurn Christopler Award ဆုနှင့် ဂုဏ်ထူးဆောင်ဆုတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာစင်မြင့် မျက်လှည့်ပြိုင်ပွဲဆု (The Lance Burton Award) ကိုပါ ဆွတ်ခူးခဲ့သူမျက်လှည့်ပညာရှင် Mr. Adrian Van Vactor သည် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ဇူလိုင်လ ၁ ရက်နေ့က ဖျော်ဖြေမှုတစ်ရပ် ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် Adrian က မြန်မာဧည့်ပရိသတ်အား ၎င်း၏ ထူးခြားသည့် မျက်လှည့်ပညာရပ်များဖြင့် ဖျော်ဖြေပြခဲ့ပြီး လေထဲမှ ပိုက်ဆံရယူခြင်း ပြကွက်တွင် လာရောက်ကြည့်ရှုသည့် အစိုးရအရာရှိကြီးတစ်ဦးနှင့် ဧည့်ခံပွဲလာ ပရိသတ်များထံမှ ငွေကြေးများ ရယူပြခဲ့သည်။

မက္ကဆီကို ဇာတိဖွားမျက်လှည့်ပညာရှင် Adrian သည် အမေရိကန်နိုင်ငံတစ်ခွင်နှင့် နိုင်ငံပေါင်း ၁၈ နိုင်ငံကျော်သို့ လှည့်လည်ခဲ့ပြီး မကြာသေးခင်က ဂျာမနီနိုင်ငံ၌ ကျင်းပသည့် World's Fair in Hanover Germany ပွဲတွင် ဖျော်ဖြေခဲ့သည်ဟု သိရသည်။

ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပခဲ့သော Adrian Van Vactor ၏ ဖျော်ဖြေပွဲကို Myanmar Campus Crusade for Christ မှ ဦးဆောင်စီစဉ်ခဲ့ပြီး ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၊ Talents & Model အေဂျင်စီနှင့် Sandy Floral & Myanmar Cuisine တို့မှ ပူးပေါင်းပံ့ပိုးခဲ့ကြသည်။

# မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း သဘာဝရင်းမြစ်များ မပျက်စီးမယိုယွင်းသေးဟုဆို

**ရန်ကုန်၊ ဇူလိုင် ၂၉**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းနယ်ပယ်အတွက် အခြေခံကျသော သဘာဝအရင်းအမြစ်များမှာ မပျက်စီးမယိုယွင်းသေးဘဲ ကောင်းမွန်စွာ ကျန်ရှိနေကြောင်းနှင့် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနယ်ပယ်တွင်မူ စနစ်တကျပြုပြင်ထိန်းသိမ်းခြင်း မရှိဘဲ Marketing ကို အရှိန်အဟုန်မြင့်ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ယဉ်ကျေးမှုသာမက သဘာဝပတ်ဝန်းကျင်ပါ ပျက်စီးယိုယွင်းစပြုနေပြီဖြစ်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် Foundation For International Human Resource Development မှ အတွင်းရေးမှူး Dr.Chira Hongladarom က ဇူလိုင်လ ၂၁ ရက်နေ့က ပြောကြားသည်။

မြန်မာနှင့် ထိုင်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ ပူးတွဲမြှင့်တင်ရန်နှင့် နားလည်မှု အခြေခံကောင်းများ ရရှိစေရန် ရည်ရွယ်လျက် Foundation For International Human Resource Development အဖွဲ့အစည်းက ကြီးမှူးစီစဉ်သည့် Learning Forum on 'Tourism, Globalization and Sufficiency Economy Theory in Myanmar' အမည်ရှိ ဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင်လ ၂၁ ရက်မှ ၂၃ ရက်နေ့အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့ရာ ၎င်းက Impact of Globalization on Myanmar People ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရင်း အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ Forum တွင် မြန်မာနိုင်ငံ၌ Globalization နှင့်ပတ်သက်၍ သက်ရောက်မှုများနှင့် ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းများရှိ လူသားအရင်းအမြစ်များ၏ အခန်းကဏ္ဍ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် အတွေ့အကြုံများ၊ မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသော ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု၊ သဘာဝတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထိုင်း–မြန်မာ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းနှင့် လူသားအရင်းအမြစ် (H.R) ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ စသည်တို့အားထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဘက်မှ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ယင်း Forum သို့ ထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများနှင့် ပညာရှင်စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံဘက်မှ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးနှင့် ရန်ကုန်တက္ကသိုလ်တို့မှ တာဝန်ရှိသူများနှင့် ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခရီးသွားလုပ်ငန်းကဏ္ဍသည် အရေးပါသောကဏ္ဍမှ ပါဝင်နေကြောင်းနှင့် စနစ်တကျ ကြိုတင်ပြင်ဆင်ထားခြင်းမရှိဘဲ ခရီးသွားလုပ်ငန်းကို မဆောင်ရွက်သင့်ကြောင်း အဆိုပါ Forum သို့ တက်ရောက်ခဲ့သူ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခဒေါ်ခင်ဆွေမြင့်က Living Color သို့ ပြောကြားသည်။

■

# ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သက်ဆိုင်ရာအာဏာပိုင်တို့၏ ပံ့ပိုးမှုလိုအပ်

**ရန်ကုန်၊ ဇူလိုင် ၃၁**

ကျေးလက်ဒေသများတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တည်ထောင်လျက်ရှိသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းနှင့် စာအုပ်လှူဒါန်းမှုများ အဓိကလိုအပ်လျက်ရှိကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင့်ဝေက Living Color သို့ ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ နယ်လှည့်စာကြည့်တိုက်များ ပြုလုပ်၍ စာအုပ်ထုပ်များကို ဘုန်းကြီးကျောင်းများတွင် အပ်နှံ၍ ကျေးရွာလူထုကို ဖတ်ရှုစေခဲ့သော်လည်း လယ်လုပ်ငန်းခွင်ရာသီများတွင် ထားခဲ့သောစာအုပ်ထုပ်ကိုပင် ဖောက်မကြည့်သည့် ဖြစ်ရပ်များ ရှိကြောင်း၊ ထို့ကြောင့် ကျေးရွာကိုယ်ပိုင်စာကြည့်တိုက်များ ဖန်တီးပေးရခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ ပြန်ကြားရေးဝန်ကြီးဌာနမှ ကျေးလက်စာကြည့်တိုက်တစ်ခုလျှင် စာအုပ် ၅၀ စီ ပံ့ပိုးပေးပြီး ရေရှည်တည်တံ့နိုင်ရေးအတွက် လိုအပ်သောညွှန်ကြားမှုများ ပံ့ပိုးပေးသည်ဟု ဦးတင့်ဝေက ရှင်းပြသည်။ ပြန်ကြားရေးဝန်ကြီးဌာနမှ ကျေးရွာစာကြည့်တိုက်များ ထူထောင်ပေးခြင်းသည် ပညာပေးလုပ်ငန်းသက်သက်ဖြစ်ပြီး သုတနှင့်ရသပါသော စာအုပ်များကို ကျေးလက်လူထုအား ဖြန့်ချိပေးရာတွင် ရသပါသောဂျာနယ်များကို ကျေးလက်လူထုက အထူးစိတ်ဝင်စားသည်ဟု ၎င်းက ဆိုသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်အောက်တွင် ခရိုင်စာကြည့်တိုက် ၆၁ ခု၊ မြို့နယ်စာကြည့်တိုက် ၂၄၉ ခုနှင့် နယ်စပ်ဒေသသုံးမြို့နယ်ခွဲ စာကြည့်တိုက် ၆၃ ခုရှိကြောင်း ၂၀၀၄ ခုနှစ် ဇွန်လအထိ ပြန်ကြားရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

---

# ပန်းချီကားများဝယ်ယူရာ၌ ကျွမ်းကျင်သူများနှင့် တိုင်ပင်သင့်

**ရန်ကုန်၊ ဩဂုတ် ၉** **ဦးမြင့်စိုး**

ပန်းချီကား ဝယ်ယူစုဆောင်းသူများအနေဖြင့် ပန်းချီကားများ ရွေးချယ်ဝယ်ယူရာ၌ ကျွမ်းကျင်သူပညာရှင်များနှင့် သေချာစွာ ညှိနှိုင်းအကြံဉာဏ်ရယူပြီးမှ ဝယ်ယူသင့်ကြောင်း Summit Art Collection မှ ပန်းချီဆရာဦးမြင့်စိုးက Living Color သို့ ပြော ကြားသည်။ ရန်ကုန်မြို့ Hotel Nikko Royal Lake Yangon နှင့် Summit Art Collection တို့ ပူးပေါင်းစီစဉ်မှုဖြင့် အဆိုပါ ဟိုတယ်၌ ဩဂုတ်လ ၉ ရက်မှ ၂၂ ရက်နေ့အထိ ခင်းကျင်းပြသသည့် Nikko Inspiration, Art Moment-3 ပန်းချီပြပွဲတွင် ၎င်းက ပြောကြားခြင်း ဖြစ်သည်။ ပန်းချီကားဝယ်ယူသူများမှာ မိမိတို့ နေအိမ်များသာမက ကုမ္ပဏီရုံးခန်း၊ ဟိုတယ်၊ စားသောက်ခန်းမ စသည်တို့၌ အလှအပအဖြစ် တန်ဆာဆင်ချိတ်ဆွဲရန် ဝယ်ယူလာကြကြောင်း၊ အများစုမှာ ပန်းချီကား၏ ဈေးနှုန်းနှင့် အလှအပကိုသာ ကြည့်တတ်ကြကြောင်း၊ ပန်းချီကားတစ်ချပ်၏ အနုပညာတန်ဖိုးနှင့် မည်သည့်နေရာ၌ မည်ကဲ့သို့သော ကားချပ်မျိုး ချိတ်ဆွဲသင့်သည်ကို သိရှိသူ နည်းပါးနေသေးကြောင်း၊ ပန်းချီကားဝယ်ယူလိုသူများသာမက ပန်းချီပြပွဲခင်းကျင်းပြသလိုသူများပါ ပန်းချီကားများ ရွေးချယ်ရာ၌ ကျွမ်းကျင်သည့် ပန်းချီပညာရှင်များနှင့်တိုင်ပင်ပြီးမှ ဆောင်ရွက်သင့်ကြောင်း ၎င်းက ဆိုသည်။ အဆိုပါပန်းချီပြပွဲ၌ ပန်းချီဆရာ ၁၀ ဦး၏ ဆီဆေး၊ ရေဆေးနှင့် Acrylic အမျိုးအစားပန်းချီကားစုစုပေါင်း ၄၃ ကားကို ခင်းကျင်းပြသခဲ့သည်။

---

## ပြင်ဆင်ချက်

၂၀၀၄ ခုနှစ် ဇွန်လထုတ် Living Color မဂ္ဂဇင်းအမှတ် (၁၀၈)၊ စာမျက်နှာ(13)ရှိ 'RV Management Services Co., Ltd. ၏ သင်တန်းဆင်းများ စင်ကာပူတွင်ပညာရေးထူးချွန်ဆုများရရှိ' သတင်း တတိယ ပိုဒ်ပါ 'ချမ်းရဲဝင်း' အစား 'ငြိမ်းချမ်းဝင်း' ဟုလည်းကောင်း၊ 'ယခုနှစ်တွင် ဝင်းနုနုဝင်း' အစား '၂၀၀၂ ခုနှစ်တွင် ဝင်းနုနုဝင်း' ဟုလည်းကောင်း၊ စာမျက်နှာ 14(12) တွင် ပါဝင်သော 'မြန်မာတိုင်း(မ်)ဂျာနယ် ရုံးခန်းပြောင်းမည်' သတင်းခေါင်းစဉ် အောက်ရှိ 'ဗိုလ်အောင်ကျော်လမ်းရှိပြန်ကြားရေးဝန်ကြီးဌာနပိုင် နှစ်ထပ်အဆောက်အအုံသို့' စာသားအစား 'ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးပိုင် အမှတ်–၃၃၈/၃၃၇၊ အပေါ်ထပ်နှင့်အောက်ထပ် ဗိုလ်အောင်ကျော်လမ်းသို့' ဟုလည်းကောင်း၊ ၎င်းဂျာနယ်မှာ 'ဂျပန်နိုင်ငံအခြေစိုက် ဆာဆာကာဝါဖောင်ဒေးရှင်းမှ ငွေကြေးထောက်ပံ့မှု ရယူထားကြောင်း' စာသားအစား 'ဆာဆာ ကာဝါဖောင်ဒေးရှင်းမှ စာနယ်ဇင်းသင်တန်းအတွက်ကိုသာ ထောက်ပံ့မှုရယူထားကြောင်း' ဟုလည်းကောင်း၊ အမှတ်(၁၀၉)၊ စာမျက်နှာ 18(1) ရှိ 'ကမ္ဘာ့ပုဒ္ဓဘာသာ ညီလာခံကိုယ်စားလှယ်များအတွက် Shopping Mall သီးသန့်ဖွင့်လှစ်ရန်စီစဉ်' သတင်း ဒုတိယပိုဒ်တွင် ဖော်ပြထားသော 'ဂျပန်ဘုန်းတော်ကြီး ၁၈၀၀' အစား 'ဂျပန်ဘုန်းတော်ကြီး၊ ဒကာဒကာမများ၊ ရုံးအဖွဲ့ဝင် ၁၅၀၀ နှင့် ကျန်အဖွဲ့ဝင်များ' ဟုလည်းကောင်း၊ 'Apes' ကုမ္ပဏီအစား 'Apex' ကုမ္ပဏီဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

## သတင်းဆောင်းပါး

ဤကဏ္ဍတွင်......


၂၆ ဂျပန်ရေယာဉ်တည်ဆောက်မှု နည်းပညာ ပါမောက္ခများကိုယ်တိုင် လာရောက်သင်ကြား

၂၇ တိရစ္ဆာန် တရားမဝင် အသစ်ပြန်ဖြည့် မွေးမြူသူများအား အရေးယူမည်

၂၉ ကြက်သွန်နီအထွက်နှုန်း ကျဆင်းဖွယ်ရှိ

၃၀ ခရီးသွားလုပ်ငန်းပညာ ဒီပလိုမာ သင်တန်း အရည်အသွေးနှင့် အလုပ်အကိုင်အခွင့်အလမ်း စနစ်တကျ စီစဉ်ထားပါက စိတ်ဝင်စားသူများနိုင်

၃၂ ပြည်တွင်းရှိ ပုဂ္ဂလိက သင်္ဘောကိုယ်စားလှယ်များ အာမခံချက်မပေးနိုင်၍ ပင်လယ်ကူးသင်္ဘောသားအချို့ ပြန်လည်ရောက်ရှိ

၃၃ မြန်မာနိုင်ငံတွင် HIV/AIDS ကုသဆေးဝါးများ အခမဲ့ ဖြန့်ချိနိုင်ရန် ဆေးကုမ္ပဏီများသို့ WHO နှင့် UNICEF တို့မှ ကမ်းလှမ်း

၃၅ သစ်တောအရည်အသွေးနှင့် မျိုးဆက်ရှင်သန်မှုသည် ၄က်များအပေါ်တွင် ၇၀ ရာခိုင်နှုန်း တည်မှီ




ဆောက်လုပ်ပြီး အမြန်ရေယာဉ်တစ်စီး

# ဂျပန်ရေယာဉ်တည်ဆောက်မှုနည်းပညာ ပါမောက္ခများကိုယ်တိုင် လာရောက်သင်ကြား

ကေခိုင်ကျော်

၄-၈-၂၀၀၄

**ရေယာဉ်တည်ဆောက်မှု နည်းပညာလွှဲပြောင်းမှု အစီအစဉ်အရ ဂျပန်နိုင်ငံမှ နည်းပညာများကို မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးရေး အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် Silver Wave Trading Ltd. အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက် FRP (Fiberglass Reinforced Plastic) အမြန်ရေယာဉ်များ တည်ဆောက်မှုကို ဂျပန်ပါမောက္ခများ၏ အခမဲ့သင်ကြားမှုနှင့် တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိကြောင်း Silver Wave Trading Ltd. မှ Managing Director ဦးမင်းမင်းအောင်က ဩဂုတ်လ ၄ ရက်နေ့တွင် Living Color သို့ ပြောကြားသည်။**

ရေကြောင်းပညာတက္ကသိုလ်သည် ရေကြောင်းပညာ တိုးတက်ဖွံ့ဖြိုးစေရန် တည်ထောင်ခဲ့သော ကျောင်းတစ်ကျောင်းဖြစ်သောကြောင့် ကျောင်းကထွက်သော ကျောင်းသားများမှာ ပြည်တွင်းပြည်ပတွင် ထူးချွန်တတ်မြောက်သော ကျောင်းသားများ ထွက်ပေါ်လာရန် Silver Wave Trading Ltd. သို့ ပြည်တွင်းပြည်ပမှ မှာယူမှုများကို မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဝင်းအတွင်း တည်ဆောက်နေခြင်းဖြင့် ကျောင်းသားများ လက်တွေ့နည်းပညာများကို အလွယ်တကူ ရရှိနိုင်ကြောင်း ၎င်းက ဆိုသည်။

ကျောင်းသားများ လက်တွေ့သင်ယူနိုင်ရန်အတွက် ပေ ၂၀ ရှိ FRP Boat ကို ပူးတွဲတည်ဆောက်ပြီး ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် ရေကြောင်းပညာတက္ကသိုလ်သို့ ပညာရေးကော်မတီမှတစ်ဆင့် လှူဒါန်းခဲ့ကြောင်း၊ မြန်မာရေကြောင်းပညာတက္ကသိုလ်နှင့် Silver Wave Trading Ltd. တို့ ပူးတွဲတည်ဆောက်ပြီး ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်မှ ၈ ရက်အထိ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသော International Boat Show တွင် FRP ရေယာဉ်များ ပြသခဲ့ခြင်းဖြင့် ဂျပန်နိုင်ငံမှ မှာယူမှုများကိုလည်း တိုက်ရိုက်ရရှိခဲ့ကြောင်း၊ ပြည်တွင်းဈေးကွက်တွင် ဝန်ကြီးဌာနမှ မှာယူမှုများကိုလည်း တည်ဆောက်လျက် ရှိကြောင်း ဦးမင်းမင်းအောင်က ဆိုသည်။

"ပြည်တွင်းဌာနဆိုင်ရာအတွက် ၃၆ ပေရှိတဲ့ လူစီးအမြန်ရေယာဉ် တည်ဆောက်နေတယ်။ အစီးရေတော့ မသတ်မှတ်ရသေးဘူး။ FRP ရေယာဉ်တွေက ဌာနဆိုင်ရာက အသုံးပြုတာများတယ်။ ပုဂ္ဂလိကတွေက ဝယ်ပြီး ဘယ်မှာအသုံးပြုမလဲ၊ အဲဒါကြောင့် ဝယ်ယူမှုနည်းတယ်"ဟု ဦးမင်းမင်းအောင်က ပြည်တွင်းဈေးကွက် အနေအထားအား ရှင်းပြသည်။

FRP ရေယာဉ်များမှာ မကွဲသရွေ့၊ တိုက်ခိုက်မှုမရှိသရွေ့ နှစ် ၄၀ မှ နှစ် ၅၀ အထိ အသုံးပြုနိုင်ကြောင်း၊ လွန်ခဲ့သော ၂ နှစ်ခန့်မှစတင်၍ ပြည်တွင်း ကမ်းရိုးတန်းနှင့် မြစ်ကြောင်းသွား လူစီးအမြန်ယာဉ်များကို အစားထိုးအသုံးပြုလာရာ လိုရာခရီးအား အချိန်တိုတိုအတွင်း အမြန်ရောက်ရှိနိုင်သည့်အတွက် ဌာနဆိုင်ရာများက အသုံးပြု၍ မှာယူကြကြောင်း၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ တို့မှ ကုန်ကြမ်းများကို မှာယူခဲ့သည့်အပြင် မြန်မာနိုင်ငံမှ ကုန်ကြမ်းများကိုလည်း အသုံးပြုကြောင်း ၎င်းက ဆိုသည်။

မြန်မာရေကြောင်းပညာတက္ကသိုလ်တွင် ဖိုင်ဘာနှင့် ပတ်သက်သော သင်တန်းများ သင်ကြားပို့ချပေးသော ဦးဘိုဘိုအောင်က မြန်မာပြည်တွင်းလုပ် သင်္ဘောများကို နိုင်ငံတကာသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် နာမည်ရရှိစေကြောင်း၊ ယခုအချိန်သည် ယုံကြည်မှု တည်ဆောက်နေသော ကာလဖြစ်ပြီး ကျွမ်းကျင်မှုအားနည်းနေသေးသည့်အတွက် မြန်မာနိုင်ငံဘက်မှ ပညာသင်အဆင့်များ အား ဂျပန်နိုင်ငံမှ ပညာရှင်များ သင်ကြားပို့ချပေးသည့်အပြင် ပူးတွဲတည်ဆောက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဈေးနှုန်းမှာ နိုင်ငံတကာဈေးထက် ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ သက်သာကြောင်း၊ ပြည်တွင်းအလုပ်သမားများအပြင် ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံ တို့မှ အလုပ်သမားများကို ခေါ်ယူ၍ ပြည်တွင်း၌ အစအဆုံးတည်ဆောက်လျက် ရှိကြောင်း ဦးဘိုဘိုအောင်က ဆိုသည်။

ယခုလက်ရှိ တည်ဆောက်လျက်ရှိသော ဂျပန်နိုင်ငံမှရရှိသည့် အမှာစာများအပြင် မြန်မာနိုင်ငံအတွင်း ရဲတပ်ဖွဲ့မှ နိုင်ငံတော်လုံခြုံရေးနှင့် ဒုစရိုက်နှိမ်နင်းရေးအတွက် ၃၆ ပေရှိ ရေယာဉ်များ၊ ကမ်းရိုးတန်းနှင့် မြစ်ကြောင်းသွား ၇၅ ပေရှိ လူ ၁၀၀ စီး ရေယာဉ်များကို တည်ဆောက်လျက်ရှိကြောင်း၊ FRP ရေယာဉ်များမှာ လူကြိုက်များခဲ့ခြင်းကြောင့် အမှာစာများ ရရှိနေကြောင်း ၎င်းက ဆိုသည်။

■

---

# တိရစ္ဆာန် တရားမဝင် အသစ်ပြန်ဖြည့်မွေးမြူသူများအား အရေးယူမည်

ကျော်မျိုးညွန့်

၇-၈-၂၀၀၄

**ရှားပါးတိရစ္ဆာန်နှင့် သစ်ခွများအား သစ်တောဦးစီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းနှင့်အညီ မှတ်ပုံတင် မွေးမြူစိုက်ပျိုး ရောင်းဝယ်ခွင့်ပြုထားရာတွင် လက်တစ်လုံးခြားပြုလုပ်သူအချို့က တရားမဝင်ရောင်းချကာ အသစ်ပြန်ဖြည့် မွေးမြူမှုများ ရှိနေသဖြင့် ထိုသို့ဆောင်ရွက်သူများအား သစ်တောဦးစီးဌာနမှ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦး၏ အဆိုအရ သိရသည်။**

တောရိုင်းတိရစ္ဆာန်များအား စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော်လည်း သစ်တောဦးစီးဌာနက တရားဝင်ထုတ်ပြန်ထားသည့် နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (ဂ)အရ မွေးမြူခွင့် (သို့မဟုတ်) တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့် ရရှိသူသည် သက်ဆိုင်ရာမြို့နယ်ရှိ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ထားရမည်ဖြစ်သည်။ စီးပွားရေးအလို့ငှာ မွေးမြူခွင့် ရရှိထားသော တောရိုင်းတိရစ္ဆာန်များမှ ပေါက်ပွားလာသည့် အကောင်အရေအတွက်ကို စနစ်တကျ မှတ်တမ်းများထားရှိပြီး သက်ဆိုင်ရာခရိုင်ဦးစီးဌာနသို့ လစဉ် စာရင်းပေးပို့ရမည် ဖြစ်သည်။ ထို့ပြင် ကနဦးဖမ်းဆီးမွေးမြူထားသည့် တောရိုင်းတိရစ္ဆာန်များကို လွှဲပြောင်းခြင်းမပြုရဘဲ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၏ စစ်ဆေးခြင်းကို ခံယူရမည်ဖြစ်သည်။

ယခုအခါတွင် ရှားပါးတိရစ္ဆာန်များ၊ ရှားပါးသစ်ခွများအား ရှင်သန်ပေါက်ရောက်ရာ နေရာဒေသများရှိ ဒေသခံအချို့က စားဝတ်နေရေး မဖြစ်မနေ လိုအပ်ချက်ကြောင့် သစ်ခွမျိုးစိတ်တို့၏ ရှားပါးတန်ဖိုးကို မသိဘဲ ပိဿာချိန်နှင့် အမြောက်အမြား ရောင်းချနိုင်ရန်အတွက် သစ်ခွပင်အမြစ်အအုံလိုက် ခွာယူရောင်းချကြသည့်အပြင် အပင်မြင့်ကြီးများ၏ အကိုင်း



**ရှားပါးတိရစ္ဆာန်အချို့**

ထိုမှ သစ်ခွပင်များကို ခူးယူရန်အတွက် သစ်ပင်များကိုပါ ခုတ်လှဲကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချနေကြကြောင်း 7 Day News Journal ပါ တင်အောင်ကျော်၏ သတင်းတစ်ပုဒ်၌ ဖော်ပြထားသည်။

ရန်ကုန်မှ ပဲခူးသို့ သွားရာလမ်းတစ်လျှောက်တွင်လည်း ရှားပါးတောရိုင်းတိရစ္ဆာန်များနှင့် ယမကာမျိုးစုံ တွဲဖက်ရောင်းချသည့်ဆိုင်များ တဖြည်းဖြည်း တိုးပွားလာလျက် ရှိသည်။ ၂၀၀၃ ခုနှစ် နှစ်ဆန်းပိုင်း၌လည်း ရန်ကုန်မြို့တော်ရှိ စားသောက်ဆိုင်တစ်ဆိုင်အား သစ်တောဦးစီးဌာနမှ ဥပဒေဖြင့် ကာကွယ်ထားသည့် တိရစ္ဆာန်အချို့ကို ချက်ပြုတ်ရောင်းချမှု ဖြင့် အရေးယူခဲ့သည်။ သို့သော် အဆိုပါ ရန်ကုန်၊ ပဲခူးလမ်းတစ်လျှောက်ရှိ တောရိုင်း တိရစ္ဆာန် ချက်ပြုတ်ရောင်းချသည့် ဆိုင် များ၌ ပွေး၊ သမင်၊ ဂျီ၊ ငှက်အမျိုးမျိုး၊ မျောက်များအပြင် ယောကျ်ားအားအင် တိုးပွားစေသည့် တောရိုင်းတိရစ္ဆာန်များကို နေ့စဉ်ရောင်းချလျက်ရှိကြောင်း မကြာခဏ သွားရောက်စားသောက်လေ့ရှိသည့် ရန်ကင်းမြို့နယ်မှ မော်တော်ယာဉ်ရောင်းဝယ်သည့် လုပ်ငန်းလုပ်ကိုင်သည့် လူလတ်ပိုင်း တစ်ဦးက ပြောကြားသည်။ ပဲခူးရိုးမအတွင်း ရှင်သန်နေထိုင်သည့် တောရိုင်းတိရစ္ဆာန်များအပြင် ရခိုင်ပြည်နယ်နှင့် မကွေးတိုင်း ဆက်စပ်နေသည့် ဒေသများတွင်လည်း သင်းခွေချပ်ကဲ့သို့ ရှားပါးသတ္တဝါများကို တရားမဝင် ကူးသန်းရောင်းဝယ်မှုအား စီးပွားဖြစ် လုပ်ကိုင်သူ များပြားလျက်ရှိကြောင်း ဒေသခံ သမားရိုးကျ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏အဆိုအရ သိရသည်။ အဆိုပါ စီးပွားဖြစ် ရောင်းဝယ်ဖောက်ကားမှုများကို လေ့လာကြည့်ရာတွင် တရားမဝင် စီးပွားဖြစ် ကူးသန်းရောင်းဝယ်သူများနှင့် ဥပဒေအရ တားဆီးရန် လျစ်လျူရှုသူအချို့သာလျှင် အကျိုးရှိပြီး တောတွင်း၌ ခက်ခက်ခဲခဲ ရှာဖွေသူများမှာ ဝမ်းရေးဖူလုံရုံမျှ အနေအထားတွင်ပင်ရှိကြောင်း ဒေသခံအချို့ထံ စုံစမ်းမေးမြန်းခြင်းဖြင့် သိရသည်။

ဇူလိုင် ၂၉–ဩဂုတ် ၄ ရက်နေ့ထုတ် 7 Day News Journal တွင် နေလင်းအောင် ရေးသားသည့် "စားစရာရှားရှော့သလား လော်ကားဥယျာဉ်က ဒေါင်းငှက်သတ်စားသူ တရားစွဲခံရ"သတင်း၌ လော်ကားဥယျာဉ် အုပ်ချုပ်ရေးအဖွဲ့က ဥယျာဉ်အတွင်းရှိ သားငှက်စစ်တမ်း ကောက်ယူရာတွင် အဆိုပါဒေါင်းငှက်တစ်ကောင် ပျောက်ဆုံးနေ၍ စုံစမ်းရာ မင်္ဂလာဒုံမြို့ဥယျာဉ်နောက်တွင် နေသူနှစ်ဦးက ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း သိရသဖြင့် အဆိုပါပုဂ္ဂိုလ်များ အား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် များ ကာကွယ်ရေးနှင့် သဘာဝမြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ (၃၇/က)အရ တရားစွဲဆိုထားကြောင်း၊ အဆိုပါပြစ်မှုကျူးလွန်သူအား ဒဏ်ငွေ ၅၀၀၀ ကျပ်မှ ထောင်ဒဏ် ၇ နှစ်အထိ (သို့မဟုတ်) ပြစ်ဒဏ်နှစ်ရပ်လုံး ကျခံရန် သတ်မှတ်ချက်များရှိကြောင်း ရေးသားထားသည်။

၎င်းကိစ္စအပါအဝင် အထက်ဖော်ပြပါ ကိစ္စအားလုံးမှာ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထား ထိန်းသိမ်းတတ်သည့် အသိပညာရေချိန်မမြင့်မားမှုနှင့် ဝမ်းစာဖြည့်တင်း ရန် အခက်အခဲများစွာ ရှိနေမှုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန် လိုအပ်မှုကို ပြဆိုကြောင်း သဘာဝ

**ရန်ကုန်မှ ပဲခူးသို့ သွားရာလမ်းတစ်လျှောက်တွင်လည်း ရှားပါးတောရိုင်းတိရစ္ဆာန်များနှင့် ယမကာမျိုးစုံ တွဲဖက်ရောင်းချသည့်ဆိုင်များ တဖြည်းဖြည်း တိုးပွားလာလျက် ရှိသည်။ ၂၀၀၃ ခုနှစ် နှစ်ဆန်းပိုင်း၌လည်း ရန်ကုန်မြို့တော်ရှိ စားသောက်ဆိုင်တစ်ဆိုင်အား သစ်တောဦးစီးဌာနမှ ဥပဒေဖြင့် ကာကွယ်ထားသည့် တိရစ္ဆာန်အချို့ကို ချက်ပြုတ်ရောင်းချမှုဖြင့် အရေးယူခဲ့သည်။**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလေ့လာ သုံးသပ်သူတစ်ဦးက ပြောကြားသည်။

အစိုးရမှနေ၍ ကျားများ နေထိုင်ကျက်စားလျက်ရှိသော ဟူးကောင်းချိုင့်ဝှမ်းဒေသကို ကျားထိန်းသိမ်းရေးနယ်မြေ အဖြစ်သတ်မှတ်ပေးခြင်း၊ တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ် ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေများကို ပြဋ္ဌာန်းပေးခြင်းတို့အပြင် အစိုးရမဟုတ်သောအဖွဲ့အစည်းများကိုလည်း လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း အစိုးရသတင်းထုတ်ပြန်ချက်နှင့် ပုဂ္ဂလိကမီဒီယာ အချို့တို့၌ ပါရှိသောသတင်းများအရ သိရသည်။

သစ်တောဦးစီးဌာနမှနေ၍ ၁၉၉၄ ခုနှစ်၊ ဥပဒေပုဒ်မ (၁၅/က)အရ တောရိုင်းတိရစ္ဆာန်များအား လုံးဝ ကာကွယ်ထား သည့် တောရိုင်းတိရစ္ဆာန်များ၊ သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊ ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များဟူ၍ ခွဲခြားကာ ရောင်းဝယ်ဖောက်ကားခွင့်ရှိသည့် တိရစ္ဆာန်များ အား စည်းကမ်းနှင့်အညီ မှတ်ပုံတင်မွေး မြူ၍ ရောင်းဝယ်ခွင့်ပြုသော်လည်း ဝိသမလောဘရှိသူအချို့က သစ်တောဦးစီးဌာန တွင် မှတ်ပုံတင်စစ်ဆေးဆဲဟု လိမ်လည်လှည့်ဖြားကာ မွေးမြူထားသော တိရစ္ဆာန်အုပ်စုအချို့ကို တရားမဝင် ရောင်းချကာ အသစ်ပြန်ဖြည့်မွေးမြူမှုသည် ထုတ်ပြန်ထားသော ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း သစ်တောဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် Convention On International Trade In Endangered Species ခေါ် တောရိုင်းတိရစ္ဆာန်နှင့်အပင်များ မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရေးအတွက် နိုင်ငံတကာ ကုန်သွယ်မှုကို ကန့်သတ်သော အဖွဲ့အစည်းသို့ စတင်ဝင်ရောက်ခဲ့သည်။

■



ရောင်းချရန် အသင့်ဖြစ်နေသောကြက်သွန်နီများ

# ကြက်သွန်နီအထွက်နှုန်း ကျဆင်းဖွယ်ရှိ

**အောင်ကျော်မင်း**

၃-၈-၂၀၀၄

**ယခုနှစ်အတွင်း ကြက်သွန်နီဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေသဖြင့် ကြက်သွန်စိုက်တောင်သူများ စိုက်ပျိုးစရိတ်ပင် မကာမိအောင်ဖြစ်ကာ တိုးချဲ့စိုက်ပျိုးရန်အတွက် စိတ်ဝင်စားမှုနည်းပါးလာကြသဖြင့် လာမည့်နှစ် ကြက်သွန်နီပေါ်ချိန် တွင် အထွက်နှုန်း ကျဆင်းသွားဖွယ်ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ငရုတ်၊ ကြက်သွန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။**

ယခုနှစ် မိုးကာလတွင် မြန်မာနိုင်ငံအနှံ့အပြား၌ မိုးများခဲ့ပြီး ဒေသအချို့တွင် ရေကြီးခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သဖြင့် ကုန်စည်ပို့ဆောင်ဖလှယ်မှုမှာ များစွာ ထိခိုက်နစ်နာခဲ့ရကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ကိုင်သူတို့က ရှင်းပြသည်။ သို့အတွက် ဈေးကွက်သို့ အချိန်မီရောက်ရှိရန် လိုအပ်သည့် ကြက်သွန်နီကဲ့သို့သော ကုန်စည်မျိုးမှာ ဈေးကျဆင်းသွားရခြင်းဖြစ်ကြောင်း ကုန်သည်တစ်ဦးက ဝေဖန်ပြောကြားသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ကြက်သွန်နီအများဆုံး ဝယ်ယူသည့်နိုင်ငံများဖြစ်သော ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ရာတွင် လမ်းပန်းဆက်သွယ်ရေးအပြင် အခြားအခက်အခဲများစွာလည်း ရှိနေသဖြင့် ယခုကဲ့သို့ ဈေးနှုန်းနိမ့်ဆင်းသွားခြင်းဖြစ်သည်ဟု ၎င်းက သုံးသပ်သည်။ ပြည်ပသို့တင်ပို့ရန် အခက်အခဲရှိသဖြင့် ပြည်တွင်းဈေးကွက်၌လည်း ဝယ်လိုအား ကျဆင်းခဲ့ရခြင်း ဖြစ်သည်။ ကုန်စည်အဝင်အထွက်အေးစက်တတ်သော မိုးတွင်းအချိန်ကာလဖြစ်သောကြောင့်လည်းကောင်း၊ ဈေးကွက်

ဝယ်လိုအားနည်းပါးလာသောကာလလည်းဖြစ်သောကြောင့်လည်းကောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုသည် လွန်စွာနည်းပါးနေသဖြင့် ဈေးမှာ လွန်လွန်ကဲကဲ ကျဆင်းခြင်းမျိုး မရှိသေးကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသောသတင်းများအရ ဇူလိုင်လဆန်းပိုင်းက တစ်ပိဿာ ၁၂၅ ကျပ်နှုန်း ရှိခဲ့သောကြက်သွန်နီအလုံးကြီးသည် ဩဂုတ်လဆန်းပိုင်းတွင် ၁၁၀ ကျပ်သို့ ကျဆင်းခဲ့သည်။ ထို့အတူ ကြက်သွန်နီအလုံးလတ်သည် ၁၁၅ ကျပ်မှ ၉၈ ကျပ်သို့လည်းကောင်း၊ အလုံးသေးသည် ၁၀၀ ကျပ်မှ ၈၀ ကျပ်သို့လည်းကောင်း နိမ့်ဆင်းသွားသည်။ သို့သော် လာမည့်နှစ် ကြက်သွန်နီပေါ်ချိန်များ၌ တောင်သူစိတ်ဝင်စားမှုနည်း၍ ထုတ်လုပ်မှုကျဆင်းခဲ့ပါက ပြည်တွင်းဈေးကွက်၌ပင် ပစ္စည်းရှားပါးကာ ဈေးနှုန်းပြန်လည်မြင့်တက်သွားနိုင်ကြောင်း၊ အကယ်၍ ပြည်ပဈေးကွက်သို့ တင်ပို့ရန်အခွင့်အလမ်းသာလာပါကလည်း ပြည်တွင်းဝယ်လိုအား မြင့်တက်ကာ ယာယီအားဖြင့်ဈေးနှုန်းသိသာစွာ မြင့်မားသွားနိုင်ကြောင်း၊ ပုံမှန်အတိုင်း ပြည်ပ တင်ပို့ခွင့်ရရှိနေပါကနောင်တွင် ထုတ်လုပ်မှုအား တိုးတက်ကာဈေးနှုန်းတည်ငြိမ်၍ ထုတ်လုပ်သူ၊ ဝန်ဆောင်သူများသာမက နိုင်ငံအတွက်လည်း နိုင်ငံခြားဝင်ငွေ တိုးတက်လာစေရေးကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ လတ်တလောအခြေအနေတွင်မူ ထုတ်လုပ်သူတောင်သူများသာမက ကုန်သည်အချို့လည်း အရှုံးပေါ်နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဧရာ၊ ကြက်သွန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

၂၀၀၂ ခုနှစ်မှစ၍ စားဖိုဆောင်သီးနှံအား ဈေးနှုန်းကျဆင်းရန်အလို့ငှာပြည်ပတင်ပို့မှုကို သက်ဆိုင်ရာမှ ကန့်သတ်ခဲ့ပြီးနောက်ပိုင်းမှစ၍ ကြက်သွန်နီဈေးနှုန်းမှာ အကျဘက်သို့ ယိမ်းကာ တင်ပို့သည့်လမ်းကြောင်းအခြေအနေပေါ်တွင်မူတည်၍ အနုတ်အသိမ်း ပုံမှန်မရှိဘဲ ဈေးနှုန်းအနိမ့်ဖြင့်ပင် ကစားခဲ့သည်။

၂၀၀၃ ခုနှစ်တွင်မူ ထူးထူးခြားခြားပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ ဦးစားပေးတင်ပို့ခွင့် ရရှိခဲ့သဖြင့် ကြက်သွန်နီ အနုတ်အသိမ်းပြန်လည်မြန်ဆန်ကာ တောင်သူဈေးကောင်းရခဲ့သော်လည်း ယခင်နှစ်များကအတွေ့အကြုံဖြင့် ထုတ်လုပ်မှုတိုးမြှင့်ရန်ဝန်လေးခဲ့သောကြောင့် ဈေးကွက်၌ ဝယ်လိုအားနှင့် ရောင်းလိုအား ဟန်ချက်မညီဖြစ်ကာ ဈေးနှုန်းရုတ်တရက် မြင့်တက်ခဲ့ဖူးသည်။

လာမည့် ဆောင်းဦးပေါက်ကာလတွင် ထွက်ရှိမည့် ဆင်ဖြူကျွန်း၊ ဆိပ်ဖြူနှင့်မြင်းခြံတို့မှ ကြက်သွန်နီထွက်ရှိမှုနှင့် ပို့ကုန်လမ်းကြောင်း အဆင်ပြေချောမွေ့မှုပေါ်မူတည်၍ လာမည့်နှစ်တွင် ပြည်တွင်းစားဖိုဆောင်သီးနှံ ဈေးကွက်အနေအထားကိုအကောင်းအဆိုး ခန့်မှန်းနိုင်ပြီဖြစ်ကြောင်း၊ လက်ရှိတွင် အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာသဖြင့် ပြည်ပနှင့် ကုန်သွယ်ကူးသန်းရောင်းဝယ်ရေး ပိုမိုကောင်းမွန်လာမည်ကိုပင်မျှော်လင့်ထားမိကြောင်း၊ ပြည်တွင်းဈေးကွက်၌ ဖြစ်ပေါ်နေသော ဈေးနှုန်းကိုလျှော့ချရေးထက် တည်ငြိမ်ကောင်းမွန်မှုကိုပင် ဦးစားပေးသင့်ကြောင်း၊ ထုတ်လုပ်သူတောင်သူကို မက်လုံးပေးနိုင်မှသာ ထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့မက်လုံးပေးနိုင်ရေးမှာ ပြည်တွင်းဝယ်လိုအားသက်သက်နှင့် မလုံလောက်ဘဲ ပြည်ပဈေးကွက်ကိုလည်း ကျယ်ပြန့်စွာ ရရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့်ချိတ်ဆက်ထားနိုင်ပါက ဈေးနှုန်းတည်ငြိမ်မှန်ကန်မှုကိုရရှိကာ ပြည်တွင်းစားသုံးသူများ၊ ထုတ်လုပ်သူများအတွက် အဆင်ပြေစေမည်ဖြစ်ကြောင်း စသဖြင့် ကြက်သွန်နီဈေးကွက်နှင့်ပတ်သက်သောအလားအလာကို ကုန်သည်ကြီးအချို့က သုံးသပ် ဝေဖန်ကြသည်။

■

# ခရီးသွားလုပ်ငန်းပညာ ဒီပလိုမာသင်တန်း အရည်အသွေးနှင့် အလုပ်အကိုင်အခွင့်အလမ်း စနစ်တကျစီစဉ်ထားပါက စိတ်ဝင်စားသူများနိုင်

**မင်းနိုင်စိုး**

၃-၈-၂၀၀၄

**မြန်မာနိုင်ငံတွင် ပထမဦးဆုံး ခရီးသွားလုပ်ငန်းပညာ ဒီပလိုမာသင်တန်းကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း အဆိုပါသင်တန်း၏ တက္ကသိုလ်ပိုင်းဆိုင်ရာ အခန်းကဏ္ဍကို တာဝန်ယူထားသူ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခဒေါ်ခင်ဆွေမြင့်က Living Color သို့ ဇူလိုင်လအတွင်းက ပြောကြားသည်။**

အဆိုပါသင်တန်း ဖွင့်လှစ်နိုင်ရေးကို ၂၀၀၃ ခုနှစ်အတွင်းက စတင် ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး ၂၀၀၃ ခုနှစ်တွင် Introducting Tourism (ခရီးသွားပညာမိတ်ဆက်) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲတစ်ခု စတင်ခဲ့ပြီးနောက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လာခဲ့ရာ ၂၀၀၄ ခုနှစ် မတ်လမှစတင်၍ Courses on the Travel Industry (ခရီးသွားလုပ်ငန်းပညာသင်ခန်းစာ) ခေါင်းစဉ်ဖြင့် ဘာသာရပ် ၁၂ ခုကို ရန်ကုန်တက္ကသိုလ် မြန်မာစာ ဌာန၊ သမိုင်းဌာန၊ ပထဝီဌာန၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရှေးဟောင်းသုတေသနဌာနနှင့် စီးပွားရေးတက္ကသိုလ်တို့မှ ဆရာဆရာမ ၃၀ ဦးကို စတင်ပို့ချခဲ့သည်ဟု သင်တန်းတာဝန်ခံ ပါမောက္ခဒေါ်ခင်ဆွေမြင့်က ဆိုသည်။ အဆိုပါ ဆရာဆရာမများအား သင်တန်းများပြီးဆုံးပါက ဒီပလိုမာဘွဲ့ အပ်နှင်းမည်ဖြစ်ပြီး ဒီဇင်ဘာလတွင် အသစ်ဖွင့်လှစ်မည့် ခရီးသွားလုပ်ငန်း ဒီပလိုမာသင်တန်းတွင် ပြန်လည်ပို့ချသူများ ဖြစ်ဖွယ်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုဒီဇင်ဘာလတွင် ဖွင့်လှစ်မည့် သင်တန်းတွင် သင်တန်းသားဦးရေ ၅၀ ဦးခန့် လက်ခံမည်ဖြစ်ပြီး ယခုလောလောဆယ် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တည်ရှိရာ တောင်ငူဆောင်တွင် ဖွင့်လှစ်ရန်ရှိသည်ဟု သိရသည်။ သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပြီး Semester နှစ်ကြိမ်နှင့် ယခုခရီးသွားလုပ်ငန်းပညာသင်တန်းတွင် ပို့ချနေသော ဘာသာရပ်များသည် ပြဋ္ဌာန်းဘာသာရပ်များ ဖြစ်လာဖွယ်ရှိသည်ဟု တာဝန်ခံက ဆိုသည်။ သင်တန်းသို့ တက်ရောက်ရန် ပထမ ဘွဲ့တစ်ခုရရှိရန် လိုအပ်ပြီး ဝင်ခွင့်အသေးစိတ်ကို စီစဉ်ဆဲဖြစ်သည်ဟု သင်တန်းမှ ထုတ်ပြန်ချက်များအရ သိရသည်။ သင်တန်းချိန်ကို နံနက် ၇ နာရီမှ ၉ နာရီထိဖြင့် နံနက်ပိုင်း သင်တန်းအဖြစ် စီစဉ်ထားသည့်အတွက် ရုံးချိန်ဖြင့် လုပ်ကိုင်ရသူများလည်း တက်ရောက်ရန် အဆင်ပြေမည် ဖြစ်သည်။ သင်တန်းကြေးမှာမူ လောလောဆယ် မသတ်မှတ်ရသေးဟုဆိုသော်လည်း အတည်မပြုနိုင်သေးသော သတင်းတစ်ရပ်အရ သင်တန်းကြေးမှာ တစ်လလျှင် ကျပ်တစ်သောင်းနှစ်ထောင်ခန့်ဖြစ်ကြောင်း၊ ဝင်ခွင့်လျှောက်ထားသူ များပြားခဲ့ပါက ဝင်ခွင့်စာမေးပွဲစနစ်ဖြင့် တက်ရောက်ခွင့်ပြုရန် စဉ်းစားထားရကြောင်း အဆိုပါတာဝန်ခံက ပြောကြားသည်။

ယခုအခါ ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်မည်ဟုဆို၍ စိတ်ဝင်တစား စုံစမ်းသူမှာ ၅၀ ဦးပင် ကျော်လွန်နေပြီဖြစ်သည်ဟု တက္ကသိုလ်သတင်းရပ်ကွက်က ဆိုသည်။ ကနဦး ဒီပလိုမာသင်တန်းများကို ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး နောက်ပိုင်းကာလများတွင် အသစ်ဖွင့်လှစ်ထူထောင်မည့် University of National Management (အမျိုးသား စီမံခန့်ခွဲမှုပညာ တက္ကသိုလ်) တွင် သီးခြားဌာနတစ်ခုအဖြစ် ဖွင့်လှစ်ရန် ခွင့်ပြုချက် ရရှိထားပြီးဖြစ်ပြီး ဘွဲ့အဆင့်သင်တန်းများ၊ ဘွဲ့လွန်သင်တန်းများအထိ ဆက်လက်ဖွင့်လှစ်သွားမည်ဟု အဆိုပါ သတင်းရပ်ကွက်မှ သိရှိရသည်။ အမျိုးသားစီမံခန့်ခွဲမှု တက္ကသိုလ်ကို ယခင် ရန်ကုန်တက္ကသိုလ် ကြည့်မြင်တိုင်နယ်မြေတွင် ဖွင့်လှစ်မည် ဖြစ်သည်။

အဆိုပါ ခရီးသွားလုပ်ငန်းပညာရပ်ဆိုင်ရာ ဒီပလိုမာသင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) နှင့် ပြင်ပကျွမ်းကျင်သူများမှ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ ဆွေးနွေးပွဲများ၊ နည်းပညာဖလှယ်ရေး အစီအစဉ်များကို ဆက်တိုက်ဆောင်ရွက်သွားမည်ဟု ၎င်းက ဆိုသည်။ ယခုအခါ ထိုင်းနိုင်ငံသို့ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများ အသုတ်လိုက် စေလွှတ်လျက်ရှိကြောင်း၊ အခြားနိုင်ငံများသို့လည်း စေလွှတ်လေ့လာရန်ရှိကြောင်း၊ ကိုရီးယားနိုင်ငံ လင်ပြောင်တက္ကသိုလ်နှင့်လည်း ဆွေးနွေးပြောဆိုမှုများ ရှိနေကြောင်း UMTA နှင့် နီးစပ်သူများထံမှ သိရှိရသည်။မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး အစီအမံများအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ဖွင့်လှစ်သော ခရီးသွားဧည့်လမ်းညွှန်သင်တန်း၊ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်ရှိ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းနှင့် ပုဂ္ဂလိကမှ ဖွင့်လှစ်သော သင်တန်းနှစ်ခုအပါအဝင် အနည်းငယ်သာရှိပြီး လူဦးရေမှာလည်း အကန့်အသတ်ဖြင့်သာ မွေးထုတ်နိုင်သေးသည့် အခြေအနေတွင်ရှိနေရာ ယခုဖွင့်လှစ်သော ဒီပလိုမာသင်တန်းသည် အဆိုပါကဏ္ဍ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး အတွက် များစွာ အထောက်အကူပြုနိုင်မည် ဖြစ်သည်။ အဆိုပါသင်တန်း ပြီးဆုံးခဲ့ပါက လုပ်ငန်းခွင်သို့ မည်သည့်ပုံစံဖြင့် ဝင်ရောက်နိုင်မည်ဆိုသည်နှင့် ပတ်သက်ပြီး တာဝန်ခံ ပါမောက္ခဒေါ်ခင်ဆွေမြင့်မှ မူဝါဒရေးရာဖြစ်၍ လောလောဆယ် မထုတ်ပြန်နိုင်သေးပါကြောင်း Living Color သို့ ထုတ်ဖော်ပြောကြားသွားသည်။

မည်သို့ပင်ဖြစ်စေ ယခုဖွင့်လှစ်သော ဒီပလိုမာသင်တန်းတွင် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများအရ ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံရရှိပြီးဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်းနှင့်သင်ရိုးညွှန်းတမ်းများကိုလည်း နိုင်ငံတကာဖြင့် ချိန်ဆ၍ လိုအပ်သလို ဖြည့်စွက်သွားမည်ဖြစ်သည် ဟု သူမက ဆိုသည်။ အိမ်နီးချင်း ထိုင်း နိုင်ငံနှင့် ခရီးသွားလုပ်ငန်း အောင်မြင်နေ သည့် နိုင်ငံအများအပြားတွင် Hospitality Industry အတွက် တက္ကသိုလ်အဆင့်ဘွဲ့နှင့်

ဘွဲ့လွန်သင်တန်းများ အရှိန်ရရှိနေပြီဖြစ်ရာ မြန်မာနိုင်ငံ၌ ကနဦးခြေလှမ်းအဖြစ် ခရီးသွားလုပ်ငန်းပညာ ဒီပလိုမာသင်တန်း စတင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်သဖြင့် မွေးဖွားလာမည့် လူသားအရင်းအမြစ် Human Capital Out Put များအတွက် အရည်အသွေးအာမခံနိုင်မှု (Quality Insurance) ရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း (Job Opportunity) တို့ကို စနစ်တကျ စီစဉ်ထားပါက လူကြိုက်များ အောင်မြင်သော သင်တန်းတစ်ခု ဖြစ်လာနိုင်ပါကြောင်း ခရီးသွားလုပ်ငန်းကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။

■

---

# ပြည်တွင်းရှိ ပုဂ္ဂလိက သင်္ဘောကိုယ်စားလှယ်များ အာမခံချက်မပေးနိုင်၍ ပင်လယ်ကူးသင်္ဘောသားအချို့ ပြန်လည်ရောက်ရှိ

**ကေခိုင်ကျော်**

၂-၈-၂၀၀၄

**မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂလိက သင်္ဘောကိုယ်စားလှယ် (Agent)များ အာမခံချက် မှန်မှန်ကန်ကန် မပေးနိုင်ခြင်းကြောင့် နိုင်ငံခြားသို့ထွက်ခွာ၍ တာဝန်ထမ်းဆောင်မည့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအချို့ သင်္ဘောတက်ရောက်ခွင့် မရရှိဘဲ ပြည်ပမှ ပြန်လည်ရောက်ရှိနေကြကြောင်း သင်္ဘောသားအချို့ထံမှ သိရသည်။**

နိုင်ငံတကာသင်္ဘောလိုင်းတစ်ခုတွင် လိုက်ပါခဲ့သော သင်္ဘောသားတစ်ဦးမှာ သင်္ဘောပေါ်တွင် အလုပ်ဝင်လုပ်ပြီး ခြောက်လခန့်အကြာတွင် မိမိတက်ရောက်သောသင်္ဘော ရောင်းချလိုက်ပြီဟုဆိုကာ မြန်မာသင်္ဘောသားများအား ရောက်ရှိသောနိုင်ငံများတွင် ချထားခဲ့ကြောင်း၊ သင်္ဘောသားများအတွက် နစ်နာကြေး မပေးသည့်အပြင် မြန်မာနိုင်ငံရှိ မိသားစုထံမှ ငွေမှာယူ၍ ပြန်လာခဲ့ရကြောင်း၊ အချို့သော သင်္ဘောသားများမှာ အိမ်ပြန်စရိတ်ရရှိရန် ရရာအလုပ်ဝင်ပြီး ငွေစုဆောင်းနေသော်လည်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားခြင်းမရှိသဖြင့် Over Stay အနေဖြင့် အလုပ်လုပ်ခဲ့ရကြောင်း၊ သင်္ဘောတက်ရန် ၄၅ သိန်းခန့် အကုန်အကျခံ၍ နှစ်နှစ်ကျော် အချိန်ကုန်ပြီး သင်တန်းပေါင်းများစွာ တက်ရောက်ခဲ့သော်လည်း လိုင်းကောင်းကောင်းရရှိရန် ခက်ခဲကြောင်း ၎င်းက ဆိုသည်။

သင်္ဘောတက်ရောက်ခွင့်မရှိသော သင်္ဘောသားများမှာ မိမိတို့ လိုင်းချိတ်ပေးသော Agent များသို့ သွားရောက်အကြောင်းကြားသော်လည်း တာဝန်ယူနိုင်မှုမရှိဘဲ သင်္ဘောတက်ရောက်ရန် လိုင်းချိတ်ပေးခြင်းသာ Agent များဖြင့်ဆိုင်ပြီး သင်္ဘောရောင်းလိုက်ခြင်းသည် သင်္ဘောကုမ္ပဏီများဖြင့်သာ သက်ဆိုင်ကြောင်း၊ နောက်ထပ် လိုင်းသစ်ချိတ်ပေးရန်သာ စောင့်ခိုင်းထားကြောင်း၊ နောက်ထပ် တက်ရောက်ရန်မှာလည်း သေချာမှုမရှိနိုင်သေးကြောင်း စသည့် အဖြေများကိုသာ ရရှိခဲ့သည်ဟု သင်္ဘောသားတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသို့ ထွက်ခွာ၍ တာဝန်ထမ်းဆောင်မည့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ အလွန်များပြားစွာ ရှိနေသော်လည်း အမှန်တကယ် တက်ရောက်ရသော သင်္ဘောသားများမှာ အလွန်နည်းနေသေးကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ မြန်မာသင်္ဘောသားများအတွက် မြန်မာ့သင်္ဘောသားအစစ် ဖြစ်ကြောင်း အသိအမှတ်ပြု SID Card (Seafarer Identidy Documents) များ ထုတ်လုပ်ပေးခြင်းသည် ပြည်ပနိုင်ငံများတွင် ဗီဇာရရှိရန် လွယ်ကူနိုင်သော်လည်း Agent များ မှန်ကန်မှုမရှိခြင်းကြောင့် သင်္ဘောသားများ တက်ရောက်ခွင့်မရှိဘဲ ပြန်ရောက်ရှိမှုသာ များလာကြောင်း ၎င်းက ပြောပြသည်။

၂၀၀၄ ခုနှစ် မေလ ၁၁ ရက်နေ့တွင် သင်္ဘောသား ၁၂ ဦးမှာ နိုင်ငံတကာ သင်္ဘောလိုင်းတစ်ခုတွင် တက်ရောက်ရန် Thai Airways International ဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာခဲ့ပြီး ထိုမှတစ်ဆင့် မလေးရှား-ကွာလာလမ်ပူ၊ ကွာလာလမ်ပူမှ ကူချင်းသို့ သွားရောက်ခဲ့ကြောင်း၊ ၁၆ ရက်နေ့တွင် သင်္ဘောစတက်ရမည်ဟု မြန်မာနိုင်ငံမှ Agent က ပြောကြားသော်လည်း မလေးရှားရောက်ပြီး ၁၆ ရက်နေ့တွင်လည်း သင်္ဘောရောက်ရှိမလာသဖြင့် မတက်ရကြောင်း၊ မြန်မာနိုင်ငံမှ Agent သို့ ဆက်သွယ်သော်လည်း ခေတ္တစောင့်ခိုင်းသဖြင့် ဆက်စောင့်စဉ် မလေးရှား Agent က ၂၅ ရက်နေ့တွင် တက်ရမည်ဟုဆိုကာ တည်းခိုခန်းတွင်နေ၍ ဆက်လက်

စောင့်နေရကြောင်း၊ တည်းခိုခန်း၏ အဆင့်အတန်း များစွာ နိမ့်ကျသော တစ်ယောက်အိပ်ခုတင်နှစ်လုံးဖြင့် လေးဦး မရမက အိပ်ရသည့်အပြင် စားသောက်စရိတ်ကိုလည်း မလောက်မငပေးထားကြောင်း၊ ၂၅ ရက်တွင် တက်ရောက်ရမည်ဆိုသဖြင့် လိုအပ်သည်များ ဝယ်ယူခဲ့ရာ ငွေကုန်လုနီးပါးဖြစ်ခဲ့ပြီး အဆိုပါနေ့တွင်လည်း တက်ရောက်ခွင့်မရရှိဘဲ နောက်တစ်ပတ်ခန့် ဆက်စောင့်နေခဲ့ရကြောင်း သင်္ဘောတက်ရောက်ရန် သွားရောက်ခဲ့သူ ကိုသူရက ရှင်းပြသည်။

မြန်မာနိုင်ငံမှ လိုင်းချိတ်ပေးသော Current Ventures ကုမ္ပဏီကို ဆက်သွယ်သော်လည်း မရရှိတော့ကြောင်း၊ မလေးရှားမှ Agent ကလည်း အဆက်အသွယ်မလုပ်တော့သဖြင့် မလေးရှားတွင် ရောက်ရှိနေသော သင်္ဘောသား ၁၂ ဦးမှာ မည်သို့ ဆက်လက်လုပ်ဆောင်ရမည်ကို မသိဘဲ အခြေအနေမဲ့နေသည့်အချိန်တွင် မလေးရှားမှ Agent က တည်းခိုခန်းမှ ဂိုဒေါင်တစ်ခုသို့ ပြောင်းရွှေ့ခေါ်ယူခဲ့ပြီး အဆိုပါနေရာတွင် ဆန်ကွဲနှင့် ကြက်ဥများသာပေးသဖြင့် တစ်ရက်လျှင် ထမင်းတစ်နပ်သာ စားရသည်ဟု ၎င်းကြုံတွေ့ခဲ့ရသောအခြေအနေကို ပြောပြသည်။

ရောက်ရှိနေသည်မှာ တစ်လကျော်ခန့်ကြာသော်လည်း သင်္ဘောမတက်ရကြောင်း၊ သင်္ဘောလည်းမရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပြောခဲ့စဉ်က တစ်လလျှင် ရင်းဂစ် ၉၀၀ ရမည်။ အချိန်ပိုကြေး ရင်းဂစ် ၃၀၀ ရမည်။ စုစုပေါင်း ရင်းဂစ် ၁၂၀၀ ရမည်ဟုဆိုသောကြောင့် လိုင်းကြေးများ ပေးချေခဲ့ပြီး သဘောတူသောကြောင့် သွားခဲ့ကြောင်း၊ သင်္ဘောသား ၁၂ ဦးမှာ တစ်ဦးနှင့်တစ်ဦး လိုင်းကြေးများ မတူကြောင်း ကိုသူရက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံမှ Agent ကလည်း မလေးရှား Agent ကို အဆက်အသွယ် မလုပ်တော့ဘဲ Current Ventures ကုမ္ပဏီမှ ဦးတိုးနှင့် ဦးခင်စိုးမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရပြီး ပြန်ပို့ပေးရန်ပြောသော်လည်း ပြန်မပို့ပေးသဖြင့် အိမ်မှ ငွေမှာ၍ ပြန်ခဲ့ရကြောင်း၊ တချို့သော သင်္ဘောသားများမှာ Over Stay (သက်တမ်းလွန်နေထိုင်ခြင်း) နေပြီး အလုပ်လုပ်နေကြောင်း၊ မြန်မာနိုင်ငံသို့ ရှစ်ဦးသာ ပြန်လာခဲ့ကြောင်း သင်္ဘောသားသတင်းရပ်ကွက်မှ သိရသည်။

"အခုတော့ သင်္ဘောလိုက်ဖို့ အစီအစဉ် ဖျက်လိုက်ပါပြီ။ ဘယ်တော့မှလည်း တခြားနိုင်ငံ မသွားတော့ဘူးလို့ စဉ်းစားလိုက်တယ်။ Agent တွေ စိတ်မချရလို့ သင်္ဘောသားတွေ ဒုက္ခရောက်နေရတယ်" ဟု ကိုသူရက ဆိုပါသည်။ ■

---

# မြန်မာနိုင်ငံတွင် HIV/AIDS ကုသဆေးဝါးများ အခမဲ့ဖြန့်ချိနိုင်ရန် ဆေးကုမ္ပဏီများသို့ WHO နှင့် UNICEF တို့မှ ကမ်းလှမ်း

**ထားထားမြင့်**

၂၆-၇-၂၀၀၄

**HIV/AIDS ရောဂါကုသဆေးများ ဖြန့်ချိနေသော ဆေးဝါးကုမ္ပဏီများထံမှ WHO နှင့် UNICEF တို့က ဆေးဝါးများ ဝယ်ယူ၍ HIV/AIDS ရောဂါကုသဆေးများကို ဝေဒနာရှင်များထံ အခမဲ့ဖြန့်ချိနိုင်ရေးအတွက် ဇူလိုင်လ ၂၆ ရက်နေ့က မြန်မာနိုင်ငံ ဆရာဝန်အသင်းအဆောက်အအုံ၌ WHO၊ UNICEF မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဟု မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း နာယက ဦးညွန့်တင်က Living Color သို့ ပြောကြားသည်။**

လက်ရှိဆေးဝါးဈေးကွက်တွင် HIV/AIDS ကုသဆေးဝါးတင်သွင်းနေသော ဆေးဝါးကုမ္ပဏီငါးခုခန့်သာ ရှိသော်လည်း အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဆေးဝါးဖြန့်ဖြူးရန် မှတ်ပုံတင်လျှောက်ထားဆဲကုမ္ပဏီများမှ တက်ရောက်ခဲ့ပြီး စုစုပေါင်း ဆေးဝါးကုမ္ပဏီ ၁၂ ခုမှ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြသည်ဟု ဦးညွန့်တင်က ဆိုသည်။

WHO နှင့် UNICEF တို့မှ ကမ်းလှမ်းလာသည့်အစီအစဉ်မှာ ဆေးဝါးကုမ္ပဏီများမှ ရောင်းချနေသော HIV/AIDS ကုသဆေးဝါးများကို အဖိုးနှုန်းအချိုသာဆုံးနှုန်းထားဖြင့် ဝယ်ယူ၍ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှတစ်ဆင့် ဝေဒနာရှင်များထံ တိုက်ရိုက်ဖြန့်ချိမည်ဖြစ်သည်။

"ဥပမာ–ဒီဆေးက ဒေါ်လာ ၁၀ ပေး




ရတယ် ဆိုပါစို့။ UNICEF က နှစ်ဒေါ်လာ နဲ့ ဝယ်မယ်။ ဆေးကုမ္ပဏီက လျှော့ရောင်း ပေးရမယ်။ ပြီးမှ ဆေးလက်တွေ့ လိုအပ် နေတဲ့ လူတွေကို NGO တွေကတစ်ဆင့် ဖြန့်ချိမယ့်အစီအစဉ်ပါ" ဟု ဦးညွန့်တင် က ဆိုသည်။

ထိုကဲ့သို့ HIV/AIDS ကုသ ဆေးဝါးများကို UNICEF နှင့် WHO ကဲ့သို့ အဖွဲ့အစည်းများမှတစ်ဆင့် ဝယ်ယူဖြန့်ဖြူးရခြင်းမှာ HIV/AIDS ဆေးဝါးများ၏ အဖိုးနှုန်းမြင့်မားမှုကြောင့် သာမန်လူတန်းစားများ ဝယ်ယူသုံးစွဲရန် မဖြစ်နိုင်သောကြောင့် ဟု HIV/AIDS ရောဂါ တိုက်ဖျက်ရေးတွင် ပါဝင်လှုပ်ရှားနေသော ဆရာဝန်တစ်ဦးက ပြောကြားသည်။ "HIV ရောဂါ ကုသဆေးက ထိုးဆေးတစ်လုံးဆိုရင် ငွေတစ်သောင်းလောက် ရှိတယ်။ အဲဒါက တစ်ပတ် တစ်လုံးထိုးရမှာ။ စားဆေးကတော့ တစ်လစာကို ရှစ်သောင်း၊ တစ်သိန်းဝန်းကျင် ရှိတယ်။ ဒါကြောင့် တော်ရုံတန်ရုံ ချမ်းသာတဲ့သူတွေတောင် မဝယ်နိုင်ပါဘူး" ဟု ၎င်းက ဆေးဝါးဈေးနှုန်းများကို သုံးသပ်ပြသည်။

အဆိုပါ အစီအစဉ်သည် မကြာသေးခင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများနှင့် Glaxosmithkline ဆေးဝါးကုမ္ပဏီတို့ ပြုလုပ်ခဲ့ကြသော အစီအစဉ်နှင့် ဆင်တူသည်ဟု ဦးညွန့်တင်က ဆိုသည်။

ဘန်ကောက်ပို့စ် သတင်းစာတွင် ဇူလိုင်လ ၁၄ ရက်နေ့က ဖော်ပြထားသော သတင်းတစ်ပုဒ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက Glaxosmithkline ဆေးဝါးကုမ္ပဏီကြီးထံမှ HIV ကုသဆေးဖြစ်သော Lamiudine ကို အထူးလျှော့ချထားသော အဖိုးနှုန်းထားဖြင့် ဝယ်ယူ၍ ရောဂါခံစားနေရသော တရုတ်လူမျိုး ဝေဒနာရှင်များကို ဖြန့်ချိပေးမည် ဟု သိရှိရသည်။

ထို့ပြင် Glaxosmithkline ဆေးဝါးကုမ္ပဏီသည် တရုတ်အစိုးရ တာဝန်ရှိသူများနှင့် သဘောတူညီချက်အရ နှစ်စဉ် HIV ရောဂါပိုး ကူးစက်ခံနေရပြီး ဆေးဝါး ကုသမှု လိုအပ်နေသူ ဝေဒနာရှင် ၁၅၀၀၀ အား ဆေးဝါးအခမဲ့ ဖြန့်ချိပေးရမည် ဖြစ် သည်။

Glaxosmithkline ကုမ္ပဏီ၏ ရုံးခွဲ မြန်မာပြည်တွင် ဖွင့်လှစ်၍ ဆေးဝါးများ ဖြန့်ချိနေသော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာကဲ့သို့ သဘောတူညီချက် မရရှိသေးဟု ဦးညွန့်တင်က ဆိုသည်။

"အခု လောလောဆယ် ဘယ်ဆေးဝါးကုမ္ပဏီနဲ့မှ သဘောတူညီချက် မရရှိသေးပါဘူး။ ဒါပေမယ့် UNICEF က တာဝန်ရှိသူတွေက နိုင်ငံခြား မူရင်းကုမ္ပဏီကြီးနဲ့ ဆက်သွယ်ဦးမှာပါဟု" ဦးညွန့်တင်က ပြောကြားသည်။

ဇူလိုင်လ ၂၆ ရက်နေ့က HIV/AIDS ရောဂါကာကွယ်ကုသရေးအတွက် WHO၊ UNICEF တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည့် HIV ကုသဆေးဝါးတင် သွင်းသည့် ဆေးဝါးကုမ္ပဏီများမှာ Ranbaxy, Ueimal, Lion Myanmar, Mya Hanthar, Dimond Star, AMT, ANIMT, Zifam, Efell, Cardidila, Glaxosmithkline ဆေးဝါးကုမ္ပဏီများ ဖြစ်သည်။

မြန်မာနိုင်ငံတွင် HIV/AIDS ရောဂါကာကွယ်ကုသရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ အမျိုးသားအေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ဆောင်နေ သကဲ့သို့ PSI၊ တခြား NGO အဖွဲ့ အစည်းများနှင့် UNICEF, WFP, UNDP, UNFAA, UNODC, ILO, UNESCO, WHO, WORLD BANK တို့ စုပေါင်းထားသော မြန်မာနိုင်ငံ UNAIDS ရုံးခွဲတို့မှလည်း HIV/AIDS ရောဂါတုံ့ပြန်တိုက်ခိုက်ရေးလုပ်ငန်းများကို ဦးဆောင်ပေးခြင်း၊ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခြင်း၊ ရန်ပုံငွေရှာဖွေပေးခြင်း၊ အတတ်ပညာပိုင်းဆိုင်ရာ အကူအညီပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။

မြန်မာနိုင်ငံရှိ AIDS ရောဂါရှင်၊ HIV ပိုး ကူးစက်ခံနေရသူဦးရေနှင့် ပတ်သက်၍ ၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ် မတ်လအထိ အမျိုးသားအေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအဖွဲ့မှ တရားဝင် ထုတ်ပြန်ထားသောစာရင်းတွင် မြန်မာနိုင်ငံ၌ HIV ရောဂါပိုးကူးစက်ခံနေရသူ ၄၅၉၆၈ ဦးသာ ရှိပြီး အေအိုင်ဒီအက်စ် ဝေဒနာရှင်ပေါင်း ၆၇၂၇ ဦးသာ ရှိသည်ဟု ဖော်ပြထားသည်။

■

# သစ်တောအရည်အသွေးနှင့် မျိုးဆက်ရှင်သန်မှုသည် ငှက်များအပေါ်တွင် ၇၀ ရာခိုင်နှုန်းတည်မှီ

ကျော်နိုင်

၃-၈-၂၀၀၄

**မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်လွှားရှိ သစ်ပင်နှင့် သစ်တောများ၏ အရည်အသွေးနှင့် မျိုးဆက်ရှင်သန်ရပ်တည်ရေးသည် ငှက်များအပေါ်တွင် ၇၀ ရာခိုင်နှုန်း တည်မှီနေလျက်ရှိကြောင်း သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က ဇူလိုင်လ ၁၈ ရက်နေ့က ပြောကြားသွားသည်။**

ထိုနေ့က မြန်မာငှက်ဝါသနာရှင်အသင်းနှင့် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်မြို့ မြန်မာငှက်ဝါသနာရှင်အသင်းရုံးခန်း၌ ပထမဦးဆုံးအကြိမ် ဖွင့်လှစ်သော ငှက်ကြည့်ခြင်း အခြေခံသင်တန်းအမှတ်စဉ် ၁/ ၂၀၀၄ တွင် ငှက်များကို ချဉ်းကပ်နည်း သင်ခန်းစာသင်ကြားရင်း ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ငှက်များသည် အပင်မျိုးပွားခြင်း၊ ဝတ်မှုံကူးခြင်း၊ အင်းဆက်များကို စားပစ်ခြင်းတို့သာမက ဂေဟဗေဒစနစ် (Ecology System) ဖြစ်တည်မှုအတွက်ပါ များစွာ အကျိုးပြုလျက်ရှိကြောင်း၊ ပထဝီနှင့် နိုင်ငံရေးအရ နိုင်ငံအချင်းချင်း နယ်နိမိတ် ပိုင်းခြားထားသော်လည်း တစ်ဖက်နိုင်ငံတွင် မိမိတို့နိုင်ငံမှ ငှက်များ ရှိနေနိုင်သကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း တစ်ဖက်နိုင်ငံမှ ငှက်များ ရှိနေနိုင်ကြောင်း၊ ငှက်များကို လေ့လာရာတွင် နိုင်ငံစွဲကိုမကြည့်ဘဲ ငှက်များ နေထိုင်ကျက်စားလျက်ရှိရာဒေသနှင့် ရှားပါးငှက်မျိုးစိတ်များဖြစ်ပါက ဧရိယာသတ်မှတ်၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးကြောင်း ၎င်းက ဆိုသည်။



**သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး သင်တန်းပို့ချနေစဉ်**

ကမ္ဘာပေါ်၌ အမျိုးအစားခွဲခြားသတ်မှတ်ပြီး ငှက် ၉၇၀၂ မျိုး ရှိကြောင်း၊ ယင်းတို့အနက် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကျက်စားလျက်ရှိသော ငှက်အမျိုးအစားပေါင်း ၁၀၆၆ မျိုး ရှိကြောင်း၊ ကျန်ရှိသည့် သက်ရှိများ နေထိုင်ကျက်စားခြင်းမပြုနိုင်သည့် ကုန်း၊ ရေ၊ လေ နေရာသုံးမျိုးစလုံးပေါ်တွင် ငှက်များက နေထိုင်ကျက်စားနိုင်ကြကြောင်း ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာခင်မောင်ဆွေက သင်တန်းတွင် ဆွေးနွေးပြောကြားသွားသည်။

အဆိုပါသင်တန်းတွင် ဇီဝမျိုး ကွဲပြားကွဲဝမှု၊ ငှက်အမျိုးအစားခွဲခြားခြင်း၊ ငှက်များ၏ ပုံသဏ္ဍာန်နှင့်အမူအကျင့်၊ ငှက်ကြည့်မှန်ပြောင်းအသုံးပြုနည်း၊ ငှက်များ စာရင်းကောက်ယူခြင်း၊ ငှက်များကို လေ့လာခြင်းနှင့် ချဉ်းကပ်ခြင်း၊ ရေပျော်ငှက်များအကြောင်းတို့အား သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနနှင့် မြန်မာငှက်ဝါသနာရှင်

အသင်းတို့မှ တာဝန်ရှိသူများနှင့် ပညာရှင်များက အသင်းရုံးခန်းနှင့် မင်္ဂလာဒုံမြို့နယ် လော်ကား သဘာဝ ဥယျာဉ်တို့၌ စာတွေ့လက်တွေ့ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြ သည်။ ယင်းသင်တန်းသို့ ငှက် ဝါသနာရှင်များ၊ ငှက်ချစ်သူများ၊ ငှက်ကြည့် ဧည့်လမ်းညွှန်များ၊ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ် နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့ ရှိ သတ္တဗေဒဌာနအသီးသီးမှ ငှက် နှင့် စပ်လျဉ်းသည့် စာတမ်းပြုစုနေကြသူများ စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ကြသည်။

"ငှက်ကို စိတ်ဝင်စားတဲ့ အမေရိကန် ဇနီးမောင်နှံကို မိုးယွန်းကြီးအင်း လိုက်ပို့ခဲ့ရတုန်းက ကျွန်တော် တော်တော်ကလေး ဒုက္ခရောက်ခဲ့ပါတယ်။ သူတို့က ကိုယ့်ကို ပြန်ရှင်းပြနေရတယ်။ ကိုယ်က နားထောင်ရုံသက်သက် ဖြစ်နေခဲ့တယ်။ ဒါတောင် သူတို့နှစ်ယောက်က ငှက်ကို Professional လေ့လာထားတဲ့သူတွေ မဟုတ်ကြသေး ဘူး။ ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ဖြစ်နေတုန်း ဂျာနယ်တွေမှာ ဒီသင်တန်း ဖွင့်မယ်ဆိုတာ ဖတ်လိုက်ရလို့ စုံစမ်းပြီး လာတက်ဖြစ်တာပါ"ဟု သင်တန်းသား တစ်ဦးဖြစ်သူ ဧည့်လမ်းညွှန် လုပ်ကိုင်နေ သည့် ဦးဇော်ဝင်းအောင်က သင်တန်း တက်ရောက်ရခြင်း ရည်ရွယ်ချက်နှင့် စပ်လျဉ်းပြီး Living Color သို့ ရှင်းပြသည်။

နိုင်ငံခြားဧည့်သည်များအနက် ၈၀ ရာခိုင်နှုန်းခန့်မှာ မြန်မာငှက်များကို စိတ်ဝင်စားကြကြောင်း၊ ကျေးလက်ဒေသများ တွင် ငှက်များကို ထိထိရောက်ရောက် ဥပဒေထုတ်ပြန်ပြီး ကာကွယ်ပေးသင့် ကြောင်း၊ ပြည်ပနိုင်ငံများ၌ ရှားပါးသည့် စာရင်းဝင်ငှက်သည် မြန်မာနိုင်ငံ၌ ပေါပေါ များများ တွေ့နေရသေးကြောင်းနှင့် သင် တန်းချိန်ကို ယခုထက်ပို၍ တိုးချဲ့ဖွင့်လှစ် သင့်ကြောင်း ၎င်းက အကြံပြု သုံးသပ် ပြောကြားသွားသည်။

ရန်ကုန်မြို့နှင့် အနီးဆုံး ငှက်များကို လေ့လာနိုင်သည့် သဘာဝဘေးမဲ့ဥယျာဉ် ဖြစ်သော လော်ကားသဘာဝဥယျာဉ်မှ တောအုပ်ကြီးနှင့် ပြခန်းတာဝန်ခံ ဒေါ်စန်းစန်းနွယ်က ငှက်ကြည့်လေ့လာခြင်းနှင့် ပတ်သက်၍ အပျော်တမ်း လာရောက်ကြည့်ရှုသူ၊ မဟာသိပ္ပံနှင့် မဟာသုတေသန ကျမ်းပြုစု ရန် လာရောက်လေ့လာသူနှင့် သုတေသန ပြုလုပ်သူ ပညာရှင်များ စသည်ဖြင့် ငှက်ကြည့်လေ့လာသူအမျိုးမျိုး ရှိကြသည့် အနက် သုတေသနပြုလုပ်သူ ပညာရှင် ဦးရေကပိုများကြောင်း၊ ငှက်ကြည့်လေ့လာနိုင်သောနေရာများကို ဥယျာဉ်မှ တာဝန်ရှိသူများက လိုက်ပို့ရင်း ရှင်းလင်းပြသပေးလျက်ရှိကြောင်း၊ လော်ကားဥယျာဉ် အတွင်း ငှက်မျိုးစိတ်ပေါင်း ၁၈၈ မျိုးခန့် နေထိုင်ကျက်စားလျက်ရှိပြီး ငှက်အမျိုးအစားအလိုက် ရုပ်လုံးသွင်းပြသထားသည့် ငှက်ပြတိုက်ကိုပါ ဖွင့်လှစ်ထားသဖြင့် လေ့လာသုတေသနပြုရန် အကောင်းဆုံး နေရာတစ်ခုဖြစ်ကြောင်း ရှင်းပြသည်။

ငှက်ကို ယခုမှစ၍ လေ့လာခြင်း ဖြစ်ကြောင်း၊ ငှက်အကြောင်း၊ ငှက်လေ့လာ ခြင်းနှင့် ငှက်နှင့်စပ်လျဉ်းသည့် အခေါ်အဝေါ်တွေကအစ သိလို၍ သင်တန်း တက်ရောက်ရခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်များ၌ ငှက်အကြောင်းထက် လိပ် ပြာနှင့် အခြားအင်းဆက်များ အကြောင်း စာတမ်းပြုစုသူဦးရေက များကြောင်းနှင့် ပါရဂူဘွဲ့သင်တန်း အထိ ငှက်နှင့်စပ်လျဉ်းပြီး ဆောက်ချ လေ့လာသုတေသနပြုသွားရန် ရည်ရွယ်ထားကြောင်း ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် သတ္တဗေဒဌာနမှ မဟာသုတေသန ဘွဲ့လွန်သင်တန်းသူ မသီရိဒေဝီအောင်က ဆိုသည်။ သူမသည် ငှက်သိုက်ဖွဲ့စည်းပုံအကြောင်းနှင့်စပ်လျဉ်းပြီး စာတမ်းပြုစုရန် ဒလ မြို့နယ်၌ သုတေသနပြုလုပ်နေသူ တစ်ဦး ဖြစ်သည်။ အဆိုပါတက္ကသိုလ်မှ မဟာသုတေသန သင်တန်းသူတစ်ဦးဖြစ်သူ မညွှန့်ရွှေကမူ သင်တန်းမှ ငှက်လေ့လာခြင်းနှင့်ပတ်သက်၍ ဗဟုသုတ များစွာ ရရှိကြောင်း၊ ယခင်က ငှက်ကြည့်ရာတွင် အသုံးပြုသည့် Binoculars(မှန်ပြောင်း) ကိုပင် မကိုင်ခဲ့ဘူးကြောင်း၊ ယခုသင်တန်း၌ ကျွမ်းကျွမ်းကျင်ကျင် ကိုယ်တိုင်အသုံးပြုတတ်သွားပြီဖြစ်ကြောင်း သင်တန်းတက်ရောက်ရခြင်း အကျိုးကျေးဇူးနှင့်စပ်လျဉ်းပြီး ရှင်းပြသည်။

အဆိုပါသင်တန်းကို ငှက်ကျွမ်းကျင် ပညာရှင်နှင့် ဝါသနာရှင်များ ပေါ်ထွန်းလာစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးပညာပေးရန်၊ သဘာဝ အခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် စေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း နှင့် နှစ်စဉ် ဖွင့်လှစ်သွားနိုင်ရန် ရည်ရွယ် ထားကြောင်း အသင်းအတွင်းရေးမှူး ဦးသက်ဇော်နိုင်က ဆိုသည်။

"ငှက်ကလေးတွေကို ချစ်ခင်ကြင်နာတတ်သူတိုင်းဟာ လူသားအချင်းချင်းကိုလည်း ချစ်ခင်ကြင်နာတတ်သူတွေ ဖြစ်ကြပါတယ်"ဟု ငှက်ချစ်သူ သင်တန်းသူ တစ်ဦးက ပြောကြားသွားသည်။

■



# စာကြည့်တိုက်များ၏ အခန်းကဏ္ဍ

ဖြိုးဝင်းလတ် ၊ ထားထားမြင့်

၂၁ ရာစု **Globalization** ခေတ်တွင် သတင်းအချက်အလက်များ၏ အသုံးဝင်မှုတွင်ကျယ်လာသည်နှင့်အမျှ သတင်းအချက်အလက် သိုလှောင်သိမ်းဆည်းဖြန့်ဖြူးရာဖြစ်သော စာကြည့်တိုက်များ၏ အခန်းကဏ္ဍ ပိုမိုအရေးပါလာပါသည်။ သမားရိုးကျအားဖြင့် စာကြည့်တိုက်ဆိုသည် စာအုပ်များ သိုလှောင်ထားရှိ ငှားရမ်းရာနေရာဟု တစ်ချိန်က မှတ်ယူခဲ့ကြသော်လည်း ယခုအခါ မြေပုံများ၊ ပန်းချီ၊ ပန်းပုကဲ့သို့ အနုပညာပစ္စည်းများ၊ မိုက်ခရိုဖလင်၊ ငွေစက္ကူ၊ တံဆိပ်ခေါင်းများ ထိန်းသိမ်းထားရှိလာသည့်အပြင် ကက်ဆက်ခွေ၊ စီဒီ၊ ဗီဒီယိုခွေ၊ ဒီဗီဒီတို့ကိုပါ ငှားရမ်းနိုင်သော နေရာဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုလာကြသည်။

ထို့အပြင် အဆိုပါပစ္စည်းများထားရှိသည့် အဆောက်အအုံသက်သက်ကိုသာ စာကြည့်တိုက်ဟု မခေါ်ဆိုတော့ဘဲ Electronic Resources များ သိုမှီးထားရာ CD Rom များနှင့် အင်တာနက်မှ ဝင်ရောက်ကြည့်ရှုနိုင်သော Online Database များကိုပါ စာကြည့်တိုက်များအဖြစ် သတ်မှတ်လာကြသည်ဟု Wikipedia Online စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင်မူ နည်းပညာ ကန့်သတ်ချက်ကြောင့် သမားရိုးကျစာကြည့်တိုက် အမျိုးအစားကိုသာ လေ့လာဖတ်ရှုသူများ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်သေးသည်ကို တွေ့ရသည်။

## နောက်ခံဝန်းကျင်

လူသားများ စာရေးတတ်ခါစကပင် စာပေပစ္စည်းများကို ထိန်းသိမ်းသိုမှီးထားလေ့ရှိကြသော်လည်း အများပြည်သူဖတ်ရှုနိုင်သော Public Library ခေါ် ပြည်သူ့စာကြည့်တိုက်မျိုးကိုမူ ဘီစီ ၅၅၀ ခန့်က ဂရိဘုရင် ပိဆစ်ဆရာတပ်မှ စတင် တည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံတွင်မူ ပုဂံခေတ်မတိုင်မီကတည်းက ကျမ်းဂန်စာပေစုဆောင်းသိမ်းဆည်းမှုများရှိသော်လည်း ဘာသာရေးစာပေအများစုသာ ပါဝင်သောကြောင့် ပိဋကတ်တိုက်ဟု ခေါ်ဝေါ်ခဲ့သည်။ စာကြည့်တိုက်ဟူသော ဝေါဟာရကိုမူ ကိုလိုနီခေတ်ရောက်မှ စတင် သုံးစွဲခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးသော ပြည်သူ့စာကြည့်တိုက်ကို ၁၈၈၃ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်တွင် ဝန်ရှင်တော်မင်းကြီး ဆာချာလ်းစ်အက်ဒ်ပ်ဘားနဒ်က စတင်တည်ထောင်ခဲ့ပြီး ဘားနဒ် အခမဲ့စာကြည့်တိုက် (Bernad Free Library)အဖြစ် လူသိများခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ဘားနဒ်စာကြည့်တိုက်ကို အမျိုးသားစာကြည့်တိုက်အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့မှစ၍ ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား ခြောက်ထပ်ရုံးမှ အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးဒေါင့်ကန်လမ်းထောင့်တွင် အမြဲတမ်းနေရာအဖြစ် ပြောင်းလဲ ဖွင့်လှစ်ခဲ့သည်။




အမျိုးသားစာကြည့်တိုက်တွင် စာအုပ်စုစုပေါင်း ၇ သိန်း ကျော်ရှိပြီး မြန်မာနိုင်ငံတွင် စာအုပ်အများဆုံးနှင့် အကြီးဆုံးစာကြည့်တိုက်ဖြစ်သည်ဟု အမျိုးသားစာကြည့်တိုက်မှူး ဦးတင်ဆောင်က ဆိုသည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ စာကြည့်တိုက်မှူး(အငြိမ်းစား) ဦးသော်ကောင်းကမူ "အမျိုးသား စာကြည့်တိုက်လို စာကြည့်တိုက်မျိုးကတော့ စာအုပ်ငှားတဲ့ စာကြည့်တိုက်မျိုးမဟုတ်ဘဲ ရည်ညွှန်းစာကြည့်တိုက် အမျိုးအစားသာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

## ဝန်ဆောင်မှုများ

စာကြည့်တိုက်ဝန်ဆောင်မှု အမျိုးမျိုးရှိသည့်အနက် စာအုပ်ငှားရမ်းခြင်းမှာ အဓိက ဖြစ်သည်။ ထို့အပြင် သုတေသီများနှင့် စာဖတ်ပရိသတ်များမှ မေးမြန်းသော မေးခွန်းများကို ဖြေဆိုရခြင်း၊ ကျမ်းပြုစုသူများအတွက် လိုအပ်သောအချက်အလက်များ ရှာဖွေရာတွင် ကူညီရခြင်း၊ စာဖတ်သူများ ဖတ်ရှုလေ့လာလိုသော ဘာသာရပ်များနှင့် ပတ်သက်သော စာအုပ်စာတမ်းများကို ညွှန်းဆိုပေးရခြင်း၊ ရှေးဟောင်းပေစာ၊ ပုရပိုက် စသည်တို့ကို အရှည်တည်တံ့စေရန် ပြုပြင်ထိန်းသိမ်းခြင်း၊ Micro Film၊ Scanner တို့ဖြင့် ပုံရိုက်ကူးခြင်း စသည်တို့ကိုလည်း လုပ်ဆောင်ရကြောင်း တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ လက်ရှိ စာကြည့်တိုက်မှူး ဒေါ်တင်ဘုန်းနွယ်က ရှင်းလင်းပြောကြားသည်။

အမေရိကန်နိုင်ငံရှိ ကွန်ကရက်လွှတ်တော်စာကြည့်တိုက်နှင့် ဗြိတိန်နိုင်ငံရှိ ဗြိတိသျှစာကြည့်တိုက်ကဲ့သို့သော ထင်ရှားသည့် အမျိုးသားစာကြည့်တိုက်များမှာမူ ၎င်းတို့နိုင်ငံထုတ် စာအုပ်များအားလုံးကို စုဆောင်းသိမ်းဆည်းပြီး မူပိုင်ခွင့်အတွက် အတည်ပြုပေးခြင်းနှင့် သက်ဆိုင်ရာစာအုပ်အတွက် Code နံပါတ်နှင့် ကတ်တလောက်နံပါတ် ထုတ်ပေးခြင်းတို့ကို လုပ်ဆောင်ပေးသည်။ နိုင်ငံခြားဘာသာနှင့် ပုံနှိပ်ထုတ်ဝေသောစာအုပ်များတွင် ပါဝင်လေ့ရှိသည့် ISBN နှင့် ISSN ကဲ့သို့သော Code နံပါတ်များကို သက်ဆိုင်ရာနိုင်ငံများ၏ အမျိုးသားစာကြည့်တိုက်များမှ သတ်မှတ်ပေးလေ့ ရှိသည်။ အမေရိကန်ကွန်ဂရက် လွှတ်တော်စာကြည့်တိုက်ဆိုလျှင် အမေရိကန်နိုင်ငံတွင်းသာမက အခြားနိုင်ငံများမှ အင်္ဂလိပ်

ဘာသာဖြင့် ထုတ်ဝေသောစာအုပ်များအတွက် စာကြည့်တိုက်သုံး ကတ်တလောက်ပုံစံ ပြုစုပေးသည်။ ယင်းကတ်တလောက်ကို အဆိုပါစာအုပ်များ၏ရှေ့တွင် ရိုက်နှိပ်ဖော်ပြထားလေ့ ရှိသည်။ ယင်းကို Library of Congress Cataloging In Publication Data ဟု ခေါ်သည်။

နိုင်ငံတကာစာကြည့်တိုက်များတွင် ပညာရှင်များကို ဖိတ်ကြား၍ ပညာရပ်ဆိုင်ရာဟောပြောပွဲများကျင်းပပေးခြင်း၊ Seminar နှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ ပြပွဲပြိုင်ပွဲများကျင်းပပေးခြင်းတို့ကိုလည်း စာကြည့်တိုက်၏ဝန်ဆောင်မှုတစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်လေ့ ရှိသည်။ မြန်မာနိုင်ငံတွင် သံရုံး စာကြည့်တိုက်များဖြစ်သော ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် ခရစ္စမတ် စာအုပ်နှင့်ဈေးရောင်းပွဲများ ကျင်းပပေးခြင်း၊ အမေရိကန် စင်တာ ပြန်ကြားရေးဌာနစာကြည့်တိုက်တွင် လူမှုသိပ္ပံဘာသာရပ်များနှင့် ပတ်သက်သော ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ နေ့စဉ် ရုပ်ရှင်ပြသပေးခြင်း၊ ပြင်သစ်သံရုံး ယဉ်ကျေးမှုဌာန စာကြည့်တိုက်တွင် ပန်းချီ၊ ပန်းပုပြပွဲ၊ စင်တင် တေးဂီတဖျော်ဖြေပွဲများ ကျင်းပပေးခြင်းတို့ဖြင့် စာကြည့်တိုက် အသင်းဝင်များကို စိတ်ဝင်စားဖွယ် ဝန်ဆောင်မှုများ ပေးလျက် ရှိသည်။

## အသုံးပြုကြပုံ

စာဖတ်သူတစ်ဦးအနေဖြင့် ထွက်သမျှ စာအုပ်အားလုံးကို ဝယ်ယူရန်မဖြစ်နိုင်သဖြင့် စာကြည့်တိုက်များသို့ သွားရောက်ရန် လိုအပ်မည်ဖြစ်သည်။ ချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ ကျောင်းသားများ၊ သုတေသနပြုသူများနှင့် လုပ်သားပြည်သူများသည် စာကြည့်တိုက်ကို ၎င်း၏ သီးခြားလိုအပ်ချက်များ အတွက် အသုံးပြုကြသည်ဟု မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း သတင်းလွှာတစ်စောင်တွင် ဖော်ပြထားပါသည်။

အမျိုးသားစာကြည့်တိုက်တွင် စာတမ်းရေးသားရန်အတွက် လာရောက်သော ကမ္ဘာ့အေးဗုဒ္ဓဘာသာ သာသနာ့တက္ကသိုလ် စတုတ္ထနှစ်သင်တန်းသား ဦးသီရိန္ဒက "ဦးဇင်းကတော့ ပျူခေတ် ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး ကျမ်းပြုစုဖို့အတွက် အမျိုးသားစာကြည့်တိုက်မှာ ကျမ်းကိုးအထောက်အထား လာရှာတာပါ။ လာရှာတာ ဝေးပေမယ့် လိုချင်တဲ့အချက်အလက်တွေ လွယ်လွယ်နဲ့ ရှာတွေ့ပါတယ်"ဟု ပြောကြားသည်။

ပုဂ္ဂလိက လူငယ်စာကြည့်တိုက်တစ်ခုဖြစ်သော Ice Youth စာကြည့်တိုက်ကို အသုံးပြုနေသည့် အသက် ၁၇ နှစ်အရွယ်ရှိ မောင်သန့်ကိုကိုလွင်ကမူ အမေရိကန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ SAT စာအုပ်များကို ငှားရမ်းရန်အတွက် စာကြည့်တိုက်သို့ လာရောက်သည်ဟု ဆိုသည်။

"အမျိုးသားစာကြည့်တိုက်မှာ စစ်မဖြစ်ခင်က သတင်းစာနဲ့ မဂ္ဂဇင်းတွေရှိတာမို့ အမှုအခင်းကိစ္စနဲ့ ဆွေစဉ်မျိုးဆက်အမွေမှု၊ ပိုင်ဆိုင်မှုအထောက်အထားတွေကို ဒီမှာ လာရှာကြတယ်။ အထောက်အထားခိုင်လုံတော့ အမှုနိုင်ဖို့ များတာပေါ့"ဟု အမျိုးသားစာကြည့်တိုက်မှ အမျိုးသမီးဝန်ထမ်းတစ်ဦးက ဆိုပါသည်။

"ဗြိတိသျှကောင်စီစာကြည့်တိုက်မှာ စာလာဖတ်နေတဲ့သူတွေကတော့ အမျိုးမျိုးပါပဲ။ လူငယ်တွေဆို LCCI တို့ ဘာတို့ ဖြေဖို့ဝင်တာ ရှိတယ်။ နိုင်ငံခြားမှာ Study လုပ်ဖို့အတွက် အခြေခံရအောင် စာဖတ်ဖို့လာတာရှိတယ်။ သူငယ်ချင်းကဝင်လို့ လိုက်ဝင်တာမျိုးလည်း ရှိတယ်။ ဒါပေမယ့် စာကြည့်တိုက်မှာ စာလာဖတ်ရင်းနဲ့ သူတို့ကိုယ်တိုင်တောင် မသိလိုက်ဘဲ ပညာဗဟုသုတ တိုးတက်လာနိုင်ပါတယ်"ဟု ဗြိတိသျှကောင်စီစာကြည့်တိုက် Library and Information မန်နေဂျာဖြစ်သူ ဒေါ်မိုးမိုးစိုးက ပြောကြားသည်။



ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် စာအုပ်များသာမကဘဲ ဗီဒီယိုခွေ၊ ကက်ဆက်ခွေ၊ ဒီဗီဒီနှင့် စီဒီရွမ်များပါ ငှားရမ်းနိုင်သည်။ အဆိုပါဗီဒီယိုခွေများမှာ ဗြိတိန် နိုင်ငံမှ တိုက်ရိုက်မှာယူခြင်းဖြစ်ပြီး ပြင်ပခွေဆိုင်များတွင် လုံးဝငှားရမ်း၍မရနိုင် ကြောင်း ယင်းစာကြည့်တိုက်တွင် ပုံမှန်ငှားရမ်းလေ့ရှိသူတစ်ဦးက ဆိုသည်။

"တချို့အစိုးရစာကြည့်တိုက်တွေ ဥပမာအားဖြင့် ဗိုလ်တထောင်မှာရှိတဲ့ ရှေးဟောင်းမြန်မာစာပေရေးရာဌာန စာကြည့်တိုက်မျိုးမှာဆိုရင် ဗီဒီယိုတွေ၊ ကက်ဆက်

ခွေနဲ့ စီဒီအချို့ရှိပေမယ့် User တွေကို ပေး ငှားလေ့မရှိဘူး”ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

နိုင်ငံပိုင်စာကြည့်တိုက်များအနေ ဖြင့် စာအုပ်ငှားရမ်းရာတွင် အထွေအထူး ပြဿနာမရှိသော်လည်း ရုပ်သံပစ္စည်းများကို စိုးရိမ်ကြီးစွာဖြင့် ငှားရမ်းမှု ကန့်သတ်ထားသောကြောင့် ရုပ်သံပစ္စည်းများကို ငှားရမ်းလိုသော စာဖတ်သူများအနေဖြင့် သံရုံးစာကြည့်တိုက်များတွင်သာ ငှားရမ်းနေသည်ကို တွေ့ရှိရသည်။



မြန်မာနိုင်ငံရှိ နိုင်ငံပိုင်စာကြည့်တိုက်များတွင် စာဖတ်သူ နည်းရခြင်းကို စာရေးဆရာမဂျူးက ၂၀၀၁ ခုနှစ် ဇန်နဝါရီလထုတ် စာအုပ်လောကမဂ္ဂဇင်းတွင် ‘စာကြည့်တိုက်နှင့် ဘာကြောင့် ဝေးရသလဲ’ ဟူသည့် အမည်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားဖော်ပြခဲ့သည်။ အဆိုပါဆောင်းပါးတွင် နိုင်ငံပိုင်စာကြည့်တိုက်များ၌ စာအုပ်ကို ကိုယ်တိုင်ရှာခွင့်မရဘဲ ကတ်တလောက်ဖြင့်သာ ရှာခွင့်ရခြင်း၊ ကတ်တလောက်အသုံးပြု၍ စာအုပ်ရှာရာတွင် အထူးသဖြင့် မြန်မာဘာသာဖြင့် စာအုပ်ရှာရာ၌ အလွန်ခက်ခဲခြင်း၊ နောက်ဆုံးပေါ်စာအုပ်အသစ်များ ဖြည့်ဆည်းနိုင်မှု အားနည်းခြင်း၊ အလိုရှိသောစာအုပ်ကို လိုသည့်အချိန်တွင် ရရန်မလွယ်ကူခြင်းတို့ကြောင့် စာဖတ်ပရိသတ်များအနေဖြင့် နိုင်ငံပိုင် စာကြည့်တိုက်များကို အသုံးပြုမှု နည်းပါးလာသည်ဟု ဖော်ပြထားသည်။

“တစ်ခါတလေဆိုရင် စာအုပ်စင်ထဲသွားပြီး စာအုပ်နောက်ဖုံးနဲ့ မာတိကာတွေကို မြည်းစမ်းဖတ်ကြည့်ပြီးမှ အဲဒီစာအုပ်ကို ဖတ်သင့်မသင့် ဆုံးဖြတ်ရတာ၊ ကတ်တလောက်နဲ့ ရှာရတာ အဆင်မပြေပါဘူး။ ဒါကြောင့် ကိုယ်တိုင်ဝင်ကြည့်လို့ရတဲ့ စာကြည့်တိုက်တွေမှာပဲ ငှားဖြစ်ပါတယ်”ဟု ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် စာအုပ်ငှားရမ်းလေ့ရှိသူ ဂျာနယ်အယ်ဒီတာတစ်ဦးက ဆိုသည်။

## ပုဂ္ဂလိကစာကြည့်တိုက်များ

၂၀၀၂ ခုနှစ်တွင် စာကြည့်တိုက်ပညာ ဒီပလိုမာတွဲ့အတွက် ကျမ်းပြုစုခဲ့သော ဒေါက်တာချစ်မောင်စာကြည့်တိုက်မှ စာကြည့်တိုက်မှူးဖြစ်သူ ဒေါ်အန်နာဘာဘာရာမောင်၏ကျမ်းတွင် ရန်ကုန်မြို့ရှိ ပုဂ္ဂလိကစာကြည့်တိုက် ၁၅ ခုအကြောင်း ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် စာပေဝါသနာပါသူများက ကိုယ်ပိုင်စာကြည့်တိုက်ထောင်သည့် အစဉ်အလာရှိခဲ့ရာ ရာမကရိရှနမစ်ရှင်ကဲ့သို့ ကျော်ကြားသည့် ပုဂ္ဂလိကစာကြည့်တိုက်မျိုး ပေါ်ပေါက်ခဲ့သည်။ စစ်ကြိုခေတ်တွင် ပဲရော့ရုပ်ရှင်လုပ်ငန်းပိုင်ရှင် ဦးဆန်နီက ပဲရော့စာကြည့်တိုက်ကို တည်ထောင်ခဲ့ပြီး ထိုစာကြည့်တိုက်တွင် စာဖတ်သူများအနေဖြင့် မိမိနှစ်သက်ရာစာအုပ်ကို အပိုင်ယူဆောင်သွားရန် ခွင့်ပေးခဲ့သဖြင့် ပုဂ္ဂလိကစာကြည့်တိုက် တည်ထောင်မှုတွင် တစ်နည်းတစ်ဖုံ ဆန်းသစ်တီထွင်ခဲ့သည်ဟု ဆိုနိုင်သည်။ သို့ရာတွင် စာကြည့်တိုက်၏ ဘဏ္ဍာရေးကိစ္စအရပ်ရပ်ကို ဦးဆန်နီတစ်ဦးတည်းကသာ တာဝန်ယူခဲ့ရသဖြင့် ကြာရှည်မတည်တံ့ခဲ့ပါ။

ဒေါက်တာချစ်မောင်စာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဒေါ်အန်နာဘာဘာရာမောင်က မိမိတို့စာကြည့်တိုက်၏ အဓိကလိုအပ်သော ထောက်ပံ့မှုအချို့ကို အမေရိကန်နိုင်ငံရှိ ဘာသာရေးနှင့် လူမှုရေးအဖွဲ့အစည်းအချို့ထံမှ ရသည်ဟု ဆိုသည်။

လူငယ်စာကြည့်တိုက်တစ်ခုဖြစ်သည့် Ice Youth ဆိုလျှင် အမေရိကန်နိုင်ငံရှိ Myanmar Youth Association (USA) မှ စာအုပ်စာတမ်းများ လှူဒါန်းကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံကျော်စာရေးဆရာပါရဂူကလည်း ၎င်း၏ရှန်ကိနိကေတန်စာကြည့်တိုက်ကို တည်ထောင်ရာတွင် မိမိပိုင်စာအုပ်များသာမက ပြည်တွင်းပြည်ပစေတနာရှင်များ အကူအညီကိုပါယူ၍ တည်ထောင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

သို့ရာတွင် ဝါရင့်စာကြည့်တိုက်ပညာရှင်တစ်ဦးဖြစ်သော ဦးသော်ကောင်းကမူ နိုင်ငံတကာတွင် ပုဂ္ဂလိကစာကြည့်တိုက်များအတွက် လိုအပ်သောရန်ပုံငွေကို အဆိုပါစာကြည့်တိုက်များရှိရာဒေသမှ ကောက်ခံရရှိသော အခွန်ငွေများဖြင့် ထောက်ပံ့ပေးလေ့ရှိသည်ဟု ဆိုသည်။

Ice Youth စာကြည့်တိုက်အား လိုအပ်သော အကြံဉာဏ်များနှင့် လမ်းညွှန်မှုများပေးနေသည့် Organizer အဖွဲ့ဝင်တစ်ဦးဖြစ်သူ Mentor Business Management Consultancy မှ Course Director ဦးသန်းထွဋ်က "ကျွန်တော်တို့ကို နိုင်ငံခြားက Donor က စာအုပ်တွေ အလကားပေးမယ်။ ဒါပေမယ့် သဘော်စရိတ်က ကိုယ့်ဘာသာကို ကျခံရမယ်ပေါ့နော်။ အလှူရှင်ဘက်ကကြည့်ရင် ဒေါ်လာထောင်သောင်းချီတဲ့စာအုပ်တွေ လှူထားပြီးပြီဖြစ်တဲ့အတွက် သဘော်စရိတ်ကို ကိုယ့်ဘာသာကိုယ် တာဝန်ယူစေချင်ကြတယ်။ သဘော်စရိတ်ကိုကလည်း ဒေါ်လာထောင်ချီတော့ ကျွန်တော်တို့ အဲဒီစာအုပ်တွေ မရလိုက်ပါဘူး"ဟု ပြောကြားသည်။

Ice Youth စာကြည့်တိုက်မှာ စာအုပ်ငှားရမ်းခပေး၍ သုံးစွဲရပြီး စာကြည့်တိုက် ဖွင့်လှစ်ရန်နေရာကို မေတ္တာဖြင့် ကူညီပေးသည်ဆိုငြားလည်း စာအုပ်သစ်များ ဝယ်ယူဖြည့်တင်းရန် လုံလောက်သောရန်ပုံငွေ မရရှိနိုင်ဟု ဦးသန်းထွဋ်က ဖြည့်စွက်ပြောကြားသည်။

သံရုံးစာကြည့်တိုက်တစ်ခုဖြစ်သော အမေရိကန်စင်တာသည်ပင်လျှင် စာဖတ်သူများအတွက် အလွန်အသုံးဝင်သော IT နည်းပညာဆိုင်ရာစာအုပ်များကိုပင် လုံလောက်အောင်မှာယူရန် မလွယ်လှဟု အမေရိကန်စင်တာမှ စာကြည့်တိုက်မှူးဖြစ်သူက ဆိုသည်။

"ဒီကိုချပေးတဲ့ရန်ပုံငွေက ဝယ်မယ့်စာအုပ်တွေကို စာရင်းတင်ပြီး သဘောတူမှ ချပေးတာဖြစ်တော့ IT စာအုပ်တွေ တင်ချင်ပေမယ့်လည်း ရန်ပုံငွေခွင့်ပြုချက်ရဖို့ အတော်ကြိုးစားရတယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

## စာကြည့်တိုက်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး

စာကြည့်တိုက်များတွင် စာအုပ်များကို စုဆောင်းသိမ်းဆည်းထားသည်မှာ စာဖတ်သူများအတွက် စာအုပ်ငှားရမ်းပေးရန်သာ

**အမျိုးသားစာကြည့်တိုက် ပုံစံငယ်**



ဖြစ်သဖြင့် စာအုပ်များ ရေရှည်တည်တံ့ရေးအတွက်ကိုသာ ရှေးရှုပြီး စာအုပ်ငှားရမ်းမှုအပေါ် ကန့်သတ်မည်ဆိုပါက စာကြည့်တိုက်ဖြစ်မလာဘဲ မော်ကွန်းတိုက်ဟုသာ ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်း ဦးသော်ကောင်းက သုံးသပ်ပြောဆိုသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ စစ်အေးခေတ်အတွင်း အင်အားကြီးနိုင်ငံတစ်ခုမှ ကမ္ဘာကျော်ခေါင်းဆောင်တစ်ဦးက ပြည်သူ့စာကြည့်တိုက်များ ဂုဏ်ယူရမည့်အချက်မှာ လွန်စွာ ရှားပါးသောစာအုပ်များရှိခြင်း မဟုတ်၊ ပြည်သူလူထုသို့ စာအုပ်များ မည်မျှ ထိရောက်စွာ ပျံ့နှံ့ရောက်ရှိအောင် ပြုလုပ်ပေးနိုင်ခြင်းပင်ဖြစ်သည်ဟု ပြောကြားခဲ့ဖူးသည်။ ထို့ကြောင့် စာကြည့်တိုက်ပညာရှင်အချို့က ပြည်သူ့စာကြည့်တိုက်သည် လူမှုရေးလုပ်ငန်းတစ်ရပ်ပင်ဖြစ်သည်ဟု ယူဆကြသည်။

"စာအုပ်တစ်အုပ်ကို တစ်ယောက်ပဲဖတ်ရင် တစ်ယောက်ပဲသိမယ်။ အများဖတ်ရင် အများသိမယ်။ ပျောက်မှာ၊ ပြဲမှာကြောက်လို့ ဖတ်ခွင့်မပြုရင် ဘယ်သူမှ မသိဘူး။ ဖတ်တဲ့လူများလို့ ပြဲရင်ပြဲသွားပလေ့စေ ဒါပေမယ့် စာအုပ်ထဲမှာ ပါဝင်တဲ့ အသိပညာကိုရပြီး ဒီပညာနဲ့ ကြိုးစားလုပ်ကိုင်လို့ ကိုယ့်နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေးတိုးတက်လာရင် ဒီလိုစာအုပ်မျိုး တစ်သန်းမကပြန်ဝယ်နိုင်တယ်။ စာအုပ်ဆိုတာကတော့ သင်္ခါရသဘောအရ ပျက်စီးမှာပဲ။ ပျက်စီးမှာစိုးလို့ ဒီစာအုပ်ကြီး Material ကြီးကို ဗီရိုထဲထည့်ပြီးသိမ်းထားတာ မဖြစ်သင့်ဘူး။ အသုံးချပါ။ လူက ပိုပြီးတန်ဖိုးရှိပါတယ်"ဟု Ice Youth စာကြည့်တိုက်၏ Organizer ဦးသန်းထွဋ်က ၎င်း၏အမြင်ကို ပြည့်စုံစွာ ရှင်းပြသည်။

စာကြည့်တိုက်များတွင် လူဝင်လူထွက်များသည့်အလျောက် အများဆုံး ကြုံတွေ့ရသည့်ပြဿနာမှာ စာအုပ်များ ပျောက်ဆုံးခြင်းပင် ဖြစ်သည်။ ရှေးဟောင်း မြန်မာစာပေရေးရာဌာနဆိုလျှင် စတင်ဖွင့်လှစ်ပြီး ရက်သတ္တပတ် အနည်းငယ်ခန့်အတွင်းတွင်ပင် စာအုပ်အပျောက်အရှုများ ရှိသည်ဟု ဝန်ထမ်းတစ်ဦးက ပြောဆိုခဲ့ဖူးသည်။

အမေရိကန်စင်တာမှ စာကြည့်တိုက်မှူးက စာကြည့်တိုက်စည်းမျဉ်းစည်းကမ်းတွင် စာအုပ်ပျောက်ပါက တန်ဖိုး ပေးလျော်ရမည်ဖြစ်သော်လည်း နိုင်ငံခြားစာအုပ်များ၏တန်ဖိုးကို မြန်မာများအနေနှင့် ပေးလျော်ရန်မှာ အခက်အခဲရှိသောကြောင့် တစ်ခါတစ်ရံ မိမိတို့မှ နားလည်ပေးပါကြောင်း ပြောကြားသည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဆရာဦးသိန်းဟန်(ဇော်ဂျီ)က စာကြည့်တိုက်တစ်ခုတွင် စာအုပ်အရေအတွက် အားလုံး၏ ၅ ရာခိုင်နှုန်းအထိ ဆုံးရှုံးမှုမှာ ပုံမှန်သာဖြစ်သည်ဟု ပြောကြားခဲ့ဖူးသည်။

စာကြည့်တိုက်စီမံခန့်ခွဲမှုကောင်းသော အမေရိကန်နိုင်ငံတွင်ပင်လျှင် တစ်နှစ်လျှင် စာကြည့်တိုက်များရှိ စာအုပ်အားလုံးမှာ ၂.၅ ရာခိုင်နှုန်း ဆုံးရှုံးမှုရှိကြောင်း Encarta စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ စာကြည့်တိုက်၏စာအုပ်များ ဆုံးရှုံးမှုမှာ ခိုးယူခံရခြင်းတို့ကြောင့်သာမက စုတ်ပြဲပျက်စီး၍လည်း ဆုံးရှုံးနိုင်ပါသည်။ ထို့ကြောင့် လူကြိုက်များသည့်စာအုပ်ဆိုလျှင် စာကြည့်တိုက်များအနေဖြင့် အုပ်ရေ ပိုမိုထားကြခြင်း၊ စာဖတ်သူများကို အချိန်အကန့်အသတ် အတိုင်းအတာတစ်ခုအတွင်း၌သာ ငှားရမ်းခွင့်ပေးခြင်းတို့ဖြင့် ကာကွယ်တတ်ကြကြောင်း အဆိုပါစွယ်စုံကျမ်းတွင် ဖော်ပြထားသည်။



## စာကြည့်တိုက်များနှင့် အသုံးပြုသူများ အခြေအနေ

ငယ်ရွယ်သူလူငယ်များသည် သောင်းကျော်တန်ဝတ်စုံတစ်စုံကို ဝယ်ဝတ်ရန် လက်မတွန့်သော်လည်း ငါးထောင်ကျော်မျှသာ ကျသင့်သော စာကြည့်တိုက်၏ အသင်းဝင်ကြေးကိုမူ ပေးသွင်းချင်စိတ် နည်းပါးသည်ဟု စာကြည့်တိုက်တာဝန်ခံတစ်ဦးက ဆိုသည်။

Ice Youth စာကြည့်တိုက်တွင် လာရောက်ဖတ်ရှုသူအများစုမှာ အသက် ၁၆ နှစ်မှ ၃၀ အရွယ် လူငယ်များဖြစ်ပြီး အများစုမှာ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် စာမေးပွဲလမ်းညွှန်စာအုပ်များကို ငှားရမ်းရန် အများဆုံး လာရောက်ခြင်းဖြစ်သည်ဟု ယင်းစာကြည့်တိုက်မှ မရည်မွန်ဦးက ဆိုသည်။

နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် စာမေးပွဲလမ်းညွှန်စာအုပ်များမှလွဲ၍ ငှားရမ်းမှုအများဆုံး စာအုပ်များမှာ ဟဲမင်းဝေးကဲ့သို့သော လွယ်ကူသည့် အင်္ဂလိပ်ဝတ္ထုများနှင့် တက်ကျမ်းစာပေများဖြစ်ပြီး အချို့စာအုပ်များမှာ တစ်မျိုးတည်းကို ၃၊ ၄ အုပ်ခန့် ထားပေးရသည်အထိ ငှားရမ်းမှုများသည်ဟုလည်း သူမက ပြောကြားသည်။

သို့ရာတွင် စွယ်စုံကျမ်းများနှင့် ဘာသာရပ်ဆိုင်ရာ စာပေများကို သီးခြားလေ့လာသူနည်းပါးသေးကြောင်း၊ မိမိတို့ စာကြည့်တိုက်၌ စွယ်စုံကျမ်းများ ထားရှိသော်လည်း ဖတ်ရှုမှုမရှိ၍ သည်အတိုင်းသာ ထားရှိရကြောင်း မရည်မွန်ဦးက ဆိုသည်။

စာကြည့်တိုက်၏ တည်နေရာမှာလည်း စာကြည့်တိုက်သို့ လာရောက်စာဖတ်သော စာဖတ်ပရိသတ်များအပေါ်တွင် သက်ရောက်မှုရှိပါသည်။ အမေရိကန်စင်တာ စာကြည့်တိုက်သည် အသင်းဝင်ပေါင်း ၁၁၀၀၀ ကျော်ရှိ၍ မြန်မာနိုင်ငံတွင် အသင်းဝင်အများဆုံး ပြင်ပစာကြည့်တိုက်ဟု ဆိုနိုင်သော်လည်း အသင်းဝင် ၆၀၀၀ ကျော်ရှိသော ဗြိတိသျှကောင်စီမှာကဲ့သို့ မြို့လယ်ကောင်တွင် ဖွင့်လှစ်ထားခြင်းမဟုတ်သဖြင့် စာဖတ်သူများ လာရောက်မှု မများကြောင်း သိရသည်။ ဗြိတိသျှကောင်စီ စာကြည့်တိုက်တွင် တစ်နေ့လျှင် စာအုပ်ငှားသူပေါင်း ၇၀၀ မှ ၈၀၀ ခန့်အထိ ရှိတတ်သော်လည်း အမေရိကန်စင်တာတွင်မူ ၂၀၀ မှ ၃၀၀ ခန့်သာ ရှိတတ်ကြောင်း တွေ့ရသည်။

ပညာတန်ဆောင် လစဉ်ထုတ်ပညာရေးမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်တစ်ဦးကမူ "ပြတိုက်တို့၊ မော်ကွန်းတိုက်တို့ကျတော့ အဖိုးတန်ပစ္စည်းတွေ အခိုးခံရမှာ၊ မီးလောင်ရင် ပြတိုက်ကိုပါ မီးကူးခံရမှာစိုးလို့ မြို့ပြင်လို လူနေရပ်ကွက်မှာ ထားကြတယ်။ ဒါပေမယ့် စာကြည့်တိုက်တွေကတော့ လူထုနဲ့ နီးတဲ့နေရာမှာ ဖြစ်သင့်တာပေါ့" ဟု သုံးသပ်ပြောဆိုပါသည်။

လူစည်ကားသောကျောင်း၊ Shopping Center များအနီးတွင် စာကြည့်တိုက်များ ထားရှိခြင်းဖြင့် စာဖတ်သူများ ပိုမိုလာရောက်ကြောင်း ဦးသော်ကောင်းက ထောက်ခံပြောဆိုပါသည်။ ဆရာပါရဂူကမူ ၎င်းအနေဖြင့် ရှန်ကိန်ကေတန်စာကြည့်တိုက်ကို ရွှေပေါက်ကံမြို့သစ်တွင် တည်ဆောက်ရခြင်းမှာ မြို့တွင်း၌ တည်ဆောက်ပါက ငွေကြေးကုန်ကျမှုများပြားသဖြင့် စာကြည့်တိုက်အတွက် လိုအပ်သော စာအုပ်စာတမ်းများ ဝယ်ယူမှု လျော့သွားမည်စိုးသဖြင့်ဖြစ်ကြောင်း ပြောဆိုပါသည်။

ဒေါက်တာချစ်မောင် စာကြည့်တိုက်ကို ကြို့ကုန်း ၁ လမ်း၊ အရှေ့ကြို့ကုန်း၌ ဖွင့်လှစ်ထားခြင်းနှင့်ပတ်သက်၍ စာကြည့်

တိုက်မှူး ဒေါ်အန်နာဘာဘာရာမောင်က "စာကြည့်တိုက်နေရာအတွက်က အခု အဆင်ပြေနေတယ်။ မြေနေရာရော၊ အဆောက်အအုံရောက အဘိုးဖြစ်သူ ဒေါက်တာချစ်မောင်က လှူခဲ့တာ။ နောက် တစ်နေရာပြောင်းရင်လည်း ကုန်ကျစရိတ်လည်း ရှိမယ်၊ အခုလိုလည်း လွယ်လွယ်ကူကူ စာကြည့်တိုက်တာဝန်ကို ယူဖို့ အဆင်မပြေတော့ဘူးပေါ့"ဟု ရှင်းပြပါသည်။ ဒေါ်အန်နာဘာဘာရာမောင်မှာ စာကြည့်တိုက်ရှိသော ခြံဝင်းကျယ်ကြီးထဲတွင်ပင် သီးခြားအိမ်နှင့် နေထိုင်သူ ဖြစ် သည်။ အဝေးမှလာရသော စာဖတ်သူများ အတွက်ကိုမူ စာနာထောက်ထားသောအား ဖြင့် စာအုပ်ကို တစ်ခါငှားလျှင် တစ်လ



ငှားရမ်းပေးလေ့ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်သူများ စာကြည့်တိုက်ကို အသုံးပြုလိုစိတ်ရှိလာအောင်၊ စာဖတ်ချင်လာအောင် စည်းရုန်းသိမ်းသွင်းရန်မှာ စာကြည့်တိုက်များ၏ တာဝန်ပင်ဖြစ်သည်။ အမျိုးသားစာကြည့်တိုက်၏ စာကြည့်တိုက်မှူး ဦးတင်ဆောင်က ယခု အသစ်တည်ဆောက်နေသော အမျိုးသားစာကြည့်တိုက်တွင် အနီးအနားပတ်ဝန်းကျင်မှ ကလေးများကို စာကြည့်တိုက်နှင့် ရင်းနှီးမှုရစေရန် ရည်ရွယ်၍ ကလေးများ နှစ်သက်သော ဗီဒီယိုကားများ၊ ကာတွန်းများ ပြသပေးကြောင်း ပြောကြားသည်။ ဒေါက်တာချစ်မောင် စာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဒေါ်အန်နာဘာဘာရာမောင်ကလည်း ၎င်းတို့စာကြည့်တိုက်တွင် ကလေးများကို ဗီဒီယိုပြသခြင်း၊ နွေရာသီတွင် အင်္ဂလိပ်စာသင်ကြားပေးခြင်းနှင့် ပုံဆွဲသင်ပေးခြင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ပေးခြင်း အစီအစဉ်များ ရှိသည်ဟု ဆိုသည်။ လူကြီးများကိုမူ စာဖတ်ဝါသနာပါအောင်၊ စာကြည့်တိုက်နှင့် ရင်းနှီးမှုရအောင် လုပ်ရသည်မှာ မလွယ်ကူသဖြင့် သင်ယူတတ်မြောက်စွမ်းရည်မြင့်မားသော ကလေးများကို စာကြည့်တိုက်နှင့် ရင်းနှီးအောင် လုပ်ဆောင်မှသာလျှင် ယင်းကလေးများ ကြီးပြင်းလာသောအခါ စာဖတ်ဝါသနာပါလာမည် ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။



## စာကြည့်တိုက်များ၏ အနာဂတ်

ယနေ့ခေတ်တွင် IT နည်းပညာများ တိုးတက်မှုကြောင့် စာပေပစ္စည်းများကို ယခင်ကကဲ့သို့ စာအုပ်ပုံစံဖြင့်သာမက CD-Rom၊ Online E-Library System စသည်တို့ဖြင့် တစ်စတစ်စ ကူးပြောင်းသိမ်းလာကြသည်ကို တွေ့ရသည်။ အမေရိကန်ရှိ ကွန်ဂရက်လွှတ်တော် စာကြည့်တိုက်ရှိ စာအုပ်အားလုံးကို အီလက်ထရွန်နစ်စနစ်ဖြင့် ဖတ်ရှုနိုင်အောင် ပြောင်းလဲမှုများ လုပ် ဆောင်နေသည်မှာပင် အတော်ခရီးပေါက်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်နှင့် ရှေးဟောင်းမြန်မာစာပေရေးရာဌာနတို့မှ ရှေးဟောင်း ပေစာ၊ ပုရပိုက်စာ၊ သတင်းစာ၊ မဂ္ဂဇင်းများကို မိုက်ကရိုဖလင် ရိုက်ကူးရေးလုပ်ငန်း ဆောင်ရွက်နေသည်မှာလည်း နိုင်ငံတကာ စာကြည့်တိုက်များအတိုင်း စာပေအရင်းအမြစ်များ အဓွန့်ရှည်စွာ တည်တံ့ရေးအတွက် အားထုတ်မှုပင် ဖြစ်သည်။

Wikipedia စွယ်စုံကျမ်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုပင် ထပ်မံကိုးကားရပါလျှင် အနာဂတ်တွင် စာကြည့်တိုက်ဟူသည့် အဓိပ္ပာယ်ကို စာပေပစ္စည်းများ ထိန်းသိမ်းထားရှိရာ ငှားရမ်းရာ အဆောက်အအုံဟု ဖွင့်ဆိုပါက ပြည့်စုံမည်မဟုတ်ဘဲ စာပေအရင်း အမြစ်များ စုဆောင်းထားသည့်စနစ် သို့မဟုတ် အဆောက်အအုံ ဟုသာ အဓိပ္ပာယ်ဖွင့်ရမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ယင်းစနစ်ကြီးဖြစ်ပေါ်လာရေးမှာ သမားရိုးကျစာအုပ်များနှင့် စာပေအရင်း အမြစ်များအပေါ်တွင်ပင် အခြေခံမည်ကား မလွဲပင်ဖြစ်သည်။

**ဖြိုးဝင်းလတ် ၊ ထားထားမြင့်**

■

# "စာကြည့်တိုက်နဲ့ မော်ကွန်းတိုက် ရောနေသလို မဖြစ်ဖို့ လိုပါတယ်"

## (တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ အငြိမ်းစား စာကြည့်တိုက်မှူး ဦးသော်ကောင်းနှင့် တွေ့ဆုံခြင်း)

### ဖြိုးဝင်းလတ်

**မြန်မာနိုင်ငံတွင် ဗေဒါလမ်းဆိုလျှင် ဆရာဇော်ဂျီနှင့် ခွဲခြား၍မရကောင်းသကဲ့သို့ စာကြည့်တိုက်နှင့်ပတ်သက်လျှင်လည်း ဦးသော်ကောင်းနှင့် ခွဲခြား၍ရမည်မဟုတ်ပါ။ ယနေ့ခေတ်တွင် စာကြည့်တိုက်၏ တိုးတက်ပြောင်းလဲလာသော မျက်နှာစာများ၊ စာကြည့်တိုက်၏ အခန်းကဏ္ဍများနှင့် ၂၁ ရာစုအတွက် စာကြည့်တိုက်အရေးပါပုံတို့ကို သိရှိရန် ဦးသော်ကောင်းနှင့် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။**



**LC : စာကြည့်တိုက်ရဲ့ အဓိကတာဝန်က ဘာတွေပါလဲ။**

**TK :** စာကြည့်တိုက်ရဲ့ အဓိကတာဝန်ကတော့ ပညာဖြန့်ဖြူးဖို့ပါပဲ။ စာကြည့်တိုက်က အဓိက လေးမျိုး ရှိပါတယ်။ ပြည်သူလူထုနဲ့ အဓိက သက်ဆိုင်တာကတော့ Public Library လို့ခေါ်တဲ့ ပြည်သူ့စာကြည့်တိုက်မျိုး ဖြစ်တယ်။ ကျောင်းစာကြည့်တိုက်၊ တက္ကသိုလ် ကောလိပ်စာကြည့်တိုက်တွေကတော့ သက်ဆိုင်ရာကျောင်းသားတွေအတွက် အဓိက ရည်ရွယ်ပါတယ်။ အမျိုးသားစာကြည့်တိုက်လိုမျိုးကျတော့ စာအုပ်ငှားဖို့ထက် စာအုပ်စုဆောင်းသိမ်းဆည်းဖို့ အဓိက အားသန်တယ်။ ရည်ညွှန်းစာကြည့်တိုက် Reference Library မျိုးပေါ့။

**LC : စာကြည့်တိုက်မှူးတစ်ယောက်ရဲ့ အခန်းကဏ္ဍကကော ဘယ်လိုရှိသင့်သလဲ။**

**TK :** စာကြည့်တိုက်မှူးတွေအနေနဲ့လည်း စာပေကို လေ့လာသင့်ပါတယ်။ စာကြည့်တိုက်မှာ လာပြီးပညာရှာသူတွေကို လိုအပ်လျှင် ကူညီနိုင်အောင် စာဖတ်ထားရမယ်။ စံပြစာကြည့်တိုက်တစ်ခုမှာဆိုရင် Reference Librarian လို့ခေါ်တဲ့ ရည်ညွှန်းစာကြည့်တိုက်မှူး အနည်းဆုံး တစ်ယောက်ထားရှိရပါတယ်။ စာဖတ်သူတွေ သိလိုတဲ့ ရည်ညွှန်းအချက်အလက်တွေကို ဖြေပေးနိုင်ဖို့အတွက်ပါ။ မြန်မာနိုင်ငံမှာ လက်ရှိ ရှိနေတဲ့ ရည်ညွှန်းစာကြည့်တိုက်မှူးအရေအတွက်ဟာ လုံလောက်တယ်လို့တော့ မပြောနိုင်သေးပါဘူး။

**LC : စာကြည့်တိုက်တွေအတွက် လုံလောက်တဲ့ဘတ်ဂျက်ကို ဘယ်လိုရနိုင်မလဲ။**

**TK :** များသောအားဖြင့် နိုင်ငံခြားမှာကတော့ ဒေသအလိုက် ရထားတဲ့ အခွန်တွေကို အဲဒီဒေသမှာရှိတဲ့ စာကြည့်တိုက်တွေကို ခွဲဝေပေးလေ့ ရှိတယ်။ အထူးသဖြင့် စကင်ဒီနေးဗီးယန်းနိုင်ငံတွေဖြစ်တဲ့ ဆွီဒင်၊ နော်ဝေနဲ့ ဒိန်းမတ်လို နိုင်ငံမျိုးတွေမှာ ဒီစနစ်ကို တွင်တွင်ကျယ်ကျယ် သုံးနေကြတယ်။ တချို့ နိုင်ငံခြား စာကြည့်တိုက်တွေဆိုရင်လည်း စာကြည့်တိုက်လုပ်ငန်းကနေပဲ

ဝင်ငွေပြန်ရအောင် Rental Library အနေနဲ့ စာအုပ်ငှားခ ကောက်တယ်။ ဒီက ပုဂ္ဂလိက စာအုပ်အငှားဆိုင်လေးတွေလိုမျိုးပေါ့။

**LC : စာကြည့်တိုက်တွေအနေနဲ့ ရှားပါးပြီး တန်ဖိုးရှိတဲ့ စာအုပ်တွေကို ပျောက်လည်းမပျောက်၊ ဖတ်ချင်သူတွေလည်း ဖတ်ရအောင် ဘယ်လိုလုပ်ပေးရင် ကောင်းမလဲ။**

**TK :** စာကြည့်တိုက်တစ်ခုမှာ အပျောက်အရှ ရှိတတ်တာ သဘာဝပါ။ ပုံမှန်အားဖြင့် စာကြည့်တိုက်မှာရှိတဲ့ စာအုပ်တွေရဲ့ ငါးရာခိုင်နှုန်းအထိ ပျောက်ရှမှုကို သာမန်ပျောက်ရှမှုပဲလို့ ဦးသိန်းဟန်(ဆရာဇော်ဂျီ)က ပြောဖူးပါတယ်။

စာကြည့်တိုက်ရဲ့တာဝန်က ပညာဖြန့်ဖြူးဖို့ပါ။ မော်ကွန်းတိုက်ရဲ့တာဝန်ကတော့ ရှားပါးစာအုပ်စာပေ၊ မှတ်တမ်းမှတ်ရာနဲ့ စာရွက်စာတမ်းတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းဖို့ပါ။

ဒါကြောင့် စာကြည့်တိုက်နဲ့ မော်ကွန်းတိုက် ရောနေသလို မဖြစ်ဖို့လိုပါတယ်။ စာအုပ်တွေ ပျောက်ရှမှုမရှိရေးကိုဘဲ ကြည့်မယ်ဆိုရင် လူထုကို ပညာဖြန့်ဖြူးပေးရမယ့်တာဝန်ကို လစ်ဟင်းသွားနိုင်ပါတယ်။

**LC : ရှားပါးရေးဟောင်းစာအုပ်တွေ copy ကူးပြီး စာဖတ်သူတွေကို ငှားသင့်တယ်လို့ ထင်ပါသလား။ တချို့စာကြည့်တိုက်တွေကတော့ copy right ကို ချိုးဖောက်သလို ဖြစ်မှာစိုးလို့ဆိုပြီး အဲဒီလို မလုပ်ချင်ကြဘူး။**

**TK :** အမှန်တော့ စာကြည့်တိုက်မှာ copy right ဆိုတာ မရှိပါဘူး။ သက်ဆိုင်ရာစာရေးသူမှာသာ ရှိတာပါ။ ဒါဟာလည်း အဲဒီစာရေးသူ ကွယ်လွန်သွားပြီးနောက် နှစ်ပေါင်း ၅၀ အထိပဲ copy right က အကျုံးဝင်ပါတယ်။ စာကြည့်တိုက်က စာအုပ်ကို သာ ထိန်းသိမ်းထားနိုင်ခွင့် ရှိပါတယ်။ copy right ကို ထိန်း သိမ်းထားနိုင်ခွင့် မရှိပါဘူး။

စာအုပ်ကို ကူးပြီးငှားတယ်ဆိုတာလည်း ပညာပြန့်ပွားဖို့ အတွက်ပဲ ရောင်းစားတာမှ မဟုတ်တာ။ မူရင်းကတော့ ရှားပါး စာအုပ်မို့လို့ မငှားတော့ဘူး၊ Copy ကိုတော့ ငှားပေးနိုင်တယ်၊ လိုအပ်သလို ကူးပေးနိုင်တယ်။ နိုင်ငံခြားတက္ကသိုလ်တွေမှာတော့ ကျောင်းသားတွေအတွက် တက္ကသိုလ်စာကြည့်တိုက်တွေက ဒီလို ရှားပါးတဲ့ စာအုပ်တွေကို ကူးထားပေးတတ်ပါတယ်။ သူတို့ဆီမှာ ကွယ်လွန်သွားတာ နှစ် ၅၀ ကျော်သွားပြီဖြစ်တဲ့ စာရေးဆရာ တွေရဲ့ စာအုပ်တွေဟာ ပြည်သူပိုင်တွေ ဖြစ်သွားပြီ၊ အများနဲ့ ဆိုင်တယ်ပေါ့။ ဒါမျိုးကို အများပြည်သူတွေ သုံးလို့ရအောင်လို့ Copy Right အခမဲ့ပေးထားတယ်။ Internet တွေ ဘာတွေပေါ် လည်း တင်ထားပေးတတ်ပါတယ်။

**LC : ဒီကနေ့ခေတ် စာကြည့်တိုက်တွေမှာ စာအုပ်မဟုတ်တဲ့ CD-ROM၊ ကက်ဆက်ခွေ၊ ဗီဒီယိုခွေတွေလည်း ထားလာကြတယ်။ နိုင်ငံပိုင်စာကြည့်တိုက်တွေမှာ သာမန်စာအုပ် ငှားပေးတာမျိုး အခက်အခဲမရှိပေမယ့် ဒီလို Media ပစ္စည်းတွေကျတော့ ဈေးကြီးတာတစ်ကြောင်း၊ အရေအတွက် နည်းတာလည်းတစ်ကြောင်းကြောင့် အကန့်အသတ်ရှိကြပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ဘယ်လိုသုံးသပ်ပါသလဲ။**

**TK :** ဒီလို Media ပစ္စည်းတွေကို ငှားပေးသင့်တယ်လို့ ထင်ပါတယ်။ တကယ်လို့ ပျောက်ရှမှာ စိုးရိမ်တယ်ဆိုရင်တော့ တချို့ နိုင်ငံတကာစာကြည့်တိုက်တွေမှာလိုမျိုး Deposit လေး ယူထားလိုက်ပေါ့။ ပျောက်သွားရင် အဲဒီငွေထဲက နုတ်လိုက်တာပေါ့။ အခုအခွေဆိုင်တွေမှာ ခွေသွားငှားရင် စပေါ်ပေးထားရသလိုမျိုးပဲလေ။ နောက် CD တို့ ဘာတို့ ဆိုတာမျိုးကလည်း လွယ်လွယ်ကူကူနဲ့ ပွားလို့ရတာပဲ။ အစစ်ကိုမငှားဘဲ Copy ပဲ ငှားပေါ့။ ဒီလိုပစ္စည်းတွေကို နိုင်ငံခြားက လာလှူရင်လည်း နယ် မှာရှိတဲ့ တက္ကသိုလ် ကောလိပ်တွေက ဆရာတွေ၊ ကျောင်းသား တွေပါ လုံလုံလောက်လောက် သုံးစွဲလို့ရအောင် Copy လုပ်ပြီး အဲဒီတက္ကသိုလ် ကောလိပ်တွေကို ဖြန့်ဝေပေးသင့်ပါတယ်။

ကျွန်တော် နိုင်ငံခြားမှာ တွေ့ဖူးတာတွေကတော့ တက္ကသိုလ်တွေမှာ ပါမောက္ခကြီးတွေရဲ့ Lecture တွေကို အသံသွင်းထား တယ်။ ပြီးတော့ ကျောင်းသားတွေက အဲဒီအခွေတွေကို ကျောင်း စာကြည့်တိုက်မှာ သွားငှားနိုင်တယ်။ အဲဒီလိုအခွေမျိုးတွေရဲ့ Copy Right တွေကိုလည်း ဆရာတွေက တက္ကသိုလ်တွေကို လှူထားတယ်။ အခု ဒီနေ့လိုပေးလိုက်တဲ့ Lecture တွေတောင် နောက်တစ်နေ့ဆိုရင် စာကြည့်တိုက်ထဲမှာ ရှိတယ်။ ချက်ချင်း အသံသွင်း၊ Copy ပွားပြီး စာကြည့်တိုက်ထဲမှာ ထားလိုက်တယ်။ ဒီ Lecture ကို လွတ်သွားတဲ့ ကျောင်းသားတွေအနေနဲ့ အေးအေး ဆေးဆေး နောက်မှ ပြန်နားထောင်လို့ ရတာပေါ့။ သိပ္ပံပညာ နဲ့ပတ်သက်တဲ့ Lecture တွေ (ဥပမာ–ဆေးပညာမှာ ခွဲစိတ် ကုသမှုတစ်ခု သင်ကြားသလိုမျိုး) ဆိုရင် ဗီဒီယိုတွေလည်း ရိုက် ထားတယ်။ အဲဒီခွဲစိတ်မှုမျိုးက အမြဲ လုပ်မပြနိုင်ဘူးလေ။ ကျောင်းသားကလည်း အဲဒီခွဲစိတ်မှုကို နားမလည်မချင်း အကြိမ် ကြိမ် ပြန်ကြည့်လို့ရတယ်။

**LC : နိုင်ငံတကာမှာတော့ ပညာရပ်ဆိုင်ရာ စာစောင်၊ ဂျာနယ်တွေနဲ့ အထွေထွေစာနယ်ဇင်းတွေကို Internet ပေါ်မှာပဲဖြစ်ဖြစ်၊ CD တို့ ဘာတို့နဲ့ပဲဖြစ်ဖြစ် သိမ်းထားတဲ့ Database မျိုးကို E-Library အဖြစ် သတ်မှတ်တယ်လို့ သိရပါတယ်။ ဒီမှာတော့ လူအများစုက CD-ROM တွေထားတဲ့ စာကြည့်တိုက်ကို E-Library လို့ ယူဆနေကြပါတယ်။ အနာဂတ်မြန်မာနိုင်ငံ အတွက် E-Library တွေ ဘယ်လောက် အရေးကြီးတယ်လို့ ထင်ပါသလဲ။**

**TK :** မြန်မာပြည်မှာကတော့ E-Library နဲ့ပတ်သက်လို့ အသိပညာပြန့်ပွားလာအောင် ဆောင်ရွက်ပေးသင့်ပါတယ်။

ကျွန်တော်တို့ဆီမှာလည်း အခုထွက်တဲ့ စာအုပ်တွေရော၊ အရင်က စာအုပ်အဟောင်းတွေရော Digital Format နဲ့ ဖတ်လို့ရအောင် လုပ်ထားရပါမယ်။ Online မဟုတ်ရင်တောင် CD နဲ့ပေါ့လေ။ Myanmar Book Centre မှာလည်း JBRS က article တွေကို ပြန်ရိုက်ကူးထားပြီး CD လုပ်ထားတာ ရှိပါတယ်။ ဒေါက်တာ သန်းထွန်းတို့၊ ဆရာဇော်ဂျီတို့ ရေးခဲ့တဲ့ article တွေလည်း ပါပါတယ်။ Forever က လုပ်နေတဲ့ Myanmar E-Book လိုမျိုးက လည်း E-Library စနစ်ပါပဲ။

ဒီက တက္ကသိုလ် ကောလိပ်တွေမှာ နိုင်ငံခြားငွေအခက်အခဲကြောင့် နိုင်ငံတကာတက္ကသိုလ်တွေမှာလို တက္ကသိုလ် ကောလိပ်တစ်ခုအတွက် Online E-Library တစ်ခုရအောင် လုပ်မပေးနိုင်သေးပါဘူး။ Internet ကလည်း တက္ကသိုလ်တချို့မှာ သုံးလို့ရနေပြီဆိုတော့ အနည်းဆုံး E-Library Account တစ်ခုရအောင် Subscribe လုပ်ထားပြီး တက္ကသိုလ် ကောလိပ်တွေအားလုံး ဝေမျှသုံးလို့ရပါတယ်။ အဲဒီလိုမျိုး လုပ်ပေးနိုင်ရင် ကုန်ကျစရိတ်က စာအုပ်တွေ မှာတာထက် သက်သာပြီး သက်ဆိုင်ရာတက္ကသိုလ် ကောလိပ်တွေကို ဖြန့်ဖြူးဖို့လည်း လွယ်ပါလိမ့်မယ်။

**LC : အခြေခံပညာကျောင်းနဲ့ တက္ကသိုလ် ကောလိပ် စာကြည့်တိုက်တွေရဲ့ အခြေအနေကရော...။**

**TK :** အရင် ဆိုရှယ်လစ်ခေတ်တုန်းကတော့ ကျောင်းလခထဲမှာ စာကြည့်တိုက်အတွက်ပါ ထည့်ကောက်ပြီး ကျောင်းစာကြည့်တိုက်အတွက် ထောက်ပံ့ပေးတယ်။ အခုခေတ်မှာ ဒီစနစ်မရှိသလောက် ဖြစ်နေပြီ။ အရင်တုန်းက ကျောင်းတွေမှာ



စာကြည့်တိုက်မှာ စာဖတ်ဖို့အချိန်ကို စာသင်ချိန်ထဲကနေ တစ်ချိန်သတ်သတ် ခွဲထားပေးထားတတ်တယ်။ အခုနောက်ပိုင်း ပုဂ္ဂလိက,က ဖွင့်လှစ်လာကြတဲ့ ပညာရေးဝန်ဆောင်မှုတွေ ဥပမာ– YIEC တို့လို ကျောင်းမျိုးတွေမှာဆိုရင် သောကြာနေ့တိုင်း စာကြည့်တိုက်မှာ စာဖတ်ဖို့ သတ်မှတ်ထားတယ်။

**LC : ကျောင်းသားလူငယ်တွေ စာဖတ်အလေ့အကျင့်ရအောင် စာကြည့်တိုက်တွေက ဘယ်လိုပျိုးထောင်ပေးနိုင်မလဲ။**

**TK :** စာဖတ်ကျင့်ဆိုတာ ဖြည်းဖြည်းချင်း ပျိုးထောင်

## ဦးသော်ကောင်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

- ဒီဇင်ဘာ ၁၇ ရက် ၁၉၃၇ တွင် အဖ ‘စည်သူ’ ဦးကောင်း(ပညာမင်းကြီး)နှင့် အမိဒေါ်သိန်းတို့မှ မွေးဖွားခဲ့။
- ငယ်စဉ်က ဖခင်အလုပ်လုပ်ကိုင်ရာ အင်္ဂလန်နိုင်ငံသို့ လိုက်ပါနေထိုင် ပညာသင်ကြားခဲ့။
- ၁၉၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာပေအဓိကဖြင့် ပထမတန်းဝိဇ္ဇာဂုဏ်ထူးဘွဲ့ ရရှိခဲ့။
- ၁၉၆၂ ခုနှစ်တွင် စာကြည့်တိုက်ပညာ ဒီပလိုမာရရှိခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် စာကြည့်တိုက်ပညာ သင်ကြားရေးသင်တန်းကို သြစတြေးလျနိုင်ငံ ပတ်မြို့ရှိ Curtin University တွင် တက်ရောက်ခဲ့။
- ၁၉၅၉ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူးနှင့်၊ ၁၉၆၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူးအဖြစ် ထမ်းရွက်ခဲ့။
- အခုလက်ရှိအချိန်အထိ မြန်မာ့သမိုင်းကော်မရှင်အဖွဲ့ဝင်၊ ပညာတန်ဆောင်မဂ္ဂဇင်းအဖွဲ့ဝင်၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း တည်ထောင်သူနှင့် နာယက၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီအဖွဲ့ ဒု–ဥက္ကဋ္ဌနှင့် Congress of South East Asian Librarian ၏ အမှုဆောင်အဖွဲ့ဝင်တို့အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိ။
- ၁၉၉၉ ခုနှစ်တွင် University of Western Sydney မှချီးမြှင့်သော Doctor of Letters (Honoris Causa) ဘွဲ့ကို လက်ခံရရှိခဲ့။

ယူရပါတယ်။ လူငယ်တွေ စာဖတ်ဝါသနာ ပါလာအောင် ပျိုးထောင်တဲ့ဆီမှာ ပထမဆုံး အရုပ်ပုံတွေပါတဲ့ စာအုပ်တွေကနေ စပါတယ်။ နိုင်ငံခြားစာကြည့်တိုက်တွေမှာဆိုရင် ကလေးတွေ စာကြည့်တိုက်နဲ့ ရင်းနှီးလာအောင်၊ စာဖတ်ဝါသနာပါလာအောင် ရည်ရွယ်ပြီး ပုံပြောကျွမ်းကျင်သူတစ်ဦးကနေ ရုပ်ပုံကားချပ် ကလေးတွေသုံးပြီး ကလေးတွေကို ပုံပြောပြတဲ့ အစီအစဉ်တွေ ရှိပါတယ်။ မြန်မာနိုင်ငံ ပုဂ္ဂိုလ်တချို့လည်း ဒီလို ပုံပြောသင်တန်းမျိုး နိုင်ငံခြားကိုသွားပြီး တက်ခဲ့ဖူးပါတယ်။ အဲဒီလို အခြေခံကနေတစ်ဆင့် စာနည်းနည်း၊ ပုံများများပါတဲ့ စာအုပ် တွေ ဖတ်လာနိုင်တယ်။ နောက် Ladder Series တွေကို ဖတ်လာနိုင်မယ် စသဖြင့်ပေါ့။ အဲဒီလို အဆင့်ဆင့်ပျိုးထောင်ပေးရင် လူငယ်တွေ စာဖတ်ဝါသနာ ပါလာမှာပါ။ ဒါ့အပြင် စာကြည့်တိုက်တွေကို လူငယ်တွေနဲ့ စိမ်းနေ၊ ဝေးကွာမနေဘဲ သူတို့ အနီးပတ်ဝန်းကျင်မှာ ရှိနေအောင်လည်း လုပ်ထားပေးသင့်တယ်။ စင်ကာပူမှာဆိုရင် ပြည်သူ့စာကြည့်တိုက်တွေကို လူငယ်တွေ သွားလာလေ့ရှိတဲ့ နေရာမျိုး ဥပမာ-Shopping Mall လို နေရာမျိုးတွေမှာ ထားပါတယ်။ ဒီလိုနည်းနဲ့ စင်ကာပူမှာ Knowledge Base Society ဖြစ်အောင် လုပ်နေတယ်။ ဒါကြောင့် လည်း သူတို့နိုင်ငံဟာ Human Resource ကို အသုံးချပြီး ရပ်တည်နေနိုင်တာပေါ့။

**LC : ဒီနေ့ခေတ်မှာ လူငယ်တွေစုပေါင်းပြီး တစ်နိုင်တစ်ပိုင် စာကြည့်တိုက်ကလေးတွေ ထူထောင်လာကြတာကိုရော ဘယ်လို မြင်ပါသလဲ။**

**TK :** လူငယ်တွေ စုပေါင်းပြီး စာကြည့်တိုက်တွေ တည်ထောင်လာကြတာကို ကြိုဆိုပါတယ်။ ဒီလိုနည်းနဲ့ လူငယ်တွေမှာ စာဖတ်ဝါသနာ တိုးတက်လာစေနိုင်ပါတယ်။ ဒါပေမယ့် လူငယ်တွေဟာ စာကြည့်တိုက်အတတ်ပညာကို လေ့လာလိုက်စားသင့်တယ်လို့ ထင်ပါတယ်။ ဒါမှသာ စနစ်ကျနတဲ့ စာကြည့်တိုက် အဖြစ် ထူထောင်နိုင်မှာပါ။ နောက်ပြီးတော့ လူငယ်တွေ တည်ထောင်တဲ့ စာကြည့်တိုက်တွေမှာ အဓိကအားဖြင့် ငွေရေးကြေးရေး အခက်အခဲတွေလည်း တွေ့ရနိုင်တယ်။ ပံ့ပိုးထောက်ပံ့သူတွေ မရှိရင် ဒီလိုစာကြည့်တိုက်မျိုးအနေနဲ့ ရေရှည်ရပ်တည်ဖို့ မလွယ်ပါဘူး။ လူငယ်မျိုးဆက်တစ်ဆက်အနေနဲ့ အကြောင်းအမျိုးမျိုး ကြောင့် ဒီစာကြည့်တိုက်ကို ဆက်မလုပ်နိုင်တော့ဘဲ နောက်ထပ် မျိုးဆက်တစ်ဆက်ကို တာဝန်ပေးခဲ့မယ်ဆိုရင် နောက်လုပ်မယ့် လူငယ်တွေဟာ ပထမလူငယ်တွေလောက် စိတ်အားထက်ထက် သန်သန်လုပ်နိုင်မှာ မဟုတ်ဘူး။

**ဖြိုးဝင်းလတ်**

ကြော်ငြာ



ဤကဏ္ဍတွင်......


၅၂ ခေတ်မီ ပြည်သူ့စာကြည့်တိုက်များ တိုးမြှင့်ထူထောင်ရေး

၅၆ ပညာရှာရခြင်း အကြောင်းရင်းငါးရပ်

၅၈ လိုအပ်နေသည့် စာကြည့်တိုက်ကောင်းများ

၆၀ မြို့ပြလူဦးရေ ပြောင်းရွှေ့ဝင်ရောက်မှု နှင့် အလုပ်အကိုင်အခွင့်အလမ်းများ

၆၃ အမျိုးသမီးတို့၏ စွမ်းရည်နှင့် တိုးတက်မှု


# ခေတ်မီ ပြည်သူ့စာကြည့်တိုက်များ တိုးမြှင့်ထူထောင်ရေး

မျိုးညွှန့်မောင်

**'မမင်းဖြူ မှန်မှန်ပြော'၊ 'ဥသြအော်မြည် ကုန်းဘောင်တည်' အစရှိသော စကားစု များတီထွင်၍ မှတ်သားမှုများမှာ တစ်ခေတ်တစ်ခါက မိမိအလိုရှိသည့် သမိုင်းအချက် အလက်တို့ကို မှတ်သားလက်ဆင့်ကမ်းရာတွင် အသုံးဝင်ခဲ့သည်မှန်သော်လည်း Globalization ခေါ် ကမ္ဘာပြုခြင်းဖြစ်စဉ် အရှိန်မြင့်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရပ်ရပ်တို့ကို နှံ့စပ်စွာ လေ့လာသိရှိရန် လိုအပ်လာရာ ယခင်နှင့်မတူ နေ့စဉ်နှင့်အမျှ တိုးတက်များပြားလာသော ဗဟုသုတနှင့်အချက်အလက် များကို ခေတ်မီနည်းပညာ၊ စီမံခန့်ခွဲမှုတို့ကို အသုံးပြုမှတ်သားရမည့်အပြင် Quick Reference များပါ စနစ်တကျထားရှိသော စာကြည့်တိုက်များအား မြန်မာနိုင်ငံ၏ အစွန်အဖျားရှိ ဒေသများပါမကျန် နေရာအသီးသီးတွင် တိုးမြှင့်ထူထောင်နိုင်ရန် လိုအပ်ပါသည်။**

Globalization ဖြစ်စဉ်တွင် မိမိနိုင်ငံနှင့် အဖွဲ့အစည်း တစ်ပြေးညီလိုက်ပါနိုင်ရေးအတွက် နိုင်ငံတကာစံမီ ပညာရေး ရေချိန်ရှိသော Super Empowered Individual အမြောက်အမြား မွေးထုတ်ပေးနိုင်မည့် ပညာရေးဆိုင်ရာ မူဝါဒများ ချမှတ်ရန် အရေးကြီးသည့်အပြင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုအရပ်ရပ်၏ ရင်းမြစ်များဖြစ်သော နိုင်ငံသားများ၏ Capacity Building ကို အစဉ်မြှင့်တင်ပေးနိုင်ရန်အတွက် ၎င်းတို့နေထိုင်ရာဒေသအတွင်း၌ ပြည်သူ့စာကြည့်တိုက်များ ရှိနေစေရန်လည်း အရေးကြီးလှပါသည်။ စာဖတ်သော အလေ့အထကို ပြည်သူ့စာကြည့်တိုက်များမှ တစ်ဆင့် ပြုစုပျိုးထောင်ပေးနိုင်ခြင်းဖြင့် မိမိဉာဏ်ရည်နှင့် လျော်ညီသော နှံ့စပ်သိမြင်သူများဖြစ်နိုင်မည်ဖြစ်သည်။

လူမှုအဖွဲ့အစည်းတစ်ခုအတွက် အရေးကြီးသော အကြောင်းကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်ရာ၌ အကြောင်းကိစ္စတစ်ခုစီအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်သူများရှိသည့်တိုင် စာပေဖတ်ရှုနှံ့စပ်သူများထံမှလည်း အကောင်းဆုံး အကြံဉာဏ်များ ပေါ်ထွက်လေ့ရှိသည်ဟု Francis Bacon က ဆိုပါသည်။

"စာအုပ်စာပေဖတ်ရှုမှု ဆိုသည်မှာ မည်သည့်စာပေကိုမဆို ဖတ်ရှုရန်လိုအပ် ပြီး စစ်ကြောစုပ်ယူနိုင်မှု အတိုင်းအတာ အလိုက် အကျိုးရှိသည်ချည်းဖြစ်၍ စာပေ

မျိုးစုံဖတ်ရှုမှုအား အစဉ် လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်သည်” (Source:ဘက်စုံနှံ့စပ်သိမြင်မှုနှင့် ခေါင်းဆောင်မှုအတတ်ပညာ။ နေဝင်းမောင်)

Francis Bacon ကလည်း “ကဗျာကို ဖတ်ရှုခြင်းဖြင့် ကွန့်မြူးသောဉာဏ်ရရှိစေသည်။ သင်္ချာကို လေ့လာခြင်းဖြင့် လျင်မြန်သောဉာဏ်ကို ရရှိစေသည်။ သမိုင်းကျမ်းများက အမြင်ကျယ်စေသည်။ သဘာဝသိပ္ပံပညာကြောင့် ဗဟုသုတ နက်ရှိုင်းကြွယ်ဝစေနိုင်ပြီး ဒဿနစာပေများက ကိုယ်ကျင့်တည်ကြည်လေးနက်စေသည်။ ယုတ္တိဗေဒနှင့် ဝစရာလင်္ကာရ(အာဝဇ္ဇန်း) ပညာရပ်တို့ လေ့လာထားပါက သူတစ်ပါးနှင့် ရင်ဆိုင်ယှဉ်ပြိုင် ပြောဆိုရာတွင် နှာတစ်ဖျားသာစေသည်”ဟု ဆိုပါသည်။

စာပေသည် နိုင်ငံနှင့် လူ့ဘောင်အား အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက်သာမက နိုင်ငံ၏သမိုင်းကြောင်းအစဉ်အလာ၊ ပထဝီအနေအထား၊ ပြောင်းလဲသောခေတ်နှင့် လျော်ညီစွာ ပြောင်းလဲတိုးတက်စေရန်တို့အတွက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့အတွက်ပါ အရေးပါသည့်အတွက် အမျိုးသားစာကြည့်တိုက်မှသည် ကျေးလက်စာကြည့်တိုက်အထိ စနစ်တကျ ဖွဲ့စည်းထားရှိကြရပါသည်။ အထူးသဖြင့် အမျိုးသားစာကြည့်တိုက်များသည် ဥပဒေပြုလွှတ်တော်မှ လိုသမျှကိစ္စအရပ်ရပ်အတွက် အဖြေရှာရမည့်အပြင် ဥပဒေကျမ်းဆိုင်ရာ အချက်အလက်များကို ဖြည့်စွက်ပေးရပါသည်။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဌာနများ၏ လိုအပ်မှုမှန်သမျှကို ဝန်ဆောင်မှုပေးရပါသည်။ စာကြည့်တိုက်အမျိုးအစားအလိုက် ဘဏ္ဍာရေးအင်အားနှင့် ညှိနှိုင်းတွက်ချက်ကာ ကျယ်ပြန့်နိုင်သလောက် ကျယ်ပြန့်သော ဝန်ဆောင်မှုပေးနိုင်ရန် စာအုပ်များ စုဆောင်းကြသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် ကမ္ဘာတွင် အာရှရေးရာ အရေးပါလာချိန်မှစတင်၍ Yale University Library သည် အာရှနိုင်ငံများကို လေ့လာလိုသူတို့အတွက် သက်ဆိုင်ရာနိုင်ငံတို့၏ စာအုပ်များကို ရနိုင်သလောက် စုဆောင်းခဲ့ရာ မြန်မာနိုင်ငံတစ်ခုတည်းနှင့် စပ်ဆိုင်သော အုပ်ချုပ်ရေး၊ ဓမ္မသတ်၊ အနုစာပေများသာမက သူရိယ၊ နဂါးနီ၊ ဂန္တလောက၊ ဂရိတ်တားအေးရှား၊ နေးရှင်း၊ ရှုမဝ၊ သွေးသောက် အပါအဝင် စာနယ်ဇင်းများကိုပါ စုဆောင်းခဲ့ရာ ၁၉၆၁ ခုနှစ် စာရင်းအရ ပုံနှိပ်စာပေါင်း လေးသောင်းကျော် ရှိသည်ဟု သိရပါသည်။ (စာကြည့်တိုက် နှီးနှောဖလှယ်ပွဲစာတမ်း-၁၉၆၈)

ကမ္ဘာနှင့်အဝန်း နိုင်ငံများတွင်တည်ရှိသော စာကြည့်တိုက်အမျိုးအစားခွဲခြားပုံအရ အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ သုတေသနအဖွဲ့အစည်းစာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်ဟူ၍ရှိရာ အဆိုပါစာကြည့်တိုက်များအနေဖြင့် ၂၀ ရာစုနောက်ပိုင်းတွင် စာကြည့်တိုက်များ၏ အရေးပါ အသုံးဝင်မှုကို ပိုမိုတန်ဖိုးထားတတ်လာသည်နှင့်အမျှ ခေတ်နှင့်လျော်ညီသော အပြောင်းအလဲများကို ဆောင်ရွက်လာကြပါသည်။ ဥပမာအားဖြင့်-

(၁) စာကြည့်တိုက်ရှိ ကျောင်းသုံးစာအုပ်များထဲမှ ဆိုင်ရာအခန်းကဏ္ဍကိုသာဖတ်ခိုင်းသည့်အစား ပညာရပ်နှင့် သက်ဆိုင်သမျှ စာအုပ်များကို ကိုယ်တိုင်လွတ်လွတ်လပ်လပ် ရှာဖွေ၊ ထုတ်ယူ၊ သုတေသနပြုခွင့်ပေးလာခြင်း၊

(၂) ငှားရမ်းခွင့် ဖတ်ရှုခွင့်ပေးရုံဖြင့် ကျေနပ်ရောင့်ရဲခြင်းမရှိဘဲ စာအုပ်ပါ အချက်အလက်ကို အထောက်အကူပြုနိုင်သည့် စီဒီရွှမ်၊ ပန်းချီကား၊ ပလာစတာရုပ်တုများ၊ ရုပ်ရှင်များပါ စုဆောင်းထားရှိခြင်း၊

(၃) လူထုနှင့် အနီးစပ်ဆုံးဖြစ်သည့် ပြည်သူ့စာကြည့်တိုက်များနှင့် အပြန်အလှန်ဆက်သွယ်ကာ မိုက္ကရိုဖလင်ဖြင့် ကူးယူထားသော ရှားပါးစာအုပ်များကို ကူးယူပြန့်ပွားစေခြင်းတို့ကို ဆောင်ရွက်လာကြပါသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာပညာရေးကို ပိုမိုစိတ်ဝင်စားမှုရှိလာသည့်အလျောက် ပုဂ္ဂလိကသင်တန်းများမှ စာကြည့်တိုက်များ ထူထောင်ခြင်းအား သင်ကြားရေးကို အထိရောက်ဆုံးအထောက်အကူပြုသည့်လုပ်ငန်းဆောင်တာတစ်ခုအဖြစ် ရှုမြင်မှုရှိလာသည့်အပြင် အစိုးရပိုင်းမှလည်း ကျေးရွာများအထိ ဒေသဆိုင်ရာနှင့် ကျောင်းစာကြည့်တိုက်များ တည်ထောင်ရန် တွန်းအားပေး ဆောင်ရွက်



လျက်ရှိကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြလျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပညာရှာသူများအတွက်လည်း စဉ်ဆက်မပြတ်သင်ကြားရေးကို အခြားနိုင်ငံများနှင့် အချိန်ကိုက်ဆောင်ရွက်နိုင်ရန်အတွက် စနစ်ကျနသော ပြည်သူ့စာကြည့်တိုက်များ လိုအပ်လျက်ရှိပါ သည်။ စာကြည့်တိုက်ဟူသည်မှာ အမျိုးသားထုတစ်ရပ်လုံး၏ ဗဟုသုတနှင့် ပညာရှာဖွေမှု၊ စာပေစုဆောင်းမှု၏ ဂုဏ်ယူဖွယ်ရာသရုပ်သကန်မျှမက ပညာရှာသူများအတွက် ဆရာသင်ပြမှုတွင်သာ ရပ်တန့်မသွားဘဲ စာမျိုးစုံကိုဖတ်ရှု၍ အယူအဆရှုထောင့်အမျိုးမျိုးမှ ဝေဖန်ပိုင်းခြား၍ ပညာသစ်ထုတ်လုပ်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော အခြေခံလူမှုစီးပွားအဆောက်အဦဖြစ်သည်ကို လေးလေးနက်နက် သဘောပေါက်ခံယူကြရမည်သာဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဒေသအနှံ့အပြားတွင် စာကြည့်တိုက်များ ထူထောင်ရာ၌ အဆိုပါဒေသရှိ လူထုတစ်ရပ်လုံးအား ဆွဲဆောင်မှုရှိစေရမည်ဖြစ်သည်။ ထို့အတွက် ‘ပြည်သူဟူသော စကားရပ်ကို Marketing Tool အဖြစ် ဆွဲဆောင်နိုင်ရန် ပြည်သူ့စာကြည့်တိုက်’ဟု အမည်နာမတပ်၍ ထူထောင်လေ့ရှိကြသည်။ ပြည်သူ့စာကြည့်တိုက်တစ်ခုတွင် ရှိသင့်ရှိထိုက်သည့် အခြေခံအင်္ဂါရပ်များမှာ–

(၁) ဒေသတွင် နေထိုင်သူအားလုံး လွတ်လပ်စွာ အသုံးပြုနိုင်ခွင့်ရှိခြင်း၊

(၂) အဆိုပါဒေသခံတို့၏ ရှင်သန်လုပ်ကိုင်မှုစရိုက်သဘာဝများနှင့် ကိုက်ညီသော စာအုပ်စာပေများ စုံလင်စွာထားရှိခြင်း၊

(၃) အသုံးပြုခွင့် တစ်ပြေးညီ ရရှိနိုင်မည့်အစီအမံများရှိခြင်း၊

(၄) ပုဂ္ဂလိက စီးပွားဖြစ်လုပ်ကိုင်မှုမဟုတ်ဘဲ သက်ဆိုင်ရာပြည်သူ့အုပ်ချုပ်ရေးအဖွဲ့အစည်း၏ လက်အောက်တွင် ရှိခြင်း၊

(၅) အဆိုပါ အဖွဲ့အစည်း၏ အထောက်အပံ့ လုံလောက်စွာရှိခြင်း၊

(၆) ပြည်သူ့စာကြည့်တိုက်အက်ဥပဒေပြဋ္ဌာန်းပြီး ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက ပြည်သူ့အခွန်အကောက်ဖြင့် တည်ထောင်ကာ ပြည်သူများ အခမဲ့အသုံးပြုနိုင်အောင် စီမံထားခြင်းတို့ဖြစ်သည်။ (Source:The Chance to read: public Libraires in the world todays by MC Colvin, L.R)

ဖော်ပြပါ အခြေခံအင်္ဂါရပ်များနှင့် ညီညွတ်စွာ ထူထောင်ပြီးသည့် ပြည်သူ့စာကြည့်တိုက်များ၏ ရေရှည်တည်တံ့ရေးအပြင် ပြည်သူလူထုအား ခေတ်မီမီ အသုံးကျကျ ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်သည့် လုပ်ငန်းတစ်ခု ဖြစ်လာစေရန်အတွက် အဆင့်မြှင့်တင်မည့် စီမံခန့်ခွဲမှုများရှိရန် အစဉ်အမြဲ လိုအပ်ပါသည်။

၁၉၁၃ ခုနှစ်တွင် ရုရှခေါင်းဆောင် လီနင်ကလည်း ၎င်း၏ ‘လူထုပညာရေးအတွက် ဘာလုပ်စရာရှိသလဲ’ ဆောင်းပါး၌ “စာကြည့်တိုက်တစ်ခု၌ အရေးကြီးသည်မှာ ၅ ရာစု၊ ၁၀ ရာစုခေတ်က ကျမ်းဂန်စာပေ သိမ်းဆည်းထားသည့်ဂုဏ်ထက် မိမိစာကြည့်တိုက်မှ စာအုပ်များသည် စာဖတ်၊ စာငှားသူလက်သို့ ဘယ်မျှ ပျံ့နှံ့ရောက်ရှိသည်၊ နောက်ထပ် စာဖတ် စာငှားသူ ဘယ်မျှ တိုးပွားလာသည်ဆိုသော အချက်ပင်ဖြစ်သည်” ဟု စီမံခန့်ခွဲမှုကောင်းမွန်ရန် လိုအပ်ပုံကို ထောက်ပြခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာနည်းတူ ဝန်ဆောင်မှုပြည့်ဝသော ပြည်သူ့စာကြည့်တိုက်များအဖြစ် ရေရှည်ရပ်တည်နိုင်ရေးအတွက် အောက်ပါစီမံခန့်ခွဲမှုများ လိုအပ်ပါသည်။

**(၁) စာကြည့်တိုက်ပညာ ကျွမ်းကျင်သူများမွေးမြူရေး။**

စာကြည့်တိုက်ပညာ၏ အခြေခံဖြစ်သော Cataloguing (ကတ်တလောက်ပြုလုပ်နည်း)၊ Classification (မျိုးတူစုနည်း)၊ Organization & Administration (စာဖတ်သူ တိုးပွားအောင် ဖွဲ့စည်းနည်းနှင့် အုပ်ချုပ်နည်း)၊ Assistance to Readers or Reference Work [စာဖတ်သူအား ကူညီနည်း (သို့မဟုတ်) ရည်ညွှန်းလုပ်ငန်း] တို့ အမှန်တကယ် ကျွမ်းကျင်သူများသာ



စာကြည့်တိုက်ဝန်ထမ်းအဖြစ် ထားရှိရမည် ဖြစ်သည်။ အကြောင်းမှာ ပြည်သူ့စာကြည့် တိုက်ဆိုသည်မှာ ကျောင်း၊ ဆေးရုံနှင့် အကျဉ်းထောင်အထိ ဖွင့်လှစ်ထားရန် လိုအပ်ရာ ဝန်ထမ်းများ ကျွမ်းကျင်သော ဝန်ဆောင်မှုအရည်အသွေးမှာ အဓိကကျ သောကြောင့် ဖြစ်သည်။ ကျောင်း၊ ပညာ ရေးနှင့် စဉ်ဆက်မပြတ်ပညာရေးတို့ အလျဉ် မပြတ် ဆက်စပ်ပေးနိုင်ရေး၊ စာဖတ်သူ များ၏ စိတ်ဝင်စားမှု ကျယ်ပြန့်စေရေး၊ စာဖတ်သူတိုင်းနှင့် သက်ဆိုင်သော လုပ် ငန်းဆောင်တာအထွေထွေအား ကောင်း စွာအထောက်အပံ့ပြုနိုင်ရေး၊ စိတ်ဖျော် ဖြေရေးတို့မှာ စာကြည့်တိုက်ကောင်း တစ်ခု၏ ဦးတည်ချက်များ ဖြစ်ပါသည်။

**(၂) ကလေးစာကြည့်တိုက်ဌာန ထားရှိရေး။**

ကလေးစိတ်ပညာရှင်များအဆိုအရ ရုပ်ပုံများများ၊ စာလုံးကြီးကြီး စာအုပ်များ အပြင် ကစားစရာများ၊ ကလေးစားပွဲ၊ ကလေးကုလားထိုင်များပါ ထားရှိရန် လိုအပ်ပြီး ကလေးသူငယ်များ အန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်အသွား အလာနည်းပါးသော လမ်းကျဉ်းလမ်းငယ် များဘက်တွင် ဝင်/ထွက်ပေါက်များ ထား ရှိသင့်သည်။ နိုင်ငံတစ်နိုင်ငံအတွက် အရေး ပါသည့် မျိုးဆက်သစ်များအား လူကျင့်ဝတ်နှင့် ပညာရှာလိုစိတ်ကို ငယ်စဉ်ကတည်း က ပျိုးထောင်ပေးရန် ရည်ရွယ်ချက်အရ ဖြစ်သည်။

**(၃) အချိန်ကိုက်ထွက်ရှိသော စာနယ်ဇင်းများ၊ စဉ်ဆက်မပြတ် ဖြည့်တင်း ရေး။**

Globalization ဖြစ်စဉ်တွင် အမီ လိုက်ပါနိုင်ရေးအတွက် ကမ္ဘာနှင့် အဝန်းရှိ နယ်ပယ်အသီးသီး၏ စဉ်ဆက်မပြတ် ပြောင်းလဲမှုကို သိရှိနိုင်ရန် ဖြစ်သည်။ ဂျာနယ်၊ မဂ္ဂဇင်း အပါအဝင် Up-Date ဖြစ်နေသော သုတေသနစာတမ်းများသည် ပညာရပ်ဆိုင်ရာ နောက်ဆုံးတွေ့ရှိချက်၊ အတွေးအခေါ်သစ်များ ပါရှိပါသည်။ (မှတ်ချက်။ ။ စာကြည့်တိုက်အား ပိတ် ရက်မရှိ ဖွင့်လှစ်ရန် လိုအပ်ပါသည်။ Moscow University Library သည် ဒုတိယကမ္ဘာစစ်အတွင်း၌ပင် ပိတ်ရက်မရှိ ဟု မှတ်တမ်းများအရ သိရသည်။)

**(၄) Quick Reference များ အလွယ်တကူရှာဖွေနိုင်ရေး။**

နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍများ၏ အသက်ဟုဆိုနိုင်မည့် အခြေခံသုတေသန၊ ဖွံ့ဖြိုးရေးသုတေသန လုပ်ငန်းများအား ထိရောက်စွာ ပံ့ပိုးနိုင်သည့် Quick Reference များ အရန်သင့်ထား ရှိရမည် ဖြစ်သည်။ သို့မှသာ လိုအပ်သော အချက်အလက်ကို စာအုပ်များစွာ အစအဆုံး ဖတ်ရှုရှာဖွေရန် အချိန်ကုန်သက်သာမည် ဖြစ်သည်။ စာကြည့်တိုက်၏ စာစုစာရင်း များ၌လည်း ဖြည့်စွက်မှတ်စု အမြဲပြုလုပ် ရမည် ဖြစ်သည်။ အရေးကြီးအသုံးဝင်ပါ က မိုက္ကရိုဖလင်၊ စီဒီရွှမ်ဖြင့် သိမ်းဆည်း ထားရမည်။ စာကြည့်တိုက်ဝန်ထမ်းများ အနေဖြင့် စာကြည့်တိုက်ကို အသုံးပြုရန် လိုအပ်သော ပညာရပ်များအတွက် သက်ဆိုင်ရာအချက်များ မည်သည့်စာအုပ်၏ မည်သည့်နေရာ၊ မည်သည့်ကဏ္ဍ၌ ပါရှိ သည်ကို စာသားပါမကျန် တိကျစွာ သက်ဆိုင်ရာ စာစုစာရင်း၊ အညွှန်းများမှ ရှာဖွေပေးနိုင်ရပါမည်။ ငွေကြေးအင်အား တောင့်တင်းပါက ကွန်ပျူတာအသုံးပြု၍ Quick Reference အလွယ်တကူ ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

**(၅) ပြင်ပဌားရမ်းမှု ကြပ်မတ်သော စနစ်ဖြင့် ဆောင်ရွက်ရေး။**

စာအုပ်စာပေကို တန်ဖိုးထား မြတ်နိုးသော ပညာရှင်များသည်ပင်လျှင် အသေးအဖွဲကိစ္စများကို အာရုံမစိုက်မိ တတ်ဘဲ မေ့လျော့လေ့ရှိတတ်သော ကြောင့် ဌားရမ်းရာတွင် ရက်မရွေး၊ လူမရွေး၊ အလုပ်အကိုင်မရွေးဘဲ စည်းကမ်းကြပ်မတ် ရန် လိုအပ်ပါသည်။ ကြုံရာလူ စာရင်း ကိုင်ခြင်း၊ ဌားရမ်းသူ၏ ဂုဏ်သိက္ခာ အတိုင်းအတာကြောင့် လွယ်လွယ်ဌားခြင်း တို့ကြောင့် ပျောက်ရှမှု များပြားတတ်သည် ဟု အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်များ အဖွဲ့ချုပ်၏ စစ်တမ်းတစ်ခုအရ သိရပါ သည်။

**(၆) ပြည်တွင်းပြည်ပ စာကြည့်တိုက် အချင်းချင်း စဉ်ဆက်အပြတ် ဆက်သွယ် မှုရှိရေး။**

UNESCO နှင့် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက် အဖွဲ့ချုပ်တို့ကလည်း ဤ အချက်ကို အလေးထား ဆောင်ရွက်ရန် တိုက်တွန်းလျက် ရှိပါသည်။ စာကြည့် တိုက်အချင်းချင်း ဆွေးနွေးပွဲများ ပြုလုပ် ခြင်း၊ စာကြည့်တိုက်ဆိုင်ရာ ဗဟုသုတနှင့် ပညာရပ်အပြောင်းအလဲကို ဖလှယ်နိုင်ရန် Communication Network ဖြင့် အပြန် အလှန်ဆက်သွယ်စေခြင်း၊ စာအုပ်စာတမ်း ဖလှယ်ခြင်း၊ (မှတ်ချက်။ ။ ခေတ်မီ နည်း ပညာတိုးတက်လာသည့်အတွက် မိုက္ကရို ဖလင်၊ စီဒီရွှမ်တို့ဖြင့် ပြန့်ပွားအောင် ဆောင်ရွက်နိုင်ပြီ ဖြစ်သည်။) မိမိတို့ စာကြည့်တိုက်တွင် အခြားစာကြည့်တိုက် များမှ ကတ်တလောက်များ ထားရှိရမည့် အပြင် အခြားစာကြည့်တိုက်များ၌လည်း မိမိတို့ ကတ်တလောက်ရှိနေစေရန် ဆောင် ရွက်ခြင်း (မှတ်ချက်။ ။ ဒုတိယကမ္ဘာစစ် မတိုင်မီ ရန်ကုန်တက္ကသိုလ် စာကြည့် တိုက်သည် အမေရိကန်ကွန်ကရက်လွှတ် တော်အပါအဝင် ကမ္ဘာနှင့်အဝန်း စာကြည့် တိုက်အချို့မှ ကတ်တလောက်များ ထား ရှိပါသည်။ ယခုအခါ အင်တာနက်ကို အသုံးပြု၍ အပြန်အလှန် ဆက်သွယ်နိုင် ၍ နယ်နိမိတ်အတားအဆီးမရှိ ဆက် သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်သည်။)

**မျိုးညွန့်မောင်**

Ref: ပညာသိုက်။ ။ တိုက်စိုး



# ပညာရှာရခြင်း အကြောင်းရင်း ငါးရပ်

မောင်မြင့်ဇော်

**နိုင်ငံတစ်ခု၏ အနာဂတ်ပုံရိပ်ကို ပုံဖော်ထုဆစ်ကြမည့် အခြေခံပညာ ကျောင်းသား အရွယ်လူငယ်များအတွက် ပညာသင်ကြားရေးမှာ များစွာ အရေးကြီးပါသည်။ အထူး သဖြင့် ကျေးလက်ဒေသတွင် နေထိုင်ကြသော လူငယ်များသည် ကျောင်းပညာသာမက အထွေထွေဗဟုသုတနှင့် အခြား သင်ယူလေ့လာစရာများ ထိတွေ့ဆည်းပူးနိုင်ကြရန် အထူးလိုအပ်လျက် ရှိပါသည်။**

ရန်ကုန်မြို့တော်နှင့် အလှမ်းကွာလွန်းသည်ဟု မဆိုနိုင်လောက်သော နေရာဒေသအချို့တွင် နေထိုင်လျက် ရှိကြသည့်

တက္ကသိုလ်ဝင်တန်းအရွယ် လူငယ်လေးအများစုထံတွင်ပင် ပြင်ပ စာအုပ်စာပေ၊ ဖတ်ရှုမှုအလေ့အထ များစွာ နည်းပါးနေ

သေးကြောင်း လက်တွေ့ကြုံခဲ့ရသူတစ်ဦးက ဆိုပါသည်။ ထို့အပြင် လက်ရှိ ၎င်းတို့ သင်ကြားနေသော ကျောင်းပညာရေးကိုပင်လျှင် မည်သည့်အတွက်ကြောင့် သင်ယူလေ့လာနေရသနည်းဆိုသော မေးခွန်းကိုလည်း ကွဲပြားစွာ မဖြေဆိုနိုင်ကြပါ။ ထို့ကြောင့် ပညာရေးသုတေသနပညာရှင် OHO Friedrich ၏ Five Ways to Wisdom ဆောင်းပါးပါ အချက်ငါးချက်ကို ပညာလိုလားသူ မြန်မာလူငယ်များအတွက် မိတ်ဆက်ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

## ၁။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်တစ်ခုခုနှင့် ရပ်တည်နိုင်ရေးအတွက် ပညာသင်ရသည်။

## Education Means Careers

ပညာသင်ကြားရခြင်းအတွက် လက်တွေ့အကျဆုံး အကြောင်းတရားမှာ တစ်စုံတစ်ရာသော ပညာရပ်နှင့် ဘဝမှာ ရပ်တည်ရှင်သန်နိုင်ဖို့ပင် ဖြစ်သည်။ ပညာရေးသည် စီးပွားရေးဆိုင်ရာလိုအပ်ချက်ကို တုံ့ပြန်ဖြည့်စွက်ပေးနိုင်ပါသည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာဟု ဆိုလိုက်သည်နှင့် အတတ်ပညာနှင့် သိပ္ပံပညာရပ်များကိုသာ တွေးမိတတ်ကြပါသည်။ အမှန်တွင်မူ ဝိဇ္ဇာပညာရပ်နှင့် ရပ်တည်အောင်မြင်နေသူတွေ များစွာ ရှိပါသည်။ အရေးကြီးသည်မှာ သိပ္ပံဖြစ်စေ၊ ဝိဇ္ဇာဖြစ်စေ နက်နက်ရှိုင်းရှိုင်း သိမြင်တတ် မြောက်ဖို့ပင်။

ပညာရေးစနစ်တစ်ခုသည် လူငယ်များအား ၎င်းတို့၏ အစွမ်းအစအလျောက် အဆင့်ဆင့် လေ့လာသင်ကြားနိုင်သည့် အခြေအနေ ဖန်တီးပေးနိုင်ရပါမည်။

လူငယ်များအနေနှင့်လည်း မိမိ အစွမ်းအစဗီဇနှင့် ကိုက်ညီသည့်ပညာရပ်ကို အပေါ်ယံသဘောမျိုးမဟုတ်ဘဲ ရပ်တည်အောင်မြင်နိုင်သည့်အခြေအနေအထိ ကြိုးစားရှာဖွေသင့်ပါသည်။

## ၂။ လူ့ယဉ်ကျေးမှုထွန်းကားပြန့်ပွားရန် ပညာသင်ရသည်။
## Education Transmits Civilization

ကမ္ဘာဦးကစ၍ ယနေ့အချိန်အထိ လူသားများသည် အသိပညာများအား လက်ဆင့်ကမ်းပေးရင်း ရှင်သန်တိုးတက်လာကြသည်။ နိုင်ငံတစ်ခုတွင်ဖြစ်စေ၊ မိသားစုတစ်ခုတွင်ဖြစ်စေ၊ မျိုးဆက်တစ်ခုနှင့်တစ်ခုသည် အသိအမြင်အတတ်ပညာကို လက်ဆင့်ကမ်းပေးနိုင်ရန် လိုအပ်ပါသည်။ သို့မှသာ လူ့ယဉ်ကျေးမှုနှင့် လူမှုအဆင့်အတန်း မြင့်မားတိုးတက်လာပေလိမ့်မည်။

လူ့အဖွဲ့အစည်းအား ရှင်သန်ဖွံ့ဖြိုးစေမည့် အသိပညာ၊ အတွေးအမြင်၊ သမိုင်းများကို လက်ဆင့်ကမ်းသင်ယူနိုင်သည့် လူ့အဖွဲ့အစည်းများသည် ရှင်သန်တိုးတက်လေ့ရှိပါသည်။

ပညာရေး၏ ရည်မှန်းချက်သည် လူတစ်ယောက်၏ဘဝကို ကျော်လွန်၍ လူ့ယဉ်ကျေးမှုတစ်ခုလုံးကို အထောက်အကူပြုနိုင်သည့် အနေအထားရှိရပါမည်။

သို့အတွက် တရားသေသဘောတရားများ၊ အစွဲအလမ်းအာဃာတများအား ကျော်လွန်သည့် ပညာရေးစနစ်တစ်ရပ် လိုအပ်ပါသည်။

## ၃။ စဉ်းစားတွေးခေါ်တတ်ရန် ပညာသင်ရသည်။
## Education Teaches How to Think

အပြောင်းအလဲများသည့် လူမှုပတ်ဝန်းကျင်တွင် လူတစ်ယောက်သည် ကျောင်းစာ သင်ရိုးများအတိုင်း ဘဝကို ဖြတ်သန်း၍ မရနိုင်ပေ။ လူမှုဘဝထဲတွင် အဆင်ပြေစွာ ကျင်လည်နိုင်ရေးအတွက် လူတစ်ယောက်သည် လျော်ကန်သည့် အတွေးအခေါ် စဉ်းစားမှုပြုနိုင်ရန် လိုအပ်ပေသည်။

တွေးခေါ်စဉ်းစားမှုဆိုသည့်နေရာတွင် အမှားအမှန် ပိုင်းခြားမှု၊ ဆန့်ကျင်ဘက်အမြင်များကို လက်ခံနိုင်မှု၊ စိတ်ခံတတ်ဆိုင်ရာ လွတ်လပ်ပွင့်လင်းမှု ရှိခြင်းမျိုးကို ဆိုလိုပါသည်။ ကျောင်းစာသင်ခန်းများမှနေ၍ ဝေဖန်ပိုင်းခြားတတ်မှု၊ စိစစ်သုံးသပ်နိုင်မှု၊ ပေါင်းစပ်ဖော်ဆောင်နိုင်မှုများအား သင်ကြားပေးနိုင်ရပါမည်။

ခေါင်းညိတ်တတ်သည့် ကလေးထက် ငြင်းခုံဆွေးနွေးတတ်သည့်ကလေး ပိုများသည့် စာသင်ခန်းတစ်ခုကသာ ပညာရေး၏ ရည်မှန်းချက်နှင့် ပိုမိုနီးစပ်ပါသည်။

## ၄။ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုရှိရန်အတွက် ပညာသင်ရသည်။
## Education Liberates Individuals

ပညာဉာဏ်ရှိသည့်သူများသာလျှင် လွတ်လပ်မှုရှိသည်ဆိုသည့် အဆိုအမိန့်တစ်ခု ရှိပါသည်။ ဆိုလိုချင်သည်မှာ ပညာဉာဏ်ရှိသည့် လူတစ်ယောက်အား အလွယ်တကူ လှည့်စားအနိုင်ကျင့်ရန် မဖြစ်နိုင်ပါ။ အသိအမြင်ပညာမရှိဘဲ လွတ်လပ်စွာ ရပ်တည်ရှင်သန်နိုင်ရန် မလွယ်ပေ။

လူတစ်ယောက်အနေနှင့်လည်း ပညာဉာဏ်ရှိသည့်အခါ၊ စဉ်းစားတွေးခေါ်တတ်သည့်အခါ အစဉ်အလာနှောင်ဖွဲ့မှုများ၊ တရားသေအယူအဆများကနေ လွတ်မြောက်သည့်ဘဝဖြင့် နေနိုင်မည် ဖြစ်ပါသည်။ တစ်ဦးချင်း အသိအမြင်ဖွံ့ဖြိုးမှုရှိပြီး လွတ်လပ်ပီပြင်သည့် လူတွေဖြစ်မှသာ လူ့အဖွဲ့အစည်းတစ်ခု တိုးတက်နိုင်မည် ဖြစ်ပါသည်။

ပညာဉာဏ်နိမ့်ကျသည့် လူ့အဖွဲ့အစည်းတစ်ခုသည် အခြားသူများ၏ အမြတ်ထုတ်မှုကို ခံရပေလိမ့်မည်။

## ၅။ ကိုယ်ကျင့်တရားထိန်းသိမ်းတတ်စေရန် ပညာသင်ရသည်။
## Education Teaches Morals

မည်မျှအဆင်ပြေအောင်မြင်သည့် လူတစ်ယောက်ပင်ဖြစ်စေ ကိုယ်ကျင့်တရား စောင့်စည်းထိန်းသိမ်းတတ်မှုမရှိဘဲနှင့် အေးချမ်းသည့်ဘဝတစ်ခု မရနိုင်ပေ။ ပညာရေး၏ ရည်မှန်းချက်တစ်ခုမှာ ကျောင်းသားများအား ကိုယ်ကျင့်သီလ၏ တန်ဖိုးနှင့် အရေးပါပုံကို သိရှိထိန်းသိမ်းတတ်စေရန် ဖြစ်ပါသည်။

ကျောင်းသားများတွင် ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းများအား အလေးထားတတ်သည့်စိတ် ပါရှိလာစေရန် အရေးကြီးပါသည်။ ‘ကိုယ်ကျင့်တရားသည်သာ မိမိတို့ဘဝတစ်လျှောက်လုံးအတွက် အစောင့်အရှောက်’ ဆိုသည်ကို ကျောင်းသားများ ဆင်ခြင်တတ်ရန် လိုပါသည်။ ယိုယွင်းနေသည့် လူမှုပတ်ဝန်းကျင်အတွင်းမှ လူငယ်များသည် ကိုယ်ကျင့်တရားစံနှုန်းများ စွန့်ပယ်ကာ အတုအယူမှားရန် လွယ်ကူပါသည်။ ၎င်းတို့အား ကိုယ်ကျင့်တရားရှိစေရန်လည်း ပညာရေးက ဆွဲဆောင်နိုင်ရပါလိမ့်မည်။

အထက်ပါ ပညာသင်ကြားရခြင်းဆိုင်ရာ အကြောင်းရင်းငါးရပ်ကို ပညာရှာသူများနှင့် ပညာပေးသူများပါ စဉ်းစားဆင်ခြင်သင့်ပါသည်။ ထိုငါးရပ်သည် အကြွင်းမဲ့ အမှန်တရားမဟုတ်သော်လည်း ယေဘုယျလက်ခံနိုင်သည့် သဘောတရားများ ဖြစ်ပါသည်။ များစွာ သေချာသည့်အချက်မှာ ပညာရေးဆိုသည် ရည်ရွယ်ချက်မဲ့ အစဉ်အလာတာဝန်တစ်ခုမဟုတ် ဆိုခြင်းပင်။

**မောင်မြင့်ဇော်**

**ရည်ညွှန်း**

‘ဘာကြောင့် ပညာသင်ကြရသလဲ’ ဂျူး (ပိတောက်မြေမဂ္ဂဇင်း အတွဲ-၁၊ အမှတ်-၂)

Five Ways to Wisdom by Otto Friedrich from Borzoi College Reader



# လိုအပ်နေသည့် စာကြည့်တိုက်ကောင်းများ

မိုးချောန်

**နိုင်ငံတစ်ခု၊ ဒေသတစ်ခု၏ ပညာတတ်လူဦးရေနှင့် ပညာရေးအဆင့်အတန်းကို ယင်းဒေသတွင်ရှိသော လူထုစာကြည့်တိုက် အရေအတွက်နှင့် နှိုင်းယှဉ်ကြည့်တတ်ကြသည်ဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း စာကြည့်တိုက်များနှင့် လူငယ်များအတွက် Self Learningလုပ်နိုင်မည့် စာကြည့်တိုက်များစွာ ပေါ်ထွန်းလာရန် လိုအပ်နေသည်။**

စာကြည့်တိုက်ဆိုသည်မှာ ကျောင်းသားများသာမက ကျောင်းသားမဟုတ်သူများအတွက်ပါ သတင်းအချက်အလက်နှင့် ယင်းတို့ ရှာဖွေသိရှိလိုသည့်အချက်အလက်များကို အထောက်အကူပေးသည့် Long Life Learning Centre ဖြစ်သည်ဟု စာကြည့်တိုက်ပညာရပ်စာအုပ်တစ်ခုတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် လက်ချိုးရေတွက်၍ရနိုင်သည့် စာကြည့်တိုက်အရေအတွက်ကြောင့် မြန်မာလူငယ်အများစုသည် စာကြည့်တိုက်နှင့် မရင်းနှီးကြ။ လူဦးရေအထူထပ်ဆုံးနှင့် ပညာတတ်လူဦးရေ အများဆုံးဟုဆိုနိုင်သည့် မြို့တော်ရန်ကုန်တွင်ပင် စာကြည့်တိုက်အချို့ရှိသော်လည်း အများစုက British Council, USIS တို့ကိုသာ အသုံးများကြသည်။ အချို့ကမူ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ စာပေဗိမာန်နှင့် YMCA, UN စာကြည့်တိုက်တို့ကို အသုံးပြုကြကြောင်း လေ့လာမှုအရ သိရသည်။ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်တွင် နေထိုင်ပြီး အသက် ၂၂ ခန့်ရှိသူ ကျောင်းသားတစ်ဦးကမူ စာကြည့်တိုက်ဆိုသည်မှာ လူငယ်များအတွက် အသုံးဝင်ကြောင်း၊ ရှိသင့်ကြောင်းနှင့် စာကြည့်တိုက်မရှိလျှင် ဘာမှလေ့လာဆည်းပူးလို့ ရမည်မဟုတ်ကြောင်း ရှင်းပြသည်။

စာကြည့်တိုက်ကောင်းတစ်ခုတွင် ဘာသာရပ်မျိုးစုံနှင့် စာအုပ်အဟောင်းအသစ်မျှတရန်လည်း များစွာအရေးကြီးလှသည်။ ထို့ပြင် ခေတ်ပေါ် အီလက်ထရွန်နစ် မီဒီယာလက်နက်များဖြစ်သည့် ဂြိုဟ်တုရုပ်သံ၊ ကွန်ပျူတာ၊ Printer၊ အင်တာနက်၊ စီဒီရွမ်၊ မိတ္တူကူးစက်နှင့် အခြားအော်ဒီယို၊ ဗီဒီယိုများလည်း ရှိဖို့လိုလာသည်။ ထိုသည်တို့သည် စာကြည့်တိုက်ကောင်းတစ်ခုတွင် ရှိရမည့် အဆင်တန်ဆာများဖြစ်ကြောင်း စာကြည့်တိုက်ပညာရေးစာအုပ်တွင် ဖော်ပြထားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ စာကြည့်တိုက်များကို ၂၄ နာရီပတ်လုံး



ဖွင့်ထားတတ်ကြသည်။ကျောင်းသားများ၊ စာတမ်းပြုစုသူများ၊ သုတေသန ပြုလုပ်သူများနှင့် Distant Learning အတွက်ပါ အချိန်မရွေး သွားရောက် လေ့လာနိုင်ကြရန် ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများမှာတော့ ယင်းကဲ့သို့ စံချိန်စံညွှန်းများနှင့် ညီသည့် စာကြည့်တိုက်မှာ လွန်စွာ ရှားပါးလှသေးသည်။ ကျောင်းသားတစ်ဦးကတော့ လောလောဆယ် British Council ကဲ့သို့သော စာကြည့်တိုက်တွင်တော့ လိုအပ်သောအထောက်အပံ့ ပစ္စည်းပစ္စယ စုံပြီး လက်တွေ့အသုံးချ၍ ရနိုင်သည်ဟု ဆိုသည်။

လက်ရှိတွင် စာဖတ်လိုသော ကျောင်းသားလူငယ်အများစုသည် ယေဘုယျအားဖြင့် ၎င်းတို့ပတ်ဝန်းကျင်ရှိ စာအုပ်အငှားဆိုင်ကိုသာ အားကိုး၍ ဖတ်နေကြသည်ကို တွေ့ရသည်။ ကိုယ်ပိုင် ဝယ်ဖတ်နိုင်သည်များလည်း ရှိသည်။ အချို့ဆိုလျှင် ဝယ်ထားသောစာအုပ်များကို စနစ်တကျစီစဉ်၍ စာကြည့်တိုက်ငယ် တစ်ခုအသွင် ထားရှိကြသည်။

"ကျွန်တော်ဆိုရင် ရှစ်တန်းလောက်ကတည်းက စာအုပ်ကိုဖတ်တာ အခု အုပ် ၃၀၀ ကျော်လောက်ရှိတယ်။ ဒါကို သပ်သပ်ရပ်ရပ်စီပြီး စာကြည့်တိုက်ပုံစံတောင် လုပ်ထားသေးတယ်။ အဟောင်းရော အသစ်ရော ရှိတယ်" ဟု အသက် ၂၂ ခန့်အရွယ်ရှိ သင်္ဃန်းကျွန်းမြို့နယ်တွင် နေထိုင်သော လူငယ်တစ်ဦးက ဆိုသည်။ ထို့ပြင် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေသော အသက် ၃၀ ခန့်အရွယ် မြန်မာလူငယ်တစ်ဦးကလည်း မိမိဖတ်သည်မှာ အဓိကအားဖြင့် Political Science ဘာသာရပ်ဖြစ်ကြောင်း၊ ယခင်က စာအုပ်ကိုကြိုက်လျှင် ဝယ်ဖတ်တတ်ကြောင်း၊ ယခုဆိုလျှင် South East Asia Studies ကို လေ့လာနေကြောင်း၊ Paper တစ်စောင်လည်း လုပ်ရန် ကြိုးစားနေသည့်အတွက် ကိုးကားစာအုပ်အတွက် အခက်အခဲတွေ့ရကြောင်း ၎င်းက ဆိုသည်။

ကိုးကားစရာ ဘာသာရပ်ဆိုင်ရာ စာအုပ်များနှင့် အခြားစာအုပ်များသည် အငှားဆိုင်တွင်မဆိုထားနှင့် စာကြည့်တိုက်အချို့၌ပင် ရှားပါးလှသည်။ ယခုဆိုလျှင် ဈေးကွက်အတွင်းရှိ စာအုပ်များမှာလည်း စာအုပ်ဈေးနှုန်း မြင့်လာသည့်အတွက် ကိုယ်ပိုင်ဝယ်ဖို့ အတော်စဉ်းစားနေရသည်ဟု ဆိုကြသည်။ သို့ဖြစ်၍ လူငယ်များသည် စာကြည့်တိုက်ကိုသာ အားကိုးကြရတော့မည်။ မြစ်ကြီးနားမြို့တွင် နေထိုင်သူ ကျောင်းသားတစ်ဦးကတော့ မိမိတို့အနီးတစ်ဝိုက်တွင် စာကြည့်တိုက် နှစ်ခုရှိပြီး နှစ်ခုစလုံးသည်လည်း ပိတ်ထားသည့်အချိန်ကများကြောင်းနှင့် ဖွင့်ပြန်တော့လည်း ဖတ်ပြီးသားစာအုပ်က များပြီး စာအုပ်ထပ်တိုးမလာကြောင်း ဆိုသည်။

ထို့ကြောင့် စာကြည့်တိုက်တစ်ခုတွင် စာအုပ်စုံရန်နှင့် ထိုကဲ့သို့ စာကြည့်တိုက်များ ဖွံ့ဖြိုးလာဖို့ လိုလာသည်။ သည်နေရာတွင် စာကြည့်တိုက်များ၌ ရေရှည်ရပ်တည်ရန်လည်း လိုလာသည်။ ရှိသင့်ရှိထိုက်သောစာအုပ်များ၊ Facilities များရှိရန် လိုလာသည်။ စာကြည့်တိုက်အုပ်ချုပ်မှုပညာစာအုပ်တစ်အုပ်၌ စာကြည့်တိုက်များအတွက် (M) လေးလုံးရှိရမည်ဟု ရေးသားထားသည်။ ယင်းတို့မှာ Management, Money, Man Power နှင့် Maintenance တို့ ဖြစ်သည်။ သို့မှသာ လိုအပ်သည်ကို ဖြည့်ဆည်းနိုင်ပြီး ဝန်ဆောင်မှုကောင်းကောင်း ပေးနိုင်မည်။ ဤကဲ့သို့ စနစ်တကျ စီမံထားမှသာ စာကြည့်တိုက်ကောင်းတစ်ခု ဖြစ်ပေါ်လာနိုင်ပေမည်။ ထိုကဲ့သို့ ခေတ်မီသော စာကြည့်တိုက်ကောင်းများ ပေါ်ထွက်လာကာ လူငယ်များ စာပေနှင့်ရင်းနှီးကျွမ်းဝင်နေပါမှသာ ယင်းတို့၏ အတွေးအခေါ်နှင့် အသိဉာဏ်တို့ မြင့်မားလာနိုင်ပေလိမ့်မည်။

**မိုးချာန်**

■



# မြို့ပြလူဦးရေ ပြောင်းရွှေ့ဝင်ရောက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ

အဂ္ဂ

**ကျေးလက်မှသည် မြို့ပြများဆီသို့ ရွှေ့ပြောင်းဝင်ရောက်မှုများသည် အာရှလူမှု အသိုင်းအဝိုင်းအတွက် အစီအမံနှင့် စရိုက်လက္ခဏာများကို ပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်ဟု အာရှအပြောင်းအလဲများ စာအုပ်ရေးသားသူ John Naisbitt က ဆိုသည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း ကျေးလက်မှ မြို့ပြများဆီသို့ ဝင်ရောက်လာမှုမျိုးကို ၁၉၉၀ ပြည့်လွန်နှစ်များဆီမှ စတင်၍ ထင်သာမြင်သာစွာ တွေ့မြင်ရမှု ရှိလာသည်ဟု ဆိုရမည်ဖြစ်သည်။**

မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၃ သန်းမျှ ရှိလာပြီဖြစ်သော်လည်း လူဦးရေနေထိုင်မှုနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် တစ်စတုရန်းမိုင်တွင် ၂၀၄ ဦးမျှ နေထိုင်လျက်ရှိသဖြင့် နိုင်ငံ၏ အကျယ်အဝန်းနှင့် နှိုင်းယှဉ်တွက်ချက်မည်ဆိုပါက လူနေကျဲပါးနေသေးသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြောင်းရွှေ့နေထိုင်မှုဟု ဆိုရာတွင် ရန်ကုန်မြို့အပါအဝင် နယ်မြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်မှုများ၌ အထူးသဖြင့် ၂၀၀၀ ပြည့်နှစ် ရန်ကုန်မြို့၏ လူဦးရေသည် ၅.၆ သန်းမျှရှိရာ ယခု လက်ရှိအချိန်တွင် သက်ဆိုင်ရာ စာရင်းဇယား ထုတ်ပြန်ချက်များအရ ၅.၈ သန်းမျှ ရှိလာပြီဖြစ်သည်။ အရေအတွက်အားဖြင့် နှစ်စဉ် လူတစ်သိန်းမျှ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်ဟု မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက

တွေ့ဆုံခန်းတစ်ခုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် တွက်ချက်မည်ဆိုက နှစ်စဉ် ၀.၇ ရာခိုင်နှုန်းမျှရှိရာ လက်ရှိ ရန်ကုန်မြို့ (မြို့လယ် Down Town)၏ တစ်စတုရန်းမိုင်တွင် လူဦးရေ တစ်သိန်းငါးသောင်းမျှ နေထိုင်လျက်ရှိသည်ဟု တရားဝင် ကိန်းဂဏန်းများအရ သိရသည်။

မြန်မာနိုင်ငံနည်းတူ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့် ၁၉၉၂ ခုနှစ် နိုဝင်ဘာလမှ ၁၉၉၃ ခုနှစ် မေလအတွင်း ဘန်ကောက်မြို့တော် အပါအဝင် အခြားသော မြို့ကြီးများဆီသို့ လူဦးရေတစ်သန်းမျှ ပြောင်းရွှေ့ဝင်ရောက်မှုများရှိခဲ့ရာ ဤသည်ပင်လျှင် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးမှုအတွက် နှိုးဆော်ချက်တစ်ရပ်ဖြစ်သည်ဟု အဆိုပါဌာန၏ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် မြို့ပြများဆီသို့ ပြောင်းရွှေ့ဝင်ရောက်မှုများသည် လူဦးရေသိပ်သည်းမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အခက်အခဲများနှင့် လူမှုဒုက္ခများကို ဖြစ်ပေါ်စေခြင်းကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ယခုအခါ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသများပါ မကျန် နိုင်ငံတစ်နံတစ်လျား လိုအပ်သော အခြေခံအဆောက်အဦများ ဖြည့်ဆည်း လျက် အကြားအလပ်မရှိစေဘဲ ဖွံ့ဖြိုးတိုးတက်ရေးများကို လုပ်ဆောင်လျက် ရှိသည်ဟု နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြချက်အရ သိရှိရသည်။ သို့ရာတွင် မြို့ပြအလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာနှင့် ပတ်သက်၍ အာရှဖွံ့ဖြိုးရေးဘဏ်မှ စီးပွားရေးပညာရှင်တစ်ဦးကမူ မြို့နေလူဦးရေများပြားလာမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကို ဖြစ်ပေါ်စေသည် မဟုတ်ဘဲ စီးပွားရေးမူဝါဒ ကြောင်းကျိုးဆက်နွယ်မှုများသည်သာလျှင် ပဓာနကျသည်ဟု ဆိုသည်။

**လက်ရှိမြန်မာနိုင်ငံသည် နိုင်ငံတစ်ခုလုံး၏ လက်ရှိလူဦးရေအချိုးနှင့် နှိုင်းယှဉ်ပါက လူနေသိပ်သည်းမှု ကြီးမားခြင်းမရှိဘဲ စီးပွားရေးအခွင့်အလမ်းများနှင့် ပြည့်စုံလုံလောက်မှု ရှိနေသေးသည်ဟု ယေဘုယျ သုံးသပ်နိုင်ပေသည်။ သို့ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အတူ ပြောင်းလဲလာသည့် မြို့ပြဝင်ငွေ၊ အခွင့်အလမ်းနှင့် မြို့ပြဘဝ၏ နှစ်လိုဖွယ်အခြေအနေတို့ကြောင့် ယခုကဲ့သို့ ပြောင်းရွှေ့ဝင်ရောက်ခြင်းနှင့်အတူ စိတ်ဆန္ဒပြင်းပြသော တောင့်တမှုတို့လည်း တိုးလာသည်ဟု ဆိုနိုင်ပေသည်။**

---

လက်ရှိမြန်မာနိုင်ငံသည် နိုင်ငံတစ်ခုလုံး၏ လက်ရှိလူဦးရေအချိုးနှင့် နှိုင်းယှဉ်ပါက လူနေသိပ်သည်းမှု ကြီးမားခြင်း မရှိဘဲ စီးပွားရေးအခွင့် အလမ်းများနှင့် ပြည့်စုံလုံလောက်မှု ရှိနေသေးသည်ဟု ယေဘုယျ သုံးသပ်နိုင်ပေသည်။ သို့ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အတူ ပြောင်းလဲလာသည့် မြို့ပြဝင်ငွေ၊ အခွင့်အလမ်းနှင့် မြို့ပြဘဝ၏ နှစ်လိုဖွယ်အခြေအနေတို့ကြောင့် ယခုကဲ့သို့ ပြောင်းရွှေ့ဝင်ရောက်ခြင်းနှင့်အတူ စိတ်ဆန္ဒပြင်းပြသော တောင့်တမှုတို့လည်း တိုးလာသည်ဟု ဆိုနိုင်ပေသည်။

ထို့ကြောင့် ဤအခြေအနေတို့ လိုက်လျောညီထွေဖြစ်စေရန် အောက်ပါအတိုင်း စီမံပြင်ဆင်နိုင်ပေသည်။

(၁) စိုက်ပျိုးရေးကဏ္ဍမှ စီးပွားရေး အရတွက်ခြေကိုက် အမြတ်ရစေရန်တွင် ခေတ်မီနည်းစနစ်သစ်များ ပိုမိုအသုံးပြုရေးနှင့်အတူ ငွေကုန်ခံတည်ဆောက် ဖြည့်ဆည်းထားသည့် ဆည်မြောင်းစနစ်များ၏ ကုန်ကျစရိတ်များ ကာမိစေရေးအတွက် သီးနှံလေးငါးမျိုးခန့် တိုးချဲ့စိုက်ပျိုးခြင်းများ ပြုလုပ်ရေး၊

(၂) စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပို့ကုန်တိုးချဲ့ထုတ်လုပ်မှု မူဝါဒများ ချမှတ် ရေး၊

(၃) မြို့ပြစက်မှုလုပ်ငန်းများ၏ အခစားလုပ်ငန်းရပ်တို့၏ အခွင့်အလမ်းများ နည်းတူ အခြား ရိုးရာလုပ်ငန်းများ၏ အခြေအနေကောင်းများကိုလည်း လိုက်လျောညီထွေ မြှင့်တင်ကာ ပိုမိုနှစ်သက်လာစေရေး မူဝါဒများ ချမှတ်နိုင်ရေးဟူ၍ ဖြစ်သည်။

စိုက်ပျိုးရေးနိုင်ငံတစ်ခုဖြစ်သည့်အတွက် လက်ရှိလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှသော မြန်မာနိုင်ငံသားတို့သည် ကျေးလက်နေပြည်သူများ ဖြစ်သည်။ အလုပ်လုပ်ကိုင်သူဦးရေ၏ ၅၆ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး လုပ်ငန်းဆိုင်ရာ ဆက်စပ်လုပ်ငန်းများတွင် လုပ်ကိုင်လျက် ရှိကြသည်။ ထို့ကြောင့် ဤသို့ ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့ဝင်ရောက်မှုများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပြေလည်အောင် ဖြေရှင်းမပေးနိုင်ပါက နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်လာနိုင်ပေသည်။

သို့သော် ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမျှ ပြဿနာနှင့် ကင်းလွတ်သည်ဟူ၍ မရှိနိုင်ဟု စီးပွားရေးပညာရှင်အများစုက မှတ်ချက်ပြုသည်။ ပြီးခဲ့သည့် ၂၀၀၀ ပြည့်နှစ် UNDP ၏ Human Development Report အဆိုအရ ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့ဝင်ရောက်မှုသည် ကမ္ဘာနှင့်အဝန်း နှစ်စဉ် ၄.၆ ရာခိုင်နှုန်းမျှ ရှိသည်ဟု သိရှိရသည်။ ထို့ကြောင့် နောင် လာမည့် ဆယ်စုနှစ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းသစ်ပေါင်း တစ်ဘီလီယံမျှ



လိုအပ်လာမည်ဖြစ်သည်ဟုယင်းအစီရင်ခံစာက ဆိုသည်။ အဆိုပါဖြစ်ရပ်များသည် စက်မှုဖွံ့ဖြိုးပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခု ဖြစ်သည့် အမေရိကန်ပြည်ထောင်စု၌ပင်လျှင် ဖြေရှင်းမရနိုင်သေးသည့် ပြဿနာများ ဖြစ်သည်။ အလားတူ မြို့ပြဆိုင်ရာ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများအဖြစ် ပို့ဆောင်ရေးကဏ္ဍအခက်အခဲများ၊ အခြေခံအဆောက်အဦ၊ လူဦးရေတိုးပွားမှုဆိုင်ရာ မွေးဖွားမှုထိန်းချုပ်ရေးနှင့် လူမှုဆိုင်ရာ နေရာချထားမှု စသည့် အခက်အခဲများကို ဖြစ်ပေါ်စေနိုင်သည်ဟု ပြည်သူ့နေ့စဉ် သတင်းစာ၏ ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံသည်လည်း ရန်ကုန်မြို့တော်ကို ဗဟိုပြု၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုများကြောင့် ပြောင်းရွှေ့ဝင်ရောက်မှုများ ရှိလာပြီဖြစ်သည်။ သို့သော် အားသာချက်တစ်ခုအနေဖြင့် ဆိုရလျှင် အာဆီယံဒေသတွင်းနိုင်ငံများရှိ ဘန်ကောက်၊ မနီလာ စသည့် မြို့တော်များကဲ့သို့ နိုင်ငံ၏ တစ်ခုတည်းသော စက်မှုဗဟိုဌာနများအဖြစ် တည်ရှိမနေဘဲ စက်မှုဇုန်များကို နိုင်ငံအနှံ့ ဖြန့်ကျက် တည်ရှိမှုသည် နောင်အနာဂတ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အလုပ်အကိုင်အခွင့်အလမ်း အခြေအနေကောင်းများကို ဖန်တီးနိုင်မည် ဖြစ်ပေသည်။

စင်စစ်အားဖြင့် ကျေးလက်မှ မြို့ပြကုန်ထုတ်လုပ်ငန်းများသို့ ရွှေ့ပြောင်းဝင်ရောက်မှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြဿနာရပ်များသည် သမိုင်းဖြစ်စဉ်တစ်ခုပင် ဖြစ်သည်။

ယခုလက်ရှိ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများသည်လည်း ဤနည်းဖြင့်ပင် စိုက်ပျိုးရေး လယ်ယာကဏ္ဍမှ အလုပ်သမားများကို ကုန်ထုတ်လုပ်ငန်းကဏ္ဍသို့ ပြောင်းရွှေ့နိုင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ အချိန်အခါအလိုက် ပြောင်းလဲမှုများကို ပြုလုပ်နိုင်ရန် လိုအပ်ပေသည်။

အဘယ်ကြောင့်ဆိုသော် လူဦးရေ ပြောင်းရွှေ့ဝင်ရောက်မှုနှင့် ဆက်စပ်ဖြစ်စဉ်များသည် စီးပွားရေးပုံသဏ္ဌာန် ကွဲပြားခြားနားမှု (Economic Dualism) အပေါ် အခြေခံနေခြင်းကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေး အခြေခံကောင်းများ တည်ဆောက်မှုသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည့် နည်းတူ ကဏ္ဍအသီးသီးသည်လည်း လိုက်လျောညီထွေဖြစ်စေရန် အရေးကြီးပေသည်။ သို့မှသာလျှင် လူဦးရေ စီးမျောမှုများကို ကန့်သတ်နိုင်မည် ဖြစ်သည်။

နိဂုံးချုပ်ဆိုရလျှင် ကမ္ဘာလုံးဆိုင်ရာ လူမှုအသိုင်းအဝန်းဟူသည်မှာ ခေတ်မီမြို့ပြလူမှုအသိုင်းအဝန်းပုံသဏ္ဌာန်ဖြင့် ပြောင်းလဲလာသည်ဟု ဆိုနိုင်သော်လည်း လူမှုဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စသည်များနှင့် စပ်လျဉ်း၍ ကျခံသုံးစွဲသော ငွေကြေးပမာဏမှာ ယနေ့ မြို့ပြ များ၏ ဝန်ထုပ်ဝန်ပိုးတစ်ခုပင် ဖြစ်သည်။ ဥပမာ–ရေ၊ မီး၊ အိုးအိမ်နှင့် ပို့ဆောင်ရေး ကဏ္ဍအပြင် အလုပ်အကိုင် အခွင့်အလမ်းများ စသည်တို့ဖြစ်သည်။ သို့သော် အခွင့်အလမ်းနှင့် မျှော်လင့်ချက်တို့ကြောင့် မြို့ပြတို့၏ အသွင်သဏ္ဌာန်သည် အမြဲပြောင်းလဲလျက် ရှိရာတ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ လူဦးရေပြောင်းရွှေ့မှုများကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းမှု အားနည်းပါက လူတစ်ဦးချင်းအတွက်သာမက အနာဂတ်မြန်မာ့စီးပွားရေးဘဝ အဟန့်အတား တစ်ခုအဖြစ် ပေါ်ထွန်းလာနိုင်ပေသည်။ သို့ဖြစ်၍ တင့်သင့်လျောက်ပတ်သော လယ်ယာနှင့် စက်မှုလုပ်ငန်းဆိုင်ရာမူဝါဒ စသည်တို့ကို ချမှတ်လုပ်ဆောင်ခြင်းဖြင့် စီးပွားရေးအသွင်သဏ္ဌာန် ကွာခြားမှု (Economic Dualism) လျော့ပါးစေမည် ဖြစ်သည်။ ဤသို့ဖြင့် မြန်မာ့စီးပွားရေး ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ နှစ်ရပ်လုံး အတွက် အခြေအနေကောင်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**အဂ္ဂ**

**သီးခြားစီရပ်တည်နေခဲ့ကြသော ပျော့ပျောင်းခြင်းနှင့် မာကျောခြင်းတို့သည် 'ပြောင်းလဲခြင်းသည်သာ မပြောင်းလဲသော တရားဖြစ်သည်' ဟူသည့်အတိုင်း ချိန်ညှိပြောင်းလဲစီးဆင်းလာကြခြင်းအား ခေတ်ရေစီးအတွင်း မြင်တွေ့နေရသည့် သရုပ်သကန် မှာ နုနယ်သည်ဟု ယူဆထားကြရသော အမျိုးသမီးများ၏ စွမ်းရည် ထိုးထွက်လာမှုပင် ဖြစ်သည်။ ဤသည်မှာ နည်းပညာနှင့် အမျိုးသမီးတို့၏ စွမ်းရည် အသုံးချနိုင်မှုများ ဆုံစည်းမှု ဖြစ်လေသည်။**

# အမျိုးသမီးတို့၏ စွမ်းရည်နှင့် တိုးတက်မှု

**ဇင်ဇင်သော်**



စက္ကန့်နှင့်အမျှ ပြောင်းလဲနေသော ဤကမ္ဘာ၌ မည်သည့်အရာကိုမျှ ပုံသေ တွက်ဆ၍မရ။ ယခင်က ဂျင်းထည်များ၏ ဂုဏ်ဒြပ်သည် ထူထဲမာကျော ခိုင်ခံ့ခြင်းဖြစ်သည်။ ထိုမှတစ်ဖန် ရွေ့လျားနေသောခေတ်အတွင်း ဂျင်းထည်များကို ပျော့ပျောင်းနူးညံ့အောင် ဖန်တီးထုတ်လုပ်လာကြပြန်သည်။ ခေတ်၏ တောင်းဆိုချက်အရ ဈေးကွက်မှ နူးညံ့ပျော့ပျောင်းမှုကို အလိုရှိလာသည့်အခါ ယခင်အကြမ်းအခံဆုံး ဂျင်းများ ထုတ်လုပ်မှုဟူသည့်ဂုဏ်ကို ပိုင်ဆိုင်သည့် Levis ကဲ့သို့ ဂျင်းအဝတ်အထည် ကုမ္ပဏီများမှာ ထုတ်လုပ်ရရှိသော အကြမ်းထည်များကို ချောမွေ့နူးညံ့မှုသို့ ပြောင်းလဲရန် နည်းပညာနှင့် အလုပ်အင်အားများ (ဥပမာ– Stone Wash) ထပ်မံ စိုက်ထည့်လာရကြောင်း ပြည်ပမီဒီယာတစ်ခုနှင့် Levis ထုတ်လုပ်ရေးတာဝန်ခံတို့ တွေ့ဆုံခန်းကို ဖတ်ရှုရာမှ သိရသည်။ ထိုနည်းတူစွာပင် လုပ်ငန်းခွင်ဝင် အမျိုးသမီးများသည် အမျိုးသားများနှင့်ယှဉ်သော် သဘာဝက ပေးအပ်ထားသည့် ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအရ နောက်ကောက်ကျခဲ့ရာမှ နည်းပညာလွှမ်းမိုးသည့် ဉာဏ်ရည်လုပ်ရှားလှိုင်းထသောခေတ်တွင်မူ ကာယအားဖြင့် မမီမကမ်းကြိုးပမ်းရမည့်အစား ဉာဏအားဖြင့် အံဝင်ခွင်ကျ ပြန်လည်ပျော့ပျောင်းစွာ စွမ်းရည်မြှင့်လုပ်ဆောင်လာနိုင်ကြပြီ ဖြစ်သည်။ ဤသို့အားဖြင့် နည်းပညာသက်ရောက်မှုသည် အမျိုးသားများအားလည်း ပြန်လည် ပျော့ပျောင်းလာစေပါသည်။ သို့ဖြစ်ရာ အမျိုးသမီးနှင့် အမျိုးသားတို့သည် ပညာအသုံးချကာလတွင် အသုံးဝင်မှု မကွာဟတော့ဟု ပြောနိုင်ပါသည်။

## စွမ်းဆောင်နိုင်ဖွယ်ရာ

တကယ်တမ်းတွင်မူ ကာယကြံ့ခိုင်မှု သဘာဝတရားကို မလွန်ဆန်နိုင်သည်မှအပ ဉာဏ်ရည်တူလူသားများအဖို့ မည်သူက မည်သည့်အရာကိုမဆို စွမ်းဆောင်လာနိုင်ဖွယ်ရာ ရှိသည်ဟု ကောင်းကောင်းကြီး ယူဆနိုင်ပါသည်။ ယင်းအတွက် ကမ္ဘာလုံးဆိုင်ရာမြှင့်တင်ရေးတွင် အရေးပါလှသော အိုင်တီနယ်ပယ်၌ မြန်မာအမျိုးသမီးတို့ အမျိုးသားများနှင့် ရင်ပေါင်တန်း နေရာယူလာကြခြင်းက သက်သေပင် ဖြစ်သည်။ ခေတ်အဆက်

ဆက်ဆောင်ခတ်ခံခဲ့ရသော အမျိုးသမီးတို့သည် ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ နိုင်ငံနှင့် လူမျိုးတို့အလိုက် ကန့်သတ်မှု မတူညီသော်လည်း အင်အား နည်းသူဟု ယူဆထားမှု တူညီသော်ငြား အမျိုးသားများနှင့် ဉာဏ်ရည်တူလူသား များဖြစ်သည်ကိုတော့ ငြင်းဖွယ်ရာ မရှိပါ ပေ။ နေရာတကာ၌ ရှိနေသော မူလ အမြင်ကိုသာ အနည်းငယ်ချဲ့ပါမူ အမျိုး သမီးတို့၏ စွမ်းဆောင်ရည်များ ပိုမို တောက်ပခွင့်ရလာမည် ဖြစ်ပါသည်။

## နောက်ကြောင်းပြန်သူများ

တစ်ခါတစ်ရံ၌ အမျိုးသမီးတို့၏ စွမ်းဆောင်နိုင်မှုများသည် နောက်ကြောင်း ပြန်မှုများကြောင့် ပိတ်ဆို့သွားတတ်ပါ သည်။ အရှိန်အဟုန်ဖြင့် အစဉ်တစိုက် ရှေ့သို့ တိုးသွားနေသော ကမ္ဘာပြုခြင်းဖြစ် စဉ်အတွင်း ဝင်ရောက်ရွေ့လျားရန်မှာ နောက်ကြောင်းပြန် စိတ်ဓာတ်များနှင့် မတိုးတိုက်မိရန် အရေးကြီးလှသည်။ ယင်းတို့ကား သမားရိုးကျ စည်းဝိုင်းတွင်း မှ ဖောက်မထွက်သေးသည့် ရိုးရာထုံးတမ်း စဉ်လာ၊ အယူအဆများ၊ လူမှုရေးရာ တွန့် ဆုတ်မှုများနှင့် ကာယကံရှင်အပေါ် လွှမ်းမိုး မှုတို့ဖြစ်ပြီး ဝန်းကျင်ရှိ ပုရိသတို့၏ အယူ အဆသဘောထားများလည်း ပါဝင်လေ သည်။ အမျိုးသမီးတို့အတွက် လူသား ဆန်သော သာတူညီမျှ အခွင့်အလမ်းရရှိ ရေးသည် အမျိုးသားများ၏ ပြည့်ဝကျယ် ပြန့်သော အမြင်ပေါ်၌လည်း တစ်စိတ် တစ်ပိုင်း မူတည်လျက်ရှိပါသည်။ သို့မဟုတ် ပါက အရာအားလုံးသည် နောက်ကြောင်း ပြန်လမ်းကြောင်းသို့သာ ဦးတည်နေပေ လိမ့်မည်။ ဆိုလိုသည်မှာ ဥပမာအားဖြင့် တာဝန်ပေးအပ်ရာ၌ အမျိုးသမီးတို့၏ တာဝန်ယူနိုင်စွမ်း၊ လုပ်ဆောင်နိုင်စွမ်း တို့ကို မယုံကြည်တတ်ကြခြင်းမျိုး ဖြစ် သည်။ ယနေ့ခေတ် ယနေ့အချိန်၌ နောက်ကြောင်းပြန်မှုသည် ကြောက်မက် ဖွယ်ရာသာဖြစ်ပါသည်။ အမျိုးသားများ နှင့် တတ်စွမ်းသမျှ ယှဉ်ပြိုင်ကြိုးစားနေ ကြသော လုပ်ငန်းခွင် ဝင်ရောက်နေသူ အမျိုးသမီးများကြားတွင် “ဘာမှမလိုချင် ဘူး” ဟု ကြွေးကြော်တတ်သည့် တလွဲ သရုပ်ဖော်တတ်သူတို့သည်လည်း နောက် ကြောင်းပြန်လမ်းကြောင်းပေါ်မှ ပိတ်ဆို့မှု တစ်ခုပင် ဖြစ်လေသည်။ ယင်းကဲ့သို့ လူ များသည် တိုးတက်မှုကို ဆန့်ကျင်သူများဟု ယူဆရပါသည်။

## ရှေ့တူရူနှင့် နောက်ကျောကြား

တိုးတက်မှုကို လိုလားရှုမြင်တတ်သူ တို့အနေဖြင့် ရှေ့တူရူသို့သာ တစိုက်မတ် မတ် တိုးထွက်လျှောက်လှမ်းကြ မည်မှာ အသေအချာ ဖြစ်သည်။ ဤသို့ လျှောက်လှမ်းရန်မှာ နောက် ပြန်တုံ့ငင်ဆွဲယူမှုများကို ဥပေက္ခာ ပြုနိုင်သော ခွန်အားမျိုး လိုပါ သည်။ ယင်းမှာ ကမ္ဘာ့ရွာအတွင်း မှ အမျိုးသမီးတို့အတွက် လက်ကျန် စည်းဘောင်များပင် ဖြစ်သည်။ ကြိုးတန်းပေါ် လမ်းလျှောက်သည် ဆိုလျှင်မူ ရှေ့တူရူသို့ မျက်နှာမူ အာရုံစူးစိုက်က အောင်မြင်မှုရယူ နိုင်မည်ဖြစ်ရာ မိမိတို့ ဝန်းကျင်မှ သို့မဟုတ် နောက်ကျောမှ ညှပ်ပိတ် ထားမှုများဖြစ်သည့် ရိုးရာအစဉ် အလာ၊ လူမှုရေး တုံ့ဆွဲမှုများကို ပြတ်သားစွာ ပယ်ချနိုင်ရန် လိုအပ်လှ ပါသည်။ မြန်မာအမျိုးသမီးများ သည် အနီးစပ်ဆုံး အိန္ဒိယမှ အမျိုး သမီးများနှင့် နှိုင်းယှဉ်ပြရသော် များစွာ လူမှုအခွင့်အရေးရသော် ငြား လုံးဝဥသုံ အမျိုးသားများနှင့် သာတူညီမျှ လူသားများဖြစ်ရန်မှု



လိုအပ်ချက်များ ရှိနေပါသေးသည်။ မည်သို့ပင်ဖြစ်စေ... မြန်မာနိုင်ငံကဲ့သို့ ယဉ်ကျေးမှုနှင့် သိမ်မွေ့မှုတို့ လွှမ်းမိုးသောနိုင်ငံ၏ နည်းပညာနယ်ပယ်၌ အမျိုးသမီးများ၏ လုပ်အားစွမ်းရည် အသုံးဝင်လာသည်မှာ သင့်လျော်လိုက်ဖက်သည့် ငုပ်လျှိုးဗီဇများ ပေါ်ထွက်လာခြင်းပင် ဖြစ်ပါသည်။ ပညာရေးနယ်ပယ်၌ မည့်ခဲ့သော အမျိုးသမီးတို့သည် ၎င်းတို့၏ အရည်အချင်းများကို အသုံးချပြနိုင်မည့် ခေတ်အပြောင်းအလဲကို ရပ်တန့်စောင့်ဆိုင်းနေသကဲ့သို့ ရှိနေခဲ့ရာမှ IT နည်းပညာခေတ်က ဆီးကြိုလိုက်ခြင်းပင် ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံ၏ IT Industry တွင် အရေးပါအရာရောက်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်နေသူ အမျိုးသမီးများမှာ အမျိုးသားများထက် များပြားနေပါသည်။ ဤသည်မှာ ကမ္ဘာ့ပြခြင်းဖြစ်စဉ်၏ လိုလားဖွယ်ရာ တိုးတက်ပြောင်းလဲလာမှုပင် ဖြစ်ပေသည်။ စက်မှုခေတ်ကာလများတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းနိုင်ရန် အတွက် ကြွက်သားများ ညှစ်ထုတ်သည့်တိုင် တန်းတူညီမျှ ယှဉ်ပြိုင်နိုင်ရန် မလွယ်ကူခဲ့ရာမှ ပညာခေတ်သို့ရောက်ရှိလာသည့်အခါ ခန္ဓာကိုယ်တစ်ခုလုံးတွင် အပျော့ပျောင်းအနူးညံ့ဆုံး အစိုင်အခဲဟုဆိုနိုင်သည့် ဦးနှောက်တစ်ခုတည်းကို အသုံးပြုကာ ယောကျ်ားသားများထက်ပင် ကျော်လွန်အောင် အားထုတ်နိုင်သည့်အလားအလာများ ရှိလာပြီဖြစ်သည်။



## အရည်အချင်းနှင့် ယုံကြည်မှုျော်လင့်မှု

ကျား၊ မ မဟူ မိမိကိုယ်ကိုယ် သိသော၊ မသိသော အရည်အချင်းများ ပေါ်ထွက်လာရန်မှာ ယုံကြည်ခိုင်မာစွာ မျှော်လင့်ခြင်းပင် ဖြစ်သည်။ ထို့အတွက် အမျိုးသမီးများအနေဖြင့် ထင်ရှားစွာဖြစ်စေ၊ မထင်ရှားစွာဖြစ်စေ အရိုးစွဲခဲ့သော ထုံးတမ်းစဉ်လာများကို ဖောက်ထွက်ရန် စူးရှသော အမြင်၊ ကျယ်ပြန့်သော အယူအဆရှိရန် အရေးကြီးလှသည်။ ယခုအခါ ကမ္ဘာ့ရွာဟုဆိုသည့်အတိုင်း နိုင်ငံများသည် နည်းပညာနှင့် ဉာဏ်ရည်ဟူသော ယာဉ်ရထားဖြင့် အဆီးအတားမရှိ ကူးလူးနေကြပေပြီ။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က မြစ်ဝကျွန်းပေါ်ဒေသရှိ ဒါးကဆည်ဟူသော ကျေးရွာကလေးတစ်ရွာတွင် မွေးဖွားခဲ့သည့် မယဉ်ယဉ်တိုးအမည်ရှိ အမျိုးသမီးငယ်တစ်ဦးသည် ရိုးပြတ်နံ့သင်းသော ကွင်းပြင်များအား ရဲဝံ့စွာ ကျောခိုင်းခဲ့ပြီး ယခုအခါ၌ အာရှ၏ ကျားတစ်ကောင်ဖြစ်သည့် စင်ကာပူနိုင်ငံတွင် ဘာသာမတူ လူမျိုးခြားများကြား၌ အများနည်းတူ ရှိနေသော ဦးနှောက်ကိုပင် အသုံးချကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း အလုပ်လုပ်နိုင်ခဲ့သည်ကို သာဓကတစ်ခုအနေဖြင့် ဆိုချင်ပါသည်။ ဤသည်ကား မိမိကိုယ်ကိုယ် ယုံကြည်မှုရှိစွာ ကြိုးပမ်းလိုသည့်သူအား နည်းပညာက သယ်ဆောင်ပေးခြင်းပင် ဖြစ်သည်။

ကမ္ဘာ့သမိုင်းစဉ်တစ်လျှောက် ထင်ရှားသောဖြစ်ရပ်၊ မထင်ရှားသောဖြစ်ရပ်တို့ကို ပြန်လည်ကြည့်ပါမူ ထူးချွန်ပြောင်မြောက်လှသည့် ကမ္ဘာကျော် မိန်းမဆိုးများ ရှိခဲ့သကဲ့သို့ မာသာထရီဇာကဲ့သို့ လူ့ဝန်းကျင်ကို ကောင်းကျိုးပြုသူ မြင့်မြတ်သည့် အမျိုးသမီးများလည်း ရှိပေရာ ၎င်းတို့အားလုံးတွင် မငြင်းနိုင်သော ကိုယ်စီအရည်အချင်းတစ်ခုစီတော့ ရှိကြသည်ချည်း ဖြစ်ပါသည်။ ဤသို့ဆိုလျှင် မြန်မာနိုင်ငံ လူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများ၏ စိတ်ဓာတ်ကို တုံ့ဆိုင်းစေသော ဓလေ့ထုံးတမ်းစဉ်လာများကို ဖောက်ဖျက်ပစ်ကာ စူးစူးရှရှအမြင်သစ်များ ပေးစွမ်းနိုင်မည်၊ ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်၍ ပြုပြင်ပြောင်းလဲရန် လိုအပ်နေသော အခွင့်အရေးနှင့် ပတ်ဝန်းကျင်၏ သဘောထားများကို အသစ်လုပ်ပစ်နိုင်မည်ဆိုပါက မြန်မာအမျိုးသမီးတို့၏ ငုပ်လျှိုးဗီဇစွမ်းရည်များ ထွက်ပေါ်လာကာ အနာဂတ်တွင် နိုင်ငံ၏အကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ပေးနိုင်သော အင်အားထုကြီး ဖြစ်လာမည်မှာ သေချာလှပါသည်။

အချုပ်အားဖြင့်ဆိုသော် နည်းပညာသည် အားလုံးကို တစ်သားတည်း ပေါင်းစပ်ထုပ်ပိုးပစ်လိုက်ရာ အမျိုးသမီး၊ အမျိုးသားအားလုံး တူညီစွာပင် ဉာဏ်ရည်လှိုင်းထဲ၌ ကူးခတ်နိုင်စွမ်းသော အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

**ဇင်ဇင်သော်**



ဤကဏ္ဍတွင်......


၆၆ ဆီမီးစာကြည့်တိုက်

၇၂ လစဉ်ထုတ်မဂ္ဂဇင်းများနှင့် ကိုယ်ပိုင်ဟန် တည်ဆောက်မှု

၇၈ အလားအလာကောင်းသို့ ဦးတည်လာသော မြန်မာ့ပုလဲ မွေးမြူရေး

၈၃ ဟိုဘက်၊ သည်ဘက်

၈၈ မိုးလေဝသနှင့် လူမှုစီးပွား အကျိုးဆက်များ

၉၂ ရှေးဟောင်းပစ္စည်း ဈေးကွက်

၉၆ ရန်ကုန် ကုန်စည်ဈေးကွက်


# ဆီမီး စာကြည့်တိုက်များ

**တင်ဝင်းထွဋ် ၊ MNM**

**မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ကို စနစ်တကျမြှင့်တင် တည်ဆောက်နိုင်ရန်အတွက် မဖြစ်မနေလိုအပ်သော လူငယ်ဘဝမှစတင်၍ စာဖတ်ခြင်း အလေ့အထကို စဉ်ဆက်မပြတ် မွေးမြူတတ်စေရေးတွင် စီးပွားဖြစ်သက်သက်ဆောင်ရွက်ခြင်း မရှိသော စာအုပ်အငှားဆိုင်များသည် များစွာ အထောက်အကူပြုနိုင်ရာ အဆိုပါစာအုပ်အငှား ဆိုင်များအား ဆီမီးစာကြည့်တိုက် (Semi-Library)များဟုပင် ခေါ်ဆိုရမည်ဖြစ်သည်။**

နိစ္စဓူဝကိစ္စများ၊ စားဝတ်နေရေးအတွက် ပေးရသောအချိန်များကြောင့် စာကြည့်တိုက်များသို့ တကူးတက မသွားရောက်နိုင်သူများမှာ မိမိနေအိမ်နှင့် နီးစပ်သော စာအုပ်အငှားဆိုင်များကို အားကိုး၍ ဦးနှောက်အာဟာရကို ဖြည့်တင်းကြရပါသည်။ စနစ်ကျနသော စာကြည့်တိုက်များ အမြောက်အမြား ထူထောင်ရန် အားယူဆဲကာလတွင် စီးပွားရေးနှင့် ဝါသနာတွဲဖက်လုပ်ကိုင်သော စာအုပ်အငှားဆိုင်များ၏ ဝန်ဆောင်မှုမှာလည်း ကိုယ်ပိုင်ဝယ်ယူ သိမ်းဆည်းရန် အခက်အခဲရှိသူများအတွက် အဖိုးထိုက်တန်သော အပြန်အလှန် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။

စင်ကာပူနိုင်ငံရှိ Shopping Centre ကြီးအချို့တွင် လူငယ်စာကြည့်တိုက်များ ထားရှိသည်မှာ နေရာပိုနေ၍ မဟုတ်ပါ။ မြို့ပြရေးရာနှင့် Sociology ကျွမ်းကျင်သူများက စာကြည့်တိုက်သို့ တကူးတက လာရောက်ရန်မလိုဘဲ ဖြတ်သန်းသွားလာလေ့ရှိသည့်နေရာတွင် လိုက်လံဖွင့်လှစ်ခြင်းသည် ပိုမိုထိရောက်မှုရှိမည်ဟု ယူဆ၍ ဖြစ်ပါသည်။ ၎င်းတို့ခန့်မှန်းထားသည့်အတိုင်း ကြိတ်ကြိတ်တိုး စည်ကားမှုမှာ နေ့စဉ်မြင်ကွင်းတစ်ရပ်ပင် ဖြစ်သည်။ (Source: ဦးသော်ကောင်းနှင့်။ လူငယ်နှင့် အင်တာဗျူး။ မိုးဇံ)

## အငှားစာအုပ်စင်

ရန်ကုန်မြို့ ၃၇ လမ်းရှိ ပုဂံစာအုပ်တိုက်တွင် တိုက်ရှိ မိမိတို့အလိုရှိသည့် စာအုပ်များကို မိတ္တူကူး၍ ယူသွားနိုင်ပြီး သီးခြားတန်ဖိုးမပေးရဘဲ မိတ္တူကူးခဖိုး သာယူသည်ဟု ယင်းစာအုပ်တိုက်နှင့် ကျမ်းပြုစုရန် ဆက်သွယ်ခဲ့ဖူးသူတစ်ဦးက ပြောသည်။

Living Color မဂ္ဂဇင်း အမှတ် ၉၆ တွင် ပုဂံစာအုပ်တိုက်ပိုင်ရှင် ဦးဘကြည်သည် စာအုပ်ဟောင်းမျိုးစုံအား ဝါသနာအရ ရှာဖွေစုဆောင်း တည်ထောင်ခဲ့ကြောင်း၊ ရှားပါးစာအုပ်မျိုးစုံတွင် နှစ်ပေါင်း ၂၀၀ ခန့်က စာအုပ်များပင် ပါရှိကြောင်း၊ ဤ

စာအုပ်တိုက်မှ စာအုပ်များဖြင့်ပင် ဘွဲ့ယူစာတမ်းပြုစု၍ မဟာဘွဲ့ရသွားသူအများ အပြားရှိခဲ့ကြောင်း၊ ပညာရှင်များနှင့် သမိုင်းသုတေသီများ လာရောက်လေ့လာ ရှာဖွေဖတ်ယူရကြောင်း ဆောင်းပါးရှင် ကံရှင်၏ ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဤသို့သော စာအုပ်တိုက်များ၊ အငှားစာအုပ်ဆိုင်များ သည် စာကြည့်တိုက်သဘော သက်ဝင်နေ သည့် အငှားစာအုပ်စင်များ ဖြစ်ကြသည်။

စာကြည့်တိုက်ဆိုသည်မှာ စာအုပ် စာတမ်းမျိုးစုံကို စုစည်းသိမ်းဆည်းပြီး ငှားရမ်းနိုင်သောနေရာ ဖြစ်သော်လည်း အငှားစာအုပ်ဆိုင်အချို့သည် စာကြည့် တိုက် သဘောမျိုးမဟုတ်ဘဲ စာဖတ်သူတို့ လေ့လာဖတ်ရှုနိုင်လောက်သော စာအုပ် အချို့ကို ငှားရမ်းနိုင်သည်ကို တွေ့ရ သည်။

ရန်ကုန်မြို့ ရေကျော်ရပ်ကွက် ရွှေဘုန်းပွင့်ဘုရားအနီးမှ စာအုပ်အငှား ဆိုင်တစ်ခုတွင် ငှားရမ်းခဲ့သူတစ်ဦးက "ဒီစာအုပ်ဆိုင်မှာ စာအုပ်အဟောင်းရော အသစ်ရော တော်တော်စုံတယ်။ ခေတ် ဟောင်းခေတ်သစ် နှစ်မျိုးစလုံး တင်နိုင် တယ်။ ခေတ်ဟောင်းစာအုပ်တွေထဲကဆို အရင်ခေတ်ကထုတ်တဲ့ သိုက်သမိုင်း၊ စုန်းကဝေ စာအုပ်တွေလည်း ရှိတယ်။ တခြားခုခေတ်မှာ ပြန်မထွက်နိုင်တော့တဲ့ စာအုပ်တွေ၊ ဒီဘက်ခေတ်မှာထွက်တဲ့လိုင်း စာအုပ်တွေကိုလည်း တခြားဆိုင်တွေမှာ မရနိုင်ဘဲ ဒီစာအုပ်ဆိုင်မှာ ရနိုင်တယ်။ တခြား ဥပဒေရေးရာ၊ ကျန်းမာရေးရာ၊ လူမှုရေးရာဆိုင်ရာ စာအုပ်တွေလည်း တင်ပြီး ငှားပေးနေတာကို တွေ့ရတယ်။ လေ့လာလိုသူအဖို့ကတော့ ဟန်ကျစရာပဲ" ဟု ပြောပါသည်။

ထိုသို့ ဝန်ဆောင်မှုပေးနေသည့် အငှားစာအုပ်စင်များဟု ခေါ်နိုင်သည့် စာအုပ်ဆိုင်များမှာ ရန်ကုန်မြို့အတွင်း၌ လက်ချိုးရေတွက်နိုင်အောင် နည်းပါးလှ သော်လည်း စာအုပ်ဆိုင်များသည် စာဖတ် ပရိသတ်အတွက် အကျိုးကျေးဇူး များစွာ ရရှိရန် အထောက်အကူပြုနေသည်ကို တွေ့ရ သည်။

## ပြည်ပဇာတ်လမ်းတွဲများနှင့် စာအုပ်အငှားဆိုင်

စာအုပ်အငှားဆိုင်များမှ စာအုပ်ငှား ရမ်းသူများမှာ လွန်ခဲ့သော လေးနှစ်နှင့်စာ လျှင် ယခုနှစ်အတွင်း ထက်ဝက်ခန့် ကျဆင်းသွားသည်ဟု ဆိုင်ရှင်တစ်ဦးက ဆိုသည်။

ထိုသို့ ငှားရမ်းမှု ကျဆင်းသွားရ ခြင်းနှင့်ပတ်သက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ လှိုင်စာပေမှ ကိုဝင်းနိုင်က "ဒီနှစ် တွေအတွင်းမှာ မြဝတီ၊ မြန်မာ့ရုပ်မြင် သံကြား တီဗီလိုင်းတွေက ဇာတ်လမ်းတွဲ ကားတွေ ပိုပြီး ထုတ်လွှင့်လာလို့ စာဖတ်တဲ့ သူတွေ အဲဒီဘက် အာရုံရောက်ပြီး စာဖတ် အား နည်းသွားတယ်လို့ ထင်တယ်။ ဒီ ဇာတ်လမ်းတွဲတွေက ပရိသတ်ကို ကောင်း ကောင်း ဖမ်းစားထားနိုင်တယ်။ ဒါကို ဘယ်မှာ ပိုသိသာနိုင်သလဲဆိုရင် အချစ် ဝတ္ထုဖတ်တဲ့ ကောင်လေး ကောင်မလေး တွေ အခုနောက်ပိုင်းမှာ အဲဒီဝတ္ထုတွေကို ဖတ်တာ တော်တော်နည်းသွားတယ်။ ဒီနိုင်ငံကထွက်တဲ့ အချစ်ဝတ္ထုဇာတ်လမ်း တွေထက် ဇာတ်လမ်းတွဲကားတွေဆီက ဇာတ်လမ်းတွေက သူတို့ကိုပိုပြီး ဆွဲဆောင် နိုင်သွားတယ်။ ဖျော်ဖြေမှုအသစ်တွေ လူငယ်ထုထဲ စိမ့်ဝင်ပျံ့နှံ့ရောက်ရှိမှုဟာ စာဖတ်အားကို တော်တော်လျော့သွားစေ တယ်" ဟု သုံးသပ်ပါသည်။

ဗဂျီအိမ်စာပေမှ ကိုမောင်မောင်စိုး ကလည်း "စာအုပ်အငှားဆိုင်တွေဟာ ကလေးပရိသတ်ကို အဓိကထားတယ်ဆို ပေမယ့် ဒီဘက်နောက်ပိုင်းမှာ တီဗီဂိမ်းလို ဆော့ကစားရော အသစ်တွေဝင်လာတော့ ကလေးတွေက စာအုပ်သိပ်မဖတ်တော့ဘဲ အဲဒီဘက်ပဲ အာရုံရောက်သွားတာပေါ့။ ကာတွန်းစာအုပ်တစ်အုပ် ငှားမဲ့အစား အဲဒီ စာအုပ်တန်ဖိုးနဲ့ အတူတူပေးရတဲ့ တီဗီ ဂိမ်းပဲ သွားဆော့လိုက်တာပေါ့။ နောက်ပြီး ကလေးတွေမှာ ကျောင်းတစ်ဖက် ကျူရှင် တစ်ဖက်နဲ့ ကျောင်းဖွင့်ရက်တွေဆို သူတို့ မှာ အားရတယ် မရှိဘူး။ စာအုပ်ဖတ်ဖို့ အချိန်ကို မရဘူး။ ကျောင်းပိတ်မှပဲ သူတို့ ငှားဖတ်နိုင်ကြတယ်။ ဒီလိုပဲ လူငယ်တွေ လည်း ပညာရပ်ဆိုင်ရာသင်တန်းတွေကို တက်နေရတာနဲ့ စာအုပ်တစ်အုပ်ကို ကောက်ကိုင်ဖို့တောင် အချိန်မပေးနိုင်တော့ ဘူး" ဟု စာဖတ်အား ကျဆင်းသွားမှုကို ရှင်းပြပါသည်။

စာအုပ်အငှားဆိုင်များတွင် ပရိသတ် များ ကျဆင်းသွားသော်လည်း အမာခံ ပရိသတ်မှာ ကျန်ရှိနေသေးသည်ဟု ဆိုင် ရှင်များက ပြောပါသည်။ အမာခံ ပရိသတ် ဆိုသည်မှာ သက်လတ်ပိုင်း သက်ကြီးပိုင်း အရွယ်များဖြစ်ကြောင်း၊ ဤပရိသတ်မှာ ပုံမှန်ငှားရမ်းမှုရှိနေကြောင်း၊ အထူးသဖြင့် ယခင်က လူကြိုက်များခဲ့သော ဘာသာ ပြန်စာအုပ်အဟောင်းများ ပြန်လည်ထွက် ရှိလာမှုသည် ၎င်းတို့အတွက် အတော် အဆင်ပြေကြောင်း၊ ယခင် ဘာသာပြန် စာအုပ်အဟောင်းများမှာ ပျောက်ဆုံးမှုများ ရှိနေ၍ ပြန်လည်ဖတ်ရှုလိုသူတို့အဖို့ များစွာ အထောက်အကူပြုကြောင်း၊ ထို့ပြင် ဒဂုန် ရွှေမျှား၊ ရွှေဥဒေါင်း အစရှိသော ယခင် ခေတ် စာရေးဆရာကြီးများ ရေးသော စာအုပ်များလည်း ပြန်လည်ထွက်ရှိလာ၍ ဘာသာပြန်စာအုပ်များနည်းတူ အားပေး ကြကြောင်း စာဖတ်ပရိသတ်ကျန်ရှိမှုကို စာအုပ်အငှားဆိုင်ရှင်များက တွက်ပြပါ သည်။

စာဖတ်ပရိသတ်အား နည်းသွား သော်လည်း စာအုပ်အငှားဆိုင်များမှာ လက်ကျန်ဖောက်သည် ပရိသတ်များနှင့် ဆက်လက်ရပ်တည်နိုင်လျက် ရှိသည်။ ယင်းပရိသတ်များ၏ အင်အားသည် လက်ရှိစာအုပ်အငှားဆိုင်များ ဆက်လက်

ရှင်သန် ရပ်တည်ရေးအတွက် အဓိက အင်အားစုဖြစ်နေပေသည်။

ထိုပရိသတ် အင်အားစုအနေအထားကို စာအုပ်အငှားဆိုင်ပိုင်ရှင်တစ်ဦးက "ဒီအစုကို ကျွန်တော်တို့ ဆက်ပြီး ထိန်းထားရမယ်။ သူတို့ ဖတ်မယ့်စာအုပ်တွေကို ကိုယ်က အရှုံးခံပြီး တင်ထားပေးရတယ်။ စာဖတ်အားနည်းသွားတဲ့ ဒီခေတ်မှာ စာဖတ်အားကောင်းတဲ့ကာလ ကပါလာတဲ့ ဒီပုဂ္ဂိုလ်တွေကို အမာခံထားပြီး ဆက်လက်ရှင်သန်နေရတယ်။ တစ်ချိန်ချိန်မှာတော့ စာဖတ်အား ပြန်မြင့်လာမယ်လို့ ကျွန်တော်တို့ ယုံကြည်ထားတယ်။ သာဓကတစ်ခုပြောရရင် တခြား ဗီစီဒီ၊ ဒီဗီဒီ မျက်စိအရသာ ကြည့်ရှုနိုင်မယ့် ဖျော်ဖြေမှုမျိုး ဘယ်လောက်ပေါ်ပေါ် ရုပ်ရှင်ရုံမှာ ကြည့်ရတဲ့အရသာနဲ့ ဘယ်မှာ လဲနိုင်ပါ့မလဲ။ ဒါကြောင့်မို့လို့လည်း ရုပ်ရှင်ရုံတွေမှာ ကြည့်တဲ့လူတွေ ရှိနေသေးတယ်။ ဒီလိုပုံစံမျိုးပဲ စာအုပ်တစ်အုပ် ကိုင်ဖတ်ပြီး ဖတ်လို့ အရသာနဲ့ တခြား စိတ်အပန်းဖြေရာ ဖျော်ဖြေမှုမျိုး ဘယ်မှာ ရနိုင်မလဲ။ စာအုပ်ကဖတ်ပြီး ကိုယ်နားချင်တဲ့ အချိန် နားပြီး ကြိုက်တဲ့အချိန်မရွေး ကောက်ပြီး လှန်ဖတ်လို့ရတယ်။ အဲဒီ အရသာကို ဘယ်မှာ ရနိုင်မလဲ။ တစ်နေ့မှာတော့ စာအုပ်ဖတ်တဲ့ အရသာကို ပြန်တောင့်တပြီး ကျွန်တော်တို့ အငှားဆိုင် လုပ်ငန်းတွေလည်း ပြန်ရှင်သန်လာမှာပါ။ ကျွန်တော်တို့လူမျိုးက ကိုယ်ပိုင်ဝယ်ရမယ်ဆိုရင်တာ သိပ်စဉ်းစားတာ၊ ငှားလို့ အလကားရလို့ ဆိုရင်တာ သိပ် စိတ်ဝင်စားတာ။ ဒီတော့ စာအုပ်တစ်အုပ်ကို ငှားဖတ်လို့ရမယ့် အနေအထားကို ပြန်လည်စိတ်ဝင်စားလာမှာ သေချာတယ်။ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။ စာအုပ်အငှားဆိုင်လုပ်ငန်း ပြန်ရှင်သန်လာမှာပါ" ဟူ၍ လက်ရှိ ရပ်တည်မှုအနေအထားမှ ပြန်လည်နိုးထလာမည့်အချိန်ကို စောင့်မျှော်နေပုံကို ပြောပြပါသည်။



## စီးပွားဖြစ် မဟုတ်ပါ

ကိုမောင်မောင်စိုးက မိမိတို့အနေဖြင့် စာပေလုပ်ငန်းကို စိတ်ဝင်စားဝါသနာပါ၍သာ လုပ်ကိုင်နိုင်ခြင်းဖြစ်ကြောင်း၊ အခြားစီးပွားရေးလုပ်ငန်းများကဲ့သို့ ငွေရင်းနှီးမြှုပ်နှံပြီး ငွေလုံးခနဲ ပြိုက်ခနဲ မပေါ်နိုင်ကြောင်း၊ သင့်တင့်မျှတသော ဝင်ငွေကိုသာ မျှော်ကိုးရပ်တည်နေရကြောင်း ဆိုပါသည်။

အမြတ်ငွေနည်းပါးသော်လည်း စာအုပ်အငှားဆိုင်စီးပွားရေးလုပ်ငန်းသည် ဆက်လက်ရှင်သန်နေခြင်းမှာ အငှားဆိုင်ရှင်အများစုသည် စာပေဝါသနာကိုသာ အရင်းခံ၍ ဖွင့်လှစ်လုပ်ကိုင်နေကြခြင်းကြောင့်ဖြစ်ကြောင်း၊ ငွေကြေးကြောင့် စာအုပ်တစ်အုပ်လုံးကို မဝယ်ဖတ်နိုင်ဘဲ အငှားဆိုင်ကိုသာ အားကိုး၍ ငှားဖတ်နေသူအများစုက ပြောပါသည်။

စာပေဝါသနာကြီးသော အငှားဆိုင်ပိုင်ရှင်အများစုတို့သည် မိမိတို့ဆိုင်များ၌ စာဖတ်သူအား အတွေးအမြင်၊ ဗဟုသုတ ပေးနိုင်သည့် ဝတ္ထု၊ မဂ္ဂဇင်း မဟုတ်သော ရသမန္တယ်သည့် ဈေးကွက်အခေါ် လိုင်း စာအုပ်မျိုးကိုလည်း အမြတ်မရသည့်အပြင် အရှုံးခံ၍ တင်လာကြသည်ကို တွေ့ရသည်။

ဒဂုံမြို့သစ်မြောက်ပိုင်းတွင် စာအုပ်အငှားဆိုင် ဖွင့်လှစ်ထားသူ ကိုဝင်းနိုင်က "ကျွန်တော့်ဆီမှာ ဒီလိုင်းစာအုပ်တွေကို သီးခြား တင်ပေးထားပါတယ်။ ကိုယ်ကိုယ်၌လည်း စာအုပ်တွေကို ဖတ်တာ ဝါသနာပါတော့ ကိုယ်လည်းဖတ်ရ။ တခြား ကြိုက်လို့ ဖတ်မဲ့သူတွေအတွက်လည်း အဆင်ပြေအောင်ပေါ့။ စာအုပ်တစ်အုပ် ပျမ်းမျှဈေးနှုန်းက ကျပ်ထောင်ဂဏန်းဝန်းကျင်မို့ အများစုက ဝယ်မဖတ်နိုင်ဘူးလေ။ ဒီတော့ စာအုပ်တစ်အုပ် ဝယ်ပြီးရင် ဒီစာအုပ်ရဲ့ မူလတန်ဖိုး ၁၀ ရာခိုင်နှုန်းကို တစ်ရက်ငှားခ သတ်မှတ်ပြီး ငှားရမ်းပေးပါတယ်။ တချို့ဆို တစ်ရက်နဲ့မပြီးဘဲ နှစ်ရက် သုံးရက် တစ်ခါတစ်ရံ လေးငါးရက်ကြာသွားတာလည်း ရှိတယ်။ ဒီလိုလူမျိုးတွေအတွက် ငှားတဲ့ရက်အလိုက်မယူဘဲ တစ်ရက် နှစ်ရက်စာ ဈေးနှုန်းပဲ ယူလိုက်ရတယ်။ အဓိက,ကတော့ ကိုယ့်လို စာဖတ်ဝါသနာပါတဲ့သူတွေအတွက် အဆင်ပြေစေနိုင်ဖို့အတွက်ပါ" ဟု စာအုပ်ငှားရမ်းမှုအနေအထားကို ရှင်းပြပါသည်။

## တိုက်ကျနင့် အပုံများမှ

ကိုမောင်မောင်စိုး ဇဂျီအိမ်စာပေ စတင်တည်ထောင်ချိန် ၁၉၉၃ ခုနှစ်ဝန်းကျင်၌ စာအုပ်အငှားဆိုင်တစ်ဆိုင် ဖွင့်လှစ်လုပ်ကိုင်နိုင်ရန် ငွေကျပ် ၃၀၀၀ သာ လိုအပ်ပါမည်။

"အခုဆို တစ်လ အုပ် ၅၀ ထွက်ရင် ၃၀ ပဲ ဝယ်နိုင်တယ်။ စာအုပ်အများစုက ၁၀၀၀ ကျပ်ဝန်းကျင် အနည်းဆုံးလို ဖြစ်နေပြီ။ ၂၀၀၀ ကျပ်ကျော်ရင် ဝယ်ဖို့ မလွယ်တော့ဘူး။ ပြန်ငှားရင် ဝယ်ဈေးရဲ့ ၁၀ ရာခိုင်နှုန်းနဲ့ ငှားနေကြပေမယ့် အဲဒီထက် လျှော့ရတာပဲ များတယ်။ အခုနေ စာအုပ်ဆိုင်တစ်ဆိုင် ဖွင့်မယ်။ ချွေချွေတာတာ အဟောင်းလေးနဲ့ မှုပြီး စတင်

ရင် တစ်သိန်းလောက်ကုန်မယ်" ဟု စာအုပ်ဆိုင်တည်ထောင်ရန် လိုအပ်သည့် အရင်းအနှီးနှင့် ဈေးနှုန်းအပြောင်းအလဲကြောင့် ဝယ်လိုသည့်စာအုပ်တိုင်း ဝယ်ယူ၍ ဆိုင်တင်ငှားရမ်းရန် မလွယ်ကူပုံကို ၎င်းက ရှင်းပြပါသည်။

ကိုမောင်မောင်စိုးကဲ့သို့ စာအုပ်အငှားဆိုင်များအနေဖြင့် အပျင်းပြေဖျော်ဖြေရေးအလို့ငှာ ဖတ်ရှုလေ့ရှိသော စာအုပ်များအတွက် တိုက်ကျစာအုပ်အမျိုးအစားကိုလည်း ကြားညှပ်ဝယ်ယူရလေ့ရှိကြောင်း ဆိုင်ရှင်အချို့၏ အဆိုအရ သိရသည်။

"တိုက်ကျဆိုတာ ရောင်းမကုန်လို့ ဟောင်းသွားတဲ့ အသစ်ပေါ့။ စာအုပ်ထုတ်ဝေရေးတွေက စထုတ်ထုတ်ခြင်း ၇၀၀ နဲ့ ရောင်း၊ နှစ်လလောက်ကြာတော့ ကျန်တဲ့ စာအုပ်ကို ၃၀၀ အောက်ဆုံး ချပေးတာ။ ကာတွန်းကျတော့ တိုက်ကျ တင်ရတာ ကိုက်တယ်။ အသစ် ၅၀၀ ဆို တိုက်ကျက တစ်ဝက်ပဲ၊ ကာတွန်းက နောက်ကျလည်း ပြဿနာသိပ်မရှိဘူး။ Top 10 ဝင်တဲ့ အထဲက အပေါ်ပိုင်း ငါးအုပ်လောက်ကတော့ ထွက်ထွက်ချင်း ဝယ်တင်ရတယ်။ အဓိက လူကြီးရော၊ ကလေးပါ ဖတ်လေ့ရှိတဲ့ ဝိဇ္ဇာ၊ တင်မောင်ဝင်း၊ ဒီရဲဂျာပေါ့" ဟု တိုက်ကျဝယ်ယူပုံကို စာအုပ်အငှားဆိုင်ပိုင်ရှင်တစ်ဦးက ရှင်းပြပါသည်။

ယခုအခါတွင် အကြောင်းအရပ်ရပ်ကြောင့် စာအုပ်အငှားဆိုင်များ အငှားကျဆင်းလျက်ရှိရာ မဂ္ဂဇင်းများ ဝယ်ယူငှားရမ်းမှုသည် ဆုံးရှုံးမှုပမာဏ အများဆုံးကို ဖြစ်ပေါ်စေကြောင်း တာမွေမြို့နယ်မှ အငှားဆိုင်ရှင်တစ်ဦးက ဆိုသည်။ မဂ္ဂဇင်းများမှာ စထွက်ချိန်မှ တစ်လကျော်ပါက ငှားရမ်းမည့်သူမရှိသည့်အပြင် ပြန်လည်ရောင်းချပါကလည်း ဝယ်ရင်းဈေး၏ ၁၀ ရာခိုင်နှုန်းပင် ပြန်လည်မရရှိနိုင်ကြောင်း၊ မဂ္ဂဇင်းများမှာ တစ်လသက်တမ်းကျော်လွန်ပါက ငှားရမ်းမည့်သူမရှိသည့်အပြင် ပြန်လည်ရောင်းချပါကလည်း ဝယ်ရင်း၏ ၁၀ ရာခိုင်နှုန်း ပြန်လည်မရရှိနိုင်ကြောင်း ၎င်းက ဆိုသည်။

ဗဂျီအိမ်စာပေမှ ကိုမောင်မောင်စိုးကလည်း "အဓိက အခက်အခဲက Quality မဂ္ဂဇင်း အခက်အခဲပဲ။ အနည်းဆုံးက ၁၂၀၀ ကျပ်လောက် ရှိတယ်။ ချုပ်ခနဲ့ဆို ၁၃၀၀။ နေ့တိုင်းငှားနေကျ ဖောက်သည်ကို ၁၀၀ ထက်ကျော်အောင်ယူပြီးလည်း မငှားချင်ဘူး။ နေရာမကောင်းရင် ဘယ်လိုမှ Quailty တင်နိုင်မှာ မဟုတ်ဘူး" ဟု ရှင်းပြပါသည်။

နေ့စဉ် ဝင်ငွေရရှိရေးသာမက စာဖတ်ဝါသနာအရင်းခံ၍ အငှားဆိုင်ဖွင့်လှစ်သူများမှာ လစဉ်ထုတ်စာရင်းများအပြင် မိမိဆိုင်ကို လာရောက်သူများ ဖတ်ရှုလိုသည့် စာအုပ်ဟောင်းများကိုလည်း ရှာဖွေ၍ ဆိုင်တွင် တင်ထားလေ့ရှိပါသည်။ ရှားပါးစာအုပ်ဟောင်းများမှာ ဈေးနှုန်းကြီးမြင့်ခြင်း၊ ပြန်လည်ထုတ်ဝေပါကလည်း ရှားပါးအဟောင်းဈေးနှင့် မကွာခြားခြင်း၊ မူရင်းတွင်ပါဝင်သော ကဏ္ဍအချို့ မပါဝင်ခြင်းတို့ ရှိပါသည်။ ကျပ် ၂၀၀၀ ကျော် ၃၀၀၀ တန်ဖိုးရှိ စာအုပ်များကို ဖတ်ရှုသူများမှာ ရက်ကြာရှည် ငှားရမ်းရ၍ တစ်ရက်ငှားခ ၁၀ ရာခိုင်နှုန်းကျော် ရှိပါကလည်း နှစ်ဦးနှစ်ဖက် တွက်ခြေမကိုက်ကြကြောင်း စာအုပ်အငှားဆိုင်ရှင်အချို့၏ ပြောကြားချက်အရ သိရပါသည်။ အဆိုပါအခက်အခဲကို ပြေလည်စေရန်အတွက် အချို့က ပလက်ဖောင်း၌ စုပုံရောင်းချသောအခါ အဟောင်းများထဲမှ မွှေနှောက်ရှာဖွေခြင်းကို နေ့စဉ်နီးပါး ဆောင်ရွက်လေ့ရှိကြောင်း ၎င်းတို့က ဆိုသည်။

ကိုမောင်မောင်စိုးကလည်း "လူသိများတဲ့ လူကြိုက်များတဲ့ စာရေးဆရာဆိုရင်တော့ ဈေးကြီးလည်း ဝယ်တင်ထားပြီး ငါးရာခိုင်နှုန်းလောက်နဲ့ပဲ ငှားတယ်။ ဒါတောင် ရက်ကြာရင် အပြည့်ယူလို့ မရဘူး။ တစ်ခုရှိတာက နှစ်ကြာလို့ အသစ်ပြန်ထုတ်မှ လာမေးသူတွေလာရင် သူများ ၂၀၀ နဲ့ ငှားတဲ့အချိန်မှာ ကိုယ်က သုံးလေးငါးဆယ်နဲ့ ငှားနိုင်တယ်။ စာကြည့်တိုက်တစ်ခုလို ကဏ္ဍအစုံ တင်ထားပေးနိုင်အောင်တော့ ၅၀၀ တန်အုပ်ကိုပဲ အဓိကမွှေရတယ်" ဟု ၎င်း၏ လုပ်ဆောင်မှုကို ရှင်းပြသည်။ စာအုပ်အငှားဆိုင်များ၏ ငွေကြေးအင်အားနှင့် ငှားရမ်းသူတို့၏ သုံးစွဲနိုင်မှုတို့ ချိန်ခွင်လျှာ ညှိနှိုင်းမှုမှနေ၍ ဂျာနယ်များ ဆိုင်တင်ငှားရမ်းမှုသည်လည်း ဈေးကွက်အခင်းအကျင်းသစ်တစ်ခုဖြစ်ကြောင်း ကိုမောင်မောင်စိုးက ပြောပါသည်။

## ပါဝါရိန်းဂျားနှင့် ဆိုင်ခန်းခ

"ပါဝါရိန်းဂျားနဲ့ စာအုပ်တစ်ခုခု ရွေးချယ်ရမယ်ဆို စာအုပ်ကို မရွေးတော့ဘူး။ ဗီစီဒီတစ်ချပ်ဝယ်ဈေးက လေးခွေတစ်ထောင်၊ ငှားကြည့်ရင် ၅၀ ပဲထား။ ကာတွန်းစာအုပ်ဟောင်းရင်တောင် ၃၀ ဝန်းကျင်ဆိုတော့ မီးလာရင် ကလေးတွေက အခွေပဲ ကြည့်ဖြစ်သွားတယ်။ ကျောင်းဖွင့်ချိန်ဆို ပိုဆိုးတယ်။ မိဘက အိမ်စာရှိတယ်။ စာအုပ်ငှားရင် ခွေမငှားနဲ့ဆိုတော့ သိသိသာသာ အငှားကျတယ်" ဟု ကိုမောင်မောင်စိုးက ကလေးစာဖတ်ပရိသတ်များနှင့် စာအုပ်ငှားဆိုင်များ၏ ဆက်ဆံမှုအခြေအနေကို ရှင်းပြပါသည်။

လက်လှမ်းမီသမျှ စာအုပ်ဆိုင်အချို့၏ အငှားစာရင်းကို လေ့လာရာတွင် ဆိုင်အများစုတွင် အငှားရဆုံးမှာ ရုပ်ပြကာတွန်းများ ဖြစ်သည်ကို တွေ့ရသည်။ ကာတွန်းအငှားများပါက တိုက်ကျဝယ်ယူရ၍ အရင်းအနှီး သက်သာခြင်း၊ ကလေးများမှာ ကာတွန်းတစ်အုပ်ကို အကြိမ်ကြိမ် ပြန်ဖတ်ရလေ့ရှိခြင်း၊ ကြာရှည်စွာ ငှားရမ်းပြီးပါက ပိဿာချိန်ထက်ပိုမိုသော ဈေးနှုန်းဖြင့် နယ်စာကြည့်တိုက်များသို့ ပြန်လည်ရောင်းချနိုင်ခြင်းတို့ကြောင့် စာအုပ်အငှားဆိုင်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် အထောက်အကူများစွာပြုနိုင်သည်ကို

စာအုပ်အငှားဆိုင်ရှင်အချို့၏ ရှင်းပြမှု ကြောင့် သိရပါသည်။

ဝယ်လိုအားနှင့် ပြောင်းပြန်အချိုးကျဖြစ်ပေါ်လာသော စက္ကူကွာလတီ မဂ္ဂဇင်းများ ထုတ်ဝေသူ များပြားလာခြင်းဖြင့် စာအုပ်အငှားဆိုင်များမှာလည်း ဝယ်ယူရန် လက်တွန့်မှုများ ရှိလာကြောင်း၊ စာအုပ်အငှားဆိုင် ဝင်ငွေမှန်စေရန် အတွက် ကာတွန်းကဲ့သို့ အခြားအထောက်အကူပြုသည့်စာအုပ်များမှာ မင်းသိခ်၊ မင်းမြတ်သူရ၊ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှားတို့၏ ဝတ္ထုစာအုပ်များဖြစ်ကြောင်း ကိုမောင်မောင်စိုးနှင့် ကိုဝင်းနိုင်တို့က ရှင်းပြသည်။ အကြောင်းမှာ လူကြီး၊ ကလေးမရွေး ကြိုက်နှစ်သက်ပြီး မကြာခဏပြန်လည်ဖတ်ရှုလေ့ရှိခြင်း၊ ပြန်လည်ရိုက်နှိပ်ထုတ်ဝေချိန်၌ အဟောင်းရှိနေပါက ပြန်လည်ငွေထပ်မစိုက်ဘဲ အငှားသွက်ခြင်းတို့ကြောင့် ဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

ရန်ကုန်မြို့တော်သို့ လူဦးရေတိုးတက်ဝင်ရောက်မှု များပြားလာခြင်းကြောင့် ကန်ထရိုက်ခန်း များပြားလာသည့်နည်းတူ ဆိုင်ခန်းငှားရမ်းခမှာလည်း လူနေထူထပ်မှု ကိုလိုက်၍ လိုက်ပါတိုးမြင့်လာရာ မြို့နယ်အများစုရှိ စာအုပ်အငှားဆိုင်များမှာ တိုက်ခန်းများ၏ လှေကားများတွင်သာ ယာယီအခြေချကြရပါသည်။ အဆိုပါလှေကားနေရာကိုပင် တာမွေ၊ စမ်းချောင်း၊ ပုဇွန်တောင်မြို့နယ်တို့တွင် ကျပ်တစ်သောင်းငါးထောင်မှ နှစ်သောင်းကြား၊ မိုလ်တထောင်၊ လသာနှင့် ပန်းဘဲတန်းကဲ့သို့ မြို့နယ်များတွင် ကျပ်သုံးသောင်းဝန်းကျင် ငှားရမ်းခပေးချေရကြောင်း စုံစမ်းသိရှိရပါသည်။ စာပေမွေ့လျော်သူများ၏ ငွေကြေးသုံးစွဲနိုင်မှု အတိုးအလျော့ မည်သို့ပင်ရှိစေ အရှုံးမများနိုင်ဟု ယူဆသူများ ထုတ်ဝေရေးဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်လာမှုကြောင့် စာအုပ်ထွက်ရှိမှုမှာလည်း အစဉ် တိုးတက်များပြားလျက်ရှိရာ စာအုပ်အငှားဆိုင် လုပ်ကိုင်သူများ အနေအထားမှာ ဆိုင်ခန်းများ ငှားရမ်းခနှင့် စာအုပ်ထပ်ဆောင်းဖြည့်တင်းရေးတို့ ခြေကန်အားပြိုင်ဆွဲပွဲ၏ ကြားခံကြိုးတစ်ချောင်းသဖွယ် ဖြစ်လာရသည်ဟု ကိုမောင်မောင်စိုးက ဆိုပါသည်။ အိမ်ခြေ ၅၀ ရှိ လမ်းငယ်တစ်ခုတွင် စာအုပ်အငှားဆိုင် ငါးဆိုင်ခန့် ရှိလာသည့် ဈေးကွက်တင်းကျပ်မှုအပြင် ရက်ကြာငှားရမ်း၍ ငွေကြေးအခြေအနေကြောင့် မိတ်ပျက်ခံသူများကိုလည်း ပိုမိုရင်ဆိုင်လာရကြောင်း ရန်ကင်းမြို့နယ်မှ အငှားဆိုင်ရှင်တစ်ဦးက ရှင်းပြသည်။

## ပညာဒါန Self Study မှ စာကြည့်တိုက်သို့

ဝါသနာကိုအရင်းခံ၍ စာအုပ်အငှားဆိုင် ဖွင့်လှစ်ထားသူတို့မှာ တစ်လလျှင် နှစ်ဦးထက် ပိုငှားရလေ့ရှိသော မဂ္ဂဇင်း၊ ဂျာနယ်များကို ဝယ်ယူထားလေ့ရှိသည့်အပြင် ဘာသာရေးဆိုင်ရာစာအုပ်များကိုပါ အခမဲ့ငှားရမ်းလေ့ရှိသည်။ ကိုမောင်မောင်စိုး၏ ဗဂျီအိမ်စာပေ၌ ရှင်ဇနကာဘိဝံသ၊ မဟာစည်ဆရာတော်၊ မိုးကုတ်သင်တန်းတရားများ၊ ရှင်ဉာဏိဿရတို့၏ စာအုပ်များကို အခမဲ့ငှားရမ်းနိုင်သည်ကို တွေ့ရသည်။

"ကျွန်တော့်ဆိုင်က လမ်းကျဉ်းထဲရောက်နေတော့ စာပေလောက(၄)ကို အတော်များများ သွားလှူလိုက်တယ်။ သူတို့လည်း ဓမ္မဒါနလုပ်လာတော့ သူတို့ဆိုင်က လူဝင်လူထွက်များတော့ ပိုပြီး ဖတ်ဖြစ်ကြမယ်"ဟု ၎င်း၏ ဓမ္မဒါနအစီအစဉ်ကို ပြောပြပါသည်။ ထို့ပြင် ကျော်ဝင်း၊ မောင်စူးစမ်းတို့၏ ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်း ရေးသားထားသည့် ဆောင်းပါးစုများ၊ အခြား ပညာရပ်ဆိုင်ရာ ဂျာနယ်များကိုလည်း ငှားအားအနည်းအများကို ချိန်ဆခြင်းမပြုဘဲ ဝယ်ယူထားသည်ဟု ဆိုပါသည်။

"ကိုယ်တိုင်လည်း ဒါတွေကို သိချင်တယ်။ မငှားရလည်း ကိုယ်တိုင် ဖတ်ဖြစ်တယ်။ စာအုပ်တွေ စုနေတာကလည်း တစ်ချိန်မှာ စာကြည့်တိုက်တစ်ခုထောင်ဖို့အထိ ရည်မှန်းထားတယ်" ဟု ၎င်း၏ စာအုပ်စုဆောင်းပုံကို ထပ်လောင်းရှင်းပြပါသည်။

"သူများဆီမှာ လခစားလုပ်ရင် မလွတ်လပ်သလို ခံစားရတယ်။ အခုလည်း လုပ်ငန်းကျွမ်းကျင်လာတော့ တော်ရုံကုမ္ပဏီဝန်ထမ်းထက် သုံးစွဲနိုင်သည့်အပြင် စာအုပ်တွေက အမြတ်ကျန်တယ်" ဟု ဘွဲ့ရလူငယ်ဖြစ်သော်လည်း ဝါသနာနှင့် အလုပ်အကိုင် ဟန်ချက်ညီ အဆင်ပြေမှု ရှိပုံကို ပြောပြပါသည်။

ထို့ပြင် "စာကြည့်တိုက်တစ်ခု ထူထောင်ဖို့က လုပ်ချင်ရုံနဲ့ မရဘူး။ လူတွေမှာ အချိန်နဲ့ အခြေအနေကိုလိုက်ပြီး ဘာဖတ်သင့်တယ်ဆိုတာ ညွှန်နိုင်ရမယ်။ မဖတ်ဖတ်ချင်အောင် ညွှန်းချင်တဲ့စေတနာဟန်ရှိရမယ်။ စာကြည့်တိုက်ထောင်ဖို့ ကြိုးစားနေတဲ့ စာရေးဆရာကြီးတစ်ယောက်နဲ့တွေ့တော့ သူကြုံတွေ့ရတဲ့ ပြဿနာက သူ့စာကြည့်တိုက်ကို ဝိုင်းလုပ်ပေးမယ့် EC တွေ ကိုယ်တိုင် စာဖတ်ဝါသနာမပါဘူး။ ပြီးတော့ လူတွေကို စာဖတ်စေချင်တဲ့ စေတနာနည်းနေတယ်လို့ ပြောတယ်"ဟု ၎င်း၏ပရိသတ် စိတ်ဝင်စားလာသည့် အကြောင်းအရာများကို ကျွမ်းကျင်စွာ ရှာဖွေပေးနိုင်သည့်အပြင် ၎င်းနှင့်သိကျွမ်းသည့် နယ်စာကြည့်တိုက်များအတွက် စာအုပ်အလှူခံ စုဆောင်းပေးခြင်းကို အခမဲ့ ဝန်ဆောင်မှုပေးနေသည့် ကိုမောင်မောင်စိုးက ပြောပါသည်။

သတင်းစာအတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာနေသူ ဂျာနယ်တစ်စောင်မှ သတင်းထောက်တစ်ဦးကလည်း ဆက်လက်ဖတ်ရှုစုဆောင်းမှု ဝါသနာထုံသူ လူငယ်များမှာ စာအုပ်အငှားဆိုင်များ ဖွင့်လှစ်လာသည်ကို တွေ့ရများလာပြီး "ကျွန်တော်တို့အတွက်လည်း အများကြီး အထောက်အကူ ရပါတယ်။

**စာအုပ်အငှားဆိုင်များ၏ အမျိုးအစားအလိုက် ငှားရမ်းရမှုစစ်တမ်း**




**လသာမြို့နယ်၊ တာမွေမြို့နယ်(ဗဂျီအိမ်စာပေ)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (နီလာ)၊ ရန်ကင်းမြို့နယ်တို့ရှိ အငှားဆိုင်တစ်ဆိုင်စီမှ သုံးရက်စာ အငှားစာရင်းကို ကောက်ယူ၍ တွက်ချက်ထားပါသည်။ အဆိုပါအငှားဆိုင်များမှာ တစ်ရက်လျှင် အနည်းဆုံးအုပ်ရေ ၁၀၀ ငှားရမ်းအား ရှိပါသည်။ တွေ့ရှိရသော ထူးခြားချက်မှာ မြို့လယ်နှင့် ဝေးကွာသော မြို့နယ်များ၌ ရုပ်ပြငှားရမ်းအား အကောင်းဆုံးဖြစ်ပြီး စုစုပေါင်း ငှားရမ်းသူ၏ ၅၀ ရာခိုင်နှုန်းကျော်အထိ ရှိပါသည်။ မြို့လယ်နှင့် နီးစပ်သော မြို့နယ်များတွင် မဂ္ဂဇင်း ငှားရမ်းမှုနှုန်းအမြင့်ဆုံးဖြစ်ပြီး ၄၆ ရာခိုင်နှုန်း ဝန်းကျင်ရှိပါသည်။ ဂလိုဘယ်လိုက်ဖေးရှင်းနှင့် ပညာရပ်မိတ်ဆက် စာအုပ်စာတမ်းများမှာ ငှားရမ်းမှုမရှိသလောက် နည်းပါးသည်ကို တွေ့ရသည်။ အငှားအများဆုံး မဂ္ဂဇင်းသုံးအုပ်မှာ နက္ခတ္တရောင်ခြည်၊ ရွှေအမြုတေနှင့် စုံထောက်တို့ ဖြစ်သည်။ အငှားရဆုံး ဝတ္ထုသုံးအုပ်မှာ မင်းသိင်္ခ၊ မင်းမြတ်သူရ၊ တာရာမင်းဝေတို့ ရေးသားထားသော ဝတ္ထုများ ဖြစ်သည်။ ကာတွန်းမှာ ဘိုဘို၊ ဝိဇ္ဇာ၊ ကိုရွှေထူး(ပြည်)တို့ ဖြစ်သည်။**

- ရုပ်ပြ
- မဂ္ဂဇင်း
- ဝတ္ထု
- ဂလိုဘယ်လိုက်ဖေးရှင်း၊ နိုင်ငံတကာရေးရာ၊ ပညာရပ်မိတ်ဆက်

သူတို့က စာလည်း ဖတ်နိုင်တော့ ဆောင်းပါးတစ်ခုရေးချင်ရင် တိုင်ပင်လို့ရတယ်။ သတင်းစာပညာနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းကအစ ရှိတယ်။ ဥပမာ ပြောရရင် ထွန်း နေ့စဉ်ထုတ်ခဲ့တဲ့ သတင်းထောက်ဝန်ကြီး ဦးထွန်းဖေစာအုပ်တွေက အစ သူတို့ဆီမှာရှိတော့ ကျွန်တော်တို့ သတင်းထောက်တွေကို သတင်းထောက် ဝန်ကြီးဆိုပြီး နေရာပေးခဲ့တာက အစ သိရတယ်" ဟု ၎င်း၏အတွေ့အကြုံကို ပြောပြပါသည်။ 'ပညာရှာသူတို့ဝိုင်းကူ'ဟု စာကြည့်တိုက်ပညာရှင် စာရေးဆရာ ဇော်ဂျီစာကြည့်တိုက်အသင်းအတွက် ရေးသားခဲ့သည့်ဆောင်ပုဒ်အတိုင်း ဝန်ဆောင်မှုပေးနေသော စာအုပ်အငှားဆိုင်များမှာလည်း စာကြည့်တိုက်များပင် ဖြစ်ပါသည်။

အဆိုပါအငှားဆိုင်များမှာ နေရာငှားရမ်းမှုအခက်အခဲကြောင့် လေ့ကားခြေရင်းကို ငှားရမ်း၍လည်းကောင်း၊ လက်ရှိ ရေစီးကြောင်းအတိုင်း ဗီဒီယိုအငှားဆိုင်များတွင် စားပွဲတစ်လုံး စင်တစ်စင်စာ နေရာငှားရမ်း၍လည်းကောင်း ခက်ခဲစွာ ရပ်တည်လျက်ရှိရာ အဆိုပါအခက်အခဲများ ကျော်လွှားနိုင်ရေးအတွက် Sociology ဘာသာရပ်အား ဆရာလွတ်လေ့လာနေသူ Living Color မှ ကမ္ဘောဒီးယားပြန် သတင်းစာဆရာ အောင်ကျော်မင်း၏ အောက်ပါအကြံပြုချက်များမှာလည်း စိတ်ဝင်စားဖွယ်ကောင်းပါသည်။

"မြို့နယ် ရပ်ကွက်တွေမှာ စာကြည့်တိုက်ရှိပြီး ဖွင့်ရက်မမှန်တာတို့၊ စာအုပ် အစုံအလင်မရှိတာတို့၊ တကယ်ဖတ်ချင်တဲ့ အမျိုးအစား ဖြည့်တင်းမှု Gapဖြစ်နေတာတို့ များတယ်။ အဓိက စီမံခန့်ခွဲတဲ့သူက ဝါသနာတကယ်ပါဖို့လည်း လိုအပ်။ ဒါကြောင့် အဲဒီမြို့နယ် ရပ်ကွက်မှာရှိတဲ့ စာပေဝါသနာပါပြီး အငှားဆိုင်အတွေ့ အကြုံရှိတဲ့ လူငယ်တွေကို စီမံခန့်ခွဲခိုင်းရင် ပြေလည်သွားနိုင်တယ်။ နေရာသတ်မှတ်ပြီး အငှားဆိုင်ကို စာကြည့်တိုက်မှာ ဖွင့်ခွင့်ပေး။ အကျိုးအမြတ်ကို စာကြည့်တိုက်ရဲ့ အချိုးကျခွဲပြီး စာကြည့်တိုက်မှာလိုတဲ့ စာအုပ်ကို စာကြည့်တိုက်ရပိုင်ခွင့်ငွေနဲ့ သူ့တို့ တာဝန်ပေးထားပြီး ဝယ်ခိုင်းလို့ရတယ်။ နေ့ဘက်မှာ ကျူရှင်တစ်ခုခုကို ငှားစားရင်လည်း ဝင်ငွေပိုရမယ်။ Computer တွေ စီဒီရွမ်တွေအထိ ထားလာနိုင်မယ်"

**တင်ဝင်းထွဋ်၊ MNM**

**Celebrities Admiration ခေါ် အားကျဖွယ် နာမည်ကျော်တို့အား ရုးသွပ်စွဲလမ်းမှုကို ပစ်မှတ်ထား မဏ္ဍိုင်ပြု၍ စက္ကူကွာလတီမြင့်ကာ ထုတ်ဝေလျက်ရှိသော မြန်မာနိုင်ငံ၏ လစဉ်ထုတ်မဂ္ဂဇင်းများအနက် အချို့မှာ ဈေးကွက်တွင် ရေရှည်ရပ်တည်နိုင်ရေးနှင့် ထူးခြားမှုတစ်ခုဖြင့် ကွဲပြားစွာ ဖောက်ထွက်နိုင်ရေးအတွက် Celebrities Admiration ကိုပင် Sugar Coated အသွင် ကြိုးပမ်းအား ထုတ်လာကြသည်ကို တွေ့မြင်ရပါသည်။**

# လစဉ်ထုတ်မဂ္ဂဇင်းများနှင့် ကိုယ်ပိုင်ဟန်တည်ဆောက်မှု

**အောင်ကျော်မင်း ၊ ကျော်မျိုးညွန့်**






မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် စတင် အကောင်အထည်ဖော်ချိန်မှစတင်၍ နိုင်ငံတကာနှင့် ကူးလူးဆက်ဆံမှုပိုမိုများပြားလာခြင်း၊ ဂြိုဟ်တုရုပ်သံဖမ်းစက်များ ဝယ်ယူအသုံးပြုနိုင်မှု မြင့်တက်လာခြင်း၊ မာလ်တီမီဒီယာနှင့် အင်တာနက်အသုံးပြုလာနိုင်ခြင်းတို့ကြောင့် စာနယ်ဇင်းဆိုင်ရာ အခန်းကဏ္ဍသည်လည်း စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်လာရပြီဖြစ်သည်။

သာမန်သတင်းအချက်အလက်နှင့် ဖျော်ဖြေမှုပေးနိုင်ရုံနှင့် ရောင့်ရဲရုံဖြင့် မရတော့ဘဲ မိမိတို့ထုတ်ဝေသော စာနယ်ဇင်းတစ်စောင်သည် ရုပ်ရှင်၊ ဂီတ၊ ဖက်ရှင်၊ ပန်းချီ၊ စီးပွားရေး၊ နိုင်ငံတကာ၊ ရသ စာပေ စသည်ဖြင့် အမျိုးအစား မည်သို့ကွဲပြားသည်ဖြစ်စေ ဆိုင်ရာနယ်ပယ်၌ နိုင်ငံတကာကို လှမ်းကြည့်နိုင်ပြီး ဆိုင်ရာနယ်ပယ်၏ အားသာချက်၊ အားနည်းချက်များကို ရှာဖွေကာ ထိထိရောက်ရောက် ဝေဖန်အကြံပြုနိုင်ရေးသည်သာ အဓိကအခန်းကဏ္ဍအဖြစ် အရေးပါလာသည်ဟု ဆိုရမည်ဖြစ်သည်။ ပေါ်လစီ ခေါ် မူဝါဒရေးရာ၊ ကိုယ်ပိုင်ဟန် House Style တို့ဖြင့် ဖောက်ထွက်မှသာ ရေရှည်အောင်မြင်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ကိုယ်ပိုင်ပေါ်လစီ၊ သီးခြား House Style အတွက် စာမူရရှိရန် ခက်ခဲလေ့ရှိရာ အချိန်မှန် ထုတ်ဝေနိုင်ရေးအတွက် ကိုယ်ပိုင်အယ်ဒီတာအဖွဲ့ဖြင့် ပြင်ဆင်ထားမှသာ အဆင်ပြေမည်ဖြစ်သည်။

## အထူးပြုစာစောင်များ၏ မျက်မှောက်နှင့် အနာဂတ်

ယခုအခါတွင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုနယ်ပယ်အသီးသီး၌ အထူးပြုထုတ်လုပ်သော ဝန်ဆောင်မှုများမှာ အခြေအနေအရ ရေပန်းစားလာပြီဖြစ်သည်။ အဘယ်ကြောင့်နည်း။ နည်းပညာဆိုင်ရာ အံ့မခန်းတိုးတက်မှုများကြောင့် အသစ်တို့၏ သက်တမ်းမှာ နေ့မြင်ညပျောက် ဖြစ်လာသလို ကုန်ချောအမယ်သစ်များကလည်း တစ်နေ့တခြား တိုးပွားလာသည်။ ထိုအခါ စားသုံးသူကို ဆွဲဆောင်ရာ၌ ပြိုင်ဆိုင်မှုကြီးမားလာကာ သူ့ထက်သူ ပိုမိုကောင်းမွန်သောအရည်အသွေးများကို ထုတ်လုပ်ခြင်း၊ ဝန်ဆောင်ခြင်း ပြုလာကြရကုန်၏။ ထိုကဲ့သို့ ထုတ်လုပ်ဝန်ဆောင်ရာတွင် ကုန်ပစ္စည်းဝန်ဆောင်မှုတို့၏ အမျိုးအမည်အရေအတွက်ကို လျှော့ချလာရပြီး တစ်မျိုးနှစ်မျိုး (ဝါ) တစ်လိုင်း နှစ်လိုင်းခန့်ကိုသာ အထူးပြုလာရတော့သည်။

မြန်မာစာပေနယ်ပယ်၌လည်း မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံသည် အစုံသုပ်အမျိုးအစားက ပိုမိုများပြားနေသောငြား တစ်လိုင်းတည်းသာ အထူးပြု ထုတ်ဝေလာသော စာစောင်များကို တဖြည်းဖြည်း အမြင်အတွေ့များလာရပေသည်။ သီးခြားနယ်ပယ်တစ်ခုစီအတွက် အထူးပြု၍ ထုတ်ဝေသော အဆိုပါစာစောင်များအနက် မိမိလာရာ

လမ်းအတိုင်း တစိုက်မတ်မတ် လျှောက်လှမ်းလာနိုင်သော စာစောင်များ ရှိသကဲ့သို့ အခြေအနေအရ မူလလမ်းမှ သွေဖည်သွားခဲ့သော စာစောင်အမျိုးမျိုးကိုလည်း မြင်တွေ့နိုင်မည်ဖြစ်သည်။ ယင်းအကြောင်းရင်း ရှာဖွေသုံးသပ်နိုင်ရေးအတွက် လက်ရှိသီးခြားတစ်လိုင်းစီ ထုတ်ဝေနေသော မဂ္ဂဇင်း၊ ဂျာနယ်များအနက်မှ သက်တမ်းနု၊ သက်တမ်းရင့်စာစောင်အချို့အား မေးမြန်းကြည့်ရာ စီးပွားရေးအရ တွက်ခြေကိုက်လုခြင်း မရှိသည်တိုင် အများနှင့်မတူ ကွဲပြားမှုအတွက် စီစဉ်ထုတ်လုပ်သူများ၏ ဆောင်ရွက်ချက်မှ Target Audience ခေါ် ဦးတည်ပရိသတ်အပေါ် အတိုင်းအတာတစ်ခုအထိ ဩဇာလွှမ်းမိုးနိုင်သည်ကို တွေ့မြင်ရပါသည်။

## သတင်းစာပညာဖြင့် လူငယ်ကို အထူးပြုခြင်း

"ဒီကနေ့ လူငယ်ဟာ ယနေ့ ကမ္ဘာကြီး ဘာဖြစ်နေသလဲဆိုတာကို သိချင်ကြတယ်လို့ ထင်ပါတယ်"ဟူသော အမြင်ကို ပြောသည်မှာ သတင်းစာဆရာများ ဦးဆောင်လုပ်ကိုင်နေသော လူငယ်အထူးပြု မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Beauty မဂ္ဂဇင်းမှ အယ်ဒီတာချုပ် ဦးရဲနိုင်မိုး ဖြစ်သည်။ Beauty မဂ္ဂဇင်းအနေနှင့် လူငယ်များအတွက် လိုက်နာသင့်သည့် ကျင့်ဝတ်များထားရှိရမည့် တန်ဖိုးများကို အထူးပြုဖော်ပြပေးနေကြောင်း၊ ယနေ့ လူငယ်များ၏ ဆန္ဒနှင့် တူရူချက်တို့ကို ဖော်ညွှန်းဆိုသော လူငယ်တို့၏အသံများကို အခြားလူငယ်များလည်းသိအောင် ဖော်ထုတ်ပေးနေကြောင်း စသဖြင့် Beauty ၏ ရပ်တည်ချက်နှင့် ပတ်သက်၍ ၎င်းက ရှင်းပြပါသည်။

ယနေ့လူငယ်များအနေနှင့် အပြောင်းအလဲကို မကြာခဏ ဖြတ်သန်းရမှု များလာပြီး ထိုကဲ့သို့ ဖြတ်သန်းရာတွင် ဘဝအတွက် ရွေးချယ်စရာ များပြားလာသလိုပင် အခက်အခဲလည်း ယခင်ကထက် ပိုမိုများလာသည်ဟု ဦးရဲနိုင်မိုးက သူ့အမြင်ကို ပြောပြပါသည်။ အခက်အခဲနှင့် ရွေးချယ်စရာ အများအပြားကြားတွင် နားဝေတိမ်တောင် ဖြစ်နေရသော လူငယ်များအတွက် တည့်မတ်မှန်ကန်သော လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေးမှာ ယနေ့ကမ္ဘာတွင်ရော မြန်မာ၌ပါ ဘာတွေဖြစ်ပျက်နေသည်ဆိုသည်ကို အရင်းအတိုင်း သိမြင်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ အခြေခံလူမှုကျင့်ဝတ်နှင့် စံနှုန်းများကို နားလည်ခံယူနိုင်ရေးမှာလည်း အရေးကြီးပေသည်။

အဆိုပါအကြောင်းအရာများကို လူငယ်များအတွက် ပိုမိုမှန်ကန်ပြီး စနစ်ကျနစွာ ရေးသားတင်ပြနိုင်ရန်မှာ စာနယ်ဇင်းအတတ်ပညာ (Journalism) လိုအပ်မည်ထင်ကြောင်း ဦးရဲနိုင်မိုးက သုံးသပ်သည်။ ထို့အပြင် လူငယ်များအတွက် သတင်းစာအတတ်ပညာများကို Beauty မဂ္ဂဇင်းကဏ္ဍမျိုးစုံမှ မကြာခဏ မိတ်ဆက်တင်ပြပေးခဲ့သည်ကိုလည်း တွေ့ရပါသည်။ "Pop ပဲ ဖြစ်ဖြစ်ပေါ့။ အဝါရောင်မှာလည်း Journalism တတ်တဲ့သူတွေ စနစ်တကျလုပ်မယ်ဆို စာပေပညာအတွက် ဖျော်ဖြေရေးထဲကနေ ကောင်းကျိုးတစ်ခုခု ရနိုင်မယ်လို့ ထင်ပါတယ်"ဟု သတင်းစာပညာ၏ အရေးကြီးပုံကို ၎င်းက ရှင်းပြပါသည်။ လူငယ်များအတွက် အကြောင်းချင်းရာမျိုးစုံကို တင်ပြနိုင်ရန် ကြိုးပမ်းရာတွင် အဓိကအားဖြင့် ကိုးကားစရာ စာအုပ်စာတမ်း ရှားပါးသည့် ပြဿနာမျိုး ကြုံရကြောင်း၊ ယနေ့ကမ္ဘာတွင် ဖြစ်ပျက်ပြောင်းလဲနေသောအရာတို့ကို ရေးသားထားသည့် စာအုပ်စာတမ်းအချို့ဆိုလျှင် စာအုပ်နာမည်သာ ကြားဖူးပြီး မြင်တွေ့ဖူးခြင်းပင် မရှိကြောင်း၊ အဆိုပါအကြောင်းအရာများနှင့် ပတ်သက်၍ ပြန်ဆိုရေးသားသူလည်း နည်းပါးနေသေးကြောင်း ဦးရဲနိုင်မိုးက ဆိုပါသည်။

ယနေ့လူငယ်များ၌ တူညီသောအကြိုက်ပုံစံများ ရှိသလို မတူညီသောတောင်းဆိုမှုများကိုလည်း တွေ့ရသည်ဟု ၎င်းက ပြောပြသည်။ လူငယ်အများစုကို လေ့လာကြည့်လျှင် သတင်းအချက်အလက်နည်းပညာ (Information Technology) ကို စိတ်ဝင်စားမှုများကြောင်း၊ အများစုစိတ်ဝင်စားမှုခံရသော၊ ကျော်ကြားသောအနုပညာရှင်များ၏ အကြောင်းချင်းရာများကို နှစ်သက်ကြကြောင်း၊ လူငယ်အများစုမှာ အများနှင့်မတူသော၊ ဆန်းသစ်သောပုံစံ၊ ခွဲထွက်သောဟန်ကို လိုချင်ကြကြောင်း၊ အဆိုပါအကြောင်းအရာများတွင် လူငယ်များ အကြိုက်တူကြမည်ဖြစ်ကြောင်း၊ သို့သော် အချို့လူငယ်များမှာ လူမှုသိပ္ပံဘာသာရပ်များနှင့်ပတ်သက်၍ ရေးသားသောစာမျိုး (ဥပမာ–စံပယ်ဖြူ၊ ခေတ်ဆန်းစသည့် စာစောင်များမှ စာမျိုး) တောင်းဆိုလာကြသည်ကိုလည်း တွေ့ရကြောင်း ယနေ့လူငယ်တို့၏ ဟာဒယမှ ဆန္ဒများကို ၎င်း၏အတွေ့အကြုံပေါ် အခြေခံ၍ သုံးသပ်ပြသည်။

"Beauty စထုတ်တုန်းကတော့ ဆယ်ကျော်သက်လူငယ်တွေ အကြိုက်များခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းတဖြည်းဖြည်း စာလေးလာလို့ ထင်တယ်။ Beauty ပရိသတ်အများစုက တက္ကသိုလ်ကျောင်းသားနဲ့ ဘွဲ့ရလူငယ်တွေ များလာပြီ။ Beauty ပရိသတ်က သီးသန့်အလွှာတစ်ခုလို ဖြစ်နေတာပါ။ Beauty အနေနဲ့က လူငယ်တွေအတွက် ကိုယ်ကျင့်တရားပိုင်း၊ စိတ်ဓာတ်ပိုင်းဆိုင်ရာတန်ဖိုးတွေနဲ့ ပတ်သက်ပြီး အကျိုးပြုနိုင်မယ်လို့ ထင်ပါတယ်"ဟု Beauty မဂ္ဂဇင်းက ဆိုပါသည်။ မည်သို့ပင်ဆိုစေ Beauty အနေနှင့် ဖျော်ဖြေရေးကဏ္ဍကို ဦးစားပေးဖော်ပြနေရဆဲဖြစ်ပြီး ထိုကဲ့သို့ ဦးစားပေးရခြင်းမှာ ဈေးကွက်က မောင်းနှင်သည့်အတိုင်း ဖြစ်နေရခြင်းဖြစ်ကြောင်း အဆိုပါမဂ္ဂဇင်းက ဆိုပါသည်။ ဆိုလိုသည်မှာ တိုက်ရိုက်စားသုံးသူဖြစ်သော စာဖတ်သူအများစု၏ တောင်း

ဆိုမှုအရပင်ဖြစ်နေသည်ဟူ၍ဖြစ်သည်။

ယခင် ထုတ်ဝေနေသော Beauty မဂ္ဂဇင်းအား လှန်လှောကြည့်မည်ဆိုပါက ပြည်တွင်းပြည်ပမှ Celebrities များ၏ အကြောင်းအရာများ ပါရှိသော်လည်း အဆိုပါပုဂ္ဂိုလ်များ၏ အလှကုန်ရွေးချယ်မှု၊ စရန်ငွေဖြင့် ရောင်းချထားသော နေ့ရက်များအကြောင်းကို တွေ့ရလေ့မရှိဘဲ ဆိုင်ရာနယ်ပယ်နှင့် ပတ်သက်သည့် အကောင်းအဆိုး၊ ပညာရပ်၏ အတိမ်အနက်၊ မဖြစ်မနေ ရင်ဆိုင်ခဲ့ရသော ခါးသီးမှုကို ဆေးဝါးအဖြစ် စားသုံးကာ သန်စွမ်းလာခြင်း၊ အခက်အခဲကို သင်ရိုးညွှန်းတမ်းအဖြစ် ပြောင်းလဲအသုံးပြုနိုင်ခြင်းများကို နှိုက်ထုတ်မေးမြန်းတင်ပြထားသည်ကို တွေ့ရကြောင်း လစဉ် ငှားရမ်းဖတ်ရှုသော အင်ဂျင်နီယာ ဘွဲ့ရလူငယ်တစ်ဦးက ဆိုသည်။ ၎င်းနှင့် ရွယ်တူပညာညီလူငယ်များကလည်း Beauty မှ စီစဉ်သော စာရေးဆရာများ၏ စကားဝိုင်း (ဂလိုဘယ်လိုက်ဖေးရှင်းကို မြန်မာပရိသတ်နှင့် မိတ်ဆက်ပေးသူများဟု Living Color မှ အစဉ်ဖော်ပြလေ့ရှိသူများ ပါဝင်သည်) တို့ကို နှစ်ခြိုက်ကြကြောင်း အဆိုပါလူငယ်က ဆိုသည်။

သီးခြားကိုယ်ပိုင်ဟန်ဖြင့် စီစဉ်မှု၏ အသီးအပွင့်နှင့် ပတ်သက်၍ ဦးရဲနိုင်မိုးက "မမြဲတီမှာ မေးဖြေကြတာတွေက ပညာရပ်ဆန်တယ်ဆိုတာကလည်း ပရိသတ် အကုန်လုံးကို ကိုယ်စားမပြုနိုင်ဘူးလို့ ပြောကြပေမယ့် ဒီအကြောင်းအရာတွေကို တကယ်စိတ်ဝင်စားတဲ့ ပရိသတ်အလွှာတစ်ခု သီးခြားရှိနေတာ အမှန်ပါပဲ။ သူတို့ ရေးတဲ့၊ မေးတဲ့ စာတွေအရ ကိုယ့် Trend ကိုလိုက်ပြီး စိတ်ဝင်စားတာ တွေ့ရပါတယ်" ဟု ရှင်းပြသည်။

သို့သော် နောက်ပိုင်းတွင် စာအရည်အသွေးကောင်းကို ဦးစားပေးထုတ်ဝေသော စာစောင်အများအပြား ပေါ်ပေါက်လာလိမ့်မည်ဟု မျှော်လင့်ရကြောင်း၊ လက်ရှိ




အခြေအနေတွင်မူ စီးပွားရေးပြဿနာ ခက်ခဲလွန်းသဖြင့် ပြောင်းလဲရန် လွယ်ကူဦးမည်မဟုတ်ကြောင်း၊ လူငယ်အများစုမှာ သုံးစွဲနိုင်အား မရှိသဖြင့် စာဖတ်ချင်သော်လည်း ထိထိရောက်ရောက် မဖတ်ရနိုင်ကြသေးကြောင်း ဦးရဲနိုင်မိုးက သုံးသပ်ပါသည်။ စာရေးဆရာကြီး လီယိုတော်စတွိုင်းက သမိုင်းဆိုသည်မှာ ပြောဆိုရန် အခွင့်အရေးရသူတို့၏ ကရော်ကမည်ပြောကြားချက်များဖြစ်သည်ဟု ဆိုပါသည်။ မှန်ကန်ခိုင်မာသော သမိုင်းများ မော်ကွန်းတင်ရေးမှာ သတင်းစာဆရာများ၏ တာဝန် ဖြစ်ပါသည်။ သတင်းစာပညာ အားပြုသည်ဆိုသော Beauty ကဲ့သို့ စာအုပ်များ စက္ကူကွာလတီမဂ္ဂဇင်းဈေးကွက်တွင် များစွာ လိုအပ်နေပါသေးသည်။

## အမျိုးသမီးဦးစီးသော အမျိုးသားအထူးပြုမဂ္ဂဇင်း

မကြာမတင်ကမှ ထူးထူးခြားခြား ပေါ်ထွက်လာသော အမျိုးသားများအတွက် သီးသန့်အထူးပြု ထုတ်ဝေလာသော Emperor အမျိုးသားမဂ္ဂဇင်းကို ဦးစီးလုပ်ကိုင်နေသည်မှာ ဒေါ်သန္တာခင်ဆိုသူ အမျိုးသမီးတစ်ဦး ဖြစ်သည်။ ၎င်းက ရှေးဦးစွာ ထုတ်လုပ်ခဲ့သော Empress အမျိုးသမီးမဂ္ဂဇင်းမှ အတွေ့အကြုံကို အခြေခံကာ ယင်းမဂ္ဂဇင်းကို လုပ်ဖြစ်သွားခြင်းဖြစ်သည်ဟု ဆိုသည်။

"အမျိုးသမီးမဂ္ဂဇင်းကို ထုတ်တော့ အမျိုးသားတွေက အားမပေးဘူး ဖြစ်နေတယ်။ အမျိုးသမီးမဂ္ဂဇင်းမှာ အမျိုးသားစိတ်ဝင်စားတာတွေ ထည့်ပါသေးတယ်။ ဒါပေမယ့် မရဘူး။ အဲဒါနဲ့ စိတ်ကူးရပြီး အမျိုးသားသီးသန့်မဂ္ဂဇင်းတစ်စောင်ထုတ်ဖို့ စိတ်ကူးရတာပါ"ဟူ၍ ၎င်းက အဆိုပါမဂ္ဂဇင်း ထုတ်ဖြစ်ရခြင်းအကြောင်းကို ပြောပြသည်။

အမျိုးသားနှင့် အမျိုးသမီးမှာ သဘာဝအားဖြင့် စိတ်ဝင်စားမှု ကွာခြားချက်များရှိကြောင်း၊ အထူးသဖြင့် နိုင်ငံတကာကဏ္ဍများနှင့် အားကစားကဏ္ဍများတွင် သိသိသာသာကွာကြောင်း၊ အတွေးအခေါ်နှင့်ပတ်သက်လျှင်လည်း အကြိုက်မညီကြကြောင်း၊ ကျန်းမာရေးကဲ့သို့ ကဏ္ဍမျိုးတွင်မူ အကြိုက်တူသည်ကို တွေ့ရကြောင်း၊ စီမံခန့်ခွဲမှုနှင့် IT ကဏ္ဍများကိုမူ အမျိုးသားများက ပိုမိုစိတ်ဝင်စားကြကြောင်း ဒေါ်သန္တာခင်က ဆိုပါသည်။ သို့ရာတွင် စာပေလောက၊ အရုဏ်သစ်၊ အမေ့အိမ် အစရှိသည့် စာအုပ်အရောင်းဆိုင်များတွင် ခေတ်မီ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဖွင့်ဆိုချက်များ၊ ဂလိုဘယ်လိုက်ဖေးရှင်း၊ ဒီပလိုမေစီစာအုပ်များကို ဘောင်းဘီဝတ် ၂၀ ကျော် အမျိုးသမီးငယ်များ နေ့စဉ် ဝယ်ယူနေသည်မှာ အမျိုးသားပမာဏထက် များပြားနေသည်ကို တွေ့ရကြောင်း ပြောဆိုမေးမြန်းရာတွင် ၎င်းက "ဒါက အနည်းစုဖြစ်မှာပါ Majority အများစုကတော့ မဖြစ်နိုင်ပါဘူး"ဟု ပြန်လည်ဖြေကြားပါသည်။

"နိုင်ငံတကာက အမျိုးသားသီးသန့်မဂ္ဂဇင်းတွေမှာက Sex နဲ့ Entertainment ကို ဦးစားပေးတာ တွေ့ရတယ်။ ကျွန်တော်တို့ကတော့ Social ကို အဓိက ထားပါတယ်။ ယောကျ်ားပရိသတ်အတွက် သီးသန့်

Pioneer လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ ယောကျ်ားပရိသတ် သီးသန့်ဆိုပေမယ့် အမျိုးသမီးပရိသတ်ကိုလည်း ရည်စူးထားပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ယောကျ်ားတွေအကြောင်းကို မိန်းမတွေက စိတ်ဝင်စားမယ်၊ သိချင်မယ်လေ။ ဒါဆို ကျွန်တော်တို့ မဂ္ဂဇင်းကို ဖတ်ပြီပေါ့။ ကျွန်တော်တို့က အဖြူကွက်မှာ အမျိုးသားသီးသန့်ဆိုပြီး ပြထားပေမယ့် အနက်ကွက်မှာ အမျိုးသမီးပရိသတ် ရှိနေတယ်”ဟူ၍ Emperor အမျိုးသားမဂ္ဂဇင်းနှင့်ပတ်သက်၍ အဆိုပါမဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဦးလှဖုန်းအောင်က ရှင်းပြပါသည်။

Emperor မဂ္ဂဇင်းအနေနှင့် ပရိသတ်ကို ဆွဲဆောင်နိုင်ရန်နှင့် ဈေးကွက်ဝင်နိုင်ရန် အရုပ်များများ၊ အရောင်များများဖြင့် ပြုလုပ်ရကြောင်း၊ စာထက် ရုပ်ပုံကို ပိုမိုဦးစားပေးရကြောင်း၊ ခေတ်ရေစီးကြောင်း၏ တောင်းဆိုမှုအတိုင်း ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ပရိသတ်အကြိုက်ကို အရင်ပေးပြီး ကိုယ်ဖြစ်စေချင်တာကို ကြားညှပ်ထည့်ရကြောင်း၊ အဓိကပစ်မှတ်အနေနှင့် အသက် ၂၀ မှအထက် အမျိုးသားများကို ရည်ရွယ်ထားကြောင်း အဆိုပါမဂ္ဂဇင်းစီစဉ်သူက ပြောပြသည်။

“ပထမဆုံး ပရိသတ်ရဲ့ မျက်စိကို ဖမ်းစားနိုင်တဲ့အရာကို အရင်ဖန်တီးတယ်။ ပြီးမှ ကိုယ်လိုချင်တာ ထည့်ရတယ်။ အများစုကြိုက်တာလည်းလုပ်၊ ကိုယ့် Trend ကိုလည်းဖော်၊ ကိုယ်ဖြစ်စေချင်တာလေးတွေ ညှပ်ညှပ်ထည့်ရပါတယ်။ Sugar Coated လုပ်တာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် အတော်များများက ကျော်ကြားသူတွေရဲ့အကြောင်းအရာ Celeberities နဲ့ လွတ်တာ များတာပါပဲ”ဟု ဒေါ်သန္တာခင်က ရုပ်ပုံ၊ အရောင်အသွေး ဦးစားပေးရခြင်းနှင့် ပတ်သက်၍ ရှင်းပြပါသည်။

## ပညာရပ်ဆိုင်ရာကို အားပြု၍

“Journalist တွေက တစ်လိုင်းထဲ




မလုပ်ပါနဲ့လို့ အကြံပေးတယ်”ဟု အလင်္ကာဂီတဂျာနယ်ကို မထုတ်ဝေမီက စာနယ်ဇင်းဆရာအချို့ကို တိုင်ပင်စဉ်က ၎င်းတို့၏ အကြံပေးပုံနှင့် ၎င်း၏အဆုံးအဖြတ်ကို အယ်ဒီတာချုပ် ဦးနေမျိုးညွန့်က ပြောပြသည်။ ထို့နောက် ၎င်းက ဆက်လက်၍ “ရုပ်ရှင်၊ ဗီဒီယို၊ ဝတ္ထု၊ ကဗျာ၊ ရသအစုံ ထည့်ဖို့ တိုက်တွန်းတဲ့သူ များတယ်။ မဂ္ဂဇင်းထုတ်ချင်ရုံကြောင့် Journalist လုပ်ချင်လို့ကြောင့် မဟုတ်ဘူး။ အဓိက ဂီတကို စိတ်ဝင်စားလို့ သီးသန့်လုပ်ချင်တာ၊ ဒါကြောင့် တစ်လိုင်းထဲ လုပ်မယ်။ မအောင်မြင်ရင် ရပ်မယ်ဆိုပြီး လုပ်ခဲ့တာ”ဟူ၍လည်း ထပ်လောင်း ရှင်းပြသည်။ အလင်္ကာဂီတဂျာနယ်ကို တူရိယာတီးခတ်မှု၊ သီဆိုမှုဆိုင်ရာ Lesson (သင်ခန်းစာ)များကို ဦးစားပေးဖော်ပြသည့် ဂျာနယ်တစ်စောင်အဖြစ် ရပ်တည်ရန် ကြိုးစားကြောင်း ၎င်းက ဆိုသည်။

မြန်မာစာနယ်ဇင်းဈေးကွက်၏ ထူးခြားချက်မှာ အပတ်စဉ်ထုတ် သတင်းစာကို ဂျာနယ်၊ ဂျာနယ်ကို အပတ်စဉ်ထုတ်မဂ္ဂဇင်းအနေဖြင့် ထုတ်ဝေလေ့ရှိရာ ပြည်ပနိုင်ငံများကဲ့သို့ ကဏ္ဍအသီးသီးကို အလွတ်သဘောလိုက် စားလိုသူများအတွက် လိုအပ်သော ပညာရပ်ဆိုင်ရာများ လေ့လာရန် ထုတ်ဝေသော ဂျာနယ်များ ရှားပါးပါသည်။

“ပညာရပ်ဆိုင်ရာတွေအတွက် Guitar Library လို ကဏ္ဍမျိုးဖွင့်ပြီး ကူညီပေးနိုင်အောင် ကြိုးစားတယ်။ အနယ်နယ်အရပ်ရပ်က သိချင်တာ မေးလို့ရတယ်။ နယ်တွေမှာ သင်မယ့်သူရှားတဲ့ပြဿနာရှိတယ်”ဟု ဦးနေမျိုးညွန့်က ဆိုပါသည်။ ထို့ပြင် ရေပန်းစားသော သီချင်းများ၏ ပတ်ကားနုတ်စ်ကို ဖော်ပြပေးခြင်းသည်လည်း ဂီတလေ့လာလိုက်စားသူများအတွက် အကျိုးရှိသည်ကို စာဖတ်သူများ၏ ပေးစာအရ သိရကြောင်း ၎င်းက ရှင်းပြသည်။

မြန်မာနိုင်ငံဈေးကွက်အား အသစ်ဖန်တီးမှုဖြင့် ထိုးဖောက်ခြင်း၊ သီးသန့်လမ်းကြောင်း ဟန်ပန်သစ်ဖြင့် ထိုးဖောက်ခြင်းကြောင့် အခက်အခဲများစွာ ရင်ဆိုင်ရကြောင်း၊ အလင်္ကာဂီတဂျာနယ် စတင်ထုတ်ဝေစဉ်က ဈေးကွက်တွင် ထုတ်ဝေနေကျ ခုနစ်တစ်မတ် x ကိုးခွဲဆိုဒ်နှင့် ခြားနားသည့် ခုနစ်တစ်မတ် x တစ်ဆယ်တစ်မတ် ဆိုဒ်ဖြင့် ထုတ်ဝေရာ ရန်ကုန်မြို့ ၃၁ လမ်းနှင့် ၃၂ လမ်းရှိ အငှားဆိုင်များ အားထားဝယ်ယူသည့် အဆင်သင့် အဖုံးဖုံး၍ ရောင်းချသောဆိုင်များက အဖုံးဖလင် လေလွင့်မှုကြောင့် အရောင်းစာရင်းတွင် ထည့်ပေးရန် တွန့်ဆုတ်ကြကြောင်း ဦးနေမျိုးညွန့်က ဆိုသည်။ ထို့ပြင် ရှားပါးဓာတ်ပုံများ၊ သင်ခန်းစာများ၊ ပတ်ကားနုတ်စ်များကို ဖြဲယူခြင်း၊ ဂီတဝါသနာပါသူများက ဖတ်လေ့ရှိ၍ တစ်အုပ်လျှင် နှစ်ယောက်ခန့်သာ ငှားရလေ့ရှိခြင်းတို့ကြောင့် ဆိုင်တင်ငှားရမ်းရန် လက်တွန့်ကြကြောင်း၊ ဂီတကို ဝါသနာကြီးပြီး ဝယ်သိမ်းလိုသည့် ပရိသတ်နှင့် ဂီတအသိုင်းအဝိုင်းကိုသာ Target Audience အဖြစ် ပစ်မှတ်ထားရကြောင်း ၎င်းက ရှင်းပြသည်။

သီးသန့်လိုင်းဖြင့် စာနယ်ဇင်းတစ်စောင်ထုတ်ဝေရာတွင် လစဉ်ထုတ်များအနေဖြင့် များပြားလာသော အပတ်စဉ်ထုတ်များနှင့် အပြိုင်အဆိုင် ဆောင်ရွက်ရာ၌ အခက်အခဲအချို့ရှိသည်ဟု ဦးနေမျိုး

ညွှန့်က ဆိုပါသည်။

တေးအယ်လ်ဘမ်တစ်ခု ထွက်ရှိသည့်အခါတွင် ပြည်ပ Band များ၏ သီချင်းများကို စာသားပြောင်းလဲသီဆိုထားပါက ပရိသတ်အား ထူးထူးခြားခြား မေးမြန်းတင်ပြစရာ မရှိကြောင်း "Procedure က သိနေပြီးသားတွေပဲ။ သူနဲ့ လိုက်တဲ့ Original သီချင်းကို ရွေးမယ်။ တေးရေးဆရာ အပ်မယ်။ တီးဝိုင်းကို တီးခိုင်းမယ်။ အဲဒီအပေါ် မေးခွန်း ထူးထူးခြားခြား မေးစရာ သိပ်မရှိဘူး" ဟူ၍ ၎င်းက ရှင်းပြပါသည်။ ကိုယ်ပိုင်သံစဉ် အယ်လ်ဘမ်များ ထွက်ရှိမှသာ သံစဉ်မည်သို့ဖန်တီးသည်၊ Player များက မည်သို့ တီးခတ်သည်၊ စာသားအတွက် ရေးသူ၏ စိတ်ကူးရရှိမှုနှင့် အတတ်ပညာ ဖြည့်စွက်မှုတို့အား အယ်ဒီတာအဖွဲ့၏ ဂီတအခြေခံဖြင့် မေးခွန်းထုတ်မှုအတတ်ပညာဖြင့် Specific ဆန်ဆန် မေးမြန်း ဖော်ပြနိုင်သည်ဟု ၎င်းက ဆိုသည်။ ပြည်တွင်း အင်တာဗျူးများမှာ ရှုထောင့်တစ်ခုခုမှ စိတ်ဝင်စားဖွယ် တင်ပြနိုင်ခြင်း မရှိပါက ပရိသတ်က ဖတ်ကြည့်ရုံထက် ပို၍ ထူးကဲသော စိတ်ဝင်စားမှု၊ နည်းယူ နိုင်မှု မရှိနိုင်ကြောင်း၊ ထို့အတွက် ပြည်ပ အကြောင်းအရာများဖြင့် ဂီတဝါသနာပါသူ ပရိသတ်ကို တွဲခေါ်ရကြောင်း ဦးနေမျိုးညွှန့်က ဆိုပါသည်။

ထို့ပြင် သူက ဆက်လက်၍ "ကျွန်တော်တို့စာအုပ်ထဲမှာပါတဲ့ Band တွေကို တော်တော်များများ မသိကြဘူး။ ဟိုမှာ တော့ တော်တော်ပေါက်နေတယ်။ UK၊ US က Chart ထဲမှာ နံပါတ်တစ် ချိတ်နေတယ်။ အခွေတောင် ဒီမရောက်သေးဘူး။ ဟိုမှာ ပေါ်နေတဲ့ ဂီတအမျိုးအစားအသစ်၊ Band အသစ်တွေကို မိတ်ဆက်ပေးနိုင်လို့ ခုထိ စိတ်ဝင်စားမှု ရှိကြတယ်လို့ ယူဆရတယ်။ ပြည်တွင်းကြီးပဲ သွားနေလို့ တော့ ဂီတသီးသန့်ဆိုပေမယ့် စွဲစွဲလမ်းလမ်းဖြစ်အောင် လုပ်ဖို့ မလွယ်ဘူး။ Multimedia ထွန်းကားလာတော့ ပြည်တွင်းမှာ လုပ်မယ့် Show ကို ကြိုအင်တာဗျူးလုပ်လည်း ကိုယ်ထွက်တဲ့အချိန် FM (City FM)နဲ့ ဂျာနယ်တွေမှာ ပါပြီးနေပြီ။ ကွာချင်းကွာ ဓာတ်ပုံပဲ ကွာမယ်။ ကိုယ်ကသာ ဂီတသတင်း လေးပုဒ်ရှိရင် လေးပုဒ်လုံး နေရာပေးနိုင်တယ်။ General လုပ်တဲ့သူကတော့ နယ်ပယ်စုံမျှရတော့ အကုန်နေရာ ပေးဖို့ မလွယ်ဘူး။ ကိုယ်က သီးသန့်ဖြစ်တော့ ဒီလို အားသာချက်ပဲ ရှိတယ်" ဟူ၍ ရှင်းပြသည်။




စာနယ်ဇင်းတစ်စောင်၏ ရပ်တည်ရေးအတွက် အရေးပါသော ကြော်ငြာခရရှိမှုတွင်လည်း သီးသန့်လိုင်း ခွဲထွက်ချင်သူများအတွက် အခက်အခဲ ရှိတတ်သည်ဟု ဦးနေမျိုးညွှန့်က ဆိုပါသည်။

ထုတ်လုပ်မှုစရိတ်စက ပမာဏကြီးမားစွာ ပြောင်းလဲလာမှုကြောင့် တွေ့ကြုံရသည့်အခက်အခဲကိုလည်း "အရင်က ဂီတနဲ့ မပတ်သက်တဲ့ကြော်ငြာ လက်မခံခဲ့ဘူး။ ဒါတောင် စီးရီးထုတ်တဲ့လူမှာလည်း Budget အရ ကျွန်တော်တို့ဆီမှာပါတာထက် ခွေထွက်မယ့်အပတ်မှာ ထွက်မယ့်ဂျာနယ်မှာပါဖို့ ပိုအာရုံစိုက်မယ်။ ကျွန်တော့်စာအုပ်နဲ့ အချိန်ကိုက်ဖို့ဆိုရင် တစ်လလောက် ကြိုပေးမှ ရမယ်။ ဒီလို အခက်အခဲတွေရှိတော့ ပေါင်းစုံလက်ခံလာရ တယ်။ စရိတ်ကလည်း မြင့်လာတယ်။ စထွက်ချိန် စာအုပ်ဈေးက အခုဈေးရဲ့ ရာဂဏန်းအပြင်က အစွန်းထွက်ပဲ ရှိတယ်။ အခုလို ငွေကြေးအများကြီးနဲ့ လည်ပတ်ရတာ ပိုလည်း ခေါင်းစားတယ်။ အရင်တစ်အုပ် ၅၀၊ ကြော်ငြာတစ်ခု ၅၀၀၀ တုန်းက တွက်ခြေကိုက်တယ်" ဟူ၍ ရှင်းပြသည်။ ထို့ပြင် ၎င်းအနေဖြင့် ဂီတနှင့် ဖက်ရှင်မှာ များစွာ ဆက်စပ်မှု ရှိသည်ဟု ယူဆသော်လည်း ကြော်ငြာရှင် များက ဂီတမဂ္ဂဇင်းတွင် ထည့်သွင်းခြင်း သည် ကြော်ငြာအတွက် ထိရောက်မှုမရှိဟု ယူဆကြပုံကို ယခုကဲ့သို့ ရှင်းပြပါသည်။

"ကျွန်တော့်စာအုပ်ဖတ်တဲ့ ပရိသတ်က သူတို့ပစ္စည်း (Branded Fashion အသုံးအဆောင်များ) အသုံးများတယ်။ ကျွန်တော်တို့ စာပေလောကဆိုင်တွေမှာ စောင့်ကြည့်ရင် ခေတ်ဆန်ဆန်ဝတ်စားထားတဲ့ လူငယ် ၁၀ ယောက် ဝင်လာရင် ရှစ်ယောက်က အလင်္ကာမေးမယ်လို့ မှန်းကြည့်ရင် မှန်နေတာ များတယ်။ ကျွန်တော် Audience က Music ကို နှစ်သက်မယ်။ Active ဖြစ်မယ်။ ခေတ်ရေစီးကြောင်းပေါ်မှာ ရှိတယ်။ ကြော်ငြာရှင်အနေနဲ့လည်း Consumer Culture ကို မသိတာ မဖြစ်နိုင်ပါဘူး။ ရုပ်သံကြော်ငြာခတွေလည်း ဈေးတက်တော့ Budget နဲ့ ပြန်ရမယ့် အကျိုးအမြတ်ကို ချိန်ကြည့်ပြီး နည်းနည်းနဲ့ ထိရောက်တာကိုပဲ ချိန်ပစ်ရတာ ဖြစ်မှာပါ။ ကျွန်တော်ကိုယ်တိုင်ဆိုလည်း ဒီလိုပဲ စဉ်းစားမှာပဲ"

## ကိုယ်ပိုင်အိမ်ဆောက်ခြင်း၏အခက်အခဲ

"ပရိသတ်ဆီကလာတဲ့ စာတွေကို ကြည့်ရင် တချို့ ပညာရပ်ဆိုင်ရာတွေက ဝါသနာရှင်နဲ့ ဟနေတယ်လို့ သိရတယ်။ ဒါကို စာနယ်ဇင်းပညာနဲ့ ပေါင်းကူးပေးဖို့ လိုပါတယ်။ နောက်ပိုင်းတော့ ကိုယ်ပိုင်သတင်းထောက်၊ အယ်ဒီတာ အင်အားကောင်းကောင်းနဲ့ သီးခြား House Style

ပိုပီပြင်အောင် လုပ်ချင်တယ်။ အပြင်ကို Assignment မအပ်ချင်ဘူး။ Freelance ကို Assignment ပေးရင်လည်း ဘယ်လို မေးပါ၊ ဘယ်လိုရေးပါ ကြိုညှိရတယ်။ ပြီးရင် Research ပိုင်း အားနည်းနေတယ်။ မဖြစ်မနေရှိသင့်တယ်။ ဒါမှလည်း House Style ကို ပီပီပြင်ပြင် ဖော်နိုင်မယ်။ Data ပြည့်ပြည့်စုံစုံမရှိရင် စိတ်ကူးရှိသလောက် ပေးနိုင်ဖို့ မလွယ်ပါဘူး။ HR ကလည်း ရှားတယ်။ Music ကျွမ်းကျင်ပေမယ့် စာမရေးတတ်တော့လည်း အဆင်မပြေပြန်ဘူး"ဟူ၍ သီးခြားကိုယ်ပိုင်လမ်းကြောင်းသစ် ဖောက်လုပ်ရာ၌ ကြုံတွေ့ရသော အခက်အခဲကို ဦးနေမျိုးညွန့်က ရှင်းပြသည်။

ဒေါ်သန္တာခင်ကလည်း အမျိုးသားသီးသန့် ပစ်မှတ်ထား ထုတ်ဝေရာတွင် House Style ထိန်းသိမ်းရန် အခက်အခဲများစွာ ရှိသည်ဟု ဆိုပါသည်။ စာမူအတွက် Assignment ချခြင်း၊ စုစည်းခြင်း၊ တည်းဖြတ်ခြင်းတို့တွင် ပြင်ပစာမူရှင်များနှင့် ညှိနှိုင်းပြောဆိုမှုသာ နီးစပ်ကြောင်း၊ ကိုယ်ပိုင် Human Resource သီးခြားထားရှိရန် စီစဉ်သွားမည်ဖြစ်ကြောင်းလည်း ရှင်းပြပါသည်။ ဦးရဲနိုင်မိုး ပြောကြားသကဲ့သို့ Journalism အခြေခံ ကြေညက်သည့် Human Resource များများစားစား ရှိလာပါက အဆိုပါအခက်အခဲ ပြေလည်ဖွယ်ရှိမည်ဖြစ်သည်။

## Globalization နှင့် နဖူးတွေ့ဒူးတွေ့

Emperor အမျိုးသားမဂ္ဂဇင်း စီစဉ်သူများသည် အခြားမဂ္ဂဇင်းများထက် တစ်မူထူးခြားရန် ရည်ရွယ်၍ e-Emperor စာအုပ်ဖြင့် ရောင်စုံဂျာနယ် အငယ်စား ပုံသဏ္ဌာန်စာစောင်တစ်ခုကို ကြားညှပ်၍ ဖော်ပြပါသည်။ လစဉ် ဖောင်ပိတ်ခါနီး အလတ်ဆတ်ဆုံးသတင်းများကို အင်တာနက်မှ ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။

သို့သော် "ထွက်တဲ့အချိန်မှာ ဂျာနယ်တွေမှာ ပါပြီးသားဖြစ်နေတယ်။ တချို့လည်း အင်တာနက်မှာ ဖတ်ပြီးနှင့်ပြီ"ဟု ဒေါ်သန္တာခင်က ဆိုပါသည်။

ဦးနေမျိုးညွန့်ကလည်း "အင်တာနက်မှာ ရှာတယ်၊ စလောင်းကြည့်တယ်ဆိုတော့ သူတို့က ကိုယ်မသိတဲ့ Band တွေ သိလာတယ်။ Complaint တက် တယ်။ ကျွန်တော်တို့အနေနဲ့ကလည်း လုပ်တာကြာတော့ ဟုန်လာပြီ။ လူငယ်တွေဆီက အကြံပြန်ယူရတယ်။ အင်တာနက် ထိထိရောက်ရောက် သုံးရတယ်။ ဒီဇိုင်းဆိုလည်း အနည်းဆုံး တစ်နှစ်တစ်ယောက် မပြောင်းမဖြစ် ပြောင်းရတယ်။ ဒီဇိုင်နာနဲ့ အဆင်မပြေလို့ မဟုတ်ဘူး။ မီဒီယာစုံလာတော့ အီမသွားအောင် အားထုတ်ရတယ်။ အင်တာနက်သုံးကြပေမယ့် တစ်ခုကံကောင်းတာက သူက Generally ပဲ။ အသေးစိတ်ဖတ်ချင်ရင်လည်း ပိုက်ဆံတောင်းတော့ အဆင်မပြေဘူး။ ကိုယ်က Printed Edition ကို နိုင်ငံခြား လူကြုံနဲ့ စာအုပ်အမြဲမှာပြီး ပြည့်ပြည့်စုံစုံ ဖော်ပြလို့ ရနေသေးတယ်"ဟု ဆိုပါသည်။

ဦးရဲနိုင်မိုးကမူ နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ဝင်ရောက်လာသော်လည်း အဆိုပါနည်းပညာနှင့် စီးပွားရေးမှာ အပြန်အလှန်ဆက်စပ်နေသဖြင့် ခေတ်မီနည်းပညာနှင့် မီဒီယာများအား လက်လှမ်းမမီသေးသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်မှာလည်း အရေးကြီးစွာ လိုအပ်နေကြောင်း သုံးသပ်ပါသည်။

Globalization ဖြစ်စဉ် အရှိန်မြင့်ကာ နည်းပညာနှင့် မာလ်တီမီဒီယာ ပိုမိုဖွံ့ဖြိုးပြီး Uniform Global Market ဖြစ်ပေါ်မှုကြောင့် လူအများ၏အကြိုက်နှင့် အာရုံခံစားနှစ်သက်မှုများသည်သာ ရသာများ ပေါင်းစည်းမှု ခေါ် Convergence of Tastes အား တူညီစွာ နှစ်ခြိုက်လာ မည်ဟု ပညာရှင်အချို့က ခန့်မှန်းပါသည်။ သို့သော် မြန်မာနိုင်ငံတွင် တစ်ခေတ်တစ်ခါ က အခြေအနေတစ်ခုကြောင့် နှစ်ခြိုက်မှုတူညီခဲ့ကြရသဖြင့် နည်းပညာတိုးတက်ပြောင်းလဲလာရာတွင် အာရုံခံနှစ်ခြိုက်မှုများ လွတ်လပ်စွာ ကွဲပြားမှု ပိုမိုများပြားလျက်ရှိသည်။ နည်းပညာကြောင့် Multiple Option ခေါ် အထွေထွေဦးတည်ချက်များ ရှိလာ၍ မိမိနှစ်သက်ရာကို ရွေးချယ်ခွင့် ရရှိလာကြသည်။ Multiple Option ကြောင့် အစိတ်အစိတ်အမြွှာမြွှာ ဖြစ်ပေါ်လာသော ဈေးကွက်ပုံသဏ္ဌာန်များအား မိမိအရည်အချင်းအားသာမှုအလိုက် ပစ်မှတ်ထား ရွေးချယ်၍ ဈေးကွက်သိမ်းယူသည့် Micro Marketing ခေါ် အဏုစိတ် ဈေးကွက်ထိုးဖောက်မှုမှာလည်း ရှေ့တန်းရောက်လာသည်ဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံအချင်းချင်း၊ အခန်းကဏ္ဍအရပ်ရပ်တို့ ရောယှက်မှု များပြားလာရာတွင် သီးခြားစရိုက်လက္ခဏာများ ထိန်းသိမ်းရေးမှာလည်း အရေးပါသော လိုအပ်ချက်တစ်ခု ဖြစ်သည်။ Globalization ခေတ်တွင် ဘက်စုံနှံ့စပ်သိမြင်နိုင်ရန်အတွက် မိမိအလိုရှိရန် အခန်းကဏ္ဍကို ထိထိရောက်ရောက် အသေးစိတ်ကျကျ လေ့လာနိုင်ရန်အတွက် သီးခြားဝန်ဆောင်မှုပေးနိုင်သော မီဒီယာများရှိရန်မှာလည်း အထူးလိုအပ်ပါသည်။ တစ်ဦးချင်း ကိုယ်ပိုင်သီးခြား ကျွမ်းကျင်မှုရှိ၍ အများနှင့် ပေါင်းစည်းလုပ်ဆောင်နိုင်သော Soft Skill ရှိသော Super Empower Individual များ လိုအပ်သည့်နည်းတူ မိမိနှင့် လူ့အဖွဲ့အစည်းအတွက် အပြုသဘောဆောင်သော အကျိုးရလဒ်များ (အမှန်တကယ်) ဆောင်ကြဉ်းပေးနိုင်မည်ဆိုပါက အများနှင့်မတူ ခြားနားနိုင်သော အရည်အသွေးမှာလည်း များစွာ အဖိုးထိုက်တန်ကြောင်း Living Color က ယူဆပါသည်။

**အောင်ကျော်မင်း၊ ကျော်မျိုးညွန့်**

Ref : စာနယ်ဇင်းတစ်စောင်၏ ပေါ်လစီ၊ နေဝင်းမောင် (၂၀၀၀)



# အလားအလာကောင်းသို့ ဦးတည်လာသော မြန်မာ့ပုလဲမွေးမြူရေး

မင်းနိုင်စိုး

**မြန်မာနိုင်ငံမှ ထွက်ရှိသော တောင်တရုတ်ပင်လယ် ပုလဲအမျိုးအစားများသည် ဂျပန်နိုင်ငံ၌ Myanmar White အမှတ်တံဆိပ်ဖြင့် ထိုးဖောက်ဝင်ရောက် အောင်မြင်မှုရရှိနေပြီဖြစ်ရာ မြန်မာ့ပုလဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ဈေးကွက်ရောင်ခြည်သစ်တစ်ခုအဖြစ် အလားအလာကောင်းသို့ ဦးတည်လာပြီ ဖြစ်သည်။**

အမှန်တကယ်တွင်တော့ ပုလဲသည် မြန်မာတို့၏ ယဉ်ကျေးမှုတွင် ရေးနှစ်ပေါင်းများစွာကတည်းက အမြစ်တွယ်ခဲ့ပြီး ဖြစ်သည်။ နဝရတ်ရတနာတွင် ပုလဲသည် တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။ တစ်ချိန်က လက်ဝတ်ရတနာဝတ်ဆင်မှုတွင် ပုလဲသည် နန်းစဉ်နှင့် အထက်တန်း သူကောင်း၊ သူကြွယ်မျိုးတို့တွင်သာ အဆင်တန်ဆာတစ်ရပ်ဖြစ်ခဲ့သော်လည်း ယနေ့အချိန်တွင် မရှိဝမ်းစာ၊ ရှိတန်ဆာဆိုသည့် ရှေ့ထည်ကို အားပြုဆင်ယင်ကြသော မြန်မာလူအများစုမှ လွဲ၍ ရတနာကိုးပါးကို သူ့နေရာနှင့်သူ အဆင်တန်ဆာအဖြစ်

ဆင်ယင်ကြသော လူတန်းစားသစ်များလည်း တစ်စတစ်စ တိုးပွား လာလျက်ရှိရာ ပြည်တွင်းပုလဲဈေးကွက်သည် ကြီးထွားလာရန် အလေအလာ ရှိနေပေသည်။

"မြန်မာတို့က ပုလဲတစ်လုံးကို ဒေါ်လာ ၃၀၀ လောက်ဆို သိပ်မသုံးချင်ကြသေးဘူး။ အမှန်တကယ် ပုလဲမျိုးကောင်းတွေဆို ငါးထောင်၊ တစ်သောင်းလောက် ရှိတယ်"ဟု ပုလဲကျွမ်းကျင်သူ တစ်ဦးက မြန်မာတို့၏ ပုလဲဓလေ့ကို မှတ်ချက်ပြုသည်။

သို့သော် ပြည်တွင်းပုလဲသုံးစွဲမှုမှာ တဖြည်းဖြည်းချင်း မြင့်တက်လာလျက် ရှိသည်။ မြန်မာပြည်ထွက် ပုလဲများကို ပြည်သူသို့ ကျယ်ကျယ်ပြန့်ပြန့် မိတ်ဆက်ပေးခဲ့သည်မှာ ၂၀၀၃ ခုနှစ်တွင်မှ စတင်ခဲ့သည်ကို တွေ့ရသည်။ ပုလဲပြပွဲကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (မြန်မာ့ပုလဲ)၌ ပုလဲဝတ်စားဆင်ယင်မှု သရုပ်ပြပွဲများ၊ အရောင်းဆိုင်များမှ အချောထည်များ၊ ပုလဲတွဲများဖြင့် ခင်းကျင်းပြသ ရောင်းချခဲ့ရာ အဆိုပါနှစ်တွင် ပွဲနှစ်ပွဲ ကျင်းပခဲ့သည်တွင် ကျပ်သိန်းပေါင်း ငါးထောင်ကျော် ရောင်းချခဲ့ရပြီး ယခုနှစ် ဇူလိုင်လတွင် ပြုလုပ်သော ပြပွဲတစ်ပွဲတည်းတွင် ကျပ်သိန်းပေါင်း ၄၅၀၀ ကျော်ဖိုး ရောင်းချရသည့်အတွက် ပြည်တွင်းဝယ်လိုအား တက်လာပါသည်ဟု အဆိုပါဌာနမှ အရာထမ်းတစ်ဦးက ဆိုသည်။

## နိုင်ငံတကာဈေးကွက်သို့သာ

ပုလဲကို အတန်းအစားသုံးမျိုးခွဲလျှင် ပြည်တွင်း၌ B အဆင့်နှင့် C အဆင့် ပုလဲများကိုသာ အဓိက ရောင်းချနိုင်မည်ဖြစ်ပြီး A အဆင့် ပုလဲများမှာမူ ကြီးမားကျယ်ပြန့်သော ဈေးကွက်တစ်ရပ်အဖြစ် ပေါ်ထွန်းနိုင်ရန် မလွယ်ကူလှပေ။ ယခုနှစ် ဇွန်လအတွင်းက ဂျပန်နိုင်ငံ တိုကျိုမြို့၌ မြန်မာနိုင်ငံတွင် ပုလဲမွေးမြူထုတ်လုပ်ရေးကို လုပ်ကိုင်နေသော မြန်မာတာဆာကီကုမ္ပဏီမှ ကျင်းပခဲ့သော Myanmar White Night ပုလဲပြပွဲတွင် အချို့ပုလဲတွဲများမှာ ယမ်း ရှစ်သန်း (အမေရိကန်ဒေါ်လာ ရှစ်သောင်း)ထိ ရရှိသည်ကို တွေ့ခဲ့ရသည်ဟု ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်မှတစ်ဆင့် ပြောခဲ့ကြောင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၎င်းကပင် "ကျွန်တော့် အတွေ့အကြုံအရ သြစတြေးလျ ပုလဲထက် ဈေးကောင်းရတယ်"ဟု တောင်တရုတ်ပင်လယ် ပုလဲအမျိုးအစား၌ မြန်မာ့ပုလဲက ဈေးအမြင့်ဆုံး ဖြစ်သည်ကို ရှင်းပြသည်။ တောင်တရုတ်ပင်လယ် ပုလဲအမျိုးအစားထွက်ရှိရာနိုင်ငံတို့မှာ သြစတြေးလျ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မြန်မာတို့ ဖြစ်သည်။

ကမ္ဘာ့ပုလဲဈေးကွက်၏ အဓိကနေရာမှာ ဟောင်ကောင်ဖြစ်ပြီး တစ်ကမ္ဘာလုံး ထွက်ရှိသမျှ၏ ခြောက်ဆယ့်ငါးရာခိုင်နှုန်းကျော်ကို လေလံတင်၍ တစ်ကမ္ဘာလုံးသို့ ဖြန့်ချီရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်မူ ဟောင်ကောင်လေလံဈေးသို့ သွားရောက်ရောင်းချနိုင်ခြင်း မရှိသေးဟု လက်တွေ့နယ်ပယ်အတွင်း လုပ်ကိုင်နေသူများထံမှ သိရသည်။ မြန်မာ့ပုလဲများကို ပြည်တွင်း၌ ပုံမှန်ကျင်းပသော ကျောက်မျက်ရတနာပြပွဲတွင်သာ ရောင်းချမှုရှိခဲ့ပြီး နိုင်ငံတကာဈေးကွက်သို့ သွားရောက်ခြင်း၊ ချိတ်ဆက်ခြင်းနှင့် ကြော်ငြာခြင်းတို့ကိုမူ ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်လာသည့်အချိန်ရောက်မှသာ ပိုမို၍ ကောင်းမွန်လာနိုင်ကြောင်း၊ ယခု အစိုးရဌာနဆိုင်ရာမှ လုပ်ကိုင်ရာတွင် ရန်ပုံငွေ အကန့်အသတ်များဖြင့်သာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း မြန်မာ့ပုလဲက ရှင်းပြသည်။

## မြန်မာ့ပုလဲမွေးမြူရေးအခြေအနေ

မြန်မာနိုင်ငံတွင် စီးပွားဖြစ် ပုလဲမွေးမြူရေး (တောင်တရုတ်ပင်လယ်ပုလဲ)ကို ၁၉၅၄ ခုနှစ်ကတည်းက ဂျပန်ကုမ္ပဏီတို့မှ စတင်လုပ်ကိုင်နေပြီဖြစ်ပြီး ထိုအချိန်က အရှေ့တောင်အာရှတွင် ပထမဦးဆုံးဟုပင် ဆိုနိုင်ပါသည်။ ၁၉၆၂ ခုနှစ် စီးပွားရေးစနစ်အပြောင်းအလဲတွင် ပုလဲလုပ်ငန်းအား နိုင်ငံပိုင်အဖြစ် ပြောင်းလဲခဲ့သည်။ ထို့နောက်ပိုင်းတွင် နည်းပညာလိုအပ်ချက်များကြောင့် ထုတ်လုပ်မှု လျော့ကျကာ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးချိန်တွင် ပြည်တွင်းပြည်ပကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းနှင့်အတူ နည်းပညာအသစ်များကြောင့် ပြန်လည်တိုးတက်လာခဲ့သည်။ လက်ရှိတွင် မြန်မာ့ပုလဲလုပ်ငန်းအပါအဝင် ပုလဲမွေးမြူထုတ်လုပ်သည့်လုပ်ငန်း ခြောက်ခုခန့်ရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ သုံးခု Myanmar TASARI CO., LTD., Myanmar Atalantic Co., Ltd. (သြစတြေးလျ)၊ Adaman Co., Ltd. (ထိုင်း)တို့ဖြစ်ပြီး မြန်မာကုမ္ပဏီနှစ်ခုမှာ အရှေ့တိုင်းပုလဲနှင့် နီနိုပုလဲမွေးမြူရေးကုမ္ပဏီတို့ ဖြစ်ကြသည်။ မြန်မာ့ပုလဲမွေးမြူရေးကုမ္ပဏီနှစ်ခုမှာ ၁၉၉၁၊ ၁၉၉၂ ကတည်းက စတင်မွေးမြူခဲ့ကြခြင်းဖြစ်သော်လည်း နည်းပညာလိုအပ်ချက်ကြောင့် အကျိုးရှိတန်သလောက် မရှိဟု ပုလဲလောကအတွင်းမှ သိရသည်။ ၁၉၉၇ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများကို ခွင့်ပြုလုပ်ကိုင်ခွင့်ပေးခဲ့ရာမှ နည်းပညာလွှဲပြောင်းရယူမှု ရရှိခဲ့သည်။

"နိုင်ငံခြားကုမ္ပဏီတွေ စာချုပ်ချုပ်ကတည်းက နည်းပညာကို မြန်မာနိုင်ငံသားတွေကို လွှဲပေးဖို့ဆိုတဲ့အချက်ကို ထည့်ထားတာ။ အခုဆို မြန်မာလူမျိုး ပုလဲပညာရှင်တွေက ဂျပန်တွေနဲ့ ယှဉ်ပြိုင်နိုင်နေပါပြီ"ဟု နည်းပညာ လွှဲပြောင်းရယူခဲ့ပုံကို မြန်မာ့ပုလဲက ရှင်းပြသည်။

လက်ရှိ မြန်မာနိုင်ငံ၏ ပုလဲထုတ်လုပ်မှုတွင် ပြည်တွင်းပြည်ပကုမ္ပဏီများသည် မြန်မာပုလဲလုပ်ငန်းနှင့် ဖက်စပ်လုပ်ကိုင်ကြခြင်းဖြစ်ပြီး ထုတ်လုပ်မှုအပေါ် ရာခိုင်နှုန်းဖြင့် ခွဲဝေရယူသည့်

စနစ်ဖြစ်သည်။ နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ထုတ်လုပ်မှုအပေါ် ၇၅ ရာခိုင်နှုန်း အကျိုးခံစားခွင့် ရရှိထားသည်ဟု မြန်မာ့ပုလဲက ဆိုသည်။ ယခု လက်ရှိအခြေအနေတွင် မြန်မာတာဆာကီ ပုလဲ မွေးမြူရေးကုမ္ပဏီမှ ပုလဲထွက်ရှိမှု တိုးတက်လာလျက်ရှိပြီး မကြာ မည့်နှစ်များအတွင်း မြန်မာကုမ္ပဏီများမှ ထွက်ရှိမှုမှာလည်း တိုး တက်လာမည်ဟု သိရသည်။ ယခုအခါ ပြည်တွင်းမှ လုပ်ကိုင်လို သော လုပ်ငန်းရှင်များအား အထူးဦးစားပေးလျက်ရှိပြီး နည်းပညာ ပံ့ပိုးမှုပေးနိုင်ရန် စီမံထားရှိပါကြောင်း မြန်မာ့ပုလဲက ဆိုသည်။

## လတ်တလော ထုတ်လုပ်နိုင်မှု

ယခုနှစ် ၂၀၀၄-၂၀၀၅ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွင် ပုလဲများ စတင်ဖော်လျက်ရှိပြီး အချို့ကုမ္ပဏီများသည် ဒီဇင်ဘာလတွင် ဖော်ကြမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွက် ပုလဲလုံးရေ နှစ်သိန်းကျော် ရရှိနိုင်မည်ဖြစ်ကြောင်း မြန်မာ့ပုလဲက ဆိုသည်။ လာမည့်နှစ်အတွင်း မြန်မာတာဆာကီကုမ္ပဏီမှ ပုလဲလုံးရေ နှစ်သိန်းခန့် ရရှိနိုင်မည်ဖြစ်ပြီး ပြည်တွင်းကုမ္ပဏီတစ်ခုမှ ပုလဲလုံးရေ ခြောက်သောင်းကျော် ပုလဲတစ်လုံးလျှင် ၀.၅ မိုမီဖြင့် မိုမီ ၃၀၀၀၀ ကျော် စတင်ထွက်လာတော့မည်ဟု မြန်မာ့ပုလဲမှ သိရှိရသည်။

ယခင်က ပုလဲမွေးမြူရေးတွင် မုတ်ကောင်အရိုင်းများကိုသာ အဓိကအားထား၍ ဝတ်ဆံသွင်းကာ ထုတ်လုပ်ရခြင်း ဖြစ်သည်။ မုတ်ကောင်အရိုင်းများသည် မြန်မာ့ရေပြင်တွင် စေ့စေ့စပ်စပ် ရှာဖွေဖမ်းဆီးပါမှ အကောင်ရေတစ်သိန်းခွဲခန့်သာ ရရှိနိုင်သည့်အတွက် စီးပွားဖြစ်မွေးမြူတော့မည်ဆိုပါက လုံလောက်သည့် ကောင်ရေရရှိရန် အခက်အခဲ ရှိခဲ့သည်။ မြန်မာ့ပုလဲမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ယခုအခါ နည်းပညာ လွှဲပြောင်းရယူနိုင်ခဲ့ပြီဖြစ်၍ မုတ်ကောင်များကို သားဖောက်ကာ ဝတ်ဆံသွင်းနိုင်ပြီဖြစ်သဖြင့် ကောင်ရေများစွာ မွေးမြူနိုင်တော့မည်ဟု သိရသည်။

"ဒီနှစ်ထဲမှာ ပြည်တွင်းကုမ္ပဏီတစ်ခုကဆိုရင် မုတ်ကောင်တစ်သိန်းသွင်းဖို့ ရှိတယ်"ဟု မုတ်ကောင်သားဖောက်နိုင်၍ တိုးတက်မွေးလာနိုင်သည့်အခြေအနေကို မြန်မာ့ပုလဲက ရှင်းပြသည်။ ယခင်က မုတ်ကောင်အရိုင်းများကို ရှာဖွေစုဆောင်းရသည့်အတွက် မုတ်ကောင်သက်တမ်းမညီခြင်း၊ ပုလဲလုံးဖြစ်ထွန်းမှု ရာခိုင်နှုန်းနည်းပါးခြင်း ဖြစ်ခဲ့ရသည်ဟု သိရသည်။ ယခင် မုတ်ကောင်အရိုင်း ၁၀၀ ကို ဝတ်ဆံသွင်းပါက ပုလဲ ၅၅ ရာခိုင်နှုန်းခန့်သာ ရရှိခဲ့ရာတွင် ယခု သားဖောက်ဖြင့် သွင်းသည့်အတွက် ၈၅ ရာခိုင်နှုန်းအထိ ဖြစ်ထွန်းအောင်မြင်လာသည်ဟု မြန်မာ့ပုလဲက ပြောကြားသည်။

၁၉၂၅ ခုနှစ် အင်္ဂလိပ်အစိုးရအုပ်စိုးစဉ် လေ့လာမှုများအရ မြန်မာ့ပင်လယ်ပြင်တွင် ထားဝယ်မှ ဇာဒက်ကြီးကျွန်းအထိ မုတ်ကောင်ရိုင်းများ ပေါက်ဖွားရှင်သန်နိုင်သည့်အတွက် မြန်မာ့ပင်လယ်ပြင်တွင် ပုလဲကို စီးပွားဖြစ်မွေးမြူနိုင်သောအခြေအနေ အမြောက်အမြား ကျန်ရှိနေသေးကြောင်း သိရသည်။ တောင်တရုတ်ပင်လယ် ပုလဲထုတ်လုပ်သော အပြိုင်နိုင်ငံများထဲတွင် မြန်မာ့ပင်လယ်ပြင်သည် ရေထုညစ်ညမ်းမှု အနည်းဆုံး၊ မွေးမြူနိုင်သော ဧရိယာအကျယ်ဆုံးနှင့် အဆိုပါ ပင်လယ်ပြင်သို့ စီးဝင်သော မြစ်ငယ်၊ ချောင်းငယ် ပေါင်း ၁၀၀၀ ကျော်ရှိခြင်း၊ ပင်လယ်ရေစီးကြောင်း အခြေအနေတို့အရ အရည်အသွေး အကောင်းဆုံး နှင့် အမြောက်အမြားထုတ်လုပ်နိုင်သော အခြေအနေ အပေးဆုံးဖြစ်သည်ဟု ယင်းလေ့လာချက်က ဆိုသည်။



## ရောင်းချနိုင်မှုအခြေအနေ

မြန်မာ့ပုလဲလုပ်ငန်းမှ ရရှိသော ကိန်းဂဏန်းများအရ ပုလဲရောင်းချရမှုအခြေအနေမှာ ယခုနှစ် တွင် ဒေါ်လာ နှစ်သန်းဖိုးခန့် ရောင်းချခဲ့ရကြောင်း သိရသည်။ လက်ရှိပုလဲကို အဓိကထုတ်လုပ်သော ဖက်စပ်နိုင်ငံခြားကုမ္ပဏီများမှ ထုတ်လုပ်မှုအပေါ် ခွဲဝေခြင်းအရ ရရှိသော ၂၅ ရာခိုင်နှုန်းကိုသာ ရောင်းချရခြင်းဖြစ်ပြီး ကျန်ရှိသော ၇၅ ရာခိုင်နှုန်းမှာ အဆိုပါ ကုမ္ပဏီများက ရယူသွားကြောင်း၊ ဈေးကွက်တင် ရောင်းချရာတွင်လည်း မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင်သာ လေလံတင် ရောင်းချရခြင်းဖြစ်သည့်

အတွက်ပြည်ပဈေးကွက်နှင့်ထိတွေ့မှု နည်းသေးကြောင်း အဆိုပါကိန်းဂဏန်းများကိုကြည့်၍ သိရသည်။ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) အနေ ဖြင့် နိုင်ငံခြားကုမ္ပဏီများမှ ရရှိသောရာခိုင်နှုန်းများနှင့် ပြည်တွင်းကုမ္ပဏီများ ထွက်ရှိမှုပါပေါင်းလျှင် ဒေါ်လာ ၁၀ သန်းဖိုးခန့်ထိ ရှိကြောင်း၊ ယခုအခါမြန်မာ့ပုလဲတွင် စုဆောင်းသိုလှောင်ထားသော Stork အမြောက်အမြား ကျန်ရှိနေသေးကြောင်း မြန်မာ့ပုလဲက ဆိုသည်။



ယခုနှစ် ဇွန်၊ ဇူလိုင်လမှ စတင်၍ မြန်မာတာဆာကီကုမ္ပဏီမှ ၎င်းရရှိသော ၇၅ ရာခိုင်နှုန်းမှ Best 20 ပုလဲများကို ဂျပန်နိုင်ငံတွင် ကြော်ငြာအားကောင်းကောင်းဖြင့် Myanmar White အမှတ်တံဆိပ်ဖြင့် ရောင်းချခဲ့ရာ ကနဦးကာလများအတွင်း ၈၅ ရာခိုင်နှုန်းခန့် ရောင်းအားရရှိခဲ့ကြောင်း၊ ဈေးရရှိမှုမှာလည်း အကြမ်းဖျင်းအားဖြင့် ပုလဲနှစ်လုံးပါ နားကတ်ဆိုလျှင် ယမ်း နှစ်သိန်း (ဒေါ်လာ နှစ်ထောင်ခန့်)၊ လက်စွပ်ဆိုလျှင် ယမ်း နှစ်သိန်းခွဲ၊ ပုလဲ ၃၅ လုံး မှ ၄၀ ထိပါသော လည်ဆွဲဆိုလျှင် ယမ်း ခုနစ်သိန်းမှ နှစ်သန်း (ဒေါ်လာနှစ်သောင်း)ထိ ရရှိနေပြီဖြစ်၍ အမျိုးတူပုလဲများတွင် ဈေးကောင်းရရှိသည်ဟု ဆိုနိုင်ကြောင်း မြန်မာ့ပုလဲက ရှင်းပြသည်။ အချို့ပုလဲတွဲများဆိုလျှင် ယမ်း ရှစ်သန်းထိ ရရှိပါသည်ဟု ဆိုသည်။ တာဆာကီကုမ္ပဏီသည် ယခုလောလောဆယ်ထိ Myanmar White ပုလဲအား သတင်းစာနှင့် ရုပ်မြင်သံကြားအစီအစဉ်များတွင် ကြော်ငြာခဲ့ရာ ဒေါ်လာ ခုနစ်သိန်းနီးပါး အကုန်ကျခံခဲ့ပြီးဖြစ်သည်ဟု ယင်းကုမ္ပဏီနှင့် နီးစပ်သူများထံမှ သိရသည်။

"ဂျပန်မှာ အရင်က ကိုရာပုလဲကို သုံးတယ်။ တောင်တရုတ်ပင်လယ်ပုလဲဆိုရင် ဩစတြေးလျတို့က ပုလဲတွေ သုံးတယ်။ အခု Myanmar White အနေနဲ့ မြန်မာ့ပုလဲကို စတင် ထိုးဖောက်နေပြီ"ဟု မြန်မာ့ပုလဲမှ တာဝန်ရှိသူများက ဈေးကွက်အခြေအနေကို ရှင်းပြသည်။ လာမည့်နှစ်တွင် မြန်မာတာဆာကီသည် ပုလဲလုံးရေ နှစ်သိန်းခန့် ရရှိရန် ရှိနေသည်။

ယခုအခါ Myanmar White ပုလဲအမှတ်တံဆိပ်ကို မြန်မာတာဆာကီကုမ္ပဏီမှ မူပိုင်ရရှိသွားပြီးဖြစ်ရာ ပြည်တွင်းပုလဲကုမ္ပဏီများမှ ထုတ်လုပ်သော ပုလဲများအနက်မှ Myanmar White အရည်အသွေးမီသော ပုလဲများကို ဝယ်ယူသွားရန် ရှိနေပါသည်။ မြန်မာ့ပုလဲမွေးမြူသူများအနေဖြင့် ဈေးကွက်တစ်ခု အခိုင်အမာ ရရှိထားသည့် အခြေအနေတစ်ရပ်ဟု ယူဆရန်လည်း ရှိနေပါသည်။

## အမြတ်အစွန်းကောင်းပါသည်

နိုင်ငံတကာ ပုလဲထုတ်လုပ်သည့် ကုန်ကျစရိတ်တွက်ချက်မှုများအရ ပုလဲတစ်မိုမီလျှင် ထုတ်လုပ်မှုကုန်ကျစရိတ် ဒေါ်လာ ၆၀ မှ ၇၀ ထိ ရှိကြောင်း မြန်မာနိုင်ငံအနေဖြင့်မူ လုပ်အားခ သက်သာသည့်အတွက် ပုလဲတစ်မိုမီလျှင် ထုတ်လုပ်မှုကုန်ကျစရိတ် ၁၀ ဒေါ်လာခန့်သာ ကျသင့်သည့်အတွက် အမြတ်အစွန်းကြီးမားသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း မြန်မာ့ပုလဲက ဆိုသည်။ ၁၉၉၁ ခုနှစ်ကတည်းက စတင်ခဲ့ကြသော ပြည်တွင်းကုမ္ပဏီများအနေဖြင့် နည်းပညာသစ်များ မရရှိမီက ထုတ်လုပ်မှုနိမ့်ကျခဲ့သော်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာခြင်းကြောင့် ယခုအထိ ရှင်သန်နိုင်နေခြင်းဖြစ်ပါကြောင်း၊ နောင်လုပ်ကိုင်မည့်သူများအနေဖြင့် အခက်အခဲများကို ရင်ဆိုင်စရာ သိပ်မကျန်တော့ပါကြောင်း ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ လာမည့်နှစ်တွင် ပြည်တွင်းကုမ္ပဏီတစ်ခုအနေဖြင့် ကနဦးဒေါ်လာ သုံးသန်းဖိုးခန့် ရရှိတော့မည်ဖြစ်သည်။

"ပုလဲမွေးမြူရေးလုပ်ငန်းဟာ Labour Intensive လုပ်ငန်းဖြစ်လို့ Labour Cost သက်သာတဲ့ မြန်မာနိုင်ငံမှာ တွက်ခြေကိုက်တယ်။ ဈေးနှုန်းကလည်း ကြိုက်တဲ့နိုင်ငံက ဈေးနှုန်းနဲ့ ယှဉ်ရောင်းနိုင်တဲ့ အနေအထားမှာ ရှိတယ်"ဟု မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးက ရှင်းပြသည်။

ပုလဲသည် သားဖောက်ကာလ တစ်နှစ်နှင့် ဝတ်ဆံသွင်းပြီး နှစ်နှစ်ခန့်တွင်မှ စတင်၍ အမြတ်စွန်းရရှိနိုင်မည်ဖြစ်သည်။ ယခုအခါ ပြည်တွင်းလုပ်ငန်းရှင်များအား ဦးစားပေးခွင့်ပြုလျက်ရှိသည့်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုအပေါ်မှ ရရှိမည့် အကျိုးအမြတ်များသည် ပြည်တွင်းလုပ်ငန်းရှင်များ၏ လက်ထဲတွင်သာ ကျန်ရှိနေမည်ဖြစ်သဖြင့် နိုင်ငံခြားငွေ တိုးတက်ရရှိရေးကို အထောက်အကူကြီးစွာ ဖြစ်လာဖွယ် ရှိနေသည်။

ယခင်က ကမ္ဘာ့ပုလဲဈေးကွက် တွင် ပုလဲတစ်မိုမီလျှင် ဒေါ်လာ ၃၀၀ ခန့် ရရှိခဲ့သော်လည်း ယခုအခါ ပုလဲ တစ်မိုမီလျှင် ဒေါ်လာ ၁၀၀ ခန့်သာ ပေါက်ဈေးရှိနေသဖြင့် မြန်မာနိုင်ငံ၏ သက်သာသော ထုတ်လုပ်မှုကုန်ကျ စရိတ်ကြောင့် တွက်ခြေကိုက်လျက် ရှိ သည်။ ကမ္ဘာတွင် ပုလဲဈေးကျ၍ ကမ္ဘာ့ပုလဲကုမ္ပဏီများသည် များစွာ ရုန်းကန်နေရကြောင်း၊ တာဆာကီ ကုမ္ပဏီသည်ပင် ၎င်း၏ အခြားနိုင်ငံ ဒေသလုပ်ကွက်များတွင် ရုန်းကန်နေရ ကြောင်း၊ မြန်မာနိုင်ငံရှိ ၎င်း၏လုပ်ကွက်မှသာ အမြတ်အစွန်း ရရှိလျက် ရှိနေကြောင်း မြန်မာ့ပုလဲလုပ်ငန်းက ဆိုသည်။ အမျိုး အစားတူပုလဲများ ထုတ်လုပ်သည့် သြစတြေးလျ၊ ဖိလစ်ပိုင်၊ အင်ဒို နီးရှား၊ မြန်မာတို့တွင် ရာသီဥတုရေမြေအခြေအနေမှာ မြန်မာ နိုင်ငံမှာ အကောင်းဆုံးဖြစ်၍ အမျိုးအစားအကောင်းဆုံးဖြစ်သော် လည်း ထုတ်လုပ်နိုင်မှုမှာ အနည်းဆုံးဖြစ်နေရသည်ဟု မြန်မာ့ပုလဲမှ တာဝန်ရှိသူများ၏ ရှင်းပြချက်အရ သိရသည်။ တောင်တရုတ် ပင်လယ် ပုလဲထုတ်လုပ်မှုအနေဖြင့် ၁၀၀၀ မိုမီကို KN ဖြင့် တွက်လျှင် သြစတြေးလျ၌ 600 KN၊ အင်ဒိုနီးရှား၌ 400 KN၊ ဖိလစ်ပိုင်မှ 300 KN နှင့် မြန်မာမှ 80 KN ထုတ်လုပ်လျက် ရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အလားအလာကောင်းများ များစွာ ရှိနေသည်။



## ပြည်တွင်းကုမ္ပဏီများကို ဖိတ်ခေါ်

ပုလဲမွေးမြူခြင်းလုပ်ငန်းသည် အကျိုးအမြတ် ကြီးမားသည့် လုပ်ငန်းဖြစ်ရာ အခြေအနေအရပ်ရပ်ပေးနေသည့်အချိန်တွင် ပြည်တွင်း၌ ထုတ်လုပ်သောပုလဲများကို ပြည်တွင်း၌ ကျန်ပြီး ပြည်တွင်းလုပ်ငန်းရှင်များ အမြတ်အစွန်းရရှိစေရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များ ဝင်ရောက်လုပ်ကိုင်သင့်သည့် စီးပွား ရေးအခွင့်အလမ်းကောင်းတစ်ခုအဖြစ် ပေါ်ထွက်လာပြီဖြစ်သည်။

“ပြည်တွင်းကုမ္ပဏီတွေကို ဖိတ်ခေါ်ပါတယ်။ ပုလဲဟာ Renewable Product ဖြစ်တယ်။ Profit Margin မြင့်တယ်။ အခု နည်းပညာရှိနေပြီး သားဖောက်လုပ်ငန်းလည်း အောင်မြင် လာတယ်။ ပြည်တွင်းကုမ္ပဏီတစ်ခုဆို ယခုနှစ် ကောင်ရေ တစ်သိန်း သွင်းတော့မယ်”ဟု အမြတ်အစွန်းများပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေ ပေးနိုင်သော ပုလဲလုပ်ငန်းကို ပြည်တွင်းလုပ်ငန်းရှင်များအား ဦးစား ပေးထားသည်ကို ဦးမောင်တိုးက ရှင်းပြသည်။

ပုလဲမွေးမြူရေးလုပ်ငန်းသည် အစိုးရနှင့် မဖြစ်မနေ ဖက်စပ်လုပ်ကိုင်ရမည့် ကုန်စည်အမျိုး အစား ဖြစ်သည်။ ပြည်တွင်းလုပ်ငန်း ရှင်တစ်ဦးအနေဖြင့် ပုလဲမွေးမြူတော့ မည်ဆိုပါက မြန်မာ့ပုလဲထုတ်လုပ် ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ တင်ပြရမည်ဖြစ်ပြီး သတ္တုတွင်းဝန်ကြီး ဌာနမှတစ်ဆင့် မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ကို ရယူကာ လုပ်ကိုင်ရမည်ဖြစ်သည်။ ထုတ်လုပ်မှု အပေါ် မြန်မာ့ပုလဲလုပ်ငန်းသို့ ၃၀ ရာ ခိုင်နှုန်း ခွဲဝေပေးရမည်ဖြစ်ပြီး ၆၀ ရာ ခိုင်နှုန်းကို ကုမ္ပဏီမှ ရရှိမည်ဖြစ်သည်။ ခွင့်ပြုချက်ရရှိပြီးပါက မြန်မာ့ပုလဲမှ ရေပြင်နေရာ ရွေးချယ်သတ် မှတ်ပေးခြင်း၊ နည်းပညာ အကူအညီပေးခြင်းတို့ကို လုပ်ဆောင် ပေးမည်ဖြစ်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် စိုက်ပျိုးရေး၊ စက်မှု လုပ်ငန်းများကဲ့သို့ ငွေကြေးအကူအညီအစီအစဉ်များမှာမူ လော လောဆယ် မရှိသေးကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

## ဝိုင်းဝန်းဆောင်ရွက်ရန်

ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေ ရှာဖွေ တော့မည်ဆိုလျှင် ဈေးကွက်စီးပွားရေးသဘောအရ ပုဂ္ဂလိက အခန်းကဏ္ဍမှ ဝင်ရောက်ဦးဆောင်ရန် လိုအပ်လာမည်ဖြစ်သည်။ ပုလဲသည် ကျောက်မျက်ရတနာမျိုးနွယ်ဖြစ်ပြီး Luxerial Goods ဖြစ်နေသေးခြင်း၊ ရေရှည်ရင်းနှီးမြှုပ်နှံရသည့်လုပ်ငန်းဖြစ်နေခြင်း တို့ကြောင့် စီမံကိန်းဝင် ထုတ်ကုန်များနှင့် မဟာဗျူဟာမြောက် ကုန်စည်ထုတ်လုပ်ခြင်းလုပ်ငန်းများသာ လုပ်ကိုင်လေ့ရှိသော ပြည်တွင်းလုပ်ငန်းရှင်ကြီးများ၏ကြားတွင် ရေပန်းမစားသေး သောလုပ်ငန်းအဖြစ်သာ ရှိနေပါသေးသည်။ ယခင်က နိုင်ငံတကာ ဈေးကွက်တွင် နှစ်အတန်ကြာ ထိတွေ့မှုနည်းခဲ့ရာမှ ယခုအခါ ဂျပန်ဈေးကွက်တွင် Myanmar White အနေဖြင့် ဈေးကွက်ထွင်း ဖောက်နေပြီးဖြစ်ရာ ထုတ်လုပ်မှုပိုင်းတွင် အာရုံစိုက်နေရပြီး ကိုယ်ပိုင် ဈေးကွက် မရရှိသေးမီ ကြားကာလတွင် ဈေးကွက်တစ်ခုအဖြစ် ချိတ်ဆက်နိုင်ခွင့် ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံ၌ ကျောက်မျက် တူးဖော်ခြင်းကဲ့သို့ (Non Renewable Resources) ထုတ်လုပ် သော ကျောက်မျက်ရတနာလုပ်ငန်းရှင်များသည် ပုလဲထုတ်လုပ် ခြင်းကဲ့သို့ Renewable Products ထုတ်လုပ်မှု လုပ်ငန်းခွင်သို့ ဝင်ရောက်လာစေရန် ဆွဲဆောင်နိုင်ခဲ့ပါက ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ပုလဲအတွက် နေရာတစ်ခု အသေအချာ ရရှိလာနိုင်ပါသည်။

**မင်းနိုင်စိုး**



# ဟိုဘက် ၊ သည်ဘက်

ဇေယျာအုန်း

**‘ဒါ ဘယ်သူပြောတာလဲ’ဟု ဆရာဝန်တစ်ဦးက မှားယွင်းကုသမှုများနှင့် ပတ်သက်ပြီး ပုံနှိပ်မီဒီယာများမှ ရေးသားထားသည်များကိုဖတ်၍ အော်ဟစ်ပြောဆိုပါသည်။ ဆေးပညာရပ်နှင့်ပတ်သက်၍ မှားယွင်းကုသမှုများအား ဝေဖန်လိုလျှင် သက်ဆိုင်ရာဆေးပညာရပ်အား ကျွမ်းကျင်နားလည်သူ ဆရာဝန်တစ်ဦးဦးထံမှ ထင်မြင်ချက်ကို တောင်းခံသင့်ကြောင်း သူမက ဆိုပါသည်။**

‘ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ရဲ့ အမြင်တွေပါလိုက်ရင် ပိုပြီးပြည့်စုံသွားမလားလို့’ဟု မြန်မာနိုင်ငံတွင် အစောဆုံးဖွင့်လှစ်ခဲ့သော ပုဂ္ဂလိကဆေးခန်းကြီးတစ်ခုကို ဖွင့်လှစ်ထားသူ တရုတ်နွယ်ဖွားတစ်ဦးက ဝေဖန်ပြောကြားသည်။ ယနေ့မီဒီယာစာမျက်နှာများပေါ်တွင် ကျန်းမာရေးဝန်ဆောင်မှုများနှင့်ပတ်သက်၍ ရေးသားဖော်ပြနေသည်များကို သူ့အနေနှင့် အပြည့်အဝ မကန့်ကွက်ချင်သလို ထောက်ခံမှုလည်း မပြုလုပ်ချင်ကြောင်း ပြောပြပါသည်။

ဘီလ်ကိုဗက်ချ်နှင့် တွမ်ရိုဆန်တျဲလ်တို့က ၎င်းတို့၏ The Elements of Journalism စာအုပ်တွင် သတင်းစာပညာ၏ ရည်ရွယ်ရင်းမှာ ပြည်သူလူထုအတွက် ဖြစ်သော်လည်း မျှတရှုမြင်တတ်ရန် လိုအပ်ကြောင်း ရေးသားဖော်ပြခဲ့သည်။ မြန်မာနိုင်ငံရှိ ဆေးပညာရှင်ဆရာဝန်များ၊ ကျန်းမာရေးဝန်ဆောင်မှုပေးနေသည့် ပုဂ္ဂလိကဆေးခန်းများနှင့်ပတ်သက်၍ အမြင်တစ်မျိုးတည်း ဝေဖန်ပြောဆိုခြင်းထက် နှစ်ဖက်အမြင်များကို တင်ပြရမည်ဆိုလျှင်–

## ဆေးကုသမှုနှုန်းထားများ

“နိုင်ငံခြားမှာလို အေးအေးဆေးဆေး အချိန်ယူကုချင်ရင် နိုင်ငံခြားဈေးပေးပေါ့”ဟု အထူးကုဆရာဝန်တစ်ဦးက ဆိုပါသည်။ ကိုယ်တိုင်က ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်နေသော ဆရာဝန်တစ်ဦးကလည်း နိုင်ငံခြားတွင် ဆေးကုသမှုနှုန်းထားများ အလွန်မြင့်မားကြောင်းလည်း ပြောဆိုပါသည်။

နိုင်ငံရပ်ခြားတွင် ဆရာဝန်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း ပုဂ္ဂလိကဆေးခန်းတစ်ခုကို ဖွင့်လှစ်လုပ်ကိုင်နေသော ဆရာဝန်တစ်ဦးကမူ “နိုင်ငံခြားလို လိုချင်ရအောင် ဟိုက ဂျီဒီပီနဲ့ ဒီက ဂျီဒီပီ တူတာမှ မဟုတ်တာဗျာ”ဟု လူနာများဘက်မှ တွေးဆပြောကြားသည်။

နိုင်ငံရပ်ခြားတိုင်းပြည်များကဲ့သို့ မြန်မာနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေမှာ တန်းတူမြင့်မားမှုမရှိခြင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရပ်ခြားတိုင်းပြည်ကြီးများကဲ့သို့ ဆေးပညာသင်ကြားမှု စရိတ်စက မကြီးမြင့်ခြင်း (စာအုပ်ဖိုး၊ ကျူရှင်ဖိုးများ ကုန်ကျသည်ကို အကြောင်းပြနိုင်သော်လည်း ကျောင်းစရိတ်မှာမူ စာရင်းထည့်၍ တွက်နိုင်လောက်စရာ မဟုတ်သည်ကိုမူ ဝန်ခံကြရလိမ့်မည်။) မြန်မာနိုင်ငံ၏ ငွေပမာဏအလိုက် ဝယ်နိုင်စွမ်းအား Purchasing Power Priority သည် နိုင်ငံခြားတိုင်းပြည်များ

လောက် ကြီးမြင့်မှု မရှိခြင်းတို့ကြောင့် နိုင်ငံခြားစံချိန်ဖြင့်တော့ တိုင်း၍ရနိုင်မည် မဟုတ်ပါ။ မြန်မာနိုင်ငံတွင် ရယူနေကြသည့် ဆေးကုသမှုနှုန်းထားများမှာလည်း နိုင်ငံ၏ ငွေပမာဏအလိုက် ဝယ်နိုင်စွမ်းအားနှင့် နှိုင်းယှဉ်လျှင် နည်းလှသည်ဟု မဆိုနိုင်ပါ။ မြန်မာနိုင်ငံတွင် ပုံမှန် နေ့လယ်စာတစ်နပ်ကို မြန်မာငွေလေးငါးရာဖြင့် ရနိုင်သော်လည်း နိုင်ငံခြားတိုင်းပြည်ကြီးများတွင်မူ ထို့ထက် အနည်းဆုံး လေးငါးဆပေးမှ ရနိုင်သည်ဖြစ်ရာ ဆေးကုသမှုနှုန်းထားများ ကွာခြားခြင်းသည် ပြဿနာတစ်ရပ်သဖွယ်မဖြစ်နေသင့်ဟုလည်း ရှုမြင်သူများ ရှိပါသည်။

## စွမ်းဆောင်ရည်များ

“အန်တီကတော့ စွမ်းဆောင်ရည် Efficiency ကျသွားတယ်လို့ မထင်ဘူး” ဟု ပါမောက္ခဆရာဝန်ကြီးတစ်ဦးက အထူးကုဆရာဝန်ကြီးများ၏ အလုပ်ချိန်များ များပြားလွန်းခြင်းကြောင့် စွမ်းဆောင်ရည်အပေါ် ထိခိုက်မှု ရှိနိုင်မည်လားဆိုသော မေးခွန်းကို ဖြေကြားပါသည်။

ယေဘုယျ စဉ်းစားကြည့်လျှင်ပင် အလုပ်ချိန်များများလုပ်ရသော လူတစ်ဦး၏ စွမ်းဆောင်ရည်မှာ ကျဆင်းမသွားဘဲ ပြည့်ဝနေဖို့ဆိုသည်မှာ လွယ်ကူသောအရာ မဟုတ်ပါ။

အခြား ပါမောက္ခဆရာဝန်ကြီး တစ်ဦးက ၎င်းထံသို့ လွှဲပြောင်းရောက်ရှိလာသော လူနာတစ်ဦးနှင့်ပတ်သက်၍ ယင်းလူနာအား မိမိထံသို့ စောစောစီးစီး လွှဲပြောင်းသင့်ကြောင်း၊ ပထမကုသသည့် ပါမောက္ခသမားတော်ကြီးအနေနှင့် ဤသို့ ပြုလုပ်ရမည်ကို မသိရှိနိုင်စရာအကြောင်း မရှိကြောင်း၊ မိမိ၏မိတ်ဆွေလည်းဖြစ်သူ ယင်းသမားတော်ကြီးသည် အလွန်ထူးချွန်သူတစ်ဦးဖြစ်သော်လည်း လူနာကြည့်ချိန်များလွန်း၍ လစ်ဟင်းသွားခြင်းဖြစ်သည်ဟု ထင်မြင်ယူဆရကြောင်း ဝေဖန်ပြောကြားဖူးသည်။

မြန်မာနိုင်ငံ ဆေးကောင်စီ၏ ဆေးကုသမှုဆိုင်ရာ ညွှန်ကြားချက်များတွင် ပါရှိသည့် “လူနာတိုင်းသည် မိမိအား ကုသနေသော ဆရာဝန်၏ အကောင်းဆုံး ကုသမှုနှင့် ပြုစုစောင့်ရှောက်မှုကို ခံစားပိုင်ခွင့် ရှိရမည်” ဆိုသည်ကို အတိအကျ မဟုတ်သည့်တိုင် အနီးစပ်ဆုံး အကောင်အထည်ဖော်နိုင်ရန် ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ အချိန်တန်နေပြီ ဖြစ်သည်။

“နာမည်အရမ်းကြီးတဲ့ ဆရာဝန်ကြီးတစ်ယောက်ဆီ သွားပြတယ်ဗျာ။ ကျွန်တော့်ကို ကုပေးနေတဲ့ (အဲဒီရောဂါ ကျွမ်းကျင်သူတော့မဟုတ်) ဆရာဝန်က စိတ်ပူလို့ သူကုပေးဖူးတဲ့ အတွေ့အကြုံအရ မြင်ခဲ့တွေ့ခဲ့ရတာတွေ ရေးပေးလိုက်တယ်။ ဟိုရောက်တော့ ဒါတွေကို တစ်ခုမှ မဖတ်ကြည့်ဘူး။ နည်းနည်းပါးပါးစမ်းပြီး ဆေးစပေးတော့တာပဲ”ဟု ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းရှင်တစ်ဦးက သူ၏ခံစားချက်ကို ဖွင့်ဟပါသည်။

သက်လတ်ပိုင်းအရွယ် အထူးကုဆရာဝန်တစ်ဦးကမူ အထက်ပါလုပ်ငန်းရှင်နှင့် သဘောထားချင်း တိုက်ဆိုင်မှု မရှိပါ။ “အဲဒီဆရာဝန်ကြီးဆီမှာပဲ ကျွန်မ အမေကို သွားပြတာပဲ။ ကျွန်မလည်း အထူးကုဆရာဝန်တစ်ဦးမှန်းလည်း ပြောပြလိုက်ရော ဂရုစိုက်လိုက်တာ အရမ်းပဲ”

ရန်ကုန်ဆင်ခြေဖုံးရှိ အထပ်မြင့် ပုဂ္ဂလိကဆေးခန်းကြီးတစ်ဦး၏ ပိုင်ရှင်တစ်ဦးက ဆရာဝန်ကြီးများအနေဖြင့် တစ်ရက်ကို ဘယ်နှယောက် ကြည့်မလဲ ဆိုသည့် ကန့်သတ်ချက် ရှိသင့်ကြောင်း၊ ထိုသို့ဆိုလျှင် အချိန်ယူ အကြည့်ခံရသော လူနာများအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သုံးသပ်ပါသည်။

ထိုသို့ဆိုလျှင် ဆရာဝန်ကြီးများ မကြည့်နိုင်သည့် လူနာများအတွက် မည်သို့လုပ်ကြမည်နည်း။ ဆရာဝန်တစ်ဦးကတော့ ယခုကဲ့သို့ အကြံပေးသည်။ ပုဂ္ဂလိကဆေးခန်းကြီးများတွင် ဆိုင်းဘုတ်



အများဆုံး တပ်ထားသည့် ဆရာဝန်ကြီးများလောက် မတော်သည့်တိုင်အောင် သူတို့လောက် နီးနီးစပ်စပ်တော်သည့် ဆရာဝန်ကြီးများ (ထိုအထဲမှ အချို့သည် သည်တိုင်း ထိုင်နေရတာများသည်ဟု လည်း ဆိုသည်။)ထံ ရောက်ရှိကုသကြ ခြင်းဖြင့် ဖြေရှင်းနိုင်သည်ဟု ဆိုသည်။

မြို့လယ်ဆေးခန်းပိုင်ရှင်တစ်ဦးကတော့ ယခုလို အကြံပေးပါသည်။ "အငြိမ်းစားယူသွားတဲ့ ဆရာဝန်ကြီးတွေလည်း အားကိုးလောက်ပါတယ်ဗျာ။ သူတို့ဆီကို လူနာတွေက သိပ်မသွားချင်ကြဘူး။ လက်ရှိ ပါမောက္ခကြီးတွေဆီပဲ သွားချင်တတ်ကြတယ်"

လူသားရင်းမြစ်ကျွမ်းကျင်စွမ်းအားစု မကြွယ်ဝသေးခင်တွင် အထက်ပါ နည်းလမ်းများဖြင့် အကောင်းဆုံးမဟုတ်သည့်တိုင်အောင် အထိုက်အလျောက် ဖြေရှင်းနိုင်ပါသည်။

## အရည်အသွေးများ

အထူးကုမဟုတ်သော ရိုးရိုးဆရာဝန် အများစု ပါဝင်သည့် တာဝန်ခံဆရာဝန်များ (Medical Officers) ၏ အရည်အသွေးသည် အလွန်အရေးကြီးကြောင်း ကိုယ်တိုင်လည်း ဆရာဝန်တစ်ဦးဖြစ်ပြီး ပုဂ္ဂလိကဆေးခန်းကြီးတစ်ခုကိုလည်း ဖွင့်လှစ်လုပ်ကိုင်နေသူတစ်ဦးက ပြောဆိုသည်။

"သူတို့က လမ်းဆုံလမ်းခွမှာထိုင်ပြီး လူနာတွေကို ဆိုင်ရာဆိုင်ရာ ဆရာဝန်ကြီးတွေဆီ လွှဲပေးနိုင်ရမယ်ဗျာ။ ညဘက်ဆိုရင်လည်း ဆရာဝန်ကြီးက ရှိတာမဟုတ်ဘူး။ သူတို့ပဲ ရှိတာ။ နှလုံးကြောင့် အသက်ရှူကြပ်တာကို အဆုတ်ကြောင့်လို့ တလွဲပြောလိုက်ရင် ဖုန်းနဲ့ ဖြေကြား ပြောပြရမယ့် ဆရာဝန်ကြီးကလည်း အဆုတ်နဲ့ ပတ်သက်တာတွေပဲ ပြောပြတော့မှာလေ။ သူကလည်း မြင်ရတာမှ မဟုတ်ပဲ"

တာဝန်ခံဆရာဝန်များ၏ ပါးနပ်လိမ္မာမှုသည် ဆရာဝန်ကြီးများနှင့် ဆေးခန်းကြီးများ၏ ဂုဏ်သိက္ခာအတွက် အရေးကြီးသည်ဟုလည်း သက်လတ်ပိုင်း အရွယ် အဆိုပါဆရာဝန်က ထင်မြင်ပါသည်။

ဆေးတက္ကသိုလ်(၂)ရှိ ပါမောက္ခဌာနမှူးတစ်ဦးကမူ မျိုးဆက်သစ် ဆရာဝန်များ၏ အရည်အသွေးသည် ၎င်းတို့ထက်ပင် ထူးချွန်သည်ဟု မှတ်ချက်ချပါသည်။ မြင်တွေ့ဖူးသော မျိုးဆက်သစ်ဆရာဝန်များကိုယ်တိုင်ကမူ ၎င်းတို့၏ ဆွေမျိုးသားချင်းများ ဆေးခန်းပြရန် လိုအပ်သည့်အခါ ဆရာဝန်ကြီးများထံသို့သာ သွားရောက်ပြသတတ်ကြသည်။

## ဆေးခန်းရှင်များ၏ ဖွင့်ဟချက်

"ကျွန်တော်တို့ ဆေးခန်းတွေနဲ့ ပတ်သက်လို့ ပြောနေရေးနေတာနဲ့ ပတ်သက်ပြီး ကြိုဆိုပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း ဒါတွေကို မကြိုက်ဘူး။ ကြိုးစားပေမယ့်လည်း ကျေနပ်လောက်တဲ့ အနေအထား မရောက်နိုင်သေးဘူး"ဟု ပြောဆိုသူကတော့ သက်တမ်းအရင့်ဆုံး ပုဂ္ဂလိကဆေးခန်းကြီးတစ်ခု တည်ထောင်ထားသူတစ်ဦးဖြစ်သည်။ မိမိတို့ရရှိသည့် ကျွမ်းကျင်ဝန်ထမ်းအများစုမှာ အသားသေပြီးသားသူများသာဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍအတွက် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်သူများ ရရှိရန် လောလောဆယ် မဖြစ်နိုင်သေးကြောင်း ညည်းညူပြောဆိုပါသည်။

"ထိုင်းလို၊ စင်ကာပူလိုဆိုရင်တော့ တစ်မျိုးပေါ့ဗျာ။ သူနာပြုကနေ အထူးကုဆရာဝန်ကြီးတွေအထိ မကြိုက်ရင် နောက်တစ်ယောက် လဲလို့ရတယ်လေ။ ဒီမှာတော့ သိပ်မပြောရဲဘူးဗျာ"

မြို့ဆင်ခြေဖုံးရှိ အထပ်မြင့်ဆေးခန်းကြီးတစ်ခု၏ စီမံခန့်ခွဲရေးတာဝန်ရှိသူကမူ ပုံနှိပ်မီဒီယာများတွင် ရေးသားဖော်ပြချက်များသည် လူနာအားလုံးအား ကိုယ်စားပြုလိမ့်မည်ဟု မယုံကြည်ကြောင်း၊ သို့ရာတွင် ၎င်းအနေဖြင့် ကြိုဆိုကြောင်း၊ သို့မှသာ ပြင်ဆင်သင့်သည်များကို ပြင်ဆင်နိုင်မည်ဖြစ်ကြောင်းဖြင့် ၎င်း၏ထင်မြင်ချက်ကို ပြောဆိုပါသည်။

"မီဒီယာတွေကို ပြောသလိုမျိုး ကျွန်တော့်ရုံးခန်းကိုလည်း လာပြီး ရဲရဲဝံ့ဝံ့ ဆွေးနွေးစေချင်ပါတယ်"ဟု လူနာများအား သူက တိုက်တွန်းလိုက်ပါသည်။

မမေးကြ၍ဘဲ မပြောတာလား။ မပြောကြ၍ဘဲ မမေးကြတာလားတော့ မသိ။ ခွဲဆိုလျှင် ခွဲလိုက်ကြသည့် လူနာများမှာ အများစုဖြစ်ကြောင်း၊ ပြန်လှန်မေးခွန်းထုတ်သည့် လူနာများမှာ နည်းပါးကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ကိုယ့်အခွင့်အရေး ကိုယ်တောင်းရဲရန်လိုကြောင်း သူက ဆက်လက်တိုက်တွန်းပြန်ပါသည်။

## အပြန်အလှန်နားလည်မှု

ဆေးဝါးကုသမှုလုပ်ငန်းသည် အသက်များနှင့်ရင်း၍ လုပ်ကိုင်နေရသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ဆေးခန်းကြီးတစ်ခု၏ ပိုင်ရှင်ဖြစ်သူက လူနာများအနေဖြင့် ဆရာဝန်ကြီးများနှင့် ဆေးခန်းများအပေါ် နားလည်ပေးမှု ရှိသင့်ကြောင်း ပြောပါသည်။ ထိုသို့ အချွတ်အချော် အတိမ်းအစောင်းများကို နားလည်ပေးရမည်ဆိုလျှင် လူနာများ၏ အချွတ်အချော် အတိမ်းအစောင်းများမှာ ဥပမာ–ငွေကြေးမပေးနိုင်ခြင်းကို ၎င်းတို့ဘက်မှ နားလည်ပေးမည်လော။

နားလည်မှုဒီဂရီများကို တိုင်းထွာရမည်ဆိုလျှင် လူနာများ၏ နားလည်မှုသည် ပိုသာသည်ဟု ဆိုနိုင်သည်။

"မြန်မာပြည်မှာ ဆေးကုရတာ သိပ်ကောင်းတယ်ဗျာ။ ဆရာလည်း အခေါ်ခံရတယ်။ ကိုယ့်ကိုယ်လည်း ဘာမှ ပြဿနာမရှာဘူး။ အမှားမှားအယွင်းယွင်း ဖြစ်သွားရင်တောင် ကံကြောင့်ပဲလေလို့ ဖြေပေးတတ်ကြတယ်"ဟု အငြိမ်းစားယူသွားပြီဖြစ်သည့် ပါမောက္ခဌာနမှူးဆရာဝန်ကြီး

တစ်ဦးက ပြောဖူးသည်။

"လူနာတွေကြောင့် ဆေးခန်းတွေ နစ်နာတာ အင်မတန်ရှားပါတယ်။ လုပ်ငန်းကြီးတစ်ခုအနေနဲ့ ဖွင့်လှစ်လို့ရတဲ့ပမာဏ အတိုင်းအတာမှာပဲ ရှိပါတယ်"ဟု ဆေးခန်းရှင်တစ်ဦးက ၎င်း၏အမြင်ကို မကွယ်မဝှက် ပြောကြားပါသည်။

## ဘာဆက်လုပ်ကြမလဲ

"နိုင်ငံခြားလိုမျိုး တရားစွဲဖို့ ကြလာရင်တော့ ဒီဘက်ကလည်း ကာကွယ်တဲ့အနေနဲ့ အကုန်လုပ်ထားရမှာပဲ။ ငွေကုန်ကြေးကျများမယ့် အိတ်စ်ရေးတွေကို လိုလိုမလိုလို ရိုက်ခိုင်း၊ ဆေးစစ်ခိုင်း၊ သွေးစစ်ခိုင်းတွေ အကုန်လုပ်ပြီးခံတော့မှ ကုရဲတော့မယ်။ အဲဒါဆို လူနာတွေလည်း နာပြီသာမှတ်"ဟု ဆရာဝန်တစ်ဦးက ဒေါကြီးမောကြီး ပြောပါသည်။

အခြား ဆရာဝန်တစ်ဦးကမူ 'အခု အတိုင်းလေးပဲ ကောင်းပါတယ်'ဟု ဆိုပါသည်။

နောက်ဆရာဝန်တစ်ဦးကမူ မြန်မာနိုင်ငံတွင် မှားယွင်းကုသမှုအတွက် အာမခံကြေးကို ဆရာဝန်များအနေဖြင့် ပေးသွင်းထားရခြင်းမရှိကြောင်းကို ထောက်ပြပါသည်။

"မြန်မာနိုင်ငံရဲ့ လူဦးရေအရ Closed-Type ဆေးခန်းတွေ အများကြီး လိုနေသေးတယ်။ Closed-Type ဆိုတာ ခြံမပါ၊ ဝင်းမပါ အထပ်မြင့်ဆေးခန်းတွေကို ပြောတာ။ လက်ရှိ မြို့ပြအနေအထားအရ ခြံနဲ့ဝင်းနဲ့ မြို့ထဲမှာ ဖွင့်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး"ဟု ဆေးခန်းပိုင်ရှင်တစ်ဦးက မြန်မာနိုင်ငံ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ၏ ဝယ်လိုအားနှင့် ရောင်းလိုအားမမျှပုံကို ရှင်းပြပါသည်။

ဆေးခန်းကြီးတွေ ပိုရှိ လိုအပ်ပါသည်။ ဆရာဝန်ကြီးတွေလည်း တိုး၍ လိုအပ်သည်။ ထို့အတူ ကာလကြာမြင့်စွာ စောင့်မျှော်နေကြရသော ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာဥပဒေလည်း အလျင်အမြန် ထွက်ပေါ်လာလျှင် အလွန်ကောင်းပါမည်။ မြန်မာနိုင်ငံ ဆေးကောင်စီ၏ ညွှန်ကြားချက်များလည်း စာရွက်ပေါ်မှ လုပ်ငန်းခွင်သို့ လက်တွေ့ကျကျ ရောက်ရှိလာလျှင် အလွန်စိတ်ချမ်းသာရပေမည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘောဂဗေဒပညာရှင်တစ်ဦး၏ အဆိုအတိုင်း ဆရာဝန်များ လူမှုဆက်ဆံရေးကျွမ်းကျင်ရန် ပိုမိုသင်ကြားပေးနိုင်လျှင် အလွန် အဆင်ပြေပါလိမ့်မည်။

လူနာများရော၊ ဆရာဝန်များရော၊ ဆေးခန်းများရော အားလုံးအတွက် ဖြစ်ပါသည်။

**ဧယျာအုန်း**

■


# ရေသန့်စက်အင်ဂျင်နီယာလုပ်ငန်း
# နှင့်
# ရေသန့်စက်အပိုပစ္စည်း

**(Filters,Ceramic Tubes,UV Lamps,Manganese,Birm,GAC & Resin)**
**(Reverse Osmosis System & R.O Membranes)**

**'NEW WATER'ENGINEERING**

အမှတ်(G/B)၊မြေညီထပ်၊လှသီတာရတနာအိမ်ရာ၊သမိုင်းဂုံးကျော်တံတားအနီး၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

Tel: 663280,E-mail: newwater@mail4u.com.mm

၂၀၀၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ယှဉ်ပြိုင်အရွေးချယ်ခံမည့် နှစ်ဦးအနက် ဒီမိုကရက်တစ်သမ္မတလောင်းဖြစ်သူ John Kerry သည် ဇူလိုင်လ နောက်ဆုံးပတ်က ပြုလုပ်သော ပါတီ၏ Convention ၌ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံတော်လုံခြုံရေးတို့နှင့် ပတ်သက်သော Issue များအပြင် Environmental Issue ကိုပါ အရေးတကြီး လုပ်ဆောင်ရမည့်ကဏ္ဍအဖြစ် ထည့်သွင်းပြောကြားသွားသည်။ အဆိုပါကဏ္ဍကို ထည့်သွင်းစဉ်းစားလာခြင်းသည် ပြိုင်ဘက်တစ်ဦးက အလေးမထားသော အရေးကြီးသည့် ဟာကွက်တစ်ခုအား တိုက်ခိုက်လာခြင်းဖြစ်သည့်အပြင် ကမ္ဘာ့လူသားထုအတွက် ငြင်းမရအောင် အရေးပါသောကဏ္ဍ ဖြစ်နေသဖြင့် လူထု၏အကျိုးကို အလေးဂရုထားရာလည်း ရောက်ပါသည်။

# မိုးလေဝသနှင့် လူမှုစီးပွားအကျိုးဆက်

ကံရှင်



ရုပ်ဝတ္ထုဖွံ့ဖြိုးမှုနှင့်အတူ အခြားတစ်ဖက်၌ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုဟူသော ဆိုးကျိုးက ကပ်ပါလာသဖြင့် ကမ္ဘာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ပညာရှင်များက အလေးပေးဖော်ပြလာခဲ့သည်။ အိုဇုန်းလွှာပါးလွှာပေါက်ပြဲမှုကြောင့် ကမ္ဘာကြီးပူနွေးလာကာ ယင်းအကျိုးဆက်အပြင် ရာသီဥတုဖောက်ပြန်မှုများကို တဖြည်းဖြည်း ကြုံတွေ့မှု များလာခဲ့သည်။ လက်ရှိ ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်သည် နှစ်ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်နေကြောင်း သိပ္ပံပညာရှင်များက အသိပေးခဲ့သည်။ ယင်းအခြေအနေကြောင့် ကမ္ဘာပေါ်ရှိ သက်ရှိများ ပျက်ပြုန်းခဲ့ဖူးသော ကာလတစ်ခုဆီသို့ စူးစမ်းမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ သက်ရှိ ၉၀ ရာခိုင်နှုန်းခန့် ပျက်သုဉ်းပျောက်ကွယ်ခဲ့ရသော ကာလ၌ ကမ္ဘာကြီး၏ အပူချိန်သည် သာမန်ရှိသင့်သည်ထက် ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်ကို သိပ္ပံပညာရှင်များ တွေ့ရှိခဲ့ကြသည်။

ယခုမျက်မှောက်ကာလ ကမ္ဘာပေါ်၌ ဖြစ်ပေါ်နေသော အပူချိန် မြင့်တက်ပြောင်းလဲမှုနှုန်းသည် သက်ရှိပျက်သုဉ်းခဲ့စဉ်ကာလကနှုန်းထက် ပိုမိုမြန်ဆန်နေသဖြင့် သိပ္ပံပညာရှင်အချို့က ယခု ၂၁ ရာစုအား နောက်ဆုံးရာစုနှစ်ပင်ဖြစ်လေမလားဟူသော မေးခွန်းကိုပင် ထုတ်လာကြသည်။ အဘယ့်ကြောင့်ဆိုသော် လက်ရှိအပူချိန် မြင့်တက်နှုန်းအရဆိုလျှင် ခရစ်သက္ကရာဇ် ၂၁၀၀ ခုနှစ်၌ ကမ္ဘာ့အပူချိန်မှာ ၆ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ကျော်လွန်သွားဖွယ်ရှိကြောင်း သိပ္ပံပညာရှင်တို့က တွက်ချက်ထားခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာကြီးပူနွေးမှု

**မိုးလေဝသခန့်မှန်းချက်များ၊ အသိပညာပေးမှုများကြောင့် သဘာဝဘေး အန္တရာယ်အချို့အား ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သဖြင့် မိုးလေဝသအခြေအနေ များနှင့် ပတ်သက်၍ သတင်းထုတ်ပြန်မှုများအား လူအများထံ အလျင် အမြန်ရောက်ရှိစေရေးသည် အရေးပါသောကိစ္စတစ်ရပ် ဖြစ်လာသည်။**

Global Warming ဖြစ်စဉ်ကြောင့် ကမ္ဘာကြီး ကိုသတိပေးမှု Global Warning ကို ပြုလုပ်လာနေပြီဟု ပြောစမှတ် ဖြစ်လာခဲ့သည်။

ကမ္ဘာကြီးပူနွေးမှုဖြစ်စဉ်ကြောင့် ကမ္ဘာ့မိုးလေဝသအခြေအနေသည် ယခင်ကနှင့် မတူသော ဖြစ်ပျက်မှုများကို ကြုံတွေ့ရကြောင်း ပညာရှင်တို့က ဆိုသည်။

"ကမ္ဘာပူနွေးလာလို့ ပြောင်းလဲလာတဲ့အထဲမှာ ရာသီဥတုဖောက်ပြန်တာတွေ ပါတယ်။ အခု မိုးလေဝသအခြေအနေက ပုံသေကောက်ချက်ဆွဲဖို့ ခက်တယ်။ တစ်ကြိမ်နဲ့ တစ်ကြိမ် ဖြစ်ပုံပျက်ပုံခြင်း မတူတော့ဘူး"ဟူ၍ ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းကြီး၏ မြန်မာနိုင်ငံဆိုင်ရာ သတင်းထုတ်ပြန်ရေး တာဝန်ခံဖြစ်သူ ဦးထွန်းလွင်က မှတ်ချက်ချပါသည်။ ဖောက်ပြန်တတ်သော သဘာဝကြောင့် မိုးလေဝသခန့်မှန်းမှုသည် ယခင်ကထက် ပိုမိုအရေးပါလာပြီး လက်ရှိအချိန်အခါလောက် မိုးလေဝသအရေး ပါတာမျိုးမရှိကြောင်း ယင်းပုဂ္ဂိုလ်က ဆိုပါသည်။ မိုးလေဝသခန့်မှန်းချက်များ၊ အသိပညာပေးမှုများကြောင့် သဘာဝဘေး အန္တရာယ်အချို့အား ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သဖြင့် မိုးလေဝသအခြေအနေများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်မှုများအား လူအများထံ အလျင်အမြန် ရောက်ရှိစေရေးသည် အရေးပါသောကိစ္စတစ်ရပ် ဖြစ်လာသည်။

## ယခုနှစ် သဘာဝဘေးအန္တရာယ်များ

ယခုနှစ် မိုးကာလ၌ မြန်မာနိုင်ငံ အပါအဝင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၌ မိုး များသဖြင့် ရေကြီးကာ ပျက်စီးဆုံးရှုံးမှု များခြင်း၊ လူအသေအပျောက်များခြင်းတို့ ဖြစ်ခဲ့ရသည်ကို ကမ္ဘာ့မီဒီယာအသီးသီးမှ ထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ မြောက်ဖျားပိုင်း ဧရာဝတီမြစ် ရေဝေရေလဲဒေသတွင် မုတ်သုံမိုး အဆမတန် ရွာသွန်းမှုကြောင့် မြစ်ရေကြီးမှုသည် စိုးရိမ်ရေမှတ်ကျော်လွန်ခဲ့သည်။ ဇူလိုင်လ ၁၉ ရက်တွင် မြစ်ကြီးနားမြို့၌ ခြောက်ပေကျော်ခန့် မြစ်ရေမြင့်တက်သွားခဲ့ကြောင်း၊ မြစ်ရေတက်မှုသည် သုံးပေဆိုလျှင် စိုးရိမ်ရေမှတ်သတ်မှတ်ကြောင်း၊ ဇူလိုင်လ ၁၈ ရက်က ဆွမ်ပရာဘွမ်မြို့၌ မိုးရေချိန်လက်မ ၈.၂၇ အထိ ရွာသွန်းခဲ့ကြောင်း မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန် ရှိပုဂ္ဂိုလ် ဒေါက်တင်ရီက ဆိုပါသည်။

အဆိုပါမြစ်ရေကြီးမှုသည် ဧရာဝတီမြစ်တစ်လျှောက်ရှိ ဒေသဖြစ်သော ဗန်းမော်၊ ကသာမှ ဟင်္သာတမြို့များအထိ ဆင့်ကဲဆင့်ကဲ မြစ်ရေကြီးကာ စိုးရိမ်ရေမှတ် ကျော်လွန်စေခဲ့သည်။

ယခုနှစ် မြစ်ရေကြီးမှုသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဒေသအသီးသီး၌ စံချိန်သစ်တင်ခဲ့ပြီး ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်နှင့် စစ်တောင်း မြစ်စသော မြစ်ကြီးလေးစင်းအပါအဝင် အခြားမြစ်တို့၌လည်း မြစ်ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။ ယခုနှစ်တွင် အဆိုပါသဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ထူးခြားချက်တစ်ရပ်မှာ စိတ်ဝင်စားဖွယ် တိုက်ဆိုင်မှုဖြစ်သည်။ ယင်းတိုက်ဆိုင်မှုမှာ မေလ ၁၉ တွင် ရခိုင်ပြည်နယ်၌ မုန်တိုင်း ဒီရေဖြစ်ပေါ်ခြင်း၊ ဒုတိယအကြိမ် ဇွန်လ ၁၉ ရက်တွင် မုတ်သုံလေဦး ဝင်ရောက်ခြင်း၊ ဇူလိုင်လ ၁၉ ရက်တွင် မြစ်ရေကြီးမှု စိုးရိမ်ရေမှတ် ကျော်လွန်ခြင်းတို့ပင် ဖြစ် သည်။ ထို့ပြင် မေလ ၁၉ ရက်က ဖြစ်ပေါ် ခဲ့သော မုန်တိုင်းသည် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ တွင် ဖြစ်ပေါ်ခဲ့ခြင်းမှာ ထူးခြားသော တိုက်ဆိုင်မှုပင် ဖြစ်သည်။

## ပျက်စီးဆုံးရှုံးမှုများ

ထိုကဲ့သို့ မေလ ၁၉ ရက်တွင် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းတစ်လျှောက် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်မွှေနှောက်ခဲ့သဖြင့် စစ်တွေ၊ ကျောက်ဖြူ၊ မြေပုံနှင့် ပေါက်တောမြို့တို့၌ လူအများအပြားသေကြေပျက်စီးခြင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းနှင့် အခြားပျက်စီးဆုံးရှုံးမှုများစွာကို ကြုံတွေ့ခဲ့ကြရသည်။

ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော မိုးကြီးမှု၊ မြစ်ရေလျှံတက်မှုများကြောင့် သက်ဆိုင်ရာဒေသများတွင် ကောက်ပဲသီးနှံများပျက်စီးခြင်း၊ လူများထိခိုက်ခြင်း၊ အိုးအိမ်အဆောက်အအုံများ ပျက်စီးခြင်း စသော ဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရ သည်။ ထို့အပြင် မိုးများ၍ ရေကြီးခြင်း ကြောင့် လမ်းများပျက်စီးပြီး လမ်းပန်းဆက်သွယ်ရေးနှောင့်နှေးကာ သယ်ယူပို့ဆောင်ရေးကဏ္ဍများကို ထိခိုက်ခဲ့သည်။ ထို့အတူ ရေယာဉ်များ သွားလာလှုပ်ရှားမှု ရပ်ဆိုင်းခဲ့ပြီး ကုန်စည်ပို့ဆောင်ရေးကို ထိခိုက်ကာ ကုန်သည်အချို့ အရှုံးပေါ်ခဲ့ရသည်ဟု ဘုရင့်နောင်ကုန်စည်ဒိုင် ကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။ လမ်းပန်းဆက်သွယ်ရေးကို နှောင့်နှေးစေခြင်း၊ အိုးအိမ်များ အခြေမဲ့ဖြစ်ရခြင်း၊ အဆောက်အအုံများ ပျက်စီးဆုံးရှုံးရခြင်း စသည်တို့ကြောင့် လူမှုစီးပွားဝန်းကျင်ကို များစွာထိခိုက်ခဲ့ရသည်မှာ ရှောင်လွှဲ၍မရနိုင် သော သဘာဝဘေးအန္တရာယ်အကျိုးဆက်များကြောင့်ပင် ဖြစ်သည်။ သို့သော် ကြိုတင်ခန့်မှန်းသိရှိနိုင်သော သဘာဝ

ဘေးအန္တရာယ်များကိုမူ ကြိုတင်ကာကွယ်နိုင်ရန် နည်းလမ်းမျိုးစုံအသုံးပြု၍ ရနိုင်သေးပေသည်။ ယင်းကဲ့သို့ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးမှာ သက်ဆိုင်ရာက လူအများထံသို့ အချိန်မီ သိရှိစေရန် သတင်းထုတ်ပြန်ပေးပို့၍ သတိပေးခြင်းပင်ဖြစ်သည်။

ကြိုတင်ကာကွယ်မှုနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဦးထွန်းလွင်က "ကျွန်တော်တို့ဘက်က ကြိုတင်ကာကွယ်မှုအနေနဲ့ အစောဆုံး သတိပေးခြင်းပဲ ပြုလုပ်နိုင်ပါတယ်။ သက်ဆိုင်ရာဒေသအာဏာပိုင်တွေကတစ်ဆင့် ပြည်သူကို အသိပေးပါတယ်"ဟူ၍ ၎င်းတို့၏ လုပ်ဆောင်ချက်ကို ဖော်ပြသည်။

## သဘာဝဘေးအန္တရာယ် ကြိုတင်ခန့်မှန်းချက်များ

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အဆိုပါသဘာဝဘေးအန္တရာယ်ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မုန်တိုင်းဒီရေ (Storm Surge) ဟု ဆိုပါသည်။ ယင်းကဲ့သို့သော မုန်တိုင်းဒီရေဖြစ်ပေါ်မှုသည် ၁၉၆၇-၆၈ ခုနှစ်၌ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့တွင် အပြင်းအထန်ဖြစ်ပွားခဲ့ပြီး လူဦးရေ ၁၅၀၀ ခန့်အထိ သေဆုံးခဲ့ရသည်။ ၁၉၇၅ ခုနှစ်တွင် ပုသိမ်မြို့၌ မုန်တိုင်းဒီရေ ထပ်မံ ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ၁၉၈၂ ခုနှစ် ဂွမြို့၌ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းဒီရေမှစ၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ကြိုတင်ခန့်မှန်းပေးနိုင်ခဲ့သည်ဟု ဦးထွန်းလွင် က ပြောပြသည်။ ထို့အတူ ၁၉၉၂ ခုနှစ်တွင် မောင်တော၌ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းဒီရေကိုလည်းကောင်း၊ ယခုနှစ် မေလ ၁၉ ရက်တွင် ဖြစ်ပွားခဲ့သော စစ်တွေနှင့် ကျောက်ဖြူကြား မုန်တိုင်းကိုလည်းကောင်း ကြိုတင်တွက်ချက် ခန့်မှန်းနိုင်ခဲ့ကြောင်း ၎င်းက ဆိုပါသည်။

မုန်တိုင်းဖြစ်ပေါ်လာမည့် အခြေအနေကို ကြိုတင်ခန့်မှန်းရာတွင် အများဆုံး ငါးရက်ခန့်သာ ကြိုတင်သိရှိနိုင်ကြောင်း ဦးထွန်းလွင်က ပြောကြားသည်။ သို့အတွက် မုန်တိုင်းသတင်း အသိပေးကြေညာချက်သည် လူအများ အချိန်မီ သိရှိကာကွယ်နိုင်ရန်အတွက် အလွန်မြန်ဆန် ပျံ့နှံ့ရန် လိုအပ်မည် ဖြစ်သည်။ မုန်တိုင်းကြိုတင်ခန့်မှန်းရာတွင် မုန်တိုင်းဖြစ်ပေါ်ရန် သန္ဓေတည်သော နေရာအနေအထားကိုလိုက်၍ ကြိုတင်သိရှိရသော အချိန်ကွာခြားကြောင်း၊ ဘင်္ဂလားပင်လယ် အကျယ်ပြန့်ဆုံးနေရာဖြစ်သော တောင်ဘက်ပိုင်း၌ ဗဟိုပြု၍ ဖြစ်ပေါ်သော မုန်တိုင်းအား သုံးရက်မှ ငါးရက်ကြား ကြိုတင်ခန့်မှန်းနိုင်ပြီး ပင်လယ်မြောက်ပိုင်း ကမ်းရိုးတန်းအနီး၌ဖြစ်သော မုန်တိုင်းကိုမူ နာရီပိုင်းမှ အများဆုံးတစ်ရက်သာ ကြိုတင်ခန့်မှန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ပညာရှင်တစ်ဦးဖြစ်သူ ဦးထွန်းလွင်က ရှင်းပြပါသည်။



ရိုးရိုးမြစ်ရေကြီးမှု ဖြစ်စဉ်ကို နှစ်ပတ်ခန့် ကြိုတင်သိရှိနိုင်ပြီး လျှပ်တပြက်ရေကြီးမှုဖြစ်သော တောင်ကျရေ ရုတ်တရက်စီးဆင်းမှုကိုမူ ကြိုတင်မခန့်မှန်းနိုင်ဟု ယင်းပုဂ္ဂိုလ်က ဆိုပါသည်။ ငလျင်လှုပ်သည့်အချိန်ကာလကိုမူ တစ်ကမ္ဘာလုံး မည်သည့်နိုင်ငံတွင်မှ ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသေးဟု ၎င်းက ပြောပြသည်။

## အချိန်မီ သတင်းထုတ်ပြန်ရန် အရေးကြီး

ကြိုတင်ခန့်မှန်းထားသော သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော သတင်းများကို သက်ဆိုင်ရာဒေသအလိုက် ပြည်သူ သို့ အချိန်မီ သတိပေးကြေညာနိုင်ရေးမှာ အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ နိုင်ငံတကာတွင် မိုးလေဝသနှင့် ပတ်သက်သော အရေးကြီးသည့် သတင်းအချက်အလက်များကို ခေတ်မီဆက်သွယ်ရေး မီဒီယာများအသုံးချ၍ ထိထိရောက်ရောက် လုပ်ကိုင်လျက်ရှိပေသည်။ မြန်မာနိုင်ငံအနေနှင့်လည်း မြန်မာ့အသံရေဒီယိုအစီအစဉ်မှနေ၍လည်းကောင်း၊ မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် မြဝတီရုပ်မြင်သံကြား (MWD) တို့မှ သတ်မှတ်အချိန်များအတွင်းတွင်လည်းကောင်း၊ မြို့တော် FM အသံလွှင့်ဌာနမှလည်းကောင်း၊ ပုဂ္ဂလိကသတင်းဂျာနယ် အချို့မှလည်းကောင်း၊ အစိုးရထုတ် အဓိက သတင်းစာ သုံးစောင်အနက်မှ တစ်စောင်ဖြစ်သော The New Light of Myanmar တွင်လည်းကောင်း မိုးလေဝသ အခြေအနေနှင့် ကြိုတင်ခန့်မှန်းချက်များကို ထုတ်ပြန်ပေးနေသည်ကို တွေ့ရသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေနေသောအပြည့်အစုံသတင်းစာ နှစ်စောင်တွင်မူ ထည့်သွင်းဖော်ပြခြင်းမရှိတော့သည်ကို တွေ့ရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မိုးလေ

ဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသို့ မေးမြန်းရာတွင်... “ကျွန်တော်တို့အနေနဲ့ကတော့ မြန်မာ့သတင်းစဉ်ကို အင်္ဂလိပ်လို ရော၊ မြန်မာလိုပါ မိုးလေဝသအခြေအနေနဲ့ ကြိုတင်ခန့်မှန်းချက် ၂၆ စောင်ကို နေ့စဉ် လူလွှတ်ပြီး ပေးပို့နေပါတယ်” ဟူ၍ ပြောကြားသည်။

မိုးလေဝသသတင်းနှင့် ပတ်သက်၍ အရေးတကြီး ထုတ်ပြန်အသိပေးရန် လိုအပ်သော အချက်အလက်များကို မြန်မာ့အသံမှ အချိန်မီ အကြိမ်ကြိမ် လွှင့်ထုတ်ပေးကြောင်း၊ ယခုအခါ အခြားပုဂ္ဂလိက ပုံနှိပ်မီဒီယာများမှလည်း ထုတ်ပြန်ပေးလာကြကြောင်း၊ မည်သို့ပင်ဖြစ်စေ လူထုအတွက် အရေးပါလှသော မိုးလေဝသသတင်းအချက်အလက်များကို ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်အသိပေးရန် လိုအပ်ကြောင်း ဦးထွန်းလွင်က ဆိုသည်။ ဒေသအလိုက် သိရှိရန် လိုအပ်သော သတင်းအချက်အလက်များကိုလည်း သက်ဆိုင်ရာ ဒေသအာဏာပိုင်များထံသို့ အချိန်မီ သတင်းပေးပို့ကြောင်း၊ သို့သော် ဆက်သွယ်ရေးအခက်အခဲကြောင့် အချို့ဒေသများသို့ အချိန်မီ သတင်းမပေးပို့နိုင်သည်လည်း ရှိကြောင်း၊ အထိရောက်ဆုံးမှာ ရေဒီယိုဖြစ်ကြောင်း၊ ရုပ်သံမီဒီယာမှ ထုတ်လွှင့်ရာတွင် အကျိုးရှိသော်လည်း မိုးလေဝသ သတင်းထုတ်ပြန်ရန် လိုအပ်သောအချိန် ၂ မိနစ်မှ ၃ မိနစ်ခွဲခန့် အချိန်ပိုင်းအား တစ်ခါတစ်ရံ အပြည့်အဝမရနိုင်သဖြင့်လည်းကောင်း၊ ဖြတ်တောက်ပြင်ဆင်ရာတွင် ကြိုတင်ခန့်မှန်းချက်များ မပါဝင်နိုင်တော့သဖြင့်လည်းကောင်း အကျိုးရှိသင့်သလောက် မရှိနိုင်တော့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ပြောကြားသည်။

“သတင်းအချက်အလက်တွေ၊ ကြိုတင်ခန့်မှန်းချက်တွေ ရရှိနိုင်ဖို့ ပတ်ဝန်းကျင် ခြောက်နိုင်ငံက သတင်းတွေ ယူရပါတယ်။ ပြီးတော့ ပြည်တွင်းမှာထားရှိတဲ့ မိုးလေဝသစခန်း ၈၀ က သတင်းတွေ ယူရပါတယ်။ ဒီလိုသတင်းအချက်အလက်တွေရဖို့ တစ်နှစ်တစ်နှစ် ကုန်ကျငွေက အမေရိကန်ဒေါ်လာသန်းချီပါတယ်။ ဒါကြောင့် ဒီသတင်းအချက်အလက်တွေကို ထိထိရောက်ရောက် အသုံးချဖို့ လိုပါတယ်။ တန်ဖိုးထားဖို့ လိုအပ်ပါတယ်” ဟု မိုးလေဝသ သတင်းအချက်အလက်များ၏ အဖိုးတန်ပုံကို ဦးထွန်းလွင်က ဖွင့်ဟသည်။

၎င်းကပင် ဆက်လက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနှင့် ငလျင်လှုပ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြစ်ရေကြီးမှုနှင့်ပတ်သက်၍လည်းကောင်း၊ လေမုန်တိုင်းနှင့်ပတ်သက်၍လည်းကောင်း၊ မိုးနည်းပါးမှုနှင့်ပတ်သက်၍လည်းကောင်း ခန့်မှန်းတွက်ချက်၍ ထုတ်ပြန်ပေးနေကြောင်း၊ ဆိပ်ကမ်းများတွင် သတိပေး Signal များဖြင့် အသိပေးခြင်း၊ လေဆိပ်များတွင် တစ်နာရီတစ်ကြိမ် ပုံမှန်အားဖြင့်လည်းကောင်း၊ လေယာဉ်ခရီးစဉ်များအလိုက်လည်းကောင်း မိုးလေဝသ ခန့်မှန်းချက်များကို ထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ပြောကြားသည်။

## ပြည်သူသို့ ပညာပေးရန်လို

လူတို့၏ နေ့စဉ်ဘဝ၌ အရေးပါသော မိုးလေဝသသတင်းအချက်အလက်များကို ပြည်သူများအနေနှင့် တန်ဖိုးထားတတ်စေရန်နှင့် အသုံးချရကောင်းမှန်း သိရှိစေရန် လူထုပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် လိုအပ်လာပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ မီဒီယာများမှလည်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိုးလေဝသနှင့်ဆိုင်သော အသိပညာကို ပြည်သူကြားသို့ ပျံ့နှံ့စေရေးအား အလေးပေးရမည်ဖြစ်သည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က မြန်မာနိုင်ငံဆိုင်ရာ လူထုသတင်းထုတ်ပြန်ရေး တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သူ ဦးထွန်းလွင်က ဆိုပါသည်။ မိုးလေဝသ သတင်းအချက်အလက်များ မည်မျှ ထိရောက်မှုရှိ၊ မရှိဟူသည်မှာ သက်ဆိုင်ရာဒေသမှ လူအများ ရာခိုင်နှုန်း မည်မျှသိသနည်း၊ မည်မျှယုံကြည်ကြသနည်း၊ ယုံကြည်ကြသည့်အတိုင်း မည်သည့်အတိုင်းအတာအထိ ကြိုတင်ကာကွယ်သနည်းဟူသော မေးခွန်းများဖြင့် အဖြေရှာရမည်ဖြစ်သည်။

သတင်းအချက်အလက်ထိရောက်မှုနှင့်ပတ်သက်၍ ဦးထွန်းလွင်က “ဂျပန်လိုနိုင်ငံမှာတောင် Warning တစ်ခုထုတ်ရင် ၈၀ ရာခိုင်နှုန်းလောက်ပဲ သိတယ်။ အဲဒီသတိပေးချက်ကို တကယ်ယုံကြည်တဲ့သူက ၄၀ ရာခိုင်နှုန်းပဲရှိပြီးတော့ တကယ်ဖြစ်ရင် ၂၀ ရာခိုင်နှုန်းလောက်ပဲ ကြိုတင်ကာကွယ်နိုင်တယ်လို့ သူတို့ဆီက စစ်တမ်းတွေမှာ တွေ့ရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် အချိန်မီ အသိပေးဖို့ကတော့ လိုအပ်ပါတယ်။ အဲဒီအတွက် ဆက်သွယ်ရေးကိရိယာတွေကို အဆင့်မြှင့်လုပ်ဖို့ လိုနေပါပြီ။ ပြီးတော့ ကျွန်တော်တို့အနေနဲ့ ဘာသာရပ်ဆိုင်ရာ စကားလုံးတွေကို လူထုနားလည်အောင် ပြောရပါတယ်။ စင်တီမီတာနဲ့ တိုင်းတယ်။ ပြည်သူကို ပြောတဲ့အခါ လက်မနဲ့ ပြောရပါတယ်။ End User ကလည်း ပြည်သူပဲ။ ကျွန်တော်တို့ရဲ့ အဓိကလုပ်ငန်းကလည်း Public Safety ပဲ။ ပြီးတော့ သတင်းအချက်အလက်ဆိုတာ အရေးကြီးပါတယ်။ ပြင်ချင်တိုင်း ပြင်လို့ မရဘူး။ ဖြတ်တောက်ချင်တိုင်း ဖြတ်တောက်လို့ မရဘူး။ ကျွန်တော်တို့က မုန်တိုင်းမရှိရင်တောင် မုန်တိုင်းမရှိဘူးလို့ သတင်းထုတ်ပြန်ရတယ်။ ပြည်သူကို အမြဲသတိပေးဖို့လိုတယ်။ လိုအပ်တဲ့သတင်းအချက်အလက်တွေပြတ်တောက်ရင် ပြည်သူပဲ နစ်နာနိုင်ပါတယ်” ဟူ၍ ဝေဖန်ပြောကြားသွားပါသည်။

**ကံရှင်**

■



မြန်မာ့ရိုးရာရှေးဟောင်းအနုပညာပစ္စည်းများ

# ရှေးဟောင်းပစ္စည်းဈေးကွက်

ဇင်ဇင်သော်

**အချိန်ကာလကြာမြင့်မှု အတိုင်းအတာနှင့် ရှားပါးမှုဂုဏ်အပေါ်မူတည်၍ သတ်မှတ်ခံရသော ရှေးဟောင်းပစ္စည်းတို့သည် အရေအတွက် အကန့်အသတ်ရှိလေရာ ယင်းပစ္စည်းတို့ အများအပြား မြင်တွေ့နေရသော အရောင်းအဝယ်ဈေးကွက်အား "ရှေးဟောင်းပစ္စည်းများ ရောင်းချခြင်းဆိုသည်ထက် Installationကို ရောင်းချခြင်းဟု ပြောရမည်" ဟု ယင်းနယ်ပယ်တွင်းမှ ကျွမ်းကျင်သူပုဂ္ဂိုလ်တစ်ဦးက အဓိပ္ပာယ်ဖွင့်ဆိုပါသည်။**

## ဈေးကွက်အစပျိုးခြင်း

မြန်မာနိုင်ငံ၏ ရှေးဟောင်းပစ္စည်းဈေးကွက်သည် ပစ္စည်းအဟောင်းများ ဝယ်ရောင်းသော ပြည်တွင်းရှိ အိန္ဒိယနွယ်ဖွားများမှ စတင်သည်ဟု ပြောရမည် ဖြစ်သည်။ ၎င်းတို့၏ သေးငယ်သော လုပ်ဆောင်ချက်မှတစ်ဖန် ပစ္စည်းနှင့် လုပ်ငန်း၏ သဘောသဘာဝကို ပိုမိုနားလည်လာပြီး ရှေးဟောင်းပစ္စည်း စိတ်ဝင်စားတတ်သူ အများစုဖြစ်သော နိုင်ငံခြားသားတို့၏ အကြိုက်ကို နားလည်လာကာ ဆိုင်များ ဖွင့်လှစ်ရောင်းချလာခြင်းဖြင့် စတင်ခဲ့ကြသည်။ Antique(ရှေးဟောင်းပစ္စည်း)ဆိုင်များကို ယခင်က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်တွင် ဖွင့်လှစ်ခဲ့ဖူးပြီး ယခုအခါ၌ ရွှေတိဂုံဘုရား တောင်ဘက်မုခ်နှင့် ဆိုင်ငယ်များအား ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းထောင့်၊ ဗိုလ်ချုပ်ဈေးနှင့် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ကုက္ကိုင်းအနီးတို့တွင် တစ်စုတစ်စည်းတည်း ဖွင့်လှစ်ရောင်းချနေကြသည်ကို တွေ့ရှိရသည်။ ဆိုင်ခန်းများ ဖွင့်လှစ်ခြင်းမဟုတ်ဘဲ ကျယ်ပြန့်စွာ ရောင်းဝယ်နေသူများလည်း အနည်းငယ်ရှိပြီး ရန်ကုန်မြို့ပေါ်၌ အရောင်းဆိုင် ၂၀-၃၀ ခန့် ရှိနေသည်ဟု ဈေးကွက်အတွင်း ကျယ်ပြန့်စွာ လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။ ယခုအခါ ဟိုတယ်ကြီးများ၌ ရှေးဟောင်းပစ္စည်းများ တွဲဖက်ရောင်းချသော အမှတ်တရ ပစ္စည်းအရောင်းဆိုင်များအပြင် Antique ဆိုင် သီးသန့် ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့ရပါသည်။

## ပစ္စည်းအမျိုးအစားများ

ရှေးဟောင်းပစ္စည်းအမျိုးအစားများတွင် လူတို့နေထိုင်ရာ ကမ္ဘာမှ ပစ္စည်းအားလုံး ပါဝင်သည်ဟု ဆိုရလောက်ပါသည်။ နိုင်ငံတကာ၌ ရောင်းဝယ်နေကြသော ပစ္စည်းများမှာ ဒင်္ဂါးပြား၊ နာရီ၊ ပို့စ်ကတ်၊ ပန်းချီကား၊ ပရိဘောဂပစ္စည်းများ၊ ထိုင်ခုံ၊ စားပွဲ၊ ဖန်ထည်ပစ္စည်း၊ ကြေးသွန်းရုပ်၊ ဘုရားဆင်းတု၊ ကျောက်မျက်ရတနာ၊ မီးအိမ်၊ ပန်းပုရုပ်၊ ငွေထည်၊ ကျောက်တုံး၊ အဝတ်အထည်၊ ယွန်းထည်များနှင့် သေတ္တာတို့ ဖြစ်ပြီး အခြားပစ္စည်းအမျိုးအစားများလည်း ပါဝင်နိုင်ပါသေးသည်။

မြန်မာနိုင်ငံတွင်လည်း ဥပဒေအရ တားမြစ်ထားသည့် အမျိုးသားရေးကို ထိခိုက်စေသော ပစ္စည်းအမျိုးအစား ရောင်းဝယ်ဖောက်ကားမှုမှလွဲ၍ ပစ္စည်းအမျိုးအစားစုံကို အများစု ရောင်းဝယ်နေကြသည်ကို တွေ့ရသည်။ ရှေးဟောင်းအထည်များနှင့် ပတ်သက်၍မူ မြန်မာနိုင်ငံ၌ တစ်ဦးစနှစ်ဦးစခန့်သာ လုပ်ကိုင်နေသေးသည်ဟု ရှေးဟောင်းပစ္စည်းရောင်းဝယ်မှု လုပ်ကိုင်သူ ဦးလှဝင်းက ဆိုပါသည်။

ပစ္စည်းအမျိုးအစားများနှင့် ပတ်သက်၍ "အဝတ်အစားဆိုတဲ့နေရာမှာ ဖိနပ်၊ ခေါင်းဆောင်း အားလုံးပါတယ်။ ရှေးတုန်းကသုံးတဲ့ ပစ္စည်းတွေထဲက သုံးလို့ရမယ်၊ လှမယ်၊ အိမ်မှာထားလို့ တင့်တယ်မယ်ဆိုတာ အကုန်လုံး Antique ပါပဲ" ဟု ၎င်း၏ သတ်မှတ်ချက်ကို ပြောကြားသည်။ ဆိုင်များတွင်တင်၍ ရောင်းချသောပစ္စည်းများတွင် ထူးခြားမှုအနေဖြင့် မြန်မာနိုင်ငံ၏ ထင်ရှားသော စာရေးဆရာ သိန်းဖေ

မြင့်၏ စကားလုံးကိုအသုံးပြုထားသော ကြော်ငြာဖြစ်သည့် "ဆေးဝယ်ရင် ဒီဇူဇာမှာ စိတ်ချရတယ်" ဟူသော ကြော်ငြာဆိုင်းဘုတ်အား ကမ္ဘာအေးစေတီလမ်း ကုက္ကိုင်းရှိ ရှေးဟောင်းပစ္စည်းဆိုင်တစ်ဆိုင်တွင် ရောင်းချရန် ထားရှိသည်ကို တွေ့ရသည်။

## အချိန်ကာလနှင့် လက်ရာ

ရှေးဟောင်းပစ္စည်းဟုဆိုရာတွင် အချိန်ကာလနှင့် လက်ရာကို မူတည်၍ ဆုံးဖြတ်ကြရာ အငြင်းပွားဖွယ်ရာများရှိသော်ငြား မြန်မာနိုင်ငံ၏ တရားဝင်သတ်မှတ်ထားသော ဥပဒေအရ ၁၈၈၆ ခုနှစ် မတိုင်မီက ပစ္စည်းများသည် ရှေးဟောင်းပစ္စည်းများပင် ဖြစ်သည်။ ယနေ့ခေတ်သည် လျော့နည်းလာသော Antique များအား စောင့်ဆိုင်းရှာဖွေနေမည့်အစား၊ ပြန်မရနိုင်သောပစ္စည်းများကို တမ်းတရောင်းဝယ်နေမည့်အစား Creation (ဖန်တီးမှု) ပါသော ကာလတွင်း ဝင်ရောက်နေချိန်ဖြစ်ရာ ပမာအားဖြင့်ဆိုရပါမူ လတ်တလော ဖန်တီးမည့် ရှေးဟောင်းပစ္စည်းတစ်ခုအား လွန်ခဲ့သော နှစ်တစ်ရာကျော်က အဆောက်အအုံ ဖြိုဖျက်ရာမှ ရရှိသည့် သစ်သားဖြင့် ရှေးလက်ရာ ဒီဇိုင်းအတိုင်း အတိအကျတုပထုတ်လုပ်ပါမူ ယင်းသည် မျက်မြင်အနေအထားအရ ရှေးလက်ရာနှင့် ခွဲခြားမရသော ပစ္စည်းတစ်ခု ဖြစ်သွားပေလိမ့်မည်။ ပြုလုပ်သော ရည်ရွယ်ချက်သည် မူရင်းနှင့်တူအောင် လုပ်ထားခြင်းဖြစ်သောကြောင့် ၁၈၈၆ ခုနှစ် မတိုင်မီက ပစ္စည်းဟုတ်မဟုတ် ခွဲခြားရန် ခက်ခဲကြောင်း၊ Carbonating လုပ်သော်လည်း ဖန်တီးစဉ်ကပင် နှစ် ၁၀၀ ကျော်က သစ်ကို အသုံးပြုထားသဖြင့် အတော်ပင် ပြောရခက်ကြောင်း ရတနာပုံ Antique ဆိုင် ဖွင့်လှစ်ထားသူ ဦးလှဝင်းက ပြောကြားသည်။

ဖန်တီးယူမှုများနှင့် ပတ်သက်၍ "လက်ရာက ရိုးရိုးတော့ ခွဲလို့ရတာပေါ့။ ဒါပေမယ့် လိမ်ထားတဲ့ပစ္စည်းကျတော့ တော်တော်လေး ခွဲဖို့ခက်တယ်။ လိမ်တဲ့လူဆိုတာကလည်း လိမ်တာတော့ မဟုတ်ပါဘူး၊ အတုလုပ်တာပေါ့။ အတုတွေကလည်း တကယ်တမ်းကျတော့ ကုန်ကျစရိတ် ဘာညာနဲ့တွက်ရရင် ဒီနေ့ Antique အစစ်ကို ဝယ်တာထက်တောင် တစ်ခါတလေကျရင် ဈေးပိုပေးရတယ်၊ ပိုကုန်တယ်" ဟု ၎င်းက ဆိုပြန်ပါသည်။ ပြုလုပ်မှုနည်းစဉ်တွင် အသုံးပြုသောဆေး၊ အသုံးချသောမှန်၊ ရွှေချနည်းစနစ်၊ ရုပ်တုထုထားသောဟန်အားလုံး အဟောင်းကဲ့သို့ပြန်လည် ပုံဖော်ထုတ်ကြောင်း၊ ထိုပုံဖော်မှုတွင် ဒီဘက်ခေတ်၌ သိပ္ပံအထောက်အကူပစ္စည်း အများအပြားရှိသဖြင့် ရှေးမှနှင့်ခွဲ၍ မရအောင် လုပ်နိုင်ကြကြောင်း၊ တစ်နိုင်ငံလုံးတွင် ထိုကဲ့သို့ ပြုလုပ်နိုင်သူ လေးငါးယောက်ခန့်သာရှိကြောင်း Antique များ ပြုပြင်ဖန်တီး ရောင်းချနေသူ ဦးလှဝင်းက ပြောကြားသည်။ Antique ပစ္စည်းစစ်စစ်နှင့် Antique နှင့် ခွဲခြားမရအောင် တူညီသောပစ္စည်းများသည် ဈေးကွက်အတွင်း၌ ရောနှောစွာပင် ကွဲပြားလျက်ရှိပါသည်။ အမေရိကန်ရှိ Antique များ ရောင်းချသော Broadway Shopping Mall တွင် ကြေးသွန်းပစ္စည်းအား Bronze Immitation ဟူ၍ ပွင့်လင်းစွာ အမည်တပ်ထားသည်ကို Web Site တစ်ခုအတွင်း တွေ့ရသည်။

ရှေးဟောင်းပစ္စည်းများ ပြုပြင်ဖန်တီးနေစဉ်



## Antique ကြိုက်သူများ

ရှေးဟောင်းပစ္စည်းများအား နှစ်သက်သူ လူတန်းစားမှာ သီးသန့်ဖြစ်နေမည်ကတော့ သေချာလှပါသည်။ ၎င်းတို့သည် ယင်းပစ္စည်းများအား ဝယ်ယူရန် ငွေကြေးသုံးစွဲနိုင်သူ၊ စိတ်ဝင်စား တန်ဖိုးထားတတ်သော ပညာတတ်ပုဂ္ဂိုလ်ဖြစ်သူများပင် ဖြစ်သည်။ ယင်းနယ်ပယ်၌ စိတ်ဝင်တစားကျင်လည်နေသူ Myanmar Gallery ဖွင့်လှစ်ထားသည့် ဦးလှဝင်းကမူ "အထူးသဖြင့် အရောင်တွေကို ခံစားနိုင်တဲ့သူမျိုး ဖြစ်ရမယ်။ Antique ရဲ့ Beauty က များသောအားဖြင့် ငြိမ်တဲ့အလှ ဒါကို ခံစားနိုင်တဲ့သူ ဖြစ်ရမယ်၊ သိပ်ပြီး Culture ဖြစ်တဲ့လူမျိုး" ဟု ဆိုပါသည်။

မိမိ၏အိမ်ကို ခန့်ညားထည်ဝါသော အသွင်သဏ္ဌာန်ခင်းကျင်းလိုသည့်သူများအနေဖြင့်လည်း ရှေးဟောင်းပစ္စည်းများဖြင့် ဂုဏ်ယူဝင့်ကြွားစွာ တန်ဆာဆင်ထားတတ်ကြပေသည်။ မြန်မာမှုလက်ရာ ပန်းပုရုပ်များဖြင့် ခင်းကျင်းထားသူများကဲ့သို့ပင် အရောင်မှိုင်းသော ရှေးဟောင်းပစ္စည်းများဖြင့်လည်း ခန့်ညားမှုကို ရယူတတ်ကြပေသည်။ ပန်းပုရုပ်ချင်းတူလျှင်ပင် အသစ်နှင့်အဟောင်း တန်ဖိုးချင်း ကွာခြားတတ်သည်မဟုတ်ပါလား။

"အဖိုးတန်တဲ့ ပန်းပုရုပ်ဆိုတာ ဘယ်သူ့မှာမှ မရှိတဲ့အရုပ်မျိုး ဖြစ်ရမယ်။ ဈေးကွက်မှာ ရှာမရတဲ့ပစ္စည်း ဖြစ်ရမယ်။ အဲဒီ ရှာမရတဲ့ပစ္စည်းက တကယ်တမ်းကျတော့ Antique ပဲ" ဟု ရှုမြင်သုံးသပ်သူတစ်ဦးက ပြောဆိုပါသည်။ အမှန်တကယ်အားဖြင့်ဆိုရလျှင် ကြွယ်ဝချမ်းသာမှု၏ ပြယုဂ်သည် Antique ဟုဆိုနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောဆိုသည်။

Dusit Inya Lake Hotel ရှိ

ရတနာပုံ Antique ဆိုင်မှ မန်နေဂျာ ဒေါ်စန်းမြင့်က နိုင်ငံခြားသား ဝယ်ယူသူများနှင့် ပတ်သက်၍ "ဒီဟိုတယ်က ဧည့်သည်တင်မဟုတ်ဘူး၊ တခြားကလည်း လာဝယ်ကြတယ်" ဟု ပြောပြသည်။

အမေရိကန်စင်တာမှ အင်္ဂလိပ်စာ နည်းပြဆရာမတစ်ဦးဖြစ်သူ Ms.Gillian Grants ကမူ ပေစာ၊ ပုရပိုက်စာများ စိတ်ဝင်စားပြီး Antique ဆိုင်အချို့တွင် ဝယ်ယူလေ့ရှိသည်ဟု ဆိုသည်။

## ရောင်းသူနှင့် ဝယ်သူ

တကယ်တမ်း Antique တစ်ခု၏ အရည်အသွေးနှင့် ဈေးနှုန်းအား သတ်မှတ်ပြဆိုရန်အတွက် တစ်ပြေးညီ သတ်မှတ်၍ မရနိုင်ပါ။ ဝယ်သူ၏ အကြိုက်တွေ့မှု၊ ရောင်းသူ၏ ရောင်းလိုမှုတို့အပေါ် မူတည်၍ ဖြစ်ပွားသွားသော တန်ဖိုးထားမှုနှင့် ဈေးနှုန်းသည် ရေလှိုင်းများသဖွယ် အနိမ့်အမြင့် ဆန်ပါသည်။ ပါးစပ်ဈေးပေါ်မူတည်၍ ဈေးဆိုကာ အလျှော့အတင်း ပြုလုပ်သော ဆိုင်များရှိသကဲ့သို့ သတ်မှတ်ချက်ထားကာ Discount ပေးသည့် ဆိုင်များလည်း ရှိပါသည်။ အသစ်ကို ၁၀ ရာခိုင်နှုန်း လျှော့ပေးကာ အဟောင်းကို ၃၀ ရာခိုင်နှုန်း လျှော့ပေးကြောင်း၊ ပစ္စည်းတန်ဖိုး အနည်းအများပေါ်မူတည်၍လည်း လျှော့ပေးကြောင်း ဒေါ်စန်းမြင့်က ရှင်းပြသည်။ Antique များ ဝယ်ယူစုဆောင်း ဖန်တီးထုတ်လုပ်ရောင်းချသူ ပုဂ္ဂိုလ်ကြီးကမူ ယွန်းထည်ဆွမ်းအုပ်တစ်ခုကို ပြသလျက် လွန်ခဲ့သည့် နှစ်နှစ်ခန့်က လေးသောင်းကျပ်ဖြင့် ဝယ်ယူခဲ့ပြီး ယခုအခါ ရောင်းမည်ဆိုပါက ကျပ်တစ်သိန်းခန့်ဖြင့် ရောင်းမည်ဖြစ်ကြောင်း ပြောဆိုပါသည်။ ဝယ်ယူသူများက ၎င်းဆိုင်ရှိ ပစ္စည်းအဟောင်းများအား အသစ်ထည်များထက် ပိုမိုစိတ်ဝင်စားကြောင်းလည်း ပြောကြားသည်။ ၎င်း၏ဆိုင်တွင်ရှိသော ပစ္စည်းများသည် တန်ဖိုးအားဖြင့် အနိမ့်ဆုံး 10



ရှေးဟောင်းအိုးတစ်လုံး

US$ မှ US$ ထောင်ချီ၍ အစားစားရှိကြောင်းနှင့် ပစ္စည်းအရေအတွက် တစ်ထောင်ဝန်းကျင်ခန့် ရှိသည်ဟု ဆိုသည်။ ဝယ်ယူသူများက ရုပ်တုအမျိုးအစားကို ပိုကြိုက်ကြသည်ဟု ဆိုပါသည်။

"ရှားတဲ့ပစ္စည်းကို ဈေးပိုတင်တယ်။ လက်ရာကိုလိုက်ပြီး ကွဲတယ်။ ဘယ်လောက်လှတဲ့ပစ္စည်းလဲ၊ ခေါင်းမပါတဲ့ အရုပ်ဆို ဈေးနှုန်းနည်းသွားမယ်။ မျက်နှာခြစားရင် ဈေးပျက်မယ်" ဟု ဈေးကွက်အတွင်းမှ လက်တွေ့ရောင်းဝယ်နေသူ တစ်ဦးက ပြောဆိုသည်။

## အပြောင်းအလဲနှင့် လက်ရှိဈေးကွက်အခြေအနေ

မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းပစ္စည်းများ ရောင်းချရမှုသည် နိုင်ငံခြားဧည့်သည်ဝင်ထွက်မှုနှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း စိတ်ဝင်စားသူ နိုင်ငံခြားသားများ၏ ဝယ်ယူမှုအပေါ်တော့ မူတည်တတ်ပါသည်။ တစ်စုတစ်စည်းတည်းရှိနေသော ဆိုင်ငယ်များမှ အချို့က အရောင်းအဝယ်အေးသည်ဟု ဆိုကြသည်။

Inya Lake Hotel မှ ဆိုင်မန်နေဂျာ ဒေါ်စန်းမြင့်က ရောင်းချရမှု အခြေအနေနှင့်ပတ်သက်၍ "တစ်နေ့လုံး မရောင်းရတာလည်း ရှိတယ်။ ပုံသေပြောလို့ မရဘူး။ High Season ဖြစ်တဲ့ အောက်တိုဘာကနေ မတ်လအထိ ပိုရောင်းရတယ်" ဟု ပြောကြားသည်။ ယင်းဟိုတယ်၌ ပစ္စည်းသစ်ကို အဓိကထား၍ ရောနှောရောင်းချသော ရှေးဟောင်းပစ္စည်းဆိုင်များအပါအဝင် ခြောက်ဆိုင်ခန့် ဖွင့်လှစ်ထားသည်ကို တွေ့ရသည်။

"အခုမှ စပြီး ဒီလိုင်းကို ဖွင့်စ၊ ဒီလိုစီးပွားရေးမျိုး ဒီလိုဆိုင်မျိုးတွေက ဖွင့်ရကောင်းမှန်း စသိတဲ့ အချိန်ပဲ ရှိသေးတယ်။ ဆိုင်တွေတောင် ဟုတ်တိပတ်တိ မဖွင့်ရသေးဘူး" ဤသည်မှာ ဦးလှဝင်း၏ မြန်မာနိုင်ငံ Antique ဈေးကွက်အခြေအနေအား အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်သုံးသပ်ပြမှု ဖြစ်သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ Mandalay Trading တွင်မူ မြန်မာ၊ တရုတ်၊ မလက္ကာ၊ ဗီယက်နမ်နှင့် တူရကီနိုင်ငံတို့မှ ဗုဒ္ဓဆင်းတုအပါအဝင် ရှေးဟောင်းပစ္စည်းများ ရောင်းဝယ်နေသည်ဟု မြန်မာဈေးကွက်အတွင်းမှ သိရသည်။ မြန်မာနိုင်ငံတွင် ပြည်ပမှ (အထူးသဖြင့် ပြင်သစ်လူမျိုး)လာရောက် ဖွင့်လှစ်ထားသော ဆိုင်များလည်း ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံ၌ အမေရိကန်နိုင်ငံရှိ Broadway ကဲ့

သို့ Shopping Mall တစ်ခုလုံး Antique များ ရောင်းရန်အတွက် ဖွင့်လှစ်ထားရန်မှာမူ ဈေးကွက်ဖြစ်ထွန်းလာမှုနှင့် အခြားအခြေအနေအရပ်ရပ်တို့ပေါ်တွင် မူတည်နေသေးရာ များစွာ အလှမ်းဝေးနေပါသေးသည်။

## အဝင်အထွက်နှင့် ဥပဒေ

ရှေးဟောင်းပစ္စည်း ဝင်ထွက်မှုဟုဆိုရာတွင် နယ်စပ်ဒေသမှ ရန်ကုန်မြို့သို့ ဝင်ရောက်လာမှုနှင့် ပြည်တွင်းပြည်ပ ကူးလူးဆက်ဆံမှု အဝင်အထွက်များ ပါဝင်သည်။ "မြန်မာပြည်မှာက မြန်မာပစ္စည်းကိုပဲ ဝယ်တယ်။ ဒါပေမယ့် ဒီတိုင်းပြည်က ဘယ်လို ထူးဆန်းလဲဆိုတော့ အိန္ဒိယနဲ့ တရုတ်ကြားမှာ ရှိနေတော့ ယဉ်ကျေးမှုတစ်ခုလုံးဟာလည်း အိန္ဒိယနဲ့ တရုတ်က လွှမ်းမိုးတယ်။ ပန်းချီဆိုရင် မြန်မာပန်းချီက အိန္ဒိယဟန်တွေ လွှမ်းမိုးတယ်၊ ရှေးပန်းချီတွေ ပြန်ကြည့်ရင်။ အဲဒီတော့ ဒီအရုပ်တွေ ပြန်ကြည့်ရင် ဘုရားရုပ်တုပဲကြည့်ကြည့်၊ လူရုပ်တုပဲကြည့်ကြည့် တရုတ်နဲ့ အိန္ဒိယက လွှမ်းမိုးနေတယ်။ မြန်မာစစ်စစ်ဆိုတာ ဒီနှစ်ခုရဲ့ ကြားလေးမှာရှိတဲ့ ပစ္စည်းတွေ။ အဲဒီတော့ မြန်မာပြည်ကို လာကြည့်ရင် ဝယ်ဖို့က ဘာရှိလဲဆိုတော့ ရှေးကတည်းက မြန်မာပြည်ကိုရောက်တဲ့ အိန္ဒိယပစ္စည်းတွေ၊ ရှေးပစ္စည်းတွေ၊ တရုတ်ပစ္စည်းတွေ ရှိမယ်။ ဒီမှာရရင် ချောင်ချောင်ရတတ်တယ်" ဟု ပြည်တွင်းပြည်ပဆက်ဆံမှုနှင့်ပတ်သက်၍ လက်ရှိနယ်ပယ်အတွင်း လုပ်ကိုင်နေသူတစ်ဦးက ရှင်းပြသည်။ မြန်မာတို့အား စိတ်ဝင်စားလျက် မြန်မာပြည်အကြောင်း စာအုပ်ရေးခဲ့ဖူးသည့် မောရစ်ကောလစ်သည်လည်း ရှေးဟောင်းတရုတ်အိုးများအား မြန်မာပြည်မှာပင် စုဆောင်းသွားခဲ့ကြောင်း ၎င်းက ဆိုသည်။ ရန်ကုန်သို့ ရောက်ရှိလာတတ်သော ပြည်တွင်းထွက် ဖန်တီးမှု Antique အများစုသည် အင်းလေးဒေသ ရွှေတီးတိန်မှဖြစ်ပြီး လက်ရာလွန်စွာကောင်းကြောင်း၊ ယင်းသို့သောနည်းဖြင့် Tourism တွင် အလုပ်ဖြစ်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ဈေးကွက်အတွင်းသို့ မန္တလေးနှင့် ပုဂံဒေသတို့မှ လာရောက်ပို့ဆောင်သော ပစ္စည်းများလည်း ရှိပါသည်။

ထိုင်းနိုင်ငံနှင့် အလားတူပင် မြန်မာနိုင်ငံ၏ ဥပဒေကြောင်းအရ Sensitive ဖြစ်သော ပစ္စည်းမှာ ဘုရားဆင်းတုတော်များဖြစ်ပြီး သက်ဆိုင်ရာမှ တင်းကျပ်စွာ တားမြစ်ထားကြောင်း ယင်းနယ်ပယ်တွင်း ရင်းနှီးကျွမ်းဝင်သူက ဆိုသည်။ ၎င်းကပင် ဆက်လက်၍ "National Heritage ပစ္စည်းကို မထိပါးရဘူး"ဟု ဆိုသည်။ ပစ္စည်းတစ်ခု ဖန်တီးသောအခါ သစ်သားမှစ၍ အဆင့်ဆင့် ဖန်တီးယူမှုကို ဓာတ်ပုံရိုက်ထားကြောင်း၊ အရှုပ်အရှင်းဖြစ်လာပါက ပြ၍ရရန်ဖြစ်ကြောင်းနှင့် မိမိက အသစ်ဖြစ်၍ ရောင်းသော်လည်း လေယာဉ်ကွင်းတွင် Custom မှ ခွင့်မပြုသည့် ရှေးဟောင်းပစ္စည်းဟု ယူဆပါက ဖြေရှင်းရန်ဖြစ်သည်ဟု ဆိုသည်။

ထိုသို့သော အခက်အခဲများ ပြေလည်စေရန်အတွက် စစ်ဆေးသူကိုယ်တိုင်က ကျွမ်းကျင်စွာ ခွဲခြားတတ်ရန်လိုအပ်ကြောင်း ကိုယ်တွေ့အခက်အခဲကြုံသူတစ်ဦးက ပြောကြားသည်။

တင်ပို့မှု၊ ကူးလူးဝယ်ယူမှုနှင့် ပတ်သက်၍ နယ်စပ်ဝင်ပေါက်များမှ ဝင်လာသောသူများက ဝယ်ယူကြကြောင်း၊ထိုဒေသများတွင် ဈေးပိုရမည်ဟု ယူဆကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

## ပြဿနာမဟုတ်တော့သော အကြောင်းရင်း

ရှေးဟောင်းပစ္စည်း၏ ဂုဏ်ပုဒ်၌ နှစ်ကာလကြာမြင့်၍ လက်ရာကောင်းမွန်ခြင်းနှင့်အတူ တင့်တယ်လှပခြင်း၊ ရှားပါးခြင်းတို့ဖြစ်ရာ အမြောက်အမြား ထွက်ပေါ်လာနေသော ရှေးဟောင်းပစ္စည်းများကြောင့် အတုနှင့်အစစ် ခွဲခြားမှုဟူသော အကြောင်းရင်းပင်လျှင် ပြဿနာမဟုတ်တော့သကဲ့သို့ ဖြစ်လာလေသည်။ အင်အားကောင်းလာသော လုပ်နည်းလုပ်ဟန်များအနေဖြင့် စစ်ဆေးမှုနည်းပညာ အားနည်းခြင်းနှင့် အငြင်းပွားဖွယ်ရာ အကြောင်းအချက်များကြောင့် ဝယ်ယူသူများ၏ အရည်အချင်းသည်သာ အရေးကြီးသကဲ့သို့ ဖြစ်နေပါတော့သည်။

"ဟောဒီမှာ ကြည့်၊ တစ်ပတ်လောက်ကြာရင် ပုဂံခေတ်ကထက်တောင် ဟောင်းသွားဦးမယ်" ရှေးဟောင်းပစ္စည်းနယ်ပယ်တွင် အရေအတွက် များစွာ လုပ်ကိုင်နေသည့် ပုဂ္ဂိုလ်တစ်ဦးက ရုပ်တုအသစ်တစ်ခုအား ညွှန်ပြပြောဆိုလိုက်ခြင်း ဖြစ်သည်။

အချို့ပစ္စည်းများမှာမူ အမှန်တကယ်ရှေးကျသောပစ္စည်းများကို တစ်စိတ်တစ်ပိုင်း ပြန်လည်ပြင်ဆင်ခြင်းနှင့် အရောင်တင်ထားခြင်းတို့ဖြစ်ပြီး အချို့သောရှေးဟောင်းပစ္စည်းအစစ်တို့အနေဖြင့် မပြုပြင် မရောင်းချဘဲ ဆက်လက်ထားရှိပါကလည်း ကြာရှည်မခံ အသုံးပြုမရတော့သောပစ္စည်းများ ဖြစ်သည်။

ယခုအခါ Antique များအား အရောင်အဆင်းအပြင် အက်ကွဲသည်အထိ ဟောင်းနွမ်းသော ပုံသဏ္ဌာန် ဖန်တီးလျက်ရှိကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ဈေးကွက်တစ်ခုအနေဖြင့် အမျိုးသားရေးအမွေအနှစ်ကို မထိခိုက်စေရန် အရေးကြီးသည်ဟုသာ ယူဆရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ Antique ဈေးကွက်အတွင်း အငြင်းပွားဖွယ်ရာများရှိသော်ငြားထူးခြားစွာပင် တူညီစွာ တွေ့ရှိရသည့်အချက်မှာ ရှေးဟောင်းပစ္စည်းရောင်းဝယ်မှုလုပ်ငန်း လုပ်ကိုင်သူများ၏ ၉၀ ရာခိုင်နှုန်းက ၎င်းတို့၏ လုပ်ငန်းအကြောင်းပြောကြားရန် တညီတညွတ်တည်း ငြင်းဆိုကြခြင်းပင် ဖြစ်လေသည်။

**ဇင်ဇင်သော်**

အကောက်ခွန်နှုန်းထားများ တွက်ချက်ပုံပြောင်းလဲခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်များအား ဥပဒေပါနှုန်းထားအတိုင်း ပြန်လည်ကောက်ခံခြင်းတို့ ဆောင်ရွက်မှုကြောင့် ပြည်တွင်းထုတ် ကုန်စည်အရပ်ရပ် ဈေးနှုန်းများစွာ မြင့်တက်မည်ဟု စားသုံးသူအများစုက ခန့်မှန်းတွက်ချက်ကြသည့်တိုင် ပြည်ပကုန်ကြမ်းကို အားပြုထုတ်လုပ်ရသော ကုန်ပစ္စည်းအချို့သာ ကျပ်ငွေဆယ်ဂဏန်း အနည်းငယ် မျှ အပြောင်းအလဲရှိပြီး စားသုံးသူအများစု နေ့စဉ်မဖြစ်မနေ ဝယ်ယူနေရသည့် အခြေခံစားသုံးကုန်ဈေးနှုန်းများမှ ဩဂုတ်လဆန်းအထိ ဈေးကွက်အရပ်ရပ်မှ ရရှိသောသတင်းများအရ တည်ငြိမ်လျက်ရှိနေသေးသည်ကို တွေ့မြင်ရသည်။





# ရန်ကုန် ကုန်စည်ဈေးကွက်

**မင်းညွန့် (L.C)**

## ထိုင်းအချိုရည် အဝင်ကြမ်း

ပြည်တွင်း အချိုရည်ဈေးကွက်သို့ ဇူလိုင်လခန့်မှစတင်၍ ထိုင်းနိုင်ငံထုတ် Coke အချိုရည် ဆက်တိုက်ဝင်ရောက်ခဲ့ရာ လက်ကားဈေးကွက်၌ တစ်ပါကင်လျှင် ၃၀၀ ကျပ်ခန့် ဈေးကျသွားကြောင်း အချိုရည်ဈေးကွက်မှ လုပ်သက်ရင့်ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

ဈေးကွက်အတွင်း ဝင်စက မန္တလေးဝယ်လက်မှ ဆက်တိုက် အဝယ်လိုက်ခဲ့သော်လည်း ဩဂုတ်လဆန်းအရောက်တွင်မူ ဝယ်ယူမှု မရှိသလောက် နည်းပါးသွားကြောင်း ၎င်းက ဆိုသည်။ ဩဂုတ်လပထမပတ်အတွင်း ညောင်ပင်လေးပလာဇာ လက်ကားဒိုင်များမှ ရရှိသော စာရင်းများအရ Coke (ထိုင်း) တစ်ပါကင် ၆၄၅၀ ကျပ်၊ Coke (စင်ကာပူ) ၆၆၅၀ ကျပ်၊ 100 Plus ၇၄၀၀ ကျပ်၊ Sunkist ၆၃၅၀ ကျပ်၊ Sprite ၆၄၀၀ ကျပ်၊ Pokka Orange ၉၅၀၀ ကျပ်၊ Pokka Lychee ၉၆၀၀ ကျပ် ပေါက်ဈေးဖြစ်ပေါ်လျက် ရှိသည်။

ပြည်တွင်းတွင် ထုတ်လုပ်သော အချိုရည်များအနက် Solo အမှတ်တံဆိပ် အချိုရည်မှာ ဈေးကွက်နှင့် ရင်းနှီးစပြုကာ ဝယ်အား အသင့်အတင့် ရှိသော်လည်း ဈေးကွက်တစ်ခုလုံး ခြုံငုံသုံးသပ်ပါက ကျန်အချိုရည်အားလုံးနီးပါးမှာ အရောင်းအကျဆုံးအချိန်ဟုပင် ဆိုနိုင်ကြောင်း ညောင်ပင်လေးပလာဇာမှ လက်ကားဒိုင်တစ်ဦးက ရှင်းပြသည်။ Fantasy Power မှာ နွေရာသီဈေး တစ်ပါကင် ၁၉၂၀ကျပ်

သို့ ဆွဲတင်၍ အရောင်းမြှင့်တင်ရေးအစီအစဉ်တစ်ရပ် ပြုလုပ်လျက်ရှိကြောင်း ဈေးကွက်သတင်းတစ်ရပ်အရ သိရသည်။ ညောင်ပင်လေးပလာဇာ၌ ဩဂုတ်လပထမပတ်တွင် ဖြစ်ပေါ်သော ပြည်တွင်းအချိုရည် ပေါက်ဈေးများမှာ နို့ဖြင့် ရောစပ်ထားသော Solo လိမ္မော်၊ စတော်ဘယ်ရီ၊ ကယ်လ်စီယမ်အချိုရည် တစ်ပါကင် ၁၉၀၀ ကျပ်၊ အခြား Solo Juice အချိုရည်များ ၁၈၀၀ ကျပ်၊ Scorpion C-plus ၄၉၅၀ ကျပ်၊ Ve Ve Lipo ၂၁၂၀ ကျပ်၊ Ve Ve မန်ကျည်း ၁၈၆၀ ကျပ်၊ Ve Ve Lychee ၁၂၂၅ ကျပ်တို့ ဖြစ်သည်။

## ငါးသေတ္တာ ဈေးတက်ချိန်ရောက်ရှိ

Hi-Q အမှတ်တံဆိပ် ငါးသေတ္တာ တစ်ဘူးလျှင် လက်ကားဈေး ၃၅၀ ကျပ်၊ တြိဂံအမှတ်တံဆိပ် (ဘူးကြီး) ၆၆၀ ကျပ်၊ တြိဂံအမှတ်တံဆိပ် (ဘူးသေး) ၃၅၅ ကျပ်၊ CC (မျှော်စင်) အမှတ်တံဆိပ် ၄၅၀ ကျပ်၊ A1 (ကလစ်) အမှတ်တံဆိပ် ၁၇၀ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ်နေသော ဩဂုတ်လပထမပတ် ငါးသေတ္တာဈေးနှုန်းများမှာ ဆက်လက်ဦးမော့ဖွယ်ရှိကြောင်း ငါးသေတ္တာလက်ကား ဖြန့်ဖြူးသည့် လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ အကြောင်းမှာ မြန်မာနိုင်ငံဈေးကွက်၌ ဝါတွင်းကာလများတွင် ငါးသေတ္တာဈေး အမြင့်ဆုံးသို့ ရောက်ရှိသည်မှာ အစဉ်အလာဖြစ်ကြောင်း၊ ဝါတွင်း၌ သားငါးများအား အစိမ်းဝယ်ယူချက်ပြုတ်ခြင်း မပြုလုပ်လိုသူများက ဝယ်ယူသဖြင့် ဝယ်အားမြင့်တက်လေ့ရှိသောကြောင့် ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

နို့ဆီဈေးနှုန်းများမှာမူ ဆိပ်ကမ်းဖြတ်သန်းဝင်ရောက်မှု အခြေအနေအပြောင်းအလဲကြောင့် ဈေးအနည်းငယ် အပြောင်းအလဲရှိသော်လည်း ပြောပလောက်အောင် မြင့်တက်သည်ဟုမဆိုနိုင်ကြောင်း၊ ဩဂုတ်လဆန်း လက်လီပေါက်ဈေးမှာ Down



လက်ဟောင်း ၄၅၅ ကျပ်ဝန်းကျင်၊ Down လက်သစ် ၄၂၅ ကျပ်ဝန်းကျင် ပေါက်ဈေးရှိကြောင်း ၎င်းက ရှင်းပြ သည်။

## ဆပ်ပြာအရောင်းထိုင်း

ဇူလိုင်လအတွင်း ရွှေဝါဆပ်ပြာ တောင့်တစ်ပါကင် ၇၆၀၀ ကျပ်ဈေးရှိခဲ့သော်လည်း ဩဂုတ်လ ပထမပတ်အတွင်း ၇၄၀၀ ကျပ်ပေါက်ဈေးသို့ ကျဆင်းလာသည့်အပြင် ထပ်မံကျဆင်းမည့် အလားအလာဖြစ်ပေါ်လျက်ရှိရာ ဈေးကျရသည့် အကြောင်းအရင်းမှာ ဝယ်လိုအား လွန်စွာကျဆင်းလာ၍ဖြစ်ကြောင်း ဆပ်ပြာဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။ ယခုနှစ် နွေရာသီ ပူပြင်းမှုကြောင့် မကြုံစဖူး အရောင်းတက်စဉ်က ဝယ်ယူသိုလှောင်သူများမှနေ၍ ဈေးကွက်သို့ ငွေဖော်ရန်တွန်းထုတ်မှုကြောင့်လည်း ဆပ်ပြာမျိုးစုံ ဈေးကျနေကြောင်း ၎င်းက ဆိုသည်။ ပဒုမ္မာဆပ်ပြာမှာ ၇၂၅၀ ကျပ် ပေါက်ဈေးရှိသည်ဟု ၎င်း၏ အဆိုအရ သိရသည်။

ညောင်ပင်လေးပလာဇာ လက်ကားဒိုင်တစ်ဦး၏ အဆိုအရ ဆပ်ပြာမှုန့်များမှာ ကမ္ဘာ့ရေနံဈေးအပြောင်းအလဲတွင် ကုန်ကြမ်းဈေးတက်မှုကို အကြောင်းပြု၍ ဇူလိုင်လအတွင်း ဈေးနှုန်းဦးမော့မှုရှိခဲ့သော်လည်း တဖြည်းဖြည်း ပြန်လည်ကျဆင်းလာကြောင်း၊ ဆိပ်ကမ်းရောက်တန်ဖိုးတွက်ချက်မှု အပြောင်းအလဲရှိသော်လည်း ဆပ်ပြာမှုန့်ဈေးကွက်၌ လက်ကားတစ်ပါကင် ကျပ် ၁၀၀ ခန့်သာ အမြင့်သို့ ပြောင်းလဲမှုရှိကြောင်း ၎င်းက ရှင်းပြသည်။ စက်မှု(၂)ထုတ် သက်သာဆပ်ပြာမှုန့်မှာ တစ်ပါကင် ၅၆၀၀ ကျပ်ဖြင့်သာ အပြောင်းအလဲမရှိ တည်ငြိမ်လျက်ရှိပြီး ကိုယ်တိုက်ကာဘော်လစ်ဆပ်ပြာတောင့်မှာလည်း လက်ကားဈေး ၁၆၆ ကျပ်တွင်ပင် တည်ငြိမ်နေကြောင်း ၎င်းက ဆိုသည်။ Elan ၅၆၇၅ ကျပ်၊ Rose ၄၆၇၅ ကျပ်၊ Eco ၄၂၇၅ ကျပ်တို့မှာ ဩဂုတ်လပထမပတ်အတွင်း ဖြစ်ပေါ်သော လက်ကားတစ်ပါကင် ပေါက်ဈေးများ ဖြစ်သည်။

## နှမ်းကျ၍ ပဲတက်

နွေရာသီနှောင်းပိုင်းတွင် ထွက်ရှိသောနှမ်းများ မန္တလေးဈေးကွက်သို့ အဝင်များသဖြင့် ရန်ကုန်ဈေးကွက်တွင်လည်း ၄၅ ပိဿာတစ်အိတ်လျှင် ၃၄၀၀၀ ကျော်မှ ၃၁၀၀၀ ကျပ် ဝန်းကျင်အထိ ကျဆင်းလာကြောင်း ဘုရင့်နောင် နှမ်းကုန်သည်တစ်ဦးက ဩဂုတ်လပထမပတ်၌ ပြောကြားသည်။ အိန္ဒိယဝယ်လက် တုံ့နေစဉ် သိုလှောင်လျက်ရှိသည်ကို နယ်ခံများက ရိပ်စားမိသဖြင့် ဈေးမြှင့်ရန် ကြိုးစား



လာရာ မတ်ပဲ ၆၀ ပိဿာတစ်အိတ်လျှင် ၅၀၀၀ ကျပ်ဝန်းကျင်အထက်သို့ အတက်ပြပြောင်းလဲနေကြောင်း အဆိုပါကုန်သည် က ထပ်လောင်းပြောကြားသည်။ အခြားပဲများ ဈေးနှုန်းပြောင်းလဲမှု နည်းပါးပြီး သြဂုတ်လပထမပတ်တွင် ဘုရင့်နောင် ကုန်စည်ဒိုင် သတင်းရပ်ကွက်မှ ရရှိသော စာရင်းများအရ ပဲတီစိမ်းသုံးတင်းအိတ် ၃၀၀၀၀ ကျပ်၊ ရှမ်းပဲပုပ် ၃၂၀၀၀ ကျပ်၊ ပဲလွန်းဖြူ ၂၂၅၀၀ ကျပ်တို့ ဖြစ်သည်။ မြေပဲခင်းများ အထွက်နှုန်းအပြောင်းအလဲကြောင့် ဈေးကွက်သို့ ဝင်ရောက်မှုနည်းကာ မြေပဲဆီတက်ရိပ်ပြလျက်ရှိကြောင်း ဆီကုန်သည်တစ်ဦးက ပြောကြားသည်။ တံဆိပ်ကပ်မြေပဲဆီတစ်ပိဿာ ၁၄၀၀ ကျပ်၊ ဆုံဆီ ၁၇၀၀ ကျပ် ပေါက်ဈေးဖြစ်ပေါ်သည်။ ဆီကိုယ်စားလှယ်များထံတွင် ဈေးနှုန်း ပုံသေကပ်ထားသော်လည်း လက်ကားဈေးကွက်၌ ၁၁၉၀ ကျပ်သို့ အနည်းငယ် မြင့်တက်လာကြောင်း ဆီကုန်သည်တစ်ဦးက ဆိုသည်။

## ဆန်ဈေးကျဆဲ

သြဂုတ်လပထမပတ်၌ ဆန်တစ်တင်းခွဲအိတ် ဈေးနှုန်းများမှာ ပေါ်ဆန်းအောက်စ ၇၆၀၀ ကျပ်၊ အပေါ်စ ၇၆၀၀ ကျပ်၊ ဧည့်မထ ၄၂၀၀ ကျပ်၊ ငကြွဲဆန် ၅၅၀၀ ကျပ်၊ ငစိန် ၃၅၅၀ ကျပ်တို့ ဖြစ်သည်။ နွေစပါးဆက်တိုက် ဝင်ရောက်နေသည့်အပြင် ပိုလျှံဆန် ပြည်တွင်း၌ပင်ရှိနေခြင်း၊ စိုက်ပျိုးနည်းသစ်များကြောင့် ဆန်ထွက်အားကောင်းနေသဖြင့် ဆန်ဈေးဆက်တိုက်ကျဆင်းနေခြင်းဖြစ်ကြောင်း ဘုရင့်နောင် ဆန်ကုန်သည်တစ်ဦးက ပြောကြားသည်။ ပေါ်ဆန်းမွှေးကဲ့သို့ ဆန်များ သိသာစွာ ဈေးမကျသော်လည်း ပြည်ပမှ မုန့်လုပ်ရန် ဝယ်ယူလေ့ရှိသော ဆန်များနှင့် ဆန်ကြမ်းအောက်စများကို စိုက်ပျိုးသူများ၏ ဝင်ငွေမှာ အရင်းထက် နည်းပါးနေကြကြောင်း ဆန်ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။

## ကြက်သွန်ဈေး ယာယီကျ

ဇူလိုင်လအတွင်း မိုးများသဖြင့် ကြက်သွန်အဝင်နည်းကာ တစ်ပိဿာလျှင် တစ်ဆယ်ကျပ်ခန့် အမြင့်သို့ အပြောင်းအလဲရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက သြဂုတ်လပထမပတ်၌ ပြောကြားသည်။ ကြက်သွန်နီအကြီး တစ်ပိဿာ ၁၂၅ ကျပ်၊ ကြက်သွန်နီလတ် တစ်ပိဿာ ၁၀၅ ကျပ်နှင့် အသေး တစ်ပိဿာ ၉၀ ကျပ်ပေါက်ဈေးရှိသည်။ ငရုတ်စိုမှာ မြန်မာနိုင်ငံအလယ်ပိုင်းမှ ယခင်လများလောက် ဝင်ရောက်မှုမရှိ၍ တစ်ပိဿာ ၅၀ ကျပ်ခန့် ဈေးနှုန်းအပြောင်းအလဲရှိပြီး သြဂုတ်လပထမပတ်ပေါက်ဈေး ၃၅၀ ကျပ်၊ ၃၆၀ ကျပ်ဝန်းကျင်ရှိသည်။ ဆက်တိုက်ကျဆင်းခဲ့သော ကြက်သွန်ဖြူမှာလည်း တစ်ပိဿာကျပ် ၃၀ ဝန်းကျင် ဈေးမြင့်နေရာ ရှမ်းကြက်သွန်တစ်ပိဿာ ၄၃၀ ကျပ်၊ ကြူကုတ်ကြက်သွန်ဖြူ ၅၇၀ ကျပ် ပေါက်ဈေးရှိကြောင်း ဘုရင့်နောင်သတင်းများအရ သိရသည်။

## နိဂုံး

မြန်မာငွေကြေး၏ တန်ဖိုးမှာ သိသာသောအပြောင်းအလဲမရှိသည့်အတွက် အိမ်နီးချင်းနိုင်ငံမှ ကုန်စည်များ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်ရောင်းချလာသော်လည်း ဝယ်လိုအား တည်ငြိမ်နေသဖြင့် အဆက်မပြတ် ဝင်ရောက်ရန် လွယ်ကူကြောင်း စီးပွားရေးကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။ ပြည်တွင်းဈေးကွက်၌ သိသာသည့် အပြောင်းအလဲမှာ ရာသီပေါ်သီးနှံများအနေဖြင့် ပိုလျှံသည့်တိုင် ပြည်ပသို့ တင်ပို့ခွင့်အားမသာမှုကြောင့် ရန်ကုန်ဈေးကွက်သို့သာ အရှိန်အဟုန်ဖြင့် တိုးဝင်ကြရပါသည်။ မြောက်ပိုင်းဒေသထွက် ကုန်စည်များ ရန်ကုန်ဈေးကွက်အရောက်ဈေးနှုန်းနှင့် စိုက်ပျိုးသူများ၏ အကျိုးခံစားခွင့်မှာ သယ်ယူပို့ဆောင်ရေးတွင် ငွေကြေးတိုးမြှင့်သုံးစွဲလာရမှုကြောင့် များစွာကွာခြားလျက်ရှိကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်ထွက် နာနတ်သီးတစ်လုံး၏ ရန်ကုန်ရောင်းဈေး ၆၅၀ ကျပ်၌ စိုက်ပျိုးသူရရှိသည့် ဈေးနှုန်းမှာ အစွန်းထွက် ဆယ်ဂဏန်းသာဖြစ်ကြောင်း၊ ငွေကြေးရယူ၍ သယ်ယူသည့်လုပ်ငန်းများမှာလည်း သယ်ယူစရိတ်၏ ၈၀ ရာခိုင်နှုန်းခန့်ကို ဒေသအရပ်ရပ်ရှိ တံတားများ ဖြတ်သန်းရာ၌ သုံးစွဲရကြောင်း အဆိုပါလုပ်ငန်းရှင်က ရှင်းပြသည်။

**မင်းညွှန့်(L.C)**

# ဈေးဝယ်လမ်းညွှန်



## စာကြည့်တိုက်များ

- **Central Buddhist Library**
  တေဇနိယာရာမကျောင်း၊ ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **Young Man Christian Association (Y.M.C.A)**
  အမှတ်-၂၆၃၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ (၁၀) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၄၁၀၉၊ ၂၉၄၁၂၈
- **Imex Library**
  အမှတ်-၃၆၅/၃၆၇၊ ဒုတိယထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၂၇၅၈၊ ၂၄၃၀၇၄
- **Jetro Library**
  အမှတ်-၀၄/၀၂၊ Sedona Hotel Business Suites, ရန်ကင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၄၄၀၅၁-၄၊ ဖက်စ်-၅၄၄၀၄၈၊
  E-mail:jetrotom@mptmail.net.mm
- **Dr. Chit Maung Library**
  အမှတ်-၂၉၈၊ ၁ လမ်း(မြောက်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၄၁၆၁၃၊ ၆၄၁၉၃၄
- **Ice Youth Library**
  အမှတ်-၁၂၄/၁၂၆၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  E-mail:iceyouth@mail4u.com.mm
  Web Site:www.iceyouth.com

## ကွန်ပျူတာဝယ်မယ်ဆိုရင်

ကွန်ပျူတာဝယ်ယူတပ်ဆင် အသုံးပြုလိုသူများအတွက် ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းထဲက ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းအမျိုးမျိုးကို တစ်နေရာတည်းမှာ အစုံအလင်ဝယ်ယူရရှိနိုင်တဲ့ ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ CPU, VGA Card, Printer, LCD Monitor, Memory, Hard Disk Drive, USB Drive, Note Book, Motherboard, CD-ROM, DVD Drive အမျိုးမျိုး၊ Digital Camera နဲ့ Memory များသာမက ကွန်ပျူတာဆက်စပ်ပစ္စည်းအမျိုးမျိုးကိုပါ ဝယ်ယူရရှိနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ – F@X Computer Wholesale & Rteail
အမှတ်-၂၀၈၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၈၀၉၈၈
E-mail:infofax@mail4u.com.mm

## ထိုင်ဝမ်က မြန်မာစားသောက်ဆိုင်

ထိုင်ဝမ်သို့ ရောက်ရှိနေသော မြန်မာလူမျိုးများနဲ့ ခေတ္တရောက်ရှိလာသော သင်္ဘောသားများအတွက် ရည်ရွယ်ဖွင့်လှစ်တယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှ တင်သွင်းတဲ့ စားသောက်ကုန်ပစ္စည်းများ၊ ဆေးမျိုးစုံ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ DVD၊ VCD ၊ CD ၊ Vedio Tape ခွေများနဲ့ ထိုင်းနိုင်ငံမှ ကုန်ပစ္စည်းများကို ရောင်းချပေးနေတာဖြစ်တယ်လို့ သိရပါတယ်။

လိပ်စာ-
အမေ့အိမ် (ဒေါ်တင်တင်ဝင်း) စားသောက်ဆိုင်
TAIWAN, KAOSHIUNG
N0-71, Chi Hsen 3rd Road
Yang Chen Chwee Kaohsiung
ဆိုင်-၀၇-၅၂၁-၁၂၃၂၊ ၀၇-၅၃၃-၄၈၈၉
အိမ်-၀၇-၅၃၁-၅၃၁၅၊ ၀၉-၃၃၆၀၄၈၇၃
ဖက်စ်-၀၇-၅၃၁-၀၈၂၅

# မြန်မာ့ရှုခင်းပုံများ တစ်စုတစ်စည်းတည်း ရနိုင်တဲ့နေရာ

မြန်မာနိုင်ငံအတွင်းရှိ စေတီပုထိုးပုံများ၊ တောတောင်သဘာဝရှုခင်းပုံများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာပွဲတော်များ၏ပုံများ တစ်စုတစ်စည်းတည်း ဝယ်ယူနိုင်မယ့် ဓာတ်ပုံဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို ဖော်ပြပေးလိုပါတယ်။ စီးပွားရေးလုပ်ငန်းများရဲ့ ကြော်ငြာပြက္ခဒိန်များနဲ့ ဌာနဆိုင်ရာများအတွက် ပြက္ခဒိန်မျိုးစုံကိုလည်း ဆောင်ရွက်ပေးနေတယ်လို့ ဆိုပါတယ်။ သီးသန့်လုပ်ငန်းအပ်နှံလိုသူများအတွက်လည်း အချိန်မရွေး လိုက်လံရိုက်ကူးပေးနေကြောင်းလည်း သိရပါတယ်။

လိပ်စာ – ညောင်ဦးဖိုးချို
အမှတ်–၂၁၊ အသောကလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ရန်ကုန်။ ဖုန်း–၅၄၅၃၂၃

---

# DVD နဲ့ VCD ခွေ အစုံအလင် ရနိုင်တဲ့နေရာ

ဖျော်ဖြေရေးကဏ္ဍအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် နေရာယူလာတဲ့ DVD နဲ့ VCD ခွေ စုံစုံလင်လင် ဝယ်ယူနိုင်မယ့် နေရာတစ်ခု ဖြစ်ပါတယ်။ သီချင်းနဲ့ ရုပ်ရှင်ဇာတ်လမ်းများအပြင် ခရစ်ယာန်ဘာသာဝင်များအတွက် ဓမ္မတေးခွေများ၊ ရုပ်ရှင်တေးသီချင်းခွေများလည်း ရရှိနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ – စူပါစတားဗီဒီယို
အမှတ်–၃၈၀၊ မဟာဗန္ဓုလလမ်း၊
၃၇ လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

# ကိုရီးယားရောက် မြန်မာများအတွက်

တောင်ကိုရီးယားနိုင်ငံမှာ ရောက်ရှိနေကြတဲ့ မြန်မာလူမျိုးများအတွက် အဆင်ပြေစေနိုင်မယ့် ဆိုင်အချို့ကို ဖော်ပြပေးလိုက်ပါတယ်။ အဲဒီဆိုင်များမှာ မြန်မာ့ရိုးရာစား သောက်ဖွယ်ရာမျိုးစုံ၊ မြန်မာ–ထိုင်း အသင့်စား အစားအစာ၊ MP3 သီချင်းတိပ်ခွေ၊ CD၊ VCD ကာရာအိုကေခွေများ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သုတ ရသစာအုပ်အမျိုးမျိုး၊ ကွန်ပျူတာစာအုပ်များ၊ မြန်မာလက်မှုပညာ လက်ဆောင်ပစ္စည်းများနဲ့ ဂျပန်ကီမိုနို၊ ကိုရီးယားစိန်မိုက် ကယ် စတဲ့ အဝတ်အထည် အဆင်ဆန်းများကို ရောင်းချပေးနေတယ်လို့ ဆိုပါတယ်။ တစ်ဆိုင်နဲ့တစ်ဆိုင် ဝယ်ယူနိုင်မယ့်ပစ္စည်းများကတော့ ကွဲပြားနိုင်ပါတယ်။ အချို့ဆိုင် ကတော့ မြန်မာနိုင်ငံက လက်ဆောင်ပစ္စည်းများကို ကိုရီးယားနိုင်ငံသို့ ပို့ဆောင်ပေးခြင်း၊ ကိုရီးယားနိုင်ငံမှ ပစ္စည်းအမျိုးမျိုးကို မြန်မာနိုင်ငံသို့ ပို့ဆောင်ပေးခြင်းတို့ကိုလည်း ဝန်ဆောင်မှုပေးတာ တွေ့ရပါတယ်။

ဆက်သွယ်ရန်လိပ်စာ–

၎ **စကားဝါဆိုင်(တောင်ကိုရီးယားနိုင်ငံ)**
– INCHON SHI BUPYONG GU
BUPYONG 1 DONG (403-011)
534-69
– NEAR BUPYOUNG SUBWAY STATION
ဖုန်း–၀၃၂–၅၂၅ ၂၃၇၆၊ ၀၁၇–၂၈၇ ၃၀၈၇
ဖက်စ်–၀၃၂–၅၂၆ ၃၀၇၇
– အမှတ်–၂၃၈/ဃ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်။

၎ **ဆုံဆည်းရာ မြန်မာစတိုး (ကိုရီးယား)**
546-125, Pupyoung 1 dong
Pupyoung Gu, Incheon Korea (403-859)
ဖုန်း–၀၃၂–၅၀၇ ၃၂၃၆၊ ဖက်စ်–၀၃၂–၅၁၅ ၃၂၃၆
H.P–၁၆–၇၀၇–၃၂၃၆
၀၁၆–၉၄၅၄–၃၂၃၆

၎ **အမေ့အိမ် စားသောက်ဆိုင်နှင့် မြန်မာစတိုး**
N0-185-70, Rm-301၊ Bu Pyeong-1 Dong၊
Pu Pyeong Ku, Incheon City
ဖုန်း–၀၃၂–၅၂၁–၂၂၉၀၊ ဖက်စ်–၀၃၂–၅၂၁–၂၂၉၁
H.P–၀၁၁–၉၀၈၆–၂၂၉၀

---

# ငါးကြေးအိုး

ကြေးအိုးကြိုက်နှစ်သက်သူများအတွက် အရသာထူးခြားဆန်းသစ်တဲ့ ငါးကြေးအိုး ရရှိနိုင်မယ့် မန္တလေးက ဆိုင်တစ်ဆိုင် ဖြစ်ပါတယ်။ ငါးအူချောင်း၊ ငါးချိုမှိုင်းနဲ့ ဝိုင်မျိုးစုံ ရရှိနိုင်တယ်လို့လည်း ဆိုပါတယ်။

လိပ်စာ – နန်းရွှေဝါ
၆၂ လမ်း၊ ၁၉× ၂၀ လမ်းကြား၊ နန်းရှေ့၊ မန္တလေး။ ဖုန်း–၀၂–၆၁၃၆၈

## နီယွန်ဆိုင်းဘုတ်နဲ့ ကြော်ငြာမလား

နီယွန်မီးချောင်းများနဲ့ အသုံးပြုပြီး မိမိတို့ရဲ့ လုပ်ငန်းတွေကို ကြော်ငြာချင်ရင်ပဲဖြစ်ဖြစ်၊ ဆိုင်းဘုတ်အဖြစ် အသုံးပြုလိုရင်ပဲဖြစ်ဖြစ် ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းတစ်ခုကို ညွှန်ပြလိုပါတယ်။ နီယွန်မီးချောင်းများမှာ တစ်ပေလျှင် ၃၅၀၀ ကျပ်ဝန်းကျင်ရှိပြီး အဝါ၊ အစိမ်း၊ အပြာနု၊ အစိမ်းနုနှင့် အနီ စတဲ့အရောင်တွေ ရရှိနိုင်တယ်လို့ ဆိုပါတယ်။ လျှပ်စစ် မီးအပြင် 12V ဘက်ထရီနဲ့လည်း တွဲဖက်အသုံးပြုနိုင်ကြောင်း သိရပါတယ်။

လိပ်စာ–

အမှတ်–၂၀၄၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၈၄၇၉၃

## အားကစားပစ္စည်းမျိုးစုံ ရနိုင်တဲ့နေရာ

မိမိကိုယ်တိုင်အသုံးပြုရန်အတွက်ပဲဖြစ်ဖြစ်၊ အသင်းအဖွဲ့များအတွက် အသုံးလိုလို့ပဲဖြစ်ဖြစ် အားကစားပစ္စည်း အစုံအလင်ကို တစ်နေရာတည်းမှာ လက်လီ လက်ကားရောင်းချတဲ့ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ ရောင်းချတဲ့ပစ္စည်းတွေရဲ့ ဈေးနှုန်းများကလည်း သင့်တင့်တယ်လို့ ဆိုပါတယ်။

လိပ်စာ–

T-No Sport Centre

– အမှတ်–၃၇၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၅၃၅၈၀

– အမှတ်–A-10၊ ဒုတိယထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၃၂၃၂)

## အိမ်ဆောက်ပစ္စည်း ဝယ်ယူလိုလျှင်

ရန်ကုန်မြို့တွင်းမှာ အိမ်ဆောက်ပစ္စည်းဝယ်ယူလိုသူများအတွက် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး ဝယ်ယူရရှိနိုင်တဲ့ ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ အိမ်ဆောက်ပစ္စည်းအမျိုးမျိုးသာမက ကွန်ကရစ်ပစ္စည်းအမျိုးမျိုး၊ လမ်းခင်းရောင်စုံကွန်ကရစ်ဘလောက်တုံးအမျိုးမျိုးနဲ့ ကျောက်ပန်းဒီဇိုင်းအမျိုးမျိုးတို့ကိုပါ ဝယ်ယူရရှိနိုင်ပါတယ်။ ရန်ကုန်မြို့အတွင်းမှာယူပါက အိမ်တိုင်ရာရောက် ပို့ဆောင်ပေးလျက်ရှိတယ်လို့ ဆိုပါတယ်။

လိပ်စာ–

အေးစန္ဒာ(မိသားစု)

အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

အမှတ်–၁၉၈/၁၉၉၊ သံသုမာလမ်း၊

၁၄/၃ ရပ်ကွက်၊ မြင်သာ၊

တောင်ဥက္ကလာပမြို့နယ်၊

ရန်ကုန်။ ဖုန်း–၅၆၆၄၂၄



# Japan Tent ပွဲတော် တက်ရောက်ဖူးသူများ ဆက်သွယ်ရန်

ဂျပန်နိုင်ငံ Ishikawaခရိုင် Kanazawaမြို့မှာနှစ်စဉ်ကျင်းပတဲ့ Japan Tent ပွဲတော်ကို တက်ရောက်ဖူးတဲ့ မြန်မာပညာသင်ကျောင်းသားများ ဆက်သွယ်နိုင်စေမယ့် လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။ ဒီပွဲတော်ကို ဂျပန်နိုင်ငံမှာ ပညာသင်ကြားနေကြတဲ့ ကမ္ဘာ့အရပ်ရပ်မှ ပညာသင်ကျောင်းသားတွေနဲ့ ဒေသခံ ဂျပန်လူမျိုးများအကြား ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ဆက်သွယ်ရန်–
NPO Japan Tent Network
အမှတ်–၃၆၅/၃၆၇၊ ဒုတိယထပ်၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၃၀၇၄၊ ၂၄၂၇၅၈
E-mail:myp@myanmar.com.mm

# Graphic Design သင်တန်း

ကွန်ပျူတာအသုံးပြုပြီး Graphic Design ဖန်တီးလိုသူများအတွက် သင့်လျော်မယ့် သင်တန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ ကျွမ်းကျင်ပညာရှင်များနဲ့ ပူးပေါင်းပြီး တတ်မြောက်သည်အထိ သင်ကြားပေးနေတယ်လို့လည်း ဆိုပါတယ်။

လိပ်စာ–Graphic Design
(Skills Training Centre)
အမှတ်–၁၁၈/၁၂၀၊ ပထမထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၁၃၁၆၊
၀၉–၅၀၀၉၆၃၃၊ ၀၉–၈၀၃၄၁၁၇

# နာရီမျိုးစုံ ရောင်းတဲ့ဆိုင်

စီးပွားရေးလုပ်ငန်းများ၊ ဌာနဆိုင်ရာရုံးခန်းများ၊ ကုမ္ပဏီများနဲ့ မိမိတို့နေအိမ်များမှာ မရှိမဖြစ်လိုအပ်တဲ့ပစ္စည်းတွေထဲ နာရီဟာလည်း အပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့် နာရီအမျိုးမျိုးရနိုင်တဲ့ ဆိုင်တစ်ဆိုင်ကို ညွှန်ပြလိုက်ပါတယ်။ စားပွဲတင်၊ တိုင်ကပ်၊ ခရီးဆောင်၊ အိတ်ဆောင်၊ နှိုးစက်၊ အချိန်မှတ် စတဲ့ နာရီမျိုးစုံ ရောင်းချပေးနေတာတွေ့ရပါတယ်။

လိပ်စာ–
ဆန်းယဉ် နာရီစတိုး
– အမှတ်–B-6၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၇၄၇(လိုင်းခွဲ–၂၂၅၅)
– အမှတ်–G-16၊ မြေညီထပ်၊ ရှန်ဟိုင်းကုန်တိုက်၊ သိမ်ကြီးဈေး Dရုံ၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၂၇၅၅ (လိုင်းခွဲ–၂၀၃၀)



# အထက်အညာအတွက် လမ်းညွှန်စာအုပ်

မြန်မာပြည်အထက်ပိုင်းဒေသများရဲ့ ကုန်သွယ်ဖက်မြို့များအတွက် စီးပွားရေးလမ်းညွှန်ဖြစ်တဲ့ မန္တလေးစီးပွားရေးလမ်းညွှန် ၂၀၀၄–၂၀၀၅ စာအုပ် ဖြစ်ပါတယ်။ ဒီစာအုပ် မှာ မန္တလေး၊ မုံရွာ၊ ပခုက္ကူ၊ ရေစကြို၊ ရွှေဘို၊ မကွေး၊ မင်းဘူး စတဲ့ ဒေသများရဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစားပေါင်း ၅၀၀ ကျော်နဲ့ လုပ်ငန်းသတင်းအချက်အလက် ပေါင်း ၃၀၀၀၀ ကျော် ပါဝင်ပါတယ်။

ဆက်သွယ်ရန်လိပ်စာ–
EUREKA CO., LTD.
– အမှတ်–၁၄၅၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
– အခန်း(H-2)၊ လမ်း ၃၀ နှင့် ၇၈ လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။

# မန္တလေးက ကတ္တားပြင်ဆိုင်

မန္တလေးမြို့က ကတ္တားပြုပြင်ရောင်းဝယ်နေတဲ့ဆိုင် ဖြစ်ပါတယ်။ တရုတ်နိုင်ငံလုပ်ကတ္တား၊ ပြည်တွင်းဖြစ်ကတ္တားများအပြင် ပေါင်ချိန်စက်အမျိုးမျိုး၊ အလေးနဲ့ အပိုပစ္စည်းတွေကိုလည်း လက်လီလက်ကား ရောင်းချပေးနေတာ တွေ့ရပါတယ်။
လိပ်စာ–
ပြည့်စုံ ကတ္တားပြုပြင်ရောင်းဝယ်ရေး
– အမှတ်–၁၅၃၊ ၇၄ လမ်း၊ ၂၉× ၃၀ လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၆၄၄၁၅၊ ၀၉–၂၀၀၃၈၂၂၊ ၀၉–၂၀၀၅၃၁၅
– အမှတ်–၉၉/၁၀၀၊ ၃၁ လမ်း၊ ၈၅× ၈၆ လမ်းကြား၊ သကျသီဟဘုရားတောင်ဘက်၊ မန္တလေး။ ဖုန်း–၀၂–၃၁၃၁၅၊ ၀၉–၂၀၀၅၃၁၅

# Chinese Seafood

မိသားစုနဲ့ အေးအေးဆေးဆေး အပန်းဖြေလို့ရနိုင်ပြီး ဟောင်ကောင်စတိုင် Dim Sum နဲ့ Chinese Seafood တွေရရှိနိုင်မယ့် ဆိုင်တစ်ဆိုင် ဖြစ်ပါတယ်။ မကြာသေးခင်ကမှ အသစ်ဖွင့်လှစ်ထားတာဖြစ်ပြီး ကျွမ်းကျင်တဲ့ တရုတ်စားဖိုမှူးတွေက အစားအသောက်တွေကို စီမံပေးတာဖြစ်တယ်လို့ သိရပါတယ်။ ကားရပ်ရန်နေရာ ကျယ်ဝန်းပြီး စားစရာတွေအတွက် သတ်မှတ်ထားတဲ့ ဈေးနှုန်းတွေကလည်း သင့်တင့်တယ်လို့ ဆိုပါတယ်။

လိပ်စာ–
Jade Garden
အမှတ်–၁၀၊
ဝက်ဘာလမ်း၊
(ဂျပန်သံရုံးအနီး)၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၄၂၈၄၊ ၅၄၃၈၂၁



# ကီမိုနို ဒီဇိုင်းစုံ

မြန်မာအမျိုးသမီးများ ပွဲတက်ဝတ်စုံအဖြစ် နှစ်သက်စွာ ဝတ်ဆင်လေ့ရှိကြတဲ့ ဂျပန်ရိုးရာကီမိုနိုတွေ အဆင်စုံ ရရှိနိုင်တဲ့နေရာ ဖြစ်ပါတယ်။ စိတ်ဝင်စားလို့ သွားရောက်ကြည့်ရှုလိုသူများအတွက် ဆိုင်လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

လိပ်စာ–

TOKYO QUEEN
Fashion Collection

– အမှတ်–၁၃၃၊
ဗိုလ်ချုပ်အောင်ဆန်းဈေးအရှေ့ဘက်တန်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

– အမှတ်–C-12 ၊ ဒုတိယထပ်၊
ယုဇနပလာဇာ၊
ဗညားဒလလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
ဖုန်း–၀၉–၅၀–၁၁၂၈၃

# ရေခဲမုန့်ကောင်းကောင်း

ရေခဲမုန့်အရသာကောင်းကောင်းကိုမှ စားသုံးလိုသူများအတွက် အမေရိကန်ပြည်ထောင်စုမှာ ပြုလုပ်ပြီး ထိုင်းနိုင်ငံမှ တစ်ဆင့်တင်သွင်းတဲ့ ရေခဲမုန့်တစ်မျိုးကို လမ်းညွှန်လိုပါတယ်။ စတော်ဘယ်ရီ၊ ချောကလက်၊ ကော်ဖီ၊ ကွတ်ကီး၊ မက္ကာဒေးမီးနီးယား၊ လက် ဖက် စတဲ့ အနံ့အရသာများဖြင့် ပြုလုပ်ထားပြီး တစ်ခုကို ၁၈,၅၀၀ ကျပ် ကျသင့်ပါတယ်။

လိပ်စာ – Haagen-Dazs ရေခဲမုန့်၊ Blazon Shopping Centre၊ ပထမထပ်၊ ဦးဝိစာရ လမ်း၊ ချင်းတွင်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၈၃၄၇၊ ၅၃၈၃၄၈၊ ၇၂၁၃၄၉၊ ၇၂၁၃၅၀

# ဆူးလေက နာရီနဲ့ အပိုပစ္စည်းဆိုင်

ဂျပန်နိုင်ငံနဲ့ ဆွစ်ဇာလန်နိုင်ငံလုပ် နာရီအမျိုးမျိုး ဝယ်ယူနိုင်တဲ့ဆိုင် ဖြစ်ပါတယ်။ နာရီအပြင် အပိုပစ္စည်းအမျိုးမျိုးကိုလည်း လက်လီ လက်ကားရောင်းချပေးနေပြီး ဈေးနှုန်းနဲ့ ပစ္စည်းမှန်ကန်မှုကို အဓိကထားတယ်လို့ ဆိုပါတယ်။ ဆိုင်ခွဲများရဲ့လိပ်စာနဲ့ ဖုန်းနံပါတ်များကို ဖော်ပြပေးလိုက်ပါတယ်။

ဆက်သွယ်ရန်လိပ်စာ – ရွှေမိတ်ဆက် (SMS)
– အမှတ်–၃၁၊ ဆူးလေဘုရားအဝိုင်း (အနောက်မုခ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၆၆၇၄၊ ၂၄၂၀၇၁
– အမှတ်–၂၄၁၊ အနော်ရထာလမ်း၊ လမ်း ၃၀ ထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၂၀၉၄၄၊ ၀၉–၈၀–၂၂၆၉၃
– အမှတ်–၂၇၊ ဆူးလေဘုရားအဝိုင်း(အနောက်မုခ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၆၆၇၄၊ ၂၄၂၀၇၁



# သက်န်းဆိုင်များ

အချိန်အခါအရ ဝါဆိုသက်န်းကပ်လှူလိုသူများအတွက် ရန်ကုန်မြို့တော်ရှိ နာမည်ကျော်သက်န်းပရိက္ခရာအရောင်းဆိုင် အချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။ ဝယ်ယူမယ့် သက်န်း အမျိုးအစားနဲ့ အရည်အသွေးကိုတော့ သေချာစစ်ဆေးပြီးမှ ဝယ်ယူ သင့်ပါတယ်။

q **ရွှေနတ်သား**

အမှတ်–၈၀၂၊ မဟာဗန္ဓုလလမ်း၊ ၁၂ လမ်းထိပ်၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၄၇၁၄၊ ၀၉–၈၉–၂၂၅၈၄

q **ဟိုင်းမင်း**

တိုက်–၁၄၊ အနော်ရထာလမ်း၊ အနော်ရထာအိမ်ရာ၊ ဗိုလ်တထောင်ဈေးလမ်းနှင့် ၅၆ လမ်းတိုထိပ်၊ ကြက်တန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၁၅၂၂

q **ကြာငါးခိုင်**

– အမှတ်–၈၃၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင် မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၅၁၆၂

– အမှတ်–၅၉၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင် ဘူတာရှေ့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၄၁၈၂

– အမှတ်–၇၅၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၆၈၁၇

– အမှတ်–၁၅၇၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၃၁၆၄

q **ဒို့မြန်မာ**

အမှတ်–၆၅၊ အထက်ပုဇွန်တောင်လမ်း(ဈေးရှေ့)၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၀၄၅၁

E-mail: fiona@myanmar.com.mm

q **ကျားသက်န်း (ကုန်ဈေးတန်းဦးမျိုးတင့်)**

အမှတ်–၁၄၉၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၈၁၉၇

q **ဇောတိက**

– အမှတ်–၃၅(၃)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေတိဂုံဘုရား အရှေ့မုခ်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၀၅၈၁

– အမှတ်–၉၇(အေ)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၂၁၅၉

– အမှတ်–၆၁၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင် မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၆၅၈၉

– အမှတ်–၆၊ ကမ်းနားလမ်းနှင့် ၁၅ လမ်းထောင့်၊ ညောင်ပင်လေးဈေးအနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၄၉၂၈

– အမှတ်–၂၇၉၊ ကျိုက္ကဆံလမ်း၊ တာမွေဈေးအနီး၊ တာမွေ မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၅၉၁၇

q **ဗောဓိမဏ္ဍိုင်**

အမှတ်–၈၅၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၁၉၀၉

q **သမ္မတ**

– အမှတ်–၁၁၈(စီ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၅၃၉၅၊ ၅၄၅၃၉၆

– အမှတ်–၂၃(ဘီ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၀၅၇၃

– အမှတ်–၁၅၆၊ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၃၂၈၂၊ ၅၄၃၂၀၆

q **မုဒိတာသက်န်းတိုက်**

အခန်း–၅၊ စံပယ်ဆောင်၊ ပြည်ထောင်စုလမ်းမကြီး၊ ဒဂုံတောင်မြောက်လမ်းဆုံအနီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်။

q **အောင်တိုင်းကြံ**

အမှတ်–၃၉၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၃၁၀၃

q **ရွှေပြည်တန်**

– အမှတ်–၄၄၊ ကြားတောရအုတ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

– တိုက်–၃၅၊ အခန်း–၂၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်း မြို့နယ်၊ ရန်ကုန်။

q **ဘုရင့်နောင်**

အမှတ်–၁၁/၁၃၊ ကြေးသွန်းဘုရားကြီး၊ ဗဟန်းဈေးရှေ့၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၃၉၅၈၊ ၀၉–၅၀၀၁၉၀၃

q **ရာမည**

အမှတ်–၁၀၊ ကြေးသွန်းတိုက်တန်း၊ ရေတာရှည်လမ်းမကြီး၊ ဗဟန်းဈေးရှေ့၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၁၇၆၀

q **တန့်ကြည်တောင်**

အမှတ်–၃၂(E)၊ ရှေးဟောင်းသုတေသနလမ်း၊ ၆ မိုင်၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၅၆၂၂၊ ၀၉–၈၀–၂၁၆၆၀

q **ရွှေဟသာၤမောင်နှံ**

အမှတ်–၁၀၇၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၈၄၃၈

q **သမာဝါဏိဇ္ဇ**

အမှတ်–၄၈၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၄၄၂၈

q **အိုခယ်စ**

– အမှတ်–၂၄၊ ဗဟန်း ၁ လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၄၉၀၅၊ ၃၇၁၅၃၂

– အမှတ်–၃၈၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၄၃၇၅

q **မင်းမာဃ**

အမှတ်–၄၊ ဝင်္ကဘာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၅၀၉၃

q **ဂျူး**

အမှတ်–(၄၉/၅၁)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၀၉၆၀

q **ကျား သင်္ကန်းပရိက္ခရာတိုက်ဆိုင်ကြီး**

– အမှတ်–၉၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၄၉ လမ်းထိပ်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၀၈၃၁၊ ၀၉–၈၀–၂၃၁၀၅

– အမှတ်–၅၆၁၊ ကမ္ဘာ့အေးဘုရားလမ်း၊ ကမ္ဘာ့အေးဘုရားရှေ့၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၀၁၁၃၊ ၀၉–၈၀–၂၃၃၁၄

– အမှတ်–၉၀၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ရန်ကုန်။
ဖုန်း–၇၁၀၄၂၀

q **မြကြာဖြူ**

အမှတ်–၁၂၀၊ ဗားကရာလမ်းမကြီး၊ ရှမ်းလမ်းမီးပွိုင့်ဓာတ်ဆီဆိုင်ရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၅၁၀၁

q **ကရဝိတ်**

– အမှတ်–၆၅/၆၇၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၁၇၁၄
E-mail: mthu@baganmail.net.mm

– အမှတ်–၈၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၄၉ လမ်းနှင့် ၅၀ လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

q **ကံရာဇာ**

– အမှတ်–၉၅၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

– ဟိန္ဒူဘုရားကျောင်း၊ ဆိုင်အမှတ်–၁၅၊ ကမာရွတ်ဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၆၂၁၇၊ ၅၂၄၉၈၆၊ ၀၉–၈၀–၃၁၈၆၂

q **ရောအောင်**


## ကွန်ပျူတာသင်တန်း တက်လိုလျှင်

လမ်းမတော်မြို့နယ်အတွင်းမှာ ကွန်ပျူတာအခြေခံနှင့် အဆင့်မြင့် ICT သင်တန်း တက်ရောက်လိုသူများအတွက် မိမိ နှစ်သက်ရာသင်တန်းကို ရွေးချယ်တက်ရောက်နိုင်တဲ့ သင်တန်း ကျောင်းတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ Windows Office XP, D.T.P Course, Graphic Design Course စတဲ့ အခြေခံသင် တန်းများ၊ Network Engineering, Linux 9.0 & System Administration, Hardware & System Administration, Web Page Design, Programming စတဲ့ အဆင့်မြင့်သင်တန်းများ၊ ကလေးများအတွက် Computer For Kids သင်တန်းများ သာမက အင်္ဂလိပ်နဲ့ တရုတ်ဘာသာစကားသင်တန်းများပါ တက်ရောက်သင်ကြားနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ–

KING NOVA
Education Center
အမှတ်–၇၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၁၂၉၈၂၊ ၂၂၄၄၆၉
E-mail:kingnova@yangon.net.mm


– အမှတ်–၁၁၀၊ အဆောင်–၂၊ အခန်း–၉၊ သမိုင်းဘူတာရုံ လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

– အမှတ်–၄၀၊ စီရုံ၊ ပဒေသာဈေးကြီး၊ ဟင်္သာတမြို့၊
ဖုန်း–၀၄၄–၂၁၂၇၂

q **ဆင်ဖြူတော်ရွှေမောင်း**

– အမှတ်–၃၅၊ အခန်း(၄–၆)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၄၈၅၆

– အမှတ်–၁၈၊ ဗဟန်းဈေးမျက်နှာစာတန်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

q **ဒိုးကလေး**

– ဆိုင်အမှတ်–၉၀၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၄၆၁၃

q **ပြည်ထောင်စု**

– အမှတ်–၂၅၊ မြင်တော်သာလမ်း၊ (၇) ဈေးအနီး၊ (၆) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၁၂၈၀

– အမှတ်–၄/၅၊ ကျိုက်ခေါက်ဘုရားလမ်း၊ နာရီစင်ရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်။

q **ဝင်းမြန်မာ**

ဆိုင်အမှတ်–၃၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ သားရေစက်ရုံရှေ့၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၅၁၉၅၉၊ ၀၉–၅၀၀၅၃၇၁ ■

## လုပ်ငန်းသစ် ၊ ဆိုင်သစ်

q **THALIA (ကိုယ်ကာယလေ့ကျင့်ရေးခန်းမ)**
အမှတ်–၄၅၊ ပထမထပ်၊ မကြီးကြီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၅၈၄၇

q **Myanmar Apple (Digital Printing)**
အမှတ်–၅၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၆၇၄၇၇၊ ၆၆၂၄၈၅

q **TOTAL Kids School**
– အမှတ်–၃၃၆၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
– အမှတ်–၉၅၊ အနော်ရထာလမ်းနှင့် ၅၂ လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၃၇၅၄၊ ၂၉၆၅၅၂၊ ၅၂၆၄၅၆
E-mail:info@tlaschool.org

q **CAMERA BABY WORLD (ဆိုင်ခွဲသစ်)**
အမှတ်–၁၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

q **ရဲမျက်မှန်**
အမှတ်–၃၄၅/၄၃၇၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

q **Aung Yadana Medical Centre**
သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာရာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

q **ALPINE သောက်ရေသန့် အရောင်းနှင့် ဝန်ဆောင်မှုဌာန**
– အမှတ်–၅၃/C၊ မြကန်သာလမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၇၀၃၀၄၉၊ ၇၀၃၀၅၁၊ ၇၀၃၀၅၃၊ ၆၈၁၆၂၉
– အမှတ်–၁၁၇၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၉၉၆၄

q **Three Seasons Centre**
**Electronis & Computer Accessories**
အမှတ်–၁၇၀/၁၇၆၊ ဗိုလ်အောင်ကျော်လမ်း၊ M.G.W Centre၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၅၆၅၇၇၊ ၂၅၆၅၇၈၊ ဖက်စ်–၂၅၆၅၇၇

q **Qi YANGON SHISEIDO, SALON & SPA**
Golden Hill Tower၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၈၅၅၆၊ ၅၅၈၅၇၆၊ ၅၅၈၅၅၈၊ လိုင်းခွဲ–၁၉၀၅၊ ၁၉၀၆

q **ဆေးပဒေသာဆေးကုခန်း**
အမှတ်–၆၉၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

q **ထွန်းအအေးခန်းဧည့်ရိပ်သာ**
အမှတ်–၆၉၊ ပထမထပ်၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

q **အောင်နိုင်သူ သွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း**
အမှတ်–(C–၇၉)၊ ဂန္ဓမာ(၄)လမ်း၊ F.M.I City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။

q **HI-TECH Service Centre**
အမှတ်–၃၊ ဦးဘဟန်လမ်း၊ ချော်တွင်းကုန်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

q **ITSUMO Beauty Saloon**
စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်မှတ်တိုင်အနီး၊ ပြည်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

## စားသောက်ဆိုင်သစ်

q **Jade Garden**
အမှတ်–၁၀၊ ဝက်ဘာလမ်း၊ (ဂျပန်သံရုံးအနီး)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၄၂၈၄၊ ၅၄၃၈၂၁

q **ကြိတ်ကြိတ်တိုး မြန်မာထမင်းဟင်းနှင့် ဟင်းလျာမျိုးစုံ**
အမှတ်–၁၉၈၊ မဟာဗန္ဓုလလမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၃၅၅၃

q **Danny ကဖီးနှင့် အအေး**
အမှတ်–၂၈၄/၂၈၆၊ ရွှေတိဂုံဘုရားလမ်းနှင့် ယောမင်းကြီးလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၁၈၆၁

## ဆေးကုနိုင်တဲ့ ဂျယ်လီအိတ်

ခေါင်းကိုက်ခြင်း၊ အပူလောင်ခြင်း၊ အအေးမိခြင်းများဖြစ်ပေါ်ပါက ရေခဲသေတ္တာထဲတွင် သုံးမိနစ်ခန့်ထည့်၍ အသုံးပြုနိုင်ပြီး အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်းအတွက်မူ ရေနွေးပူထဲတွင် စိမ်ထားပြီး ကိုက်ခဲသည့်နေရာများတွင်ကပ်၍ အသုံးပြုနိုင်သော MEDI-PAK အမည်ရှိ ဂျယ်လီအိတ် ဖြစ်ပါတယ်။ အမျိုးအစားတစ်ခုတည်းသာရှိပြီး ဈေးနှုန်းမှာ ၃၅၀၀ ကျပ်ခန့်ရှိတယ်လို့ သိရပါတယ်။ ရန်ကုန်မြို့ပေါ်ရှိ ဆေးဆိုင်ကြီးများနဲ့ ရှော့ပင်းစင်တာကြီးတွေမှာ ဝယ်ယူရရှိနိုင်တယ်လို့ ဆိုပါတယ်။

## ဈေးသက်သာတဲ့ မိတ္တူကူးဆိုင်

တစ်မျက်နှာကို စာရွက်အမျိုးအစား အလိုက် ၈ ကျပ်၊ ၉ ကျပ်နဲ့ ၁၀ ကျပ် အတွင်းမှာသာ ကျသင့်မှာဖြစ်ပြီး စာမျက်နှာ ၅၀ အထက် ကူးယူသူများအတွက် ၇ ကျပ် ၅၀ ပြားနှုန်းနဲ့ ဆောင်ရွက်ပေးနေတဲ့ မိတ္တူကူးဆိုင်တစ်ဆိုင် ဖြစ်ပါတယ်။

လိပ်စာ–

အမှတ်–၁၅၂၊ ဒုတိယထပ်၊ ၁၆ လမ်း (လမ်းတို)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

## CDMA ဓာတ်ခဲ

CDMA ဖုန်း အသုံးပြုသူများ အတွက် ခြင်းဖုန်းဓာတ်ခဲ ရောင်းချပေးနေတဲ့ ဆိုင်တစ်ဆိုင်ကို ညွှန်ပြလိုပါတယ်။ စင်ကာပူနိုင်ငံလုပ်ဓာတ်ခဲများဖြစ်ပြီး အချိန်ကြာကြာ အသုံးပြုနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ–

အမှတ်–၁၃၉၊ မောင်ခိုင်လမ်း(ဗိုလ်ရွဲလမ်း)၊ လသာမြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၅၁၅၁၅၊ ၀၉–၈၀၁၀၄၉၃

## ဂျာမန်စကားပြော

ဘာသာစကားမျိုးစုံ လေ့လာရာမှာ စိတ်ဝင်စားသူများ၊ လုပ်ငန်းခွင်မှာ အသုံးချလိုသူများအတွက် ရည်ရွယ်ပြီး ဂျာမန် စကားပြောသင်တန်းတစ်ခုကို ဖော်ပြပေးလိုက်ပါတယ်။ နှစ်လသင်တန်းဖြစ်ပြီး တစ်ပတ်လျှင် ငါးရက်နဲ့ တစ်ချိန်ကို တစ်နာရီ ၃၀ မိနစ် သင်ကြားမယ်လို့ သိရပါတယ်။

အသေးစိတ်စုံစမ်းလို့ရမယ့် ဖုန်းနံပါတ်တွေကတော့–၂၀၃၅၀၀၊ ၂၀၃၅၀၃၊ ၂၀၃၅၆၅၊ ၂၄၄၂၀၄

## သက်သတ်လွတ် အားလူးထောင်း

ဝါတွင်းကာလမှာ သက်သတ်လွတ် စားသုံးသူများ၊ ကိုယ်အလေးချိန်မတက်လိုသူများ၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု လိုအပ်သော ကလေးသူငယ်များ၊ အာဟာရဓာတ်လိုအပ်သော သက်ကြီးရွယ်အိုများအတွက် အသင့်စားသုံးနိုင်တဲ့ GOLDHILL Mashed Potatoes အာလူးထောင်းကို လမ်းညွှန်လိုက်ပါတယ်။ Vitamin C နဲ့ အခြားသတ္တုဓာတ် များစွာပါဝင်ပြီး ကိုလက်စထရော လုံးဝမပါဘူးလို့ ဆိုပါတယ်။ ထောပတ်အရသာ၊ ချိ(စ်)အရသာ၊ ကြက်သွန်ဖြူအရသာနဲ့ အသားကင်အရသာ အရသာလေးမျိုးနဲ့ ထုတ်လုပ်ထားပါတယ်။ ရန်ကုန်မြို့ပေါ်က စူပါမားကက်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်။

လိပ်စာ–

Capital(Myanmar) Co., Ltd.

အခန်း–၁၄၀၁၊ ၁၄ ထပ်၊ အိုလံပစ်တာဝါ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၅၆၂၉၉၊ ၆၆၅၈၅၀၊ ၇၂၆၇၇၄၊

ဖက်စ်–၂၅၆၁၈၉

E-mail:capitalm@yangon.net.mm

## ထမင်းချိုင့်ပို့ ဝန်ဆောင်မှုလုပ်ငန်းများ

ကိုယ်တိုင်ချက်ပြုတ်ဖို့ အချိန်မပေးနိုင်ပဲဖြစ်ဖြစ်၊ လုပ်ငန်းခွင်ကို ထမင်းချိုင့်ယူသွားဖို့ ကရိကထမခံနိုင်ရင်ပဲဖြစ်ဖြစ် အဆင်ပြေစေနိုင်မယ့် ထမင်းချိုင့်ပို့ဝန်ဆောင်မှု လိပ်စာအချို့ကို ဖော်ပြပေးလိုက်ပါတယ်။ ရေရှည်မှာ ကုန်ကျစရိတ်နဲ့ ဝန်ဆောင်မှုအပေါ် အငြင်းပွားဖွယ်ရာ ပြဿနာအချို့ ဖြစ်ပွားတတ်တဲ့အတွက် စတင်ဆက်သွယ်ကတည်းက အသေးစိတ်မေးမြန်းပြီး သဘောတူညီချက်ရယူဖို့ လိုပါတယ်။

- **ရန်ကုန် (ထမင်းချိုင့်ပို့ဆောင်ရေး)**
  – အမှတ်–၃၂၈၊ သုခလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၄၅၁၇
  (တစ်နေ့ ထမင်းနှစ်နပ်နှုန်းဖြင့် တစ်လလျှင် လူတစ်ဦးအတွက် ၃၀၀၀၀ ကျပ်ဖြစ်သည်ဟု သိရ။)
  – အမှတ်–၁၈၆၊ ၃၁ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၂၂၅၉
- **အမေ့အိမ်**
  အမှတ်–၆၂၉၊ ကုံကော်ရိပ်သာလမ်း၊ ၁၆/၄ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၁၅၄၇၊ ၅၇၈၈၂၀
  (တစ်လလျှင် လူတစ်ဦးအတွက် ၃၀၀၀၀ ကျပ်ဖြစ်။)
- **Supply**
  ခြံအမှတ်–၄၊ ပိတောက် ၅ လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၇၆၉၃
- **စိတ်ကြိုက်**
  တိုက်–၂၃၂၊ အခန်း(၁၄)၊ တိုက်လေးလုံး၊ ၆ ရပ်ကွက်၊ ရန်ရှင်းလမ်းသွယ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၄၂၁၅၊ ၅၄၅၀၇၅
  (လူတစ်ဦး တစ်နေ့ ထမင်းနှစ်နပ်နှုန်းဖြင့် တစ်လလျှင် ၃၀၀၀၀ ကျပ် ကျသင့်မည်ဟု သိရ။) ■

# စာအုပ်ထုတ်ဝေတိုက်များ

q **ရွှေနန်းမှန်ကူ**
တိုက်-၁၁၊ အခန်း-၂၀၊ ဖဆပလအိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၅၀၂၄

q **စိတ်ကူးချိုချို**
အမှတ်-၈၅၊ ၁၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၂၆၆၂၄

q **ဆု**
အမှတ်-၁၉၈ (မြေညီထပ်)၊ ၃၉ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၅၂၆၂၂

q **ပညာရဲရင့်၊ မိုးမြင့်**
အမှတ်-၇၅၊ ၄ လွှာ၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

q **တော်ဝင်မြို့မ**
အမှတ်-၇၇/ခ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၉၅၇၃

q **ရာပြည့်**
အမှတ်-၃၈၊ ၁၀၉ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၄၂၀၅၊ ၂၄၉၇၀၀၊ ၂၈၁၄၂၄

q **တကောင်း**
အမှတ်-၅(ခ)၊ ဇေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၀၅၅၄၈

q **စာအုပ်ဈေး**
အမှတ်-၈၀(J)၊ ကမ္ဘောဇလမ်းသွယ်-၂၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၇၂၁၃

q **ဝါမိုးအောင်**
အမှတ်-၅၂၉၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၅၄၉၅၅

q **ဇမ္ဗူတလူ**
အမှတ်-၂၂၀၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၂၄၈၄

q **ခေတ်ပြိုင်**
အမှတ်-၁၄၁၊ ၄ ထပ်(ယာ)၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၂၀၂၆

q **ခင်မော့ဆက်**
တိုက်-၁၉၊ အခန်း-၄၊ ရန်ကင်းလမ်းသွယ်-၁၆၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၅၀၁၄၆၁၆

q **အလင်းအိမ်**
အမှတ်-၂၃ (၆ လွှာ)၊ သင်္ဟာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၁၉၄၇

q **Treasure**
အမှတ်-၂၈၉၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၅၁၅၃၆
E-mail:ziwaka@myanmar.com.mm

q **ပင်နီ**
အမှတ်-၂၀၅၊ ၃၅ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၄၂၀၅၊ ၂၄၉၇၀၀၊ ၂၈၁၄၂၄

q **Quality Publishing House**
အမှတ်-၁၅၃၊ ၅ (က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၀၆၄၁၄၊ ၃၈၃၆၆၄၊ ၂၈၂၆၀၄

q **နိုင်**
အမှတ်-၂၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၉၇၇၀

q **နန်းဒေဝီ**
အမှတ်-၂၀၁/၁၅၊ ဒုတိယထပ်(ဝဲ)၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၄၅၂၂၄

q **သီဟရတနာ/ရတနာပုံ**
အမှတ်-၁၀၀(D)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

q **မြနန္ဒာ**
အမှတ်-၁၄၅၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၅၆၁၈၂၊ ၂၅၃၂၉၅

q **ဒေါင်း**
အမှတ်-၁၁၃၊ ၃၃ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
E-mail:daung73@baganmail.net.mm

q **177 စာပေ**
အမှတ်-၁၇၇၊ မြေညီထပ်၊ ၃၆ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

q **မရမ်းတလင်းစာပေ**
– အမှတ်-၁၄၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၃၂၉၇
– အမှတ်-၆၁၀၊ B-1၊ ယုဇနအိမ်ရာ၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။
E-mail:mail4u.com.mm

q **နေရီရီ**
အမှတ်–၂/က၊ အောင်ရတနာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၁၄၃၅

q **စာပေလောက**
အမှတ်–၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၈၅၁၆၆

q **UNITY**
အမှတ်–၃၆၊ ဗဟိုလမ်း(ဇေယျာဝတီလမ်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၇၇၀၅

q **ပြည့်စုံ**
အမှတ်–၇၈ (မြေညီထပ်နှင့် ပထမထပ်)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၆၀၈၂၊ ၂၂၄၃၇၅
E-mail:myoaunginnwa@mptmail.net.mm

q **ထွန်းဦးစာပေ**
အမှတ်–၁၀၁၊ ၈၄ လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၂၃၅၀၂

q **ယနေ့မန္တလေး**
အမှတ်–၂၉၀/ခ၊ ၈၃ လမ်း၊ မန္တလေး။

q **နဂါး**
အမှတ်–၂၉၀၊ ၈၃ လမ်း၊ ၂၉× ၃၀ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၃၅၂၆၇၊ ၃၉၈၆၉

q **လူထု**
အမှတ်–၂၂၁၊ ၈၄ လမ်း၊ ၃၃ လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၃၉၇၁၇

q **ဥတ္တရလွင်ပြင်**
အမှတ်–၃၅၇၊ ၈၃ လမ်း၊ ၃၂× ၃၃ လမ်းကြား၊ မန္တလေး။

q **မောင်မောင်ပြေ**
– အမှတ်–၄၀၊ ၇၅× ၂၇ လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။
– ၂၉ လမ်း၊ ၈၃× ၈၄ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၃၄၄၀၉

q **မြညွန့်ဆွေ**
အမှတ်–၂၇၈၊ ၈၃ × ၈၄ လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၃၆၇၄၅ ■

# ကြေးအိုး ကောင်းကောင်း

ပြန်လည်ပြင်ဆင်ပြီး အသစ်ဖွင့်လှစ်တဲ့ စားသောက်ဆိုင်တစ်ခု ဖြစ်ပါတယ်။ ကြေးအိုးအပြင် ခေါက်ဆွဲပြုတ်၊ ဟမ်ဘာဂါ၊ အအေးမျိုးစုံ၊ ရေခဲမုန့်နဲ့ Snack များလည်း မှာယူသုံးဆောင်နိုင်တာ တွေ့ရပါတယ်။

လိပ်စာ–
Danny ကဖီးနှင့်အအေး
အမှတ်–၂၈၄/၂၈၆၊
ရွှေတိဂုံဘုရားလမ်းနှင့် ယောမင်းကြီးလမ်းထောင့်၊
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၁၈၆၁

# နေရာပြောင်း ၊ လိပ်စာသစ်

q **မြစ်ခွဲ ၉ စင်း**
**(စာပေ၊ စာအုပ်ထုတ်ဝေရေးနှင့် ကွန်ပျူတာစာစီ)**
တိုက်–၇၊ အခန်း–၄၀၃၊ ၉ လမ်း(က)၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄) ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၉၃၁၄၆

q **Note Books City**
အမှတ်–၃၂၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၀၆၈၀၊ ၅၂၅၉၃၃၊ ၅၀၂၆၁၂၊ ၀၉–၈၀–၂၀၉၈၆

q **i Net Systems**
တိုက်–၅၀၁(C)၊ Delta Plaza၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၉၇၆၄

q **အိမ်မြင့်မိုရ်ကုမ္ပဏီလီမိတက်**
အမှတ်–၁၁၇/၁၂၇(G–၃)၊ ၃၃ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၈၀၂၀၅၈၀၊ ၀၉–၈၀၂၃၉၉၁

q **TOP THREE COMPANY LIMITED**
ခြံအမှတ် (၃၂–N)၊ ၃၂ ရိပ်သာ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၇၅၂၀၊ ၅၃၉၄၀၄၊ ၀၉–၅၀–၁၂၉၈၁၊ ဖက်စ်–၅၃၉၄၀၄
E-mail: topthree@myanmar.com.mm

q **ကျင်(ရုံးခန်း)**
တိုက်–၁၈၊ အခန်း–၀၀၃၊ ၃ လမ်း၊ A-black၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၉၃၁၅၄ ■

# ၂၀၀၄ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | အနိုင်မခံ<br>စာမူခွင့်ပြုချက်အမှတ်-၇၈၉/ ၂၀၀၂(၈) | မောင်ပေါ်ထွန်း | ၅၀၀ | ၂၈၀၀ | Quality Publishing House | ၂၀၀၄၊ ဇွန် (၁-ကြိမ်) | ဘာသာပြန် |
| ၂။ | လောကဓာတ်ခံပေါ်မှာ<br>စာမူခွင့်ပြုချက်အမှတ်-၃၇၂/ ၂၀၀၄(၅) | ချစ်နိုင်(စိတ်ပညာ) | ၅၀၀၀ | ၇၀၀ | နိုင် | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | လူငယ်စိတ်ပညာ |
| ၃။ | ကမ္ဘာ့အကြောင်း တစေ့တစောင်း စာမူခွင့်ပြုချက်အမှတ်-၅၇/ ၂၀၀၃(၇) | ပါရဂူ | ၁၀၀၀ | ၁၂၀၀ | လောကသစ် | ၂၀၀၄၊ ဩဂုတ် | နိုင်ငံတကာ (ပ-ကြိမ်) |
| ၄။ | ရာဇဝင်တွင်ရစ်မယ့် စကားဝိုင်းများ<br>စာမူခွင့်ပြုချက်အမှတ်-၄၇/ ၂၀၀၄(၅) | ကျော်ဝင်း | ၅၀၀ | ၇၅၀ | Plastic Rainbow | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | ဒစ်ပလိုမေစီ |
| ၅။ | အိုင်အိုမောင်ကောင်းနှင့် ရွှေတိုက်စိုးကြီး<br>စာမူခွင့်ပြုချက်အမှတ်-၁၇၁၂/ ၂၀၀၃(၁၂) | တက္ကသိုလ်မင်းယဉ် | ၅၀၀ | ၆၀၀ | မိုးမြင့် | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | ဝတ္ထု |
| ၆။ | ကျားတကာ့ကျား<br>စာမူခွင့်ပြုချက်အမှတ်-၁၇၁၄/ ၂၀၀၃(၁၂) | နေမင်းရာဇာ | ၅၀၀ | ၆၀၀ | ပညာရဲရင့် | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | ဘာသာပြန် |
| ၇။ | ဆွန်ဇူး၏ ရှင်သန်အောင်မြင်ရေး နည်းလမ်းများ<br>စာမူခွင့်ပြုချက်အမှတ်-၁၃၀၂၅/ ၂၀၀၃(၉) | ကြည်မင်း | ၅၀၀ | ၁၀၀၀ | တူဒေး | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | ဘာသာပြန် တက်ကျမ်း |
| ၈။ | နိုင်ငံတကာအတွေး နိုင်ငံတကာအမြင်<br>စာမူခွင့်ပြုချက်အမှတ်-၅၇/ ၂၀၀၄(၅ ) | မောင်ဝံသ | ၁၀၀၀ | ၁၀၀၀ | သီဟရတနာ | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | နိုင်ငံတကာ |
| ၉။ | စကားပုံများကပြောတဲ့ လူ့သဘာဝတ္ထ<br>စာမူခွင့်ပြုချက်အမှတ်-၂၃၄/ ၂၀၀၄(၃) | မောင်ပေါ်ထွန်း | ၁၀၀၀ | ၉၀၀ | မြန်မာ့ရတနာ | ၂၀၀၄၊ ဇွန် (ပ-ကြိမ်) | ဘာသာပြန် |
| ၁၀။ | လူငယ်နဲ့ တာဝန်ယူစိတ်<br>စာမူခွင့်ပြုချက်အမှတ်-၂၅၃/ ၂၀၀၄(၄) | လူထုစိန်ဝင်း | ၁၀၀၀ | ၇၀၀ | Future | ၂၀၀၄၊ ဩဂုတ် (ပ-ကြိမ်) | လူငယ် ဆောင်းပါးစု |
| ၁၁။ | သံယောဇဉ်ဖြင့် ဖွဲ့ရစ်တည်သော<br>အညိုရောင် တယောကလေး(စာမူခွင့်ပြုချက်အမှတ်-၂၃၃/ ၂၀၀၄(၃)) | စာရေးဆရာစုံ | ၁၀၀၀ | ၆၅၀ | ပင်ဝါးရုံ | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | ဆောင်းပါးစု |
| ၁၂။ | အိုင်ဒီယာအက်ဆေးများ<br>စာမူခွင့်ပြုချက်အမှတ်-၁၅၁၃/ ၂၀၀၃(၈) | နေဝင်းမြင့် | ၁၀၀၀ | ၁၂၀၀ | ချမ်းမြေ့ရတနာ | ၂၀၀၄၊ ဇွန် (ပ-ကြိမ်) | အက်ဆေး |
| ၁၃။ | မြားနတ်မောင် ပဟေဠိပေါင်းချုပ်(၂)<br>စာမူခွင့်ပြုချက်အမှတ်-၁၄၃/ ၂၀၀၄(၂) | လွဏ်းမောင် | ၅၀၀ | ၁၂၅၀ | မုံရွေး | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | ပဟေဠိ |
| ၁၄။ | ဒရမ်ဆရာ...(သို့မဟုတ်) စာမျက်နှာ<br>နှစ်ရာသုံးဆယ့်နှစ် (စာမူခွင့်ပြုချက်အမှတ်၉၁၂/ ၂၀၀၃(၁၂) | မာန်(တောင်လုံးပြန်) | ၁၀၀၀ | ၅၀၀ | တောင်လုံးပြန် | ၂၀၀၄၊ ဇွန် (ပ-ကြိမ်) | ဝတ္ထုရှည် |
| ၁၅။ | ခင်ဗျားဒိန်ခဲကို ကျွန်တော် နေရာရွှေ့ခဲ့တယ် (စာမူခွင့်ပြုချက်အမှတ၁၇၈၃/ ၂၀၀၃(၁၂) | ညီသစ် | ၅၀၀ | ၆၀၀ | မျိုးဆက်သစ် | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | ဘာသာပြန် တက်ကျမ်း |

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေ နှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁၆။ | ပျိုတို့အချစ်တော် စာမူခွင့်ပြုချက်အမှတ်-၉၀၀/ ၂၀၀၃(၇) | တင့်တယ် | ၁၀၀၀ | ၁၀၀၀ | ရာပြည့် | ၂၀၀၄၊ ဇွန် (တ-ကြိမ်) | ဘာသာပြန် |
| ၁၇။ | တင်မောင်ဆွေနှင့် လူသတ်ဆရာဝန် [စာမူခွင့်ပြုချက်အမှတ်-၁၀၀/ ၂၀၀၄(၁)] | မိုးဝေ | ၅၀၀ | ၆၅၀ | စိတ်ကူးချိုချို | ၂၀၀၄၊ ဇွန် (ဒု-ကြိမ်) | ဘာသာပြန် |
| ၁၈။ | လျှောင်ဖိုးကြဲခဲ့စဉ်က စာမူခွင့်ပြုချက်အမှတ်-၁၂၈၈/ ၂၀၀၃(၉) | ဦးလှဝင်း (လေသူရဲတစ်ဦး) | ၅၀၀ | ၈၅၀ | ရတနာပုံ | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | ဝတ္ထုတိုစု |
| ၁၉။ | တရားရှင်နှင့် ရာဟုလာ စာမူခွင့်ပြုချက်အမှတ်-၄၄၅/ ၂၀၀၄(၅) | ချစ်ဦးညို | ၁၀၀၀ | ၁၀၀၀ | သီဟရတနာ | ၂၀၀၄၊ ဇူလိုင် (ဒု-ကြိမ်) | ဝတ္ထုတိုစု |
| ၂၀။ | မငြိမ်းသာရဲ့ ရွှေနန်းတော် စာမူခွင့်ပြုချက်အမှတ်-၁၅၇၆/ ၂၀၀၃(၁၁) | ချစ်ဦးညို | ၅၀၀ | ၈၀၀ | သီရိဆွေ | ၂၀၀၄၊ ဇူလိုင် (ဒု-ကြိမ်) | ဝတ္ထုတိုစု |
| ၂၁။ | ကျွန်တော် ကျွန်မတို့သည် စာမူခွင့်ပြုချက်အမှတ်-၇၆၂/ ၂၀၀၄(၆) | မင်းလူ | ၅၀၀ | ၉၀၀ | နတ်သမီး | ၂၀၀၄၊ ဇူလိုင် (ဒု-ကြိမ်) | ဝတ္ထုရှည် |
| ၂၂။ | ချစ်ပန်းပွင့် စာမူခွင့်ပြုချက်အမှတ်-၄၇၇/ ၂၀၀၄(၅) | ရွှေဥဒေါင်း | ၅၀၀ | ၁၀၀၀ | ဇေယျာမြေ | ၂၀၀၄၊ ဩဂုတ် (ဒု-ကြိမ်) | ဝတ္ထုရှည် |
| ၂၃။ | ကျေးဇူးရှင် စာမူခွင့်ပြုချက်အမှတ်-၃၄၃/ ၂၀၀၄(၄) | ဦးနု | ၁၀၀၀ | ၉၀၀ | စာပေလောက | ၂၀၀၄၊ ဇွန် (ဒု-ကြိမ်) | ဘာသာရေး |
| ၂၄။ | အဆင့်မြင့်ချည်တိုင် စာမူခွင့်ပြုချက်အမှတ်-၅၄၀/ ၂၀၀၄(၅) | ဝေမှုုးသွင် | ၁၀၀၀ | ၈၅၀ | ပင်လယ်ကြယ် | ၂၀၀၄၊ ဇူလိုင် (ဒု-ကြိမ်) | ဝတ္ထုရှည် |
| ၂၅။ | ခေတ်တစ်ခေတ်ရဲ့ တက္ကသိုလ် [စာမူခွင့်ပြုချက်အမှတ်-၁၇၈၆/ ၂၀၀၃(၁၂)] | စာရေးဆရာစုံ | ၁၀၀၀ | ၁၀၀၀ | Book Man | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | ဝတ္ထုတိုစု |
| ၂၆။ | ခေတ်စမ်းပုံပြင်များ စာမူခွင့်ပြုချက်အမှတ်-၃၅၇/ ၂၀၀၄(၄) | စာရေးဆရာစုံ | ၁၀၀၀ | ၁၅၀၀ | ရာပြည့် | ၂၀၀၄၊ ဇူလိုင် | ဝတ္ထုတိုစု (တ-ကြိမ်) |
| ၂၇။ | မြန်မာသမိုင်းပုံ စာမူခွင့်ပြုချက်အမှတ်-၅/ ၂၀၀၄(၁) | ဒေါက်တာသန်းထွန်း | ၅၀၀ | ၁၉၅၀ | မုံရွေး | ၂၀၀၄၊ ဇူလိုင် (ပ-ကြိမ်) | သမိုင်း |


LIVING COLOR MAGAZINE

**E-mail**

**Chief Editor** - c-editor@myanmarpartners.com.mm

**News Room** - myanfo@myanmarpartners.com.mm

**Marketing** - paz@myanmarpartners.com.mm

# စာအုပ်လမ်းညွှန်
## Editor's Choice




### ကမ္ဘာ့အကြောင်း တစေ့တစောင်း
### ပါရဂူ

နိုင်ငံပြု သုခမိန်တစ်ဦးဖြစ်သူက နောင်အနာဂတ်တွင် တိုင်းပြည်ခေါင်းဆောင်ဖြစ်လာမည့် ၎င်း၏ သမီးဖြစ်သူအတွက် ၎င်း၏ ကမ္ဘာ့သမိုင်းဆိုင်ရာအမြင်များကို ပေးစာပုံစံဖြင့် သွက်သွက်လက်လက် ရေးသားထားသည့်စာအုပ် ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ခေါင်းဆောင်ကြီးဖြစ်သူ ဂျဝါဟာလာနေရူး၏ Glimpses of World History ကို ပါရဂူက ဘာသာပြန်ဆိုထားခြင်းဖြစ်ပြီး မူလစာအုပ်တွင် နေရူးမှ သမီးဖြစ်သူ အင်ဒီရာသို့ ပေးစာ ၁၉၆ စောင်ရှိသည့်အနက် ဘာသာပြန်စာအုပ်တွင် စောင်ရေ ၄၀ ပါဝင်သည်ကို တွေ့ရသည်။ အဆိုပါပေးစာများကို နေရူးအကျဉ်းထောင်တွင်း ရောက်နေစဉ် ကာလများနှင့် နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်နေစဉ်ကာလများဖြစ်သည့် ၁၉၃၀ နှင့် ၁၉၃၃ ခုနှစ်များအတွင်း ရေးသားခဲ့ခြင်းဖြစ်ရာ မှီငြမ်းစာအုပ်များကို မသုံးစွဲဘဲ ၎င်း၏ မှတ်ဉာဏ်တွင်းရှိ အကြောင်းအရာ အချက်အလက်များကို ကိုယ်ပိုင်အမြင်ဖြင့် ပိုင်းခြားဝေဖန် သုံးသပ်ရေးသားထားခြင်း ဖြစ်သည်။

မြန်မာ့သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက သမိုင်းကို သင်ကြားရခြင်းမှာ မအရန်ဖြစ်သည်ဟူသော စကားဖြင့် သမိုင်းကို လေ့လာခြင်းသည် အမှန်ကို သိခြင်းမှ အမှန်ကို ဆုံးဖြတ်လုပ်ကိုင်နိုင်ခြင်းသို့ ဦးတည်သည်ကို ပြောကြားခဲ့ဖူးသည်။ သို့ရာတွင် သမိုင်းဆိုရာ၌ ခုနှစ်သက္ကရာဇ်များ၊ အဖြစ်အပျက်များ၊ လူအမည်၊ တိုင်းပြည်နိုင်ငံအမည်များကို လေ့လာခြင်းဖြင့် သမိုင်းပညာ၏ အခန်းကဏ္ဍမှာ ရုပ်လုံးကြွလာမည်မဟုတ်ပါ။ သမိုင်းကို အမြင်မှန် အတွေးမှန်ဖြင့် သုံးသပ်ဝေဖန်နိုင်စွမ်းရှိမှသာ လူ့အဖွဲ့အစည်း ၏ အနာဂတ်အတွက် မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ယနေ့ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော ဒီမိုကရေစီနိုင်ငံအဖြစ် အောင်အောင်မြင်မြင် တည်ဆောက်နိုင်ခြင်းကို ကြည့်လျှင် အိန္ဒိယနိုင်ငံခေါင်းဆောင်များ၏ အတွေးအခေါ် အဆုံးအဖြတ် မှန်သည် မမှန်သည်ကို အကဲခတ်လေ့လာနိုင်မည် ဖြစ်သည်။

ဤစာအုပ်ကို နယူးယောက်တိုင်းမ် သတင်းစာက H.G.Wells ၏ Outline History of the World နှင့် နှိုင်းယှဉ်

ချီးကျူးခဲ့ပြီး အခြားသော ဝေဖန်ရေးပညာရှင်များကလည်း ကမ္ဘာ့သိမ်းအမြင်ကိုညရေပတိုက်သား မဟုတ်သူတာစီးက သုံးသပ်ဝေဖန်တားသည့်ယထမခံ့

စ ၁

အုပ်အဖြစ် ချီးမွမ်းခန်း ဖွင့်ခဲ့သည်။ နေရှူးသည် ခေတ်ပညာတတ်တစ်ဦး ဖြစ်သည့်အားလျော်စွာ သမိုင်းကို သုံးသပ်ရာတွင် အယူအစွဲအနည်းဆုံးဖြင့် သုံးသပ်သွားသည်ကို တွေ့ရသည်။

ရှေးဟောင်းအစဉ်အလာများနှင့် ပတ်သက်သောအမြင်ကို 'အိန္ဒိယတောင်ပိုင်းက မြောက်ပိုင်းကို လွှမ်းမိုးခြင်း' အမည်ရှိပေးစာတွင် "ကြောက်စရာအကောင်းဆုံး နံရံတံတိုင်းက လူ၏စိတ်နှလုံးထဲမှ ဖြစ်ပေါ်နေတဲ့ နံရံတံတိုင်းဖြစ်တယ်။ အဲဒီနံရံတံတိုင်းဟာ ဆိုးတဲ့အစဉ်အလာတစ်ခုကို ရှေးဟောင်းဖြစ်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ မစွန့်ပစ်အောင် ကာကွယ်ဟန့်တားထားပြီး၊ အယူဆသစ်တစ်ခုကို ဆန်းသစ်တယ်လို့ အကြောင်းပြချက်နဲ့ လက်မခံအောင် ကာကွယ်ဟန့်တားတယ်" ဟု ဖော်ပြထားသည်။

ဘာသာတရားနှင့်ပတ်သက်သော နေရှူး၏အမြင်နှင့် သုံးသပ်ချက်များသည်လည်း ခေတ်ရှေ့ပြေး၍ ဆန်းသစ်သည် ကို တွေ့ရသည်။ 'ချီဆင်နှင့် ဒိုက်နစ်ပွန်' အမည်ရှိ ပေးစာတွင် "ရှင်တို့နှင့် အခြားဘာသာတရားအချို့ဟာ ဖေဖေတို့ရဲ့ သစ္စာရှိမှုကို အမြတ်ထုတ်ပြီး ဖေဖေတို့ကို၊ စိုးမိုးအုပ်ချုပ်နေတဲ့ လူတစ်စုကို အကျိုးဖြစ်ထွန်းအောင် လုပ်နေကြတယ်။..." ဟူ၍လည်းကောင်း "အုပ်ချုပ်သူ လူတန်းစားကို သစ္စာရှိရမယ်လို့ ရှင်တို့ဘာသာက ညွှန်ကြားထားတဲ့အတွက်ကြောင့် ဖြစ်တယ်"ဟုလည်းကောင်း ဖော်ပြထားသည်။

နေရှူးကိုယ်တိုင်က ဘာသာတရားဟူသော ပညတ်ချက်တစ်ခုထက် အခြေခံလူ့ကျင့်ဝတ်များကို တန်ဖိုးထားသူပီပီ သမိုင်း၏ အချို့အချို့သော အချိုးအကွေ့များတွင် "ဘာသာရေးစာအုပ်တွေက လည်း တိုးတက်မှုလမ်းကြောင်းမှာ အဟန့်အတားလိုဖြစ်နေကြတယ်" ဟု 'နိုင်ငံများ ယဉ်ကျေးမှုများ၏ အတက်အကျ' အမည်ရှိပေးစာတွင် အလယ်ခေတ်၏ ဆင်ခြင်တုံတရားများမှာ ဘာသာရေးသံကြိုးနှင့် နှောင်တည်းခံထားရကြောင်းကို ဖော်ထုတ်တင်ပြရင်း မှတ်ချက်ပြုထားသည်ကို တွေ့ရမည် ဖြစ်သည်။

အထူးသဖြင့် အစွန်းရောက်ဘာသာရေးဝါဒီများ၏ အကြမ်းဖက်မှုများနှင့် ကြုံတွေ့နေရသော ယနေ့အချိန်မျိုးတွင် နေရှူး၏ "... တကယ်လို့ လူတစ်ဦးတစ်ယောက်အား ယုံကြည်ချက်တစ်စုံတစ်ရာအတွက် အသက်စွန့်လွှတ်ထားရင် အဲဒီလို အသက်ကို စွန့်လွှတ်ခြင်းဟာ ဂုဏ်သိက္ခာတစ်ခု ဖြစ်တယ်လို့ ထင်မြင်ယူဆထားရင် အဲဒီလူကိုလည်းကောင်း၊ အဲဒီလူရဲ့ ယုံကြည်ချက်ကိုလည်းကောင်း ဖိနှိပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး" ဟူသော 'ခရစ်တော်နှင့်၊ ခရစ်ယာန်ဘာသာ' အမည်ရှိပေးစာပါ အမြင်သဘောထားမှာ များစွာ မှန်ကန်နေကြောင်း တွေ့ရမည်ဖြစ်သည်။ ယုံကြည်မှုအစွဲအလမ်းကြီးခြင်းသည် သက်ဆိုင်ရာနိုင်ငံနှင့် လူမျိုးတို့၏ စိတ်ပိုင်းဆိုင်ရာကို များစွာလွှမ်းမိုးမှုရှိပြီး လူမျိုးတစ်မျိုးအနေ ဖြင့် ထိုကဲ့သို့ အယူအစွဲကြီးပြီဆိုပါက ထိုသူများကို ထိန်းချုပ်ရန်မှာ ပိုမိုလွယ်ကူကြောင်းကို 'ကုရှန်လူမျိုးတို့၏ နယ်ခြားအင်ပိုင်ယာ' အမည်ရှိ ပေးစာတွင် "ပြည်သူကိုခေါင်းပုံဖြတ်ဖို့ မျက်ကန်းအစွဲအလမ်းကို မြေတောင်မြှောက်ပေးတာ ရှေးဟောင်းရောမရဲ့ ပေါ်လစီဖြစ်တယ်" ဟု ရေးသားထားသည်။

မှန်ကန်သော အတွေးအခေါ်ကို ရနိုင်ရန်မှာ လူမျိုးစွဲ၊ ဘာသာစွဲ၊ နိုင်ငံစွဲစသော အစွဲများကို ဖျောက်မှဖြစ်နိုင်ကြောင်း ဤစာအုပ်တွင် အထင်အရှား တွေ့နိုင်ပေသည်။ အထူးသဖြင့် လူ့အဖွဲ့အစည်း၏ အနာဂတ် ထိုဆုံးဖြတ်စီမံကြသူများ၊ ဆုံးဖြတ်စီမံကြမည့်သူများနှင့် ဆုံးဖြတ်စီမံလိုကြသူများအဖို့ သမိုင်းသဘောတရား အမြင်မှန်ကို ရနိုင်ရန် ဖတ်ရှုလေ့လာသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

ထုတ်ဝေတိုက်–လောကသစ်စာပေ
မျက်နှာဖုံးဒီဇိုင်း– ဖော်မောင်
တန်ဖိုး– ၁၂၀၀ ကျပ်
ထုတ်ဝေနှစ်– ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ
အကြိမ်– ပထမအကြိမ်
အုပ်ရေ– ၁၀၀၀
စာမူခွင့်ပြုချက်အမှတ်– [၅၇/၂၀၀၃(၇)]

---

## ရာဇဝင်တွင်ရစ်မယ့် စကားဝိုင်းများ

### ကျော်ဝင်း

ယခုစာအုပ်ပါအကြောင်းအရာများမှာ နိုင်ငံတော် လျှို့ဝှက်ချက်များအဖြစ်သာ ရှိနေခဲ့ရာမှ ကစ်ဆင်းဂျား၏ ဖော်ထုတ်ရေးသားမှုဖြင့်သာ လူအများသိခွင့်ရှိလာခြင်း ဖြစ်သည်။ သမိုင်းခေတ် တစ်ခေတ်ဖြစ်ခဲ့သည့် စစ်အေးခေတ်တွင် အမေရိကန်၊ တရုတ်၊ ဆိုဗီယက်တို့အကြားတွင် အင်အားပြိုင်ဆိုင်မှုများရှိခဲ့ရာ ထိုပြိုင်ဆိုင်မှုများမှ ပြဿနာရပ်အတော်များများကို ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဖြေရှင်းနိုင်ခဲ့ကြသည်။ ထိုဆွေးနွေးညှိနှိုင်းမှုများအနက်မှ အမေရိကန်–တရုတ် ညှိနှိုင်းပွဲများတွင် အမေရိကန်သမ္မတ နစ်ဆင်လက်ထက် ဆွေးနွေးပွဲများအကြောင်းကို ထိုပွဲများ၌ အဓိကဇာတ်ကောင်အဖြစ် ပါဝင်ခဲ့သော ဟင်နရီကစ်ဆင်းဂျား၏ ထုတ်ဖော်ရေးသားချက်စာအုပ် (The Kissinger Transcript) ကစ်ဆင်းဂျား မှတ်တမ်းများကို ကျော်ဝင်းက "ရာဇဝင်တွင်ရစ်မယ့် စကားဝိုင်းများ" အမည်ဖြင့် ရေးသားထားခြင်းဖြစ်သည်။

ကျော်ဝင်း၏အမှာစာတွင် ဂိမ်းသီအိုရီကြောင့် စစ်အေးခေတ်ထိပ်သီးဆွေးနွေးပွဲများ အောင်မြင်ခဲ့သည်ဆိုသော




ပထမအချက်၊ ၁၉ ရာစု ဒဿနပညာရှင် ဟီးဂဲ(လ)က "နိုင်ငံရေးတွင် ထာဝရ မိတ်ဆွေ၊ ထာဝရရန်သူမရှိ၊ ထာဝရအကျိုးစီးပွားသာရှိသည်" ဟူသည့် အမြင်အတိုင်း ရန်သူတော်ကြီးများဖြစ်ခဲ့သော အမေရိကန်၊ တရုတ်တို့နှစ်ဦးမှာ ညှိနှိုင်းဆွေးနွေးပြီး နောက် မဟာဗျူဟာမဟာမိတ်များ ဖြစ်လာသည်ဟူသော ဒုတိယအချက်၊ မဝေးသော စစ်အေးသမိုင်းနှင့် စစ်အေးလွန်ခေတ်များတွင် အဆက်အစပ်ရှိသည်ဟူသော တတိယအချက်၊ထိုအချက်သုံးချက်ကို ဆက်စပ်စဉ်းစားပြီး ဤစာအုပ်ကို ဖတ်သင့်သည်ဟု ဖော်ပြထားသည်။

ဆွေးနွေးပွဲများတွင် တရုတ်ခေါင်းဆောင်များဖြစ်သော မော်စီတုန်း၊ ချူအင်လိုင်းနှင့် အမေရိကန်ဘက်မှ သမ္မတနစ်ဆင်၊ ကစ်ဆင်းဂျားတို့သည် တစ်ဦးနှင့်တစ်ဦး နောက်နောက်ပြောင်ပြောင် ရယ်ရယ်မောမောနှင့် အရေးမကြီးအကြောင်းအရာများမှ အရေးကြီးအကြောင်းအရာများသို့ ဦးတည်ဆွေးနွေးနိုင်ခဲ့ကြသည်။ နောက်ဆုံးတွင် သူသဘောတူညီချက်အတော်များများကို ရရှိနိုင်ခဲ့သည်ကို တွေ့ရသည်။ အခန်း (၁) 'နှင်းခဲပျော်စ'နှင့် အခန်း (၂) 'ရန်သူဟောင်းနှစ်ယောက်' အခန်းများတွင် အမေရိကန်-တရုတ် ပြေလည်မှုရရှိလာပုံကို တင်ပြထားပြီး "အခန်း (၃) သံခင်းတမန်ခင်း စီးချင်းထိုးပွဲတွင်" ချစ်ကြည်ခါစ မဟာမိတ်နှစ်ဦးမှာ ကမ္ဘောဒီးယားပြဿနာ၌ ရပ်တည်ချက်ခြင်းမှာ ဆန့်ကျင်ဘက်ဖြစ်သော်လည်း တရုတ်ဘက်မှ ချူအင်လိုင်းနှင့် အမေရိကန်ဘက်မှ ကစ်ဆင်းဂျားတို့၏ စွမ်းဆောင်ဆွေးနွေးချက်များကြောင့် နီးစပ်တူညီလုနီးပါး ရရှိခဲ့ပုံကို ဖော်ပြထားသည်။

စာအုပ်၏ "Book Reveiew" ကဏ္ဍတွင် အမေရိကန်သမ္မတ အဆက်ဆက် ကြုံခဲ့ရသော အရှေ့အလယ်ပိုင်း ပြဿနာတွင် ယခုသမ္မတလက်ထက်က အနေအထားကို အမြင်ပိုရှိစေရန်အတွက် ယခင်က ကစ်ဆင်းဂျားခေတ်က အနေအထား ၁၉၇၃ အရှေ့အလယ်ပိုင်း အာရပ်-အစ္စရေးစစ်ပွဲတွင် ကစ်ဆင်းဂျားနှင့် အာရပ်နိုင်ငံများ၏ နောက်ကွယ်ခေါင်းဆောင် ဆိုဗီယက်တို့ ညှိနှိုင်းအဖြေရှာပုံများကို တင်ပြထားသည်။

ဤစာအုပ်သည် နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်နယ်ပယ်တွင် စစ်အေးခေတ် သံတမန်ခင်းကို စိတ်ဝင်စားသူများအတွက် စစ်အေးခေတ်မှ ပြိုင်ဘက်နိုင်ငံကြီးများအကြား ပြဿနာရပ်များကို ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုကြဘဲ ဆွေးနွေးညှိနှိုင်းမှုများဖြင့်သာ ဖြေရှင်းနိုင်ကြကြောင်း စစ်အေးနှင့် စစ်အေးလွန်ခေတ်ကို ဆက်စပ်စဉ်းစားနိုင်ရန် တင်ပြထားခြင်း ဖြစ်ပေသည်။

ထုတ်ဝေဖြန့်ချိရေးတိုက်- Plastic Rainbow Book Publication
မျက်နှာဖုံးဒီဇိုင်း- ကိုဇော်ဦး
စီစဉ်သူ- ရွှေကျော်
တန်ဖိုး- ၇၅၀ ကျပ်
ထုတ်ဝေနှစ်- ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ
အကြိမ်- ပထမအကြိမ်
အုပ်ရေ- ၅၀၀
စာမူခွင့်ပြုချက်အမှတ်- ၄၇/၂၀၀၄(၅)

■




# အသုံးတွင်ကျယ်လာတော့မည့် Online e-Library စနစ်များ

ဖြိုးဝင်းလတ်

**e-Library ဟူသော ဝေါဟာရကို မြန်မာတို့က Multimedia CD-ROM များကို စုဆောင်းထားရှိပြီး ကွန်ပျူတာဖြင့်ကြည့်ရှုနိုင်ရန် စီစဉ်ထားသည့် စာကြည့်တိုက်မျိုးဖြစ်သည်ဟူ၍သာ နားလည်သဘောပေါက်ကြကြောင်း စာကြည့်တိုက်ပညာရှင်တစ်ဦးက ပြောဖူးပါသည်။ အမှန်အားဖြင့်မူ CD များ စုဆောင်းထားရှိသော စာကြည့်တိုက်ကို CD-ROM Library ဟုသာ ခေါ်ဆိုနိုင်မည်ဖြစ်သည်။ အီလက်ထရွန်နစ်စာကြည့်တိုက်ဆိုသည်မှာ (e-Library)ဆိုသည်မှာ စာအုပ်၊ စာနယ်ဇင်း များကို ကွန်ပျူတာကွန်ရက် (Network, Internet) တို့ဖြင့် ဆက်သွယ်ဖတ်ရှုနိုင်အောင် သို့မဟုတ် အဆိုပါစာများကို CD-ROM တွင် ထည့်သွင်းထားခြင်း ဖြစ်သည်။**

မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှသာလျှင် အင်တာနက်နည်းပညာကို တွင်တွင်ကျယ်ကျယ် သုံးစွဲလာကြသည်။ အင်တာနက်ကို သုံးစွဲရာတွင် အဓိကအားဖြင့် E-mail၊ Chat စသည်တို့သာ အတော်သုံးစွဲကြသည်ဟု တွေ့ရှိရသည်။ ပညာရပ်ဆိုင်ရာစာပေများကို ရှာဖွေရန်နှင့် သုတေသနအတွက် အထောက်အထားများကို ရှာဖွေရာတွင် အင်တာနက်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုမှုမျိုး မြန်မာနိုင်ငံတွင် အားနည်းနေသေးပေသည်။ ထို့ကြောင့် ယခုလက်ရှိအချိန်အထိ မြန်မာနိုင်ငံတွင် သုံးစွဲနိုင်သည့် e-Library စနစ်များမှာ အခြား အာဆီယံနိုင်ငံများနှင့် နှိုင်းစာလျှင် အလွန်နည်းပါးနေသေးကြောင်း တွေ့ရမည်ဖြစ်သည်။ ယခုလက်ရှိ e-Library စနစ်များကို လက်ချိုးရေတွက်

ကြည့်လျှင်လက်တစ်ဖက်ပင်ပြည့်မည် မဟုတ်ဘဲ အဆိုပါ e-Library စနစ်များ မှာလည်း ဌာနဆိုင်ရာမှ ဝယ်ယူသုံးစွဲထား ခြင်းမျိုးမဟုတ်ဘဲ ပုဂ္ဂလိကအဖွဲ့အစည်း အချို့ကသာလျှင် သုံးစွဲနေသည်ကို တွေ့ ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လက်ရှိ သုံးစွဲနိုင်သော e-Library စနစ်သုံးခုကို IT မိတ်ဆက်အဖြစ် တင်ပြလိုက်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိ သုံးစွဲနေ သော Online e-Library စနစ်သုံးခုမှာ Thompson Gale Group မှ လွှင့်တင်ထား သော Infotrac e-Library၊ ProQuest Information and Learning Company မှလွှင့်တင်ထားသော ProQuest e-Library နှင့် EBSCO Publishing မှ လွှင့်တင်ထား သည့် EBSCO HOST Research Data Bases တို့ပင် ဖြစ်သည်။ ယင်း Library သုံးခုအနက် Infotrac ကို ဗြိတိသျှကောင်စီ စာကြည့်တိုက်မှ Subscribe လုပ် မှာယူ ထားခြင်းဖြစ်ပြီး ProQuest နှင့် EBSCO HOST တို့ကို အမေရိကန်စင်တာ စာကြည့် တိုက်မှ Subscribe လုပ် မှာယူထားခြင်း ဖြစ်သည်။ နှစ်စဉ်ကြေးပေးသွင်း၍ မှာယူ ထားသော Web Site များဖြစ်သဖြင့် မှာယူ သူ၏ ID နှင့် Password တို့ကို ရိုက်သွင်း ပြီးမှသာလျှင် ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်သည်။ ထို့ကြောင့် အထက်ပါ e-Library စနစ်များကို အသုံးပြုလိုသူများ သည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ သုံးစွဲရန် ညွှန်ကြားမှု တောင်းခံ ရမည်ဖြစ်သည်။

## Infotrac e-Library စနစ်

Infotrac e-Library စနစ်ကို ဗြိတိသျှကောင်စီမှ ၂၀၀၃ ခုနှစ်မှ အစပြု၍ Subscribe လုပ်ထားခြင်းဖြစ်ပြီး စာနယ်ဇင်း ၁၀၀၀ ကျော်နှင့် ဗြိတိန်နိုင်ငံထုတ် ဂျာနယ် ၆၀၀ ကျော်တို့ကို ကြည့်ရှုနိုင်သည်ဟု သိရ သည်။ ဂျာနယ်ပေါင်း ၆၀၀ ကျော်အနက် ၄၄၉ ခုမှာ စာသားအပြည့်အစုံ ဖတ်ရှုနိုင် ပြီး ကျန်ဂျာနယ်များမှာမူ မာတိကာနှင့် Abstract ခေါ် အကျဉ်းချုပ်သာ ကြည့်ရှုနိုင် ကြောင်း သိရသည်။ Infotrac e-Library စနစ်ကို နိုင်ငံတကာတွင် ၁၉၈၅ ခုနှစ်ကပင် အစပြုခဲ့ကြောင်း Microsoft Encarta စွယ်စုံကျမ်းတွင် ဖော်ပြထားပါသည်။ Infotrac အတွက် တစ်နှစ်လျှင် စတာလင် ပေါင် ၅၀၀ Thompson Gale Group ကုမ္ပဏီသို့ ပေးသွင်းရသည်ဟု ဗြိတိသျှ ကောင်စီစာကြည့်တိုက်မှ ရည်ညွှန်းစာကြည့် တိုက်မှူး ဦးမျိုးကိုကိုဦးက ဆိုသည်။

Infotrac Web Site ကို Subscribe လုပ်ရာတွင် ပါဝင်သော Database များမှာ မှာယူသူ၏ ရွေးချယ်မှုအပေါ် မူတည်၍ ကွာခြားမှု ရှိသည်ကို တွေ့ရသည်။ မှာယူ သူမှ မိမိနှစ်သက်ရာ Third Party Database များကိုလည်း ထည့်သွင်းမှာယူ နိုင်သည်ကို တွေ့ရသည်။ ဗြိတိသျှကောင်စီမှ မှာယူထားသော Database များမှာမူ Journal Database နှင့် Newspapers Database နှစ်ခုသာ ရှိသဖြင့် Web Site အတွင်းသို့ ဝင်ရောက်သွားလျှင် အဆိုပါ Database နှစ်ခုကိုသာ တွေ့ရမည် ဖြစ် သည်။

ဦးမျိုးကိုကိုဦး၏အဆိုအရ Infotrac e-Library စနစ်သည် ဂျာနယ်၊ သတင်း စာများမှ စာသားများကို Scanner ဖြင့် ဖတ်ပြီး Text အသွင်ပြောင်းလဲထားခြင်း မဟုတ်ဘဲ Infotrac Server မှ သက်ဆိုင်ရာ စာနယ်ဇင်းများ၏ Server များသို့ တိုက်ရိုက် ချိတ်ဆက်ပြီး စာသားများကို Infotrac Server ထဲသို့ Download ချပြီး ဖော်ပြ ထားခြင်းဖြစ်သည်ဟု သိရသည်။ ဤနည်း ဖြင့် စာနယ်ဇင်းများကို သက်ဆိုင်ရာ ထုတ်ဝေသူများက ပုံနှိပ်စာအုပ်အနေနှင့် မဖြန့်မီ စာသားများကို Server ပေါ် တင်က တည်းကပင် ဖတ်ရှုနိုင်ကြောင်း သိရသည်။ သို့သော် တစ်ခါတစ်ရံတွင်မူ ထိုသို့ဖတ်ရှု နိုင်သောစာများမှာ ပုံနှိပ်စာအုပ်များလောက် ပြည့်စုံခြင်း မရှိသေးဘဲ ပုံနှိပ်စာအုပ် ထွက် ရှိပြီးသည့်နောက်ပိုင်းတွင်မှာ အဆိုပါ စာစောင်ပါ စာသားများကို Infotrac တွင် ပြည့်စုံစွာ ဖတ်ရှုခြင်းမျိုးလည်း ရှိတတ် သည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

Infotrac e-Library စနစ်တွင် Athen Users ဟု ခေါ်သော စနစ်တစ်မျိုး ပါဝင်သည်ကို တွေ့ရသည်။ ယင်းစနစ်မှာ Infotrac ကို မှာယူထားသည့် စာကြည့် တိုက်နှင့် အဖွဲ့အစည်းများအနေဖြင့် ၎င်း တို့၏အဖွဲ့ဝင်များကို မိမိတို့၏ မူလ ID နှင့် Password များကို ပေးစရာမလိုဘဲ သက်ဆိုင်ရာအဖွဲ့ဝင်တစ်ဦးချင်းအလိုက် ID နံပါတ်နှင့် Password များ သတ်မှတ် ပေးပြီး Infotrac e-Library စနစ်ကို ခွဲဝေ သုံးစွဲစေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်တွင်မူ အဆိုပါစနစ်ကို အသုံးမပြုသဖြင့် ဗြိတိသျှ ကောင်စီမှ Subscribe လုပ်ထားသော Infotrac e-Library ကို အသုံးပြုသူများ အနေဖြင့် Athen Users စနစ်ဖြင့် ဝင် ရောက်ကြည့်ရှု၍ မရကြောင်း သိရသည်။

## ProQuest e-Library စနစ်

ProQuest e-Library စနစ်ကို Online ပေါ်တွင်သာမကဘဲ CD-ROM ဖြင့်လည်း အသုံးပြုနိုင်သည်ကို တွေ့ရသည်။ CD-ROM ဖြင့် အသုံးပြုရာတွင် ProQuest စနစ်အတွက် အထူးပြုလုပ်ထားသော CD-ROM ဖတ်စက်များနှင့် ProQuest Searchware ခေါ် Software တို့ဖြင့် ပေါင်းစပ်အသုံးပြုရသည်။ ProQuest CD-ROM စနစ်ကို အမေရိကန်စင်တာ စာကြည့်တိုက်တွင် ၁၉၉၄ ခုနှစ်ကပင် စတင် အသုံးပြုခဲ့သည်ဟု ဆိုသည်။ ထိုစဉ်က အသုံးပြုခဲ့သော ProQuest Software မှာ DOS Version ဖြစ်ပြီး Windows Version အဖြစ် နိုင်ငံတကာတွင် ၁၉၉၈ ခုနှစ်မှ စ၍ ပြောင်းလဲခဲ့ပြီး အမေရိကန်စင်တာတွင် မူ ၂၀၀၄ ခုနှစ် ဇူလိုင်လမှစ၍ Window Version ကို ပြောင်းလဲသုံးစွဲခဲ့ကြောင်း

အမေရိကန်စင်တာ၏ ရည်ညွှန်းစာကြည့် တိုက်မှူးဖြစ်သူက ပြောကြားသည်။

ProQuest Online e-Library ကို သက်သက် Subscribe လုပ်ရန်မလိုဘဲ CD-ROM စနစ်ကို Subscribe လုပ်ပါက Online သို့ ဝင်ရောက်ခွင့် User ID နှင့် Password ပါရသည်ဟု ၎င်းက ဆိုသည်။ ProQuest e-Library စနစ်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၈၅၀ ပေးရကြောင်း သိရသည်။ ProQuest e-Library စနစ်တစ်ခုလုံးတွင် ပါဝင်သော စာနယ်ဇင်းများနှင့် ပညာရပ်ဆိုင်ရာ ဂျာနယ်များမှာ ဖွန်လ ၇ ရက် ၂၀၀၄ ခုနှစ် အထိ စာရင်းအရ ၃၁၁၂ ခု ရှိပြီး အမေရိကန်စင်တာမှ Subscribe လုပ်ထားသော စာနယ်ဇင်းများ၊ ပညာရပ်ဆိုင်ရာ ဂျာနယ်များမှာ ၅၄၁ ခု ရှိသည်ဟု သိရသည်။ ProQuest CD-ROM တွင် ပါဝင်သော စာသားများမှာ Infotrac မှာကဲ့သို့ Text ဖြင့်မဟုတ်ဘဲ စာစောင်များကို အဖြူအမဲ Scanner တင်ထားသည့် Micro Film ကဲ့သို့သော ပုံများဖြင့်သာ ဖတ်ရှုနိုင် သည်ဟု သိရသည်။ ProQuest Online စနစ်တွင်မူ Scanner တင်ထားသည့်ပုံဖြင့် ရော Text ဖြင့်ပါ ဖတ်ရှုနိုင်သည်ဟု သိရ သည်။ Online စနစ်တွင် CD-ROM စနစ်ထက် အားသာချက်မှာ အချို့ဆောင်း ပါးများကို Online စနစ်တွင်သာ ဖတ်ရှုနိုင်ခြင်းဖြစ်သည်ဟုလည်း ၎င်းက ဖြည့်စွက် ပြောကြားသည်။ ProQuest စနစ်တွင် အမေရိကန်စင်တာမှ မှာယူထားသော အခြားစနစ် ဖြစ်သည်။ EBSCO HOST Research Databases စနစ်ထက် အားသာ ချက်မှာ ဂျာနယ်တစ်ခုချင်းစီ၏ မာတိကာ (Table of Contents) ကို ကြည့်ရှုရခြင်း ဖြစ်ကြောင်းလည်း သိရသည်။



## EBSCO HOST Research Databases

EBSCO HOST ကို အမေရိကန်စင်တာမှ Subscribe လုပ်ထားသည်မှာ သိပ်မကြာသေးဟု ရည်ညွှန်းစာကြည့် တိုက်မှူးမှ ပြောကြားသည်။ EBSCO HOST မှာ ProQuest လောက် ဈေးနှုန်း မကြီးလှဘဲ တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၁၀၅၀ လည်း ကျသင့်သော်လည်း ပါဝင်သော Database များမှာမူ ProQuest မှာလောက် အမျိုးအစား စုံလင်ခြင်းမရှိဟု လည်း ၎င်းက ဆိုသည်။ EBSCO HOST တွင် ProQuest တွင် မပါဝင်သည့်စနစ် တစ်ခုဖြစ်သည့် Image Collection စနစ် ပါဝင်သည်ကို တွေ့ရသည်။ Image Collection စနစ်တွင် ဓာတ်ပုံများ၊ ရုပ်ပုံများ၊ မြေပုံများကို Online Picture Library အနေဖြင့် သိမ်းဆည်းထားပြီး လိုအပ်သလို ရှာဖွေ ရယူနိုင်ကြောင်း အဆိုပါစာကြည့်တိုက်မှူး က ဆိုသည်။

အထက်တွင်ဖော်ပြခဲ့သော e-Library စနစ်မှာ မြန်မာနိုင်ငံတွင် လက်ရှိ အသုံးပြု နိုင်သည့်စနစ်များအားလုံးလိုလိုပင် ဖြစ် သည်။ Infotrac စနစ်ကို Subscribe လုပ် ထားသည့် ဗြိတိသျှကောင်စီ စာကြည့် တိုက်ဆိုလျှင် စာကြည့်တိုက်အသင်းဝင် များကို Outside Access ခေါ် စာကြည့် တိုက်ပြင်ပမှ ကြည့်ရှုခွင့်ကို ပေးထားသဖြင့် အသင်းဝင်များအနေဖြင့် စာကြည့်တိုက် ပြင်ပမှ ဝင်ရောက်ကြည့်ရှုခွင့်အတွက် လိုအပ် ချက်များကို စုံစမ်းရေးဌာနတွင် မေးမြန်း စုံစမ်းနိုင်သည်။ အမေရိကန်စင်တာ စာကြည့်တိုက်မှ Subscribe လုပ်ထား သော Online Database များဖြစ်သည့် ProQuest နှင့် EBSCO HOST တို့ကိုမူ စာကြည့်တိုက် အသင်းဝင်များအနေဖြင့် ကိုယ်တိုင် ကိုင်တွယ်သုံးစွဲနိုင်မည်မဟုတ်ဘဲ စာကြည့်တိုက်တာဝန်များမှတစ်ဆင့်သာ မိမိတို့ လိုအပ်သည်တို့ကို ရှာဖွေနိုင်မည်ဟု ရည်ညွှန်းစာကြည့်တိုက်မှူးမှ ပြောကြား သည်။ သို့ရာတွင် ProQuest CD-ROM များကိုမူ စာကြည့်တိုက်အသင်းဝင်များ အားလုံး အသုံးပြုနိုင်ကြောင်း ၎င်းက ဆို သည်။

e-Library များကို အသုံးပြုခြင်း ဖြင့် သမားရိုးကျ စာကြည့်တိုက်များတွင် လိုအပ်သောအချက်အလက်များကို ရှာဖွေ သည်ထက်စာလျှင် လွယ်ကူလျင်မြန်စွာ ရှာဖွေနိုင်ပြီး ကုန်ကျစရိတ် သက်သာခြင်း အကျိုးကျေးဇူးရရှိသဖြင့် နိုင်ငံတကာတွင် တွင်ကျယ်စွာ အသုံးပြုလာကြပြီ ဖြစ်သည်။ ပါကစ္စတန်ကဲ့သို့သော နိုင်ငံမျိုးမှာတွင်ပင် စာကြည့်တိုက်များသို့ ပုံမှန် သွားရောက် ခြင်းမျိုး သိပ်မရှိတော့ဘဲ e-Library များ မှတစ်ဆင့်သာ လိုအပ်သော အချက်အလက် များကို ရှာဖွေနေပြီဖြစ်ကြောင်း ဦးမျိုး ကိုကိုဦးက ပြောကြားသည်။ မြန်မာနိုင်ငံ တွင် e-Library စနစ်ကို စတင်အသုံးပြု ရန်အတွက် Capstone e-Library ခေါ် e-Library စနစ်တစ်ခုကို သက်ဆိုင်ရာမှ လေ့လာနေကြောင်း အဝေးသင်တက္ကသိုလ် ဆရာတစ်ဦးက ဆိုပါသည်။ မြန်မာနိုင်ငံတွင် Internet ၏ သွင်ပြင်လက္ခဏာများအနက် အချို့ကို ယခုအချိန်တွင် အသုံးပြုနိုင်ခြင်း မရှိသေးသော်လည်း နောင်ကာလအပိုင်း အခြားတစ်ခုတွင်မူ အသုံးပြုနိုင်တော့မည် ဖြစ်ရာ e-Library စနစ်သည်လည်း Internet ၏ သွင်ပြင်လက္ခဏာတစ်ခုအဖြစ် တွင်ကျယ်လာနိုင်မည် ဖြစ်ပါသည်။

**ဖြိုးဝင်းလတ်**

# ရက်စွဲမှတ်တမ်း

**၅-၇-၂၀၀၄** ✱ ရုပ်ရှင်ဒါရိုက်တာနှင့် ထုတ်လုပ်သူ ဦးမျိုးမြင့်အောင် (ခ) ဟာဂျီယူစွပ် အသက် ၅၇ နှစ် ကွယ်လွန်။

**၇-၇-၂၀၀၄** ✱ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီမှ မြန်မာကျောင်းသား ၇ ဦးတို့အား မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် နည်းပညာတက္ကသိုလ် တွင် ပညာဆည်းပူးရန် ပညာသင်ဆု ချီးမြှင့်။

**၉-၇-၂၀၀၄** ✱ အမျိုးသားညီလာခံ ခေတ္တရပ်နားကြောင်းနှင့် ခြေခင်းလက်ခင်းသာသည့် ပွင့်လင်းရာသီတွင် နောက်တစ်ကြိမ် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမတွင် ပြောကြား။

**၁၀-၇-၂၀၀၄** ✱ မြန်မာ–ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) တွင် စတင်ကျင်းပ။

✱ မကွေးတိုင်း၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ ကျောက်ထုမြို့တွင် တည်ဆောက်ထားသော ပြေးလမ်းအရှည် ၆၅၀၀ ပေ၊ ပြေးလမ်းအကျယ် ၁၀၀ ပေရှိသည့် ကျောက်ထုလေဆိပ် ဖွင့်လှစ်။

**၁၁-၇-၂၀၀၄** ✱ နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ။

**၁၂-၇-၂၀၀၄** ✱ ဇူလိုင်လ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး၏ သံအမတ်ကြီးရုံးခန်း၌ အသံဖမ်းကိရိယာတွေ့ရှိခဲ့ကြောင်း ဖော်ပြပြီး သတင်းမီဒီယာအချို့က မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောဆိုမှုများ ပေါ်ပေါက်ခဲ့ရာ အဆိုပါစွပ်စွဲပြောဆိုမှုများ မှန်ကန်မှုမရှိကြောင်း မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဗီယိုဆို ဂရိဂျိုဝါလ်စီတိုအား တွေ့ဆုံရှင်းလင်းပြောကြား။

✱ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ အစိုးရတို့အကြား စီးပွားရေးနှင့် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ တည်ဆောက်ရေးစီမံကိန်းဆိုင်ရာစာလွှာ၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်လုပ်ငန်းစီမံကိန်းများ၏ ပင်မစီမံချက်ရေးဆွဲရေးဆိုင်ရာစာလွှာ၊ သန်လျင်–ကျောက်တန်း စက်မှုဇုန်အတွက် ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာ စာလွှာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတိုးမဲ့ချေးငွေ ရင်မင်ဘီယွမ် သန်း ၅၀ ဖြင့် ရထားသံလမ်းများ ရယူရေးဆိုင်ရာစာလွှာ၊ မြန်မာနိုင်ငံ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းအချက်အလက်လုပ်ငန်းဝန်ကြီးဌာနတို့အကြား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အမှတ် (၄) ယူရီးယားဓာတ်မြေဩဇာစက်ရုံ (တိုက်ကြီး) တည်ဆောက်ရေး အတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းရေးသဘောတူစာချုပ်၊ ချေးငွေပေးဆပ်ရေးပြန်လည်ညှိနှိုင်းမှု သဘောတူစာချုပ်၊ မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ရက် တည်ဆောက်ရေးစီမံကိန်းအတွက် ထောက်ပံ့ရေးစာချုပ်၊ တကောင်းတောင်နီကယ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းသဘောတူစာချုပ်၊ ပျော့ဖတ်စက်ရုံများ တည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာများကို နှစ်နိုင်ငံမှ တာဝန်ရှိသူအသီးသီး လက်မှတ်အပြန်အလှန် ရေးထိုးလဲလှယ်။

**၁၃-၇-၂၀၀၄** ✱ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) နှင့် တရားရုံးချုပ်တို့ ပူးပေါင်းကျင်းပသည့် ကလေးသူငယ်တရားစီရင်ရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင် ရာအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပ။

အမှတ်-၁၃၊ သိပ္ပံလမ်း၊ အလုံမြို့နယ်၊
ရန်ကုန်။
ဖုန်း-၂၂၇၆၉၅၊ ၂၂၀၅၆၀၊ ၂၈၅၇၀၁

# ဘယ်ပစ္စည်းဘာကြောင့်
# WHICH & WHY




## External Energy Bank (Power Runner)

ဒစ်ဂျစ်တယ်ကင်မရာ၊ ပီဒီအေ၊ စီဒီ၊ ဒီဗီဒီဖွင့် စက်များ၊ ဝေါကီတော်ကီစကားပြောစက်များ အသုံးပြု ရာတွင် လိုအပ်သော မီးအားပါဝါကို ပေးနိုင်သည့် စက် ဖြစ်။ No Memory Effect ဖြစ်ပြီး သယ်ဆောင်ရ လွယ်ကူစေရန် သေးသွယ်ကျစ်လျစ်စွာ ထုတ်လုပ်ထား။ ထိုင်ဝမ်မှ ထုတ်လုပ်ပြီး ရောင်းဈေး ကျပ် ၄၀,၀၀၀ ဖြစ်။



## Solar Emergency Charger

ဘက်ထရီအားအသုံးပြုရသော မိုဘိုင်းလ်ဖုန်း၊ ပီဒီအေ၊ ဂိမ်းစက်များ အစရှိသည်တို့ကို နေရောင်ခြည်အသုံးပြု၍ ဘက်ထရီအားသွင်းပေးနိုင်သောစက်ဖြစ်။ နေရောင်ခြည်ဖြင့်သာမက အိမ်မီးဖြင့်ပါ တွဲဖက်အသုံးပြုနိုင်။ ရောင်းဈေး ကျပ် ၆၀,၀၀၀ ဖြစ်ပြီး ထိုင်ဝမ်မှ တင်သွင်း။



## WONPRO Universal Travel Adapter

ခရီးသွားလာရာတွင် အလွယ်တကူသယ်ဆောင်သွားနိုင်ပြီး Adapter တစ်ခုတည်းတွင် ကြိုက်နှစ်သက်ရာ ပလပ်ခေါင်းကို လဲလှယ်အသုံးပြုနိုင်သည့်ပစ္စည်းဖြစ်။ ထိုင်ဝမ်မှ တင်သွင်းပြီး ရောင်းဈေး ကျပ် ၈,၀၀၀ ဖြစ်။

## WONPRO Universal Switch & Socket

ဘယ်ပစ္စည်းဘာကြောင့်

ပလပ်ခေါင်းအမျိုးအစား ၂၀ အထက် အသုံးပြုနိုင်သော အိမ်သုံး၊ စက်ရုံသုံး၊ လုပ်ငန်းသုံး Switch နှင့် Socket ဖြစ်။ Load-15A 250V ရှိပြီး တစ်ခုချင်းစီ၏ ဈေးနှုန်းမှာ ကျပ် ၁၀၀၀ ကျော်ဖြစ်။






## Golf Telephone

Golf အိတ် အသေးစားပုံ ပြုလုပ်ထားသည့် လက်ကိုင်ကြိုးဖုန်းဖြစ်။ ဖုန်းခလုတ်များအား ဂေါက်သီးပုံ ဖန်တီးထား။ အိတ်ထဲတွင် ဂေါက်ရိုက်တံအသေးများပါရှိ။ ဟောင်ကောင်မှထုတ်လုပ်ပြီး ရောင်းဈေး ကျပ် ၆၈,၀၀၀ ဖြစ်။



## Completely New Home Cinema E Game Player

စစ်တုရင်၊ တင်းနစ်၊ ဖိုက်တင်၊ အတုံးစီခြင်းတို့ကို Screen လေးမျိုးခွဲ၍ ကစားနိုင်သော ဂိမ်းစက်ဖြစ်။ တရုတ်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ကျပ် ၇၅၀၀ ဖြစ်။



## FM Hi-Fi Wireless Headphone

VCR, VCD, DVD များမှ အသံထွက်ရှိမှုကို ပေ ၁၅၀ အကွာအဝေးတွင်းမှ Hi-Fi သံဖြင့် နားထောင်နိုင်သော ကြိုးမဲ့နားကြပ်ဖြစ်။ FM ရေဒီယိုလိုင်းပါရှိပြီး တံခါး၊ နံရံ အကာအကွယ်များရှိသော်လည်း ကောင်းစွာကြားနိုင်ဟုဆို။ တရုတ်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ကျပ် ၆၅၀၀ ဖြစ်။

## CONQ. ITEM-CQA 907

FM ရေဒီယိုလိုင်းပါရှိသော Sub Woofer ဖြစ်။ ကွန်ပျူတာများနှင့်လည်း တွဲဖက်အသုံးပြုနိုင်။ ထိုင်ဝမ်မှ ထုတ်လုပ်ပြီး ရောင်းဈေး ကျပ် ၃၅,၀၀၀ ဖြစ်။






## SONY Wireless Mic SN-368A

ကြိုးမဲ့မိုက်ခရိုဖုန်းနှစ်ခုပါရှိသော စက်ဖြစ်။ လူနှစ်ယောက် တစ်ပြိုင်နက်အသုံးပြုနိုင်။ ရောင်းဈေး ကျပ် ၈၅၀၀ ဖြစ်။



## မော်တော်ကားဘီးနှင့် ကားဘောကွင်း နာရီများ

မော်တော်ကားများတွင် အလှဆင်အသုံးပြုနိုင်သည့် မော်တော်ကားဘီးနှင့် ကားဘောကွင်းပုံ Fancy ပစ္စည်းများဖြစ်။ တရုတ်နိုင်ငံမှတင်သွင်းပြီး တစ်ခုစီလျှင် ရောင်းဈေး ကျပ် ၃၀၀၀ ဖြစ်။




## Quipond NY-E0001

ရေငွေ့အသုံးပြု၍ မျက်နှာကို ပေါင်းတင်ပေးနိုင်သောစက်ဖြစ်။ မျက်နှာပြင်ရှိ အရေပြားကျန်းမာရေးအတွက် အထောက်အကူပြုနိုင်ဟုဆို။ ရောင်းဈေး ကျပ် ၂၈,၀၀၀ ဖြစ်ပြီး တရုတ်နိုင်ငံမှ ထုတ်လုပ်။



## Biz Acc Gold Accounting Software

Myanmar Information Technology Pte.Ltd. (MIT) မှ ယခင်ထုတ်လုပ်ထားသည့် Biz Acc Accounting Software ကို ပိုမိုပြည့်စုံအောင် ကဏ္ဍသစ်များ ထပ်မံဖြည့်ဆည်းထားသော Integrated Accounting System ဖြစ်။ Database များ ဖြည့်ဆည်းထည့်သွင်းနိုင်ပြီး မိမိအသုံးပြုလိုသည့် လုပ်ငန်းနယ်ပယ်အလိုက် Academic, Economy, Standard, Professional နှင့် Enterprise ဟူ၍ Edition ငါးမျိုးခွဲခြား ထုတ်လုပ်ထား။ Software လုံခြုံမှုအတွက် Key များပါရှိပြီး စူပါမားကတ်များတွင် ဝယ်ယူရရှိနိုင်။ ရောင်းဈေးမှာ Edition တစ်ခုချင်းအလိုက် ကျပ် ၅၀,၀၀၀ မှ ၈၀၀,၀၀၀ အထိ ရှိဟုသိရ။

## Intel Celeron 2.4 D Processor




အမြန်နှုန်းမြှင့်တင်ထားသော Intel ၏ Celeron 2.4 D Processor ဖြစ်။ 256 KB L2 Cache နှင့် Front Side Bus ကို 533 MHz အထိ တိုးမြှင့်ထုတ်လုပ်ထားသဖြင့် ယခင် 400 MHz Processor များထက် ပိုမိုမြန်ဆန်ပြီး အချိန်ကုန်သက်သာစွာ လုပ်ဆောင်နိုင်။ ဈေးနှုန်းချိုသာသောကြောင့် အိမ်သုံး၊ ရုံးသုံးလုပ်ငန်းများအတွက် သင့်တော်။



## HP Laserjet 3015 Printer

ရုံးလုပ်ငန်းများကို တစ်နေရာတည်းပြီးမြောက်စေနိုင်မည့် HP Laserjet 3015 All-in-one Printer ဖြစ်။ Print ထုတ်ယူရာတွင် Resolution 1200x1200 dpi ဖြင့် တစ်မိနစ်လျှင် စာရွက် ၁၅ ရွက်အထိ ထုတ်ယူနိုင်။ Fax ၏ Modem မှာ 33.6 kdps ဖြစ်ပြီး 2MB Memory ပါရှိသည့်အတွက် စာရွက်ရေ ၁၁၀ ကို သိမ်းထားပေးနိုင်။ ကွန်ပျူတာနှင့် တွဲဖက်ပြီး တိုက်ရိုက် Fax ပို့နိုင်။ Scan ဖတ်ရာတွင် 600 x 600 dpi ဖြင့် 24-bit Colour Images အထိ ဖတ်ယူနိုင်ပြီး စာရွက်ရေ ၃၀ အထိ Automatic Document Feeder မှ အလိုအလျောက် ဖတ်ယူနိုင်။ Copier မှာ တစ်မိနစ်လျှင် စာရွက်ရေ ၁၄-၁၅ ရွက်အထိ မိတ္တူကူးယူနိုင်။ USB နှင့် Parallel ပါရှိသောကြောင့် မည်သည့် ကွန်ပျူတာမဆို တွဲဖက် အသုံးပြုနိုင်။

## Prolink Finger Print Mouse



ထူးထူးခြားခြား စွမ်းဆောင်ပေးနိုင်မည့် Prolink Finger Print Mouse ဖြစ်။ မိမိလက်ဗွေရာဖြင့် ကွန်ပျူတာအဖွင့်အပိတ်ကို ထိန်းချုပ်ထားပေးနိုင်ပြီး Microsoft Windows, 98/SE/2000/XP/ME တို့နှင့် USB Port ဖြင့် တပ်ဆင်အသုံးပြုနိုင်။

---

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို Mr.Slim Fancy Shop၊ Myanmar Information Technology Pte. Ltd. နှင့် KMD Computer Centre တို့ထံမှ ရရှိပါသည်။

**အယ်ဒီတာ**

ဤကဏ္ဍတွင်......
၁၄၆ အရေအတွက်မှ အရည်အချင်းသို့
၁၄၈ ကျွန်တော် ပန်းချီကုန်သည် (၂၃)
၁၅၁ ငွေ–ငွေ–ငွေ လောကမှာ ငွေဟာလေ (၁၈)
၁၅၆ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၁၈)

**အရေအတွက်မှ အရည်အချင်းသို့ဟူသော ဆောင်ပုဒ်ရေးထားသည့် ဆိုင်းဘုတ်ကြီးများကို ကျွန်တော်ငယ်ငယ်က ကြီးပြင်းခဲ့ရသော စစ်ကျောင်းကြီးတစ်ခုတွင် တွေ့ခဲ့ရဖူးပါသည်။ ကျွန်တော်အရွယ်ရောက်သည့်တိုင် ဤဆောင်ပုဒ်ကို အလေးအနက်မထားမိသေးပေ။ အရေအတွက် တည်ဆောက်ပြီးလျှင် အရည်အချင်းကိစ္စမှာလည်း အရေးကြီးသည်ဟု သတိပေးထားသည့် သဘောဟုပင် ယေဘုယျယူဆကာ ပေါ့ပေါ့ပါးပါးပင်ထားလိုက်သည်။**

# အရေအတွက်မှ အရည်အချင်းသို့

ထွန်းအောင်

နောက်ပိုင်းတွင် လူတို့၏ သဘောသဘာဝ၌ပင် အရေအတွက်ကို အရည်အသွေးထက် ပို၍ဦးစားပေးချင်သောသဘောကို တဖြည်းဖြည်း နားလည်လာသောအခါ အရေအတွက်မှ အရည်အချင်းသို့ဟူသော ဆောင်ပုဒ်သည် မည်မျှအရေးကြီးကြောင်း သဘောပေါက်လာရတော့သည်။ ရှင်းပါသည်။ လူတို့၏ သဘောသဘာဝသည် မြင်ရသော၊ တိုင်းတာနိုင်သောအရာများကို ပို၍ တန်ဖိုးထားသည်၊ အလေးအနက်ထားသည်။ မမြင်ရသော တိုင်းတာ၍ မလွယ်ကူသော ကိစ္စများကို ဒုတိယဦးစားပေးအဖြစ် သဘောထားကြသည်။ လူအချင်းချင်း၊ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုခုကို အကဲဖြတ်ရာတွင်လည်း မြင်ရသော တိုင်းတာနိုင်သော အရာများဖြင့် များသောအားဖြင့် အကဲဖြတ်ကြလေ့ရှိရာ နောက်ဆုံးတွင် လူတို့သည် ရုပ်ပြသက်သက်ဖြစ်သည့် အရေအတွက်နောက်ကို ကောက်ကောက်ပါအောင် လိုက်မိလျက်သားဖြစ်ပြီး အစစ်အမှန်ဖြစ်သည့် အရည်အချင်းကိစ္စကို မေ့လိုက်ကြသည့်အဆင့်ထိ ရောက်သွားတတ်သည်ကို တွေ့ရပါသည်။




ယနေ့ကမ္ဘာပေါ်တွင် စီးပွားရေးအရ ထိပ်တန်းသို့ ရောက်ရှိနေသည့် နိုင်ငံအားလုံးလိုလိုသည် အစစ်အမှန်တန်ဖိုးများကို မမေ့မလျော့ တည်ဆောက်ခဲ့ကြသူများဖြစ်သည်။ အဆိုပါအရည်အသွေး၊ အရည်အချင်းကိစ္စသည် ယနေ့ Globalization ခေတ်တွင် စကားလုံးသစ်တစ်ခုဖြင့် ပြန်၍ အရေးပါလာသည်ကို တွေ့ရပါသည်။ ယနေ့ လူပြောများလာသော ‘Capacity Building’ဟူသော စကားလုံးမှာ အရည်

**ယနေ့ ကမ္ဘာကြီးသည် စီးပွားရေးပိုဆန်လာသည်ဟု ပညာရှင်များက ပြောကြသည်။ စစ်အင်အားသည်ပင် စီးပွားရေးအင်အားလောက် အခရာမကျတော့ပါဟု တော့ဖလာက ရေးခဲ့သည်။ စီးပွားရေးဆန် ဖို့ဆိုလျှင် အလုပ်ဖြစ်ဖို့ လိုသည်။ အရေအတွက်သာရှိပြီး အလုပ်မဖြစ်လျှင် စီးပွားရေးဆန်လာသောခေတ်တွင် အသက်ရှင်ရပ်တည်ဖို့ မဖြစ်နိုင်ပါ။**

အချင်း၊ အရည်အသွေး တည်ဆောက်ရေးကိုအတိအကျ ရည်ညွှန်းသော စကားလုံးပင်ဖြစ်ပါသည်။

ဆိုဗီယက်ယူနီယံခေါင်းဆောင် သောအရှေ့ဥရောပနိုင်ငံအားလုံးလို လိုသည်ရုပ်ပြသက်သက်ဖြစ်ပြီး Productivity မရှိသော အရေအတွက်နောက်ကို (ဝါဒဖြန့်ချိရေးအတွက်) ကောက်ကောက်ပါအောင် လိုက်ခဲ့ကြပြီး အစစ်အမှန်တန်ဖိုးများကို မေ့ထားလိုက်ကြရာ နောက်ဆုံးတွင် တိုင်းပြည်စီးပွားရေး အခွံသက်သက်သာ ကျန်ရှိတော့သည်ကို တွေ့ခဲ့ရပေသည်။

မည်သို့ပင်ဆိုစေကာမူ လူတို့သည် ပတ်ဝန်းကျင်၏ ချီးမွမ်းခြင်းနှင့် ကဲ့ရဲ့ခြင်းတို့ကို များစွာ အလေးထားသည်ဖြစ်ရာ အရေအတွက်ကို အရည်အချင်းထက် ပို၍ အလေးထားသည့်သဘောထားမှာ ရှေးကအတိုင်း ခိုင်ခိုင်မာမာပင် ရှိနေဆဲဖြစ်သည်ကို တွေ့ရသည်။ ယနေ့ စီးပွားရေးအင်အားကြီးနိုင်ငံများ (အထူးသဖြင့် Capacity Building ကို ဦးစားပေးသော အနောက်အုပ်စုနိုင်ငံကြီးများ)၊ အလှူရှင်နိုင်ငံကြီးများ၊ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းများက တတိယ ကမ္ဘာနိုင်ငံများသို့ ပေးအပ်နေသည့် အကူအညီအများစုသည်ပင်လျှင် တိုင်းတာနိုင်သော၊ မြင်သာသောရလဒ်များ ရရှိရေးကို ဦးစားပေးနေဆဲပင်ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံကို သူ့ခြေထောက်ပေါ် သူရပ်နိုင်အောင် Capacity Building ပြုလုပ်ပေးသည့်သဘောကို မတွေ့ရသလောက်ပင်ဖြစ်သည်ဟု နာမည်ကျော် နိုင်ငံရေးဘောဂဗေဒ ပါမောက္ခ ဖရန်စစ်ဖူကူရားမားက ၎င်း၏ နောက်ဆုံးထုတ်ဝေထားသည့်စာအုပ်တွင် မှတ်ချက်ပေးခဲ့သည်။ UNDP၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ် စသည့် ပညာရှင်အစစ်အမှန် များစွာ တည်ရှိနေသည့် အဖွဲ့အစည်းကြီးများသည်ပင် တိုင်းတာနိုင်သော ရလဒ်များရရှိရေး (အရေအတွက်ကိစ္စ)ကို ဦးစားပေးနေခဲ့သေးလျှင် သက်တမ်းတစ်နှစ်ထက်တစ်နှစ် ပိုမိုတည်တံ့ရန်လိုအပ်သော တည်ဆဲအစိုးရများက အရေအတွက်နောက်ကို လိုက်ကြသည်မှာ မထူးဆန်းလှပေဟု နိုင်ငံရေး သိပ္ပံပညာရှင်တစ်ဦးက မှတ်ချက်ပြုခဲ့သည်။

လူတစ်ဦးချင်း၌လည်း အလားတူပင်ဖြစ်သည်ကို တွေ့ရသည်။ ကာယကံရှင်ဖြစ်သည့် မိမိကိုယ်တိုင်၏ ကိုယ်ကျိုးစီးပွားနှင့် ပတ်သက်သည့်ကိစ္စများတွင်ပင် မျက်စိမှောက်ကာ အရေအတွက်နောက်ကို လိုက်နေဆဲဖြစ်သည့် ဥပမာများ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် များစွာ တွေ့မြင်နိုင်ပါသည်။ ပညာရယူလိုသည့် သဘောထားနှင့်မဟုတ်ဘဲ ဘွဲ့ရလိုသည့်သဘောထားသက်သက်နှင့် ကျောင်းတက်နေသော ကျောင်းသားများသည် မိမိ၏ ကိုယ်ကျိုးစီးပွားကို မေ့လျော့နေကြသည်လား မဆိုနိုင်ပေ။ (ဘွဲ့များရှိရုံဖြင့် အလုပ်ရနိုင်သော ခေတ်မဟုတ်တော့ပါ) ပညာရယူလိုသော ကျောင်းသားမှန်လျှင် ပညာအစစ်အမှန်၊ တစ်နည်းအားဖြင့် အရည်အသွေးရှိသော ပညာရှိရာကို သွားရပေမည်။ ဝါသနာပါသော၊ မိမိအသုံးချလိုသော၊ သင်ယူလိုသော ပညာရှိရာကို သွားရမည်။ အရည်အသွေးကိစ္စကို မစဉ်းစားဘဲ ဘွဲ့ရရုံသက်သက် အချိန်ကုန်မခံသင့်ပေ။

အမှန်တကယ်ပင် ယနေ့သည် Capacity Building ခေတ် ဖြစ်ပါသည်။ အရည်အချင်းမရှိသူများအတွက် ယနေ့ကမ္ဘာကြီးတွင် နေရာမရှိတော့ပါ။ အရေအတွက်နောက် လိုက်သူချင်း အိုးရွဲ့နှင့်စလောင်းရွဲ့ ဖုံးလို့ရနေသေးသည်ဆိုလျှင်လည်း ယာယီသာ ဖြစ်ပါလိမ့်မည်။ အရေအတွက်သက်သက်ဖြင့် မည်သည့်အစစ်အမှန်အောင်မြင်မှုကိုမျှ မရနိုင်သည်ဖြစ်ရာ အောက်ပါသံသရာတွင် မည်သည့်ရလဒ်မျှ

**Capacity Building ⟶ Productive/Creative ⟶ Achievement**

ရရှိနိုင်မည် မဟုတ်ပေ။

ယနေ့ ကမ္ဘာကြီးသည် စီးပွားရေးပိုဆန်လာသည်ဟု ပညာရှင်များက ပြောကြသည်။ စစ်အင်အားသည်ပင် စီးပွားရေးအင်အားလောက် အခရာမကျတော့ပါဟု တော့ဖလာက ရေးခဲ့သည်။ စီးပွားရေးဆန်ဖို့ဆိုလျှင် အလုပ်ဖြစ်ဖို့ လိုသည်။ အရေအတွက်သာရှိပြီး အလုပ်မဖြစ်လျှင် စီးပွားရေးဆန်လာသောခေတ်တွင် အသက်ရှင်ရပ်တည်ဖို့ မဖြစ်နိုင်ပါ။ စီးပွားရေးခေတ်တွင် ရှုံးတာနှင့် မြတ်တာ နှစ်ခုပဲရှိပါသည်။ မမြတ်လျှင် အလုပ်မဖြစ်နိုင် ပါ။ အလုပ်မဖြစ်နိုင်လျှင် မမြတ်နိုင်ပါ။ အလုပ်မဖြစ်လျှင် မမြတ်လျှင် နားရလိမ့်မည်။ လူတစ်ဦးချင်း၌ ချက်ချင်းအဖြေထွက်နိုင်သည်ဖြစ်၍ များစွာ သိသာပါလိမ့်မည်။ လူ့အဖွဲ့အစည်းဖြစ်လျှင် ကြာတတ်သည်။ သို့သော် တစ်နေ့တွင် သိသာပါလိမ့်မည်။

**ထွန်းအောင်**

(ယခင်လမှ အဆက်)



**ပန်းချီမင်းဝေအောင်၏လက်ရာ**

# ကျွန်တော် ပန်းချီကုန်သည်

## (၂၃)

### ဦးလှဝင်း(လေသူရဲတစ်ဦး)

### ပန်းချီမင်းဝေအောင်

ပန်းချီမင်းဝေအောင်...။

ကိုမင်းဝေအောင်မှာ ပန်းချီစီးပွားရေးလောကသို့ ကျွန်တော် ဝင်ရောက်စဉ် ပထမဆုံး ခင်မင်ခွင့်ရသော ပန်းချီပြခန်းပိုင်ရှင်ဟုလည်း ပြောနိုင်၏။ ပန်းချီစီးပွားရေးလောကသို့ ကျွန်တော့်ကို ပထမဆုံး လက်တွဲခေါ်ခဲ့သူဟုလည်း ဆိုနိုင်၏။

ကိုမင်းဝေအောင်ကို ယခင်က ကျွန်တော် မသိပါ။ ပန်းချီပြခန်း တည်ထောင်ရန် စိတ်ကူးနေစဉ် တစ်နေ့ စာရေးဆရာပါရဂူနှင့်အတူ စာရေးဆရာ မြသန်းတင့်အိမ်သို့ အလည်ရောက်သွား၏။

ကျွန်တော်၏ ပန်းချီလောကသို့ ဝင်ရောက်လိုသည့် စိတ်ကူးများကို ဆရာမြသန်းတင့်နှင့် ဆရာပါရဂူကို ပြောပြ၏။

"လေသူရဲ ပန်းချီပြခန်း တည်ထောင်ချင်ရင် ပြခန်းပိုင်ရှင်တစ်ယောက်နဲ့ ကျွန်တော် မိတ်ဆက်ပေးမယ်"

ဆရာမြသန်းတင့်က ကျွန်တော့်ကို ပြောပြလိုက်ခြင်း ဖြစ်၏။

"ဘယ်သူလဲ"

"မင်းဝေအောင်"

ဆရာမြသန်းတင့်က ကျွန်တော့်ကို မင်းဝေအောင်၏အိမ်သို့ ခေါ်သွား၏။

မင်းဝေအောင်၏အိမ်နှင့် New Treasure ပြခန်းမှာ တစ်နေရာတည်း ဖြစ်၏။ မင်းဝေအောင်မှာ သူ၏ ပန်းချီပြခန်းကိုပင် အိမ်ပြုလုပ်ပြီး နေထိုင်သူဖြစ်၏။

"ဒါပဲ...မင်းဝေအောင်ဆိုတာ"

ကိုမင်းဝေအောင်ကို ကြည့်ပြီး ကျွန်တော် အလွန်အံ့သြသွား၏။

ကိုမင်းဝေအောင်မှာ ကျွန်တော် ထင်မှတ်ထားသည်ထက် များစွာ ငယ်နေပါသည်။ ကျွန်တော့်ထက် အသက်နှစ်ပေါင်း နှစ်ဆယ်ခန့် ငယ်ပါလိမ့်မည်။

"ဦးလှဝင်း...ပန်းချီပြခန်း တည်ထောင်ချင်ရင် ရဲရဲတည်ထောင်ပါ။ ကျွန်တော် အကူအညီပေးနိုင်တာတွေကို အကုန်အကူအညီပေးပါ့မယ်"

အံ့သြစရာ ဖြစ်ပါသည်။

စီးပွားရေးပြိုင်ဘက်တစ်ဦးအဖြစ် ဝင်ရောက်လာမည့် ကျွန်တော့်ကို သူက တွေ့တွေ့ချင်းပင် အကူအညီပေးမည်ဟု ပြော၏။

မှန်ပါသည်။

နောင်အခါတွင်လည်း သူ့ကတိစကားအတိုင်းပင် ကျွန်တော့်ကို သူအကူအညီအမျိုးမျိုး ပေးခဲ့ပါသည်။

ကျွန်တော်၏ ပထမဆုံးပန်းချီမျက်စိဖြစ်သော ပန်းချီကျော်လင်းဆွေကို သူရှာပေး၏။ သူခေါ်ပေး၏။

ပန်းချီဘောင် (Frame) အလုပ်နှင့်ပတ်သက်၍ ကျွန်တော် သိသင့်သိထိုက်သည်များကိုလည်း သူပင် ပြပေး၏။ သင်ပေး၏။ ရောင်းပေး၏။ ပန်းချီပြခန်းလုပ်ငန်းနှင့် ပတ်သက်၍ ကျွန်တော် မေးသမျှမေးခွန်းများကိုလည်း သူစိတ်ရှည်စွာ ပြန်ဖြေပေး၏။

သူသည် အသက်ငယ်ရွယ်သူဖြစ်သော်လည်း သူ့အသက်အရွယ်နှင့် မလိုက်အောင် ရင့်ကျက်၏။ သဘောထားကြီး၏။ ပန်းချီစီးပွားရေးလောကသို့ ဝင်ရောက်လာသော ကျွန်တော့်ကို သူ၏ စီးပွားပြိုင်ဘက်တစ်ဦးဟု ဘယ်အခါကမှ သဘော

မထားခဲ့ပါ။

သူ့ကို ကျွန်တော် ကျေးဇူးတင်ရမည်ဟုဆိုလျှင် ကျေးဇူးတင်စရာများ အများအပြားပင် ရှိပါသည်။

သူ့ကို ဆရာမြသန်းတင့် မိတ်ဆက်ပေး၍ ခင်မင်စက အောင်မြင်သော ပန်းချီပြခန်းပိုင်ရှင်တစ်ဦးအဖြစ်သာ သိထား ၏။ အောင်မြင်သော ပန်းချီဆရာတစ်ဦး အဖြစ် မသိခဲ့။

မမှန်ပါ။

ကိုမင်းဝေအောင်မှာ ပြခန်းပိုင်ရှင်အလုပ်ထက် ပန်းချီဆရာအလုပ်တွင် ပို၍ အောင်မြင်နေသူဖြစ်၏။ ကျွန်တော် သူ့ကို သိစအချိန်က သူသည် မြန်မာနိုင်ငံ၏ အနုအလှအပန်းချီ (Fine Art) လောကတွင် ထိပ်ဆုံး၌ ရပ်တည်နေသည့် ပန်းချီဆရာတစ်ဦးဖြစ်၏။

သူ့ပန်းချီကား အများအပြားကို ကျွန်တော့်မိတ်ဆွေကြီး ကလောက်နှင့် တယ်ရီတို့ကို ပွဲစားလုပ်၍ ကျွန်တော် ရောင်းပေးခဲ့ဖူး၏။

ပွဲခရော ပွဲညွှန့်ရော ကျွန်တော် ငွေ အများအပြား ရခဲ့ဖူး၏။

သူသည် ကျွန်တော့်အတွက် ရိုးရိုး ပန်းချီဆရာ မိတ်ဆွေတစ်ဦးမဟုတ်ပါ။ ပန်းချီစီးပွားဖက်တစ်ဦး ဖြစ်၏။

"ကိုမင်းဝေအောင်ကို ဘယ်နှစ်ခုနှစ်မှာ မွေးလဲ"

"၁၉၆၀ ခုနှစ်မှာပါ"

"အဖေ အမေ နာမည်တွေက..."

"အဖ ဦးဟန်ကြည်...၊ အမိ ဒေါ်အုန်းလှိုင်..."

"အဖ ဦးဟန်ကြည်က ပန်းချီဆရာလား..."

"မဟုတ်ပါဘူး။ ကျွန်တော့်အဖေက ကားမောင်းတယ်။ ကားမောင်းသမားပါ။ ကျွန်တော်က ဓနုဖြူမှာ မွေးတယ်။ ဓနုဖြူမြို့သား...။ ကျွန်တော့်အဖေက ဓနုဖြူမြို့နဲ့ ပန်းတနော်မြို့ကို ကားဆွဲတယ်။ ကားမောင်းတယ်"



ပန်းချီမင်းဝေအောင်

"ပန်းချီပညာသင်ကျောင်းကို ဘယ်နှခုနှစ်မှာ တက်လဲ"

"၁၉၇၉ ခုနှစ်မှာ...။ ကျွန်တော် ပန်းချီကျောင်း စတက်တဲ့အချိန်တုန်းက ပန်းချီကျောင်းကို ရှစ်တန်းအောင်ပြီးမှ တက်လို့ရတယ်။ ကျွန်တော်တို့မြို့မှာ ကျွန်တော်နဲ့သိတဲ့... ပန်းချီကျောင်းက ဆင်းလာတဲ့...ပန်းချီဆရာတွေ ရှိတယ်။ ဥပမာ...တွတ်ပီရေးတဲ့ ကာတွန်းကိုဆွေမင်းတို့...ပန်းချီမြင့်ဆွေလှိုင်တို့...။ ကျွန်တော်က သူတို့ကို အားကျတယ်။ သူတို့လို ပန်းချီဆရာဖြစ်ချင်တယ်။ ပန်းချီကျောင်း တက်ချင်တယ်။ ၁၉၇၈ ခုနှစ်မှာ ရန်ကုန် ပန်းချီကျောင်းဝင်ခွင့်စာမေးပွဲ ဝင်ဖြေတယ်။ အောင်တယ်။ ပြဿနာက အဲဒီနှစ်မှာ ရှစ်တန်းမအောင်ဘူး။ ပန်းချီကျောင်း တက်ခွင့်မရဘူး။ နောက်တစ်နှစ် ရှစ်တန်း ပြန်ဖြေရပြီး ရှစ်တန်းစာမေးပွဲအောင်သွားမှ ၁၉၇၉ ခုနှစ်မှာ ပန်းချီကျောင်း စတက်ရတယ်"

"ပန်းချီကို ပန်းချီကျောင်းရောက်မှ စဆွဲတာလား"

"ပန်းချီကျောင်းမတက်ခင်ကတည်းက စဆွဲပါတယ်။ ကျွန်တော်က ပန်းချီ ဝါသနာပါတယ်။ ကျွန်တော်တို့မြို့မှာက လည်း ကျွန်တော်တို့ကို သင်ပြပေးနိုင်တဲ့ ပန်းချီဆရာကြီးတွေ ရှိတယ်။ ဥပမာ– ဆရာ ဦးဟန်အေး...၊ ဆရာလေး ဦးသိန်းထွန်း...။ ဆရာကြီး ဦးဂွန်း...၊ ဆရာကြီး ဒဂုံသန်း...။ ဒီပုဂ္ဂိုလ်ကြီးတွေက ကျွန်တော့်ရဲ့ ငယ်ဆရာတွေပါ"

"ကိုမင်းဝေအောင် ပန်းချီကျောင်း စတက်တဲ့အချိန်မှာ စောစောက ပြောပြခဲ့တဲ့ ပန်းချီဆွေမင်းတို့... ပန်းချီမြင့်ဆွေလှိုင်တို့က ပန်းချီလောကမှာ အောင်မြင်နေပြီလား..."

"မအောင်မြင်ကြသေးဘူး။ ပန်းချီလောကမှာ သူတို့လည်း ရုန်းကန်နေကြတုန်းပဲ။ သူတို့က ကျွန်တော့်ထက် အသက်ငါးနှစ်ခြောက်နှစ်လောက် ကြီးကြလိမ့်မယ်"

"ကိုမင်းဝေအောင်က ငယ်ငယ်တုန်းက ဘယ်လို ပန်းချီကားမျိုး ရေးတာများလဲ"

"ပုံတူ Portrait များတယ်။ အဲ... အရုပ်... Figure သန်တယ်။ ရှုခင်းပုံ... Land Scape သိပ်မသန်ဘူး။ ကျွန်တော် ပန်းချီကျောင်းရောက်တော့ ပထမနှစ်မှာ ပန်းချီပညာရဲ့ အခြေခံတွေကို သင်ရတယ်။ သင်ပေးခဲ့တဲ့ဆရာက ဦးသုခ...။ ဒုတိယနှစ်မှာ အနုအလှပန်းချီ...(Fine Art) နှင့် ကုန်သွယ်မှုပန်းချီ (Commerical Art) ကို ဆက်သင်ရတယ်။ သင်ပေးခဲ့တဲ့ ဆရာတွေက အနုအလှပန်းချီကို ဆရာဦးမြအေး...။ ကုန်သွယ်မှုပန်းချီကို ဆရာဦးဘလုံးလေးက သင်တယ်။ တတိယနှစ်ရောက်တော့ အနုအလှပန်းချီကို ဆရာဦးဘိုကလေးကျော်လှိုင်က သင်တယ်"

"ကိုမင်းဝေအောင်က ပန်းချီကျောင်းမှာ ဘယ်ပန်းချီမျိုးကို အထူးပြုပြီး သင်ရလဲ"

"အနုအလှပန်းချီ...Fine Art ...။ ကျွန်တော့်ကို အနုအလှပန်းချီသင်ဖို့ အရွေးခံရတယ်။ အနုအလှပန်းချီကို ဒုတိယနှစ်က စသင်တယ်။ ပထမဆုံး ရေဆေး (Water Colour) အပါး...။ နောက်... ရေ

ဆေးအထူ... Body Colour ...။ နောက်... ဆီဆေး... Oil..."

"ကျောင်းဆင်းတဲ့ခုနှစ်က..."

"၁၉၈၂ ခုနှစ်..."

"ကျောင်းဆင်းပြီးတော့ ပန်းချီလောကကို ဘယ်လို ဝင်လဲ။ ရွာပြန်သွားသေးလား"

"မပြန်ဘူး။ ကျွန်တော်နဲ့ တစ်ချိန်တည်း ကျောင်းဆင်းကြတဲ့ ကျောင်းသားအများစုကတော့ ရွာပြန်ကြရတယ်။ ကျွန်တော်ကတော့ ကံကောင်းတယ်။ ရန်ကုန်မှာ ဆက်နေနိုင်တယ်။ ဘာကြောင့် နေနိုင်လည်းဆိုတော့ ပန်းချီဆရာကြီး ဦးသုခကြောင့်...။ ဆရာကြီးဦးသုခနဲ့ ကျွန်တော်က သိပ်ခင်တယ်။ သားအဖလို ခင်တယ်။ ကျွန်တော် ပန်းချီကျောင်းဆင်းတဲ့အချိန်မှာ ဆရာကြီးဦးသုခက ပန်းချီကျောင်းအုပ်ကြီး ဖြစ်သွားပြီ။ ဒါကြောင့် ကျွန်တော် ကျောင်းဆင်းပြီးတဲ့အချိန်မှာ ဆရာကြီးဦးသုခ မျက်နှာနဲ့ ပန်းချီကျောင်းမှာပဲ ဆက်နေခွင့်ရတယ်။ နေခွင့်ဆိုတာလည်း ညအိပ်ခွင့်ဆိုပါတော့။ စားတော့ ဆရာကြီးဦးသုခနဲ့ပဲ စားတယ်"

"ပန်းချီစီးပွားရေးလောကကို ဘယ်လိုစဝင်လဲ"

"ကုန်သွယ်မှုပန်းချီအလုပ်နဲ့ပတ်သက်ပြီး ထွန်းထွန်းပေါက်ပေါက်သာမဖြစ်ခဲ့ပေမယ့် ကျွန်တော်က သိပ်ကံကောင်းတယ်။ ကုန်သွယ်မှုပန်းချီလောကနဲ့ ကျွန်တော်က ပန်းချီကျောင်းသားဘဝကတည်းက မကင်းဘူး။ ပန်းချီကျောင်း တက်နေတုန်းအချိန်မှာပဲ စာရေးဆရာအမျိုးသားစာပေဆုရ အောင်ကျော်ကျော်ရဲ့ ဝတ္ထုစာအုပ်နှစ်အုပ်ရဲ့ မျက်နှာဖုံးကို ရေးဖူးတယ်။ မဂ္ဂဇင်းတွေမှာလည်း မကြာခဏ ဝင်ရေးဖူးတယ်။ ပေဖူးလွှာမဂ္ဂဇင်းမှာဆိုရင် ကျောင်းသားဘဝကတည်းက အရောင်လေးရောင်ပါတဲ့... Four Colour ဝတ္ထုသရုပ်ဖော်ပုံ ရေးဖူးတယ်။ စာရေးဆရာ မောင်ရွှေစွန်ရဲ့ဝတ္ထု...။"

"ကျောင်းဆင်းပြီးတဲ့အခါကျတော့..."

"မှုခင်းကြေးမုံမဂ္ဂဇင်းမှာ အများဆုံးရေးတယ်။ အဲဒီအချိန်က စာအုပ်ထုတ်ဖို့ စီစဉ်တဲ့အလုပ်ကိုလုပ်တဲ့ ကိုမောင်မောင်မြင့်အေးနဲ့ ကျွန်တော်က ခင်တယ်။ ကိုမောင်မောင်မြင့်အေးက မှုခင်းကြေးမုံကို ကိုင်နေတဲ့အချိန်။ ကိုမောင်မောင်မြင့်အေးနဲ့နွယ်ပြီး မှုခင်းကြေးမုံမှာ သရုပ်ဖော်ပုံတွေ ရေးခွင့်ရတယ်။ နောက်... စာရေးဆရာ မောင်ရွှေစွန်နဲ့ ပတ်သက်ပြီး ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းမှာ ရေးခွင့်ရတယ်။ ကဗျာသရုပ်ဖော်ပုံတို့၊ ဝတ္ထုသရုပ်ဖော်ပုံတို့ ရေးတယ်"

"ပန်းချီရေးခက..."

"ဘာရှိမှာလဲ။ ကဗျာ သရုပ်ဖော်ပုံ တစ်ပုံမှ တစ်ဆယ်...ဆယ့်ငါးကျပ်ရတဲ့ ခေတ်ပေါ့..."

"နောက်...ဘယ်မဂ္ဂဇင်းတွေမှာ ရေးသေးလဲ"

"စာပေလုပ်သားမဂ္ဂဇင်းမှာလည်း ရေးတယ်။ ဖြစ်ချင်တော့ အဲဒီအချိန်က ကျူရှင်တွေ သိပ်ခေတ်ကောင်းတဲ့အချိန်...။ ဆရာ ဘိုင်အိုမင်းသစ်...၊ ဆရာတစ်သုံးလုံး ဦးခင်မောင်ဦး၊ ဆရာမိုးဟိန်းသန်းအောင်၊ ဆရာဦးရဲစိုး(ဓာတု၊ ရူပ)။ ဒီနာမည်ကြီး ကျူရှင်ဆရာတွေရဲ့ လက်ကမ်းကြော်ငြာ ဒီဇိုင်းတွေကို ရေးပေးတယ်"

"ပန်းချီရေးခက..."

"သိပ်မရှိပါဘူး။ တစ်ဆယ်... ဆယ့်ငါးကျပ်။ တချို့ ကျူရှင်ဒီဇိုင်းတွေဆိုရင် ငါးကျပ်လောက်ပဲ ရခဲ့တယ်။ ဒီလိုကျူရှင်ဒီဇိုင်းတွေကို ကျွန်တော်ရေးခဲ့မိတာက ကျွန်တော်ကိုယ်တိုင်က ဒီဇိုင်းရေးတဲ့အလုပ်ကို ဝါသနာပါတယ်။ ပန်းချီကျောင်းတက်နေကတည်းက ဆရာဦးဖေထွန်းဆီမှာ ဒီဇိုင်းဆွဲတဲ့ပညာ သွားသင်ဖူးတယ်"

"ဆရာဦးဖေထွန်းဆိုတာက ဘယ်သူလဲ"

"ဒီဇိုင်းပညာရှင်...။ ကြော်ငြာဒီဇိုင်း ပန်းချီလောကမှာ သိပ်နာမည်ကြီးတယ်။ လူပုံတော်ပတ္တမြားတို့...။ ဦးချိန်တီ ဆေးကြော်ငြာတို့ဟာ ဒီဆရာကြီးရေးခဲ့တဲ့ ဒီဇိုင်းတွေ...။ နောက်... ဓာတ်ပွဲရဲ့ ပိုစတာတွေလည်း ရေးဖူးသေးတယ်။ ဓာတ်တွေကတော့ ဓာတ်ငယ်တွေပါ။ သိပ်နာမည်မကြီးတဲ့ ဓာတ်တွေပါ"

"ကုန်သွယ်မှုပန်းချီလောကမှာ ကြာလား"

"သိပ်တော့ မကြာဘူး။ ၁၉၈၃ ခုနှစ်... ၁၉၈၄ ခုနှစ်လောက်အထိ နေဖူးတယ်။ ပန်းချီကျောင်းကဆင်းပြီး သုံးလေးနှစ်ကြာတဲ့အချိန်အထိ ဆိုပါတော့..."

"အနုအလှပန်းချီ...Fine Art လောကကို ပြောင်းခဲ့ပုံက..."

"လုံးဝမမျှော်လင့်ဘဲ ပြောင်းမှန်းမသိပြောင်းခဲ့တာ။ အနုအလှပန်းချီကို ကျွန်တော် လုံးဝမရေးဘူး။ ရေးရမှန်းလည်း မသိဘူး။ ကျောင်းဆင်းပန်းချီပြပွဲအတွက် သုံးကားရေးပြီးတော့ တစ်ကားမှ ထပ်မရေးဖြစ်ဘူး။ ကျွန်တော် စောစောက ရှင်းပြခဲ့သလို ပန်းချီကျောင်းက ဆင်းပြီးတော့ ဆရာကြီးဦးသုခနဲ့အတူ ပန်းချီကျောင်းမှာပဲ ဆက်နေတယ်။ တစ်နှစ်...နှစ်နှစ်ပဲ နေလိုက်ရပါတယ်။ ဆရာကြီးဦးသုခက ပင်စင်ယူသွားတယ်။ ကျွန်တော် ဖဆပလတိုက်ခန်းတွေရှိတဲ့ဆီ ပြောင်းခဲ့ရတယ်။ ကိုမောင်မောင်မြင့်အေးတို့ဆီမှာ ငှားနေတယ်။ အဲဒီမှာ နေရင်းနဲ့ ပန်းချီဆရာကြီး ရန်ကုန်ဘဆွေတို့ ဆရာဦးဘရင်လေးတို့နဲ့ စခင်တယ်။ ဒီပုဂ္ဂိုလ်ကြီးတွေကလည်း အဲဒီရပ်ကွက်မှာ နေကြတာ...။ နောက်... အဲဒီပုဂ္ဂိုလ်ကြီးတွေဆီကို ဝင်ထွက်နေကြတဲ့ လူလတ်ပိုင်းပန်းချီဆရာတွေလည်း ရှိတယ်။ ဥပမာ... ကိုကျော်သောင်းတို့... ကိုဝသုန်တို့အရွယ် ပန်းချီဆရာတွေ...။ ဒီလူလတ်ပိုင်းပန်းချီ ဆရာတွေနဲ့လည်း ကျွန်တော် ဖဆပလတိုက်ခန်းမှာ ကပ်နေရတဲ့အချိန်မှာပဲ စခင်မင်ခဲ့တာပဲ။ အနုအလှပန်းချီ (Fine Art) လောကကို စရောက်ခဲ့ရတာကတော့ ပန်းချီကိုစိန်အောင်ကြောင့်..."

"ဘယ်လို..."

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း(လေသူရဲတစ်ဦး)**

(ယခင်လမှ အဆက်)



# ငွေ-ငွေ-ငွေ လောကမှာ ငွေဟာလေ (၁၈)

## (နိဂုံး)

### ကြည်မင်း

(၁)

ကျွန်တော်တို့ခေတ်မှ သီချင်းတစ်ပုဒ်(ငွေ)၏ စာသားတစ်ကြောင်းကို ယူပြီး ရောဘတ်ကီယိုဆာကီ၏ Rich Dad Poor Dad ကို ကျွန်တော်ခံစားရသလို ပြန်ရေးပြခဲ့ပါသည်။ ယခုအထိတော့ အခွန်အကောက်ကိစ္စကလွဲလို့ အားလုံး ဖော်ပြနိုင်ခဲ့ပြီး ဖြစ်သည်။

မူရင်းစာအုပ်ထဲတွင်တော့ သူ တီထွင်သော ငွေကြေးကစားပွဲ (မိုနိုပိုလီလို ကစားပွဲ)ကို အခြေခံပါသည်။ စာအုပ်ကို ဘာသာပြန်ခြင်းဖြစ်လျှင်တော့ ကျွန်တော်သည် ထိုကစားပွဲအကြောင်းပါ ထည့်သွင်းရပေလိမ့်မည်။ မြန်မာပြန်စာအုပ်များတွင်လည်း ပါနေပြီးဖြစ်ကာ ထိုကစားပွဲသည် ကျွန်တော်တို့ မြန်မာပြည်နှင့် သိပ်ကြီး အသုံးမတည့်လှသောကြောင့် ကျွန်တော့်အဖို့ ဘာမှ သိပ်မခံစားရသဖြင့် ကစားပွဲ

အကြောင်း ကျွန်တော် ချန်ထားခဲ့ပါသည်။

ကျွန်တော် အဓိကထား တင်ဆက်ခဲ့သည်မှာ ငွေကြေးဦးနှောက်နှင့် ငွေကြေးစဉ်းစားပုံအကြောင်းသာ ဖြစ်ပါသည်။

(၂)

ကျွန်တော် ခံစားရသလောက် ပြောရလျှင် စာရေးသူ ကီယိုဆာကီက ငွေကြေးနှင့်ပတ်သက်၍ အဓိက နှစ်ခုကို ပြောခဲ့သည်။ Financial Literacy နှင့် Financial IQ တို့ ဖြစ်၏။ Financial Literacy ဆိုသည်ကို ငွေကြေးပညာဟု ကျွန်တော် ဘာသာပြန်လေ့ ရှိပါသည်။ အဝင်အထွက်တွေ၊ အနုတ်အသွင်းတွေ၊ ပေးရန် ရရန်တွေမှာ 'စာတတ်' ဖို့ (ဝါ) မြင်ဖို့ ဖြစ်ပါသည်။ Financial IQ ကျတော့ နည်းနည်း ပိုမြင့်လာသည်။ ငွေကိုမျှော်ပြီး ငွေလုပ်ဖို့ (ဝါ) ငွေကြေးကို ခိုင်းစားတတ်ဖို့ (ဝါ) 'ငွေဦးနှောက်' ရှိဖို့ ဖြစ်ပါသည်။ Financial Literacy ကို အတော်များများ ရေးပြခဲ့ပြီး ဖြစ်ပါသည်။ Financial IQ ကိုလည်း အတန်အသင့် ရေးပြခဲ့ပြီးပါပြီ။ ယခု ထပ်မံ အနှစ်ချုပ်ပါမည်။

(၃)

ကီယိုဆာကီက Financial IQ ရှိနေဖို့အတွက် ကျွမ်းကျင်ရန် လိုအပ်သော နယ်ပယ်ကြီး ၄ ခု ရှိသည်ဟု ဆို၏။

## (က) စာရင်းကိုင်ပညာ Accounting

စာရင်းကိုင်ပညာကို တီးမိခေါက်မိ ရှိလျှင် Financial Literacy ရရှိလာနိုင်သည်။ လုပ်ငန်းမှန်သမျှ ငွေကြေးဖြင့် လည်ပတ်ကြရသည်။ ငွေကြေးကို အရင်းတည်ကြရသည်။ လုပ်ငန်းကြီးလာလေ ပါဝင်လည်ပတ်ရသော ငွေပမာဏကြီးလာလေလေ ဖြစ်သည်။ အကျိုးအမြတ်ကြီးကြီးကို မျှော်မှန်းလျှင် စွန့်စားရမှု Risk လည်း ကြီးမားလာသည်။ Risk ကြီးမားလာလျှင် စာရင်းဇယားက ပိုပြီး အရေးကြီးလာသည်။ စာရင်းအင်းတိတိကျကျ ရှိဖို့ အရေးကြီးလာသည်။ လုပ်ငန်းက အဆင်ပြေလျက်သားနှင့် အရှုံးပေါ်သွား၊ လုပ်ငန်းပျက်သွားကြရခြင်းမှာ စာရင်းအင်း မနိုင်၍ ဖြစ်သည်။

စာရင်းဇယားကို နားလည်သူသည် ရှင်းတမ်း Statement တစ်ခုကို ကြည့်လိုက်ရုံနှင့် လုပ်ငန်း၏ အားသာသည့်အပိုင်း၊ အားနည်းနေသည့်အပိုင်းများကို ဒက်ခနဲ မြင်သည်။

ဤပညာမှာ ဦးနှောက်၏ ဘယ်ဘက် အခြမ်းကိစ္စ။

## (ခ) ရင်းနှီးမြှုပ်နှံမှု Investing

ဤပညာကတော့ ဦးနှောက်၏ ညာဘက်အခြမ်းကိစ္စ ဖြစ်သည်။ စွန့်ထွင်စွန့်စားရမှုတွေ ပါသည်။ ငွေကိုရင်းပြီး ငွေဖြစ်အောင် ထပ်ပွားရာတွင် ဘာတွေလုပ်မလဲ ဘယ်လိုလုပ်မလဲဆိုသော မဟာဗျူဟာအပိုင်း နည်းဗျူဟာအပိုင်းများ ဖြစ်သည်။

## (ဂ) ဈေးကွက်မြင်မှု Understanding Market

စီးပွားရေးပညာတွင် Input (သွင်းအားစု)နှင့် Output (ထွက်ကုန်)တို့ အကြောင်း သင်ပြီးလျှင် ရောင်းလိုအား နှင့် ဝယ်လိုအားဆိုသော Supply and Demand အပိုင်းကို ဆက်သင်ကြရ၏။ အလွန်အရေးကြီးသောအပိုင်း ဖြစ်သည်။ အထူးသဖြင့် ပစ္စည်းထုတ်လုပ်ခြင်း Production များတွင် အသွင်းအင်အားစု တစ်ခု Single Variable (input) အတွက် ရလာနိုင်သော အကျိုးအမြတ်အဆင့် သုံးမျိုး Three areas of return ကို နားလည်ရသည်။ ဤအဆင့်နှင့်စာလျှင် Supply and Demand က ပို၍ လွယ်ပါသည်။ ဈေးကွက်ရှိမှ ရောင်းလို့ရမည်။ ဈေးကွက်က တောင်းဆိုမှုများလျှင် အမြတ်များများ ကျန်မည်။ သို့သော် ဈေးကွက်က အားကောင်းနေတိုင်း အောတိုက်ထုတ်လုပ်လို့ မဖြစ်။

'ဈေးကွက်မရှိလျှင် အလုပ်မဖြစ်' ဟုလည်း ပြောလို့မရပြန်ပါ။ ရောင်းကုန်မှန်သမျှတွင် အစကနဦး၌ ဘာဈေးကွက်မှ မရှိခဲ့ပါ။ ထို့ကြောင့် ဈေးကွက်ကို ထွင်ယူတတ်ဖို့ လိုသည်။ ထို့အတူပင် ဘာအသစ်အဆန်းကို မျှော်လင့်နေကြမလဲ။ အဲဒီ ဈေးကွက်မှာ ဘာဝင်လုပ်ရင် ရမလဲဟု တွက်ဆတတ်သူများက သူဌေးဖြစ်သွားကြသည်သာ။

Supply and Demand ဆိုသည်မှာ စီးပွားရေးပညာသမား၏ကိစ္စသာ ဖြစ်သည်၊ လူသာမန်များ၊ ကလေးများနှင့် လားလားမျှ မဆိုင်ဟု ထင်နေလျှင် မှားပါသည်။ ရောဘတ်ကီယိုဆာကီ ပေါက်စကလေး (ဆယ်နှစ်သားကလေး)ကို ဖေချမ်းသာ က ပညာပေးခဲ့ပုံ ကြည့်ပါ။

ဈေးကွက်တွင် ခြေလှမ်းဦးသော်လည်း မူပိုင်ခွင့်ဥပဒေ၏ အကာအကွယ်ကို ကောင်းစွာ မရလျှင်တော့ ကိုယ့်ဦးနှောက် သူများဖောက်စားခံရတာသာ အဖတ်တင်မည်။ ကျွန်တော်တို့ဆီက သင်္ကြန်ပလတ်စတစ်ပစ္စည်းဈေးကွက်ကို ကြည့်ပါ။ တစ်မိုးတွင်းလုံး စိတ်ကူးထုတ်ကြရသည်။ ပုံစံတွေထုတ်ပြီး စမ်းသပ်ကြရသည်။ အကောင်းဆုံးဖြစ်အောင် အမျိုးမျိုး အမွှမ်းတင်ရသည်။ ကျိတ်ကြိုးစားကြရခြင်း ဖြစ်သည်။ တစ်ခု အောင်မြင်သွားလျှင် သိမ်းထားပြီး

ဈေးကွက်တွင် ခြေလှမ်းဦးသော်လည်း မူပိုင်ခွင့်ဥပဒေ၏ အကာအကွယ်ကို ကောင်းစွာမရလျှင်တော့ ကိုယ့်ဦးနှောက် သူများဖောက်စားခံရတာသာ အဖတ်တင်မည်။ ကျွန်တော်တို့ဆီက သင်္ကြန်ပလတ်စတစ်ပစ္စည်းဈေးကွက်ကို ကြည့်ပါ။

နောက်အသစ်အဆန်းတစ်မျိုး (ဥပမာ– ရေ သေနတ် အောင်မြင်သွားလျှင် ရောက်မရာ) ထပ်ထွင်ကြရပြန်သည်။ မိုးကုန်တော့ သွားရေးလာရေး ခရီးလမ်းသာလာပြီဖြစ်၍ လိုသော ကုန်ကြမ်းတွေ စုဆောင်းကြရ သည်။ စက်တွေ ဖန်တီးရသည်။ ထိုအတော အတွင်းမှာပင် ပြိုင်ဘက်တွေ၏ ခြေလှမ်း တွေကို အကဲခတ်ရ ထောက်လှမ်းရသည်။ ပစ္စည်းကိုယ်တိုင် မထုတ်ဘဲ စက်သာ ထောင်ထားသူ လုပ်ငန်းလက်ခံသူများနှင့် စကားပြောထားရ စာချုပ်ချုပ်ထားရသည်။ စက်တွေ ငှားထားလျှင် ထိုစက်တွေမှာ သုံးစွဲရမည့် မို (Mould) များ အလုံ အလောက် ရှိနေဖို့ လိုသည်။ ထို့အတွက် ကိုယ်ပိုင် မိုဆရာနှင့် မပေါက်မကြား လုပ်ထားနိုင်ဖို့လိုသည်။ ဖေဖော်ဝါရီလ ဆန်းပြီဆိုသည်နှင့် နေ့မီး ညမီးနှင့် ထုတ် လုပ်ရေးတွေ လုပ်ရပြီ။ အစိတ်အပိုင်း တစ်ခုချင်း ထုတ်လုပ်ပြီး ဂိုဒေါင်တွင် သိမ်း သည်။ အချောထည်ဖြစ်အောင် တပ်ဆင်၍ အိတ်သွတ်တံဆိပ်တပ်သည်။ မတ်လဆန်း တွင် ဒိုင်များသို့ အလုံးအရင်းဖြင့် လိုက် သွင်းရသည်။ ဒိုင်များက ကြိုက်လျှင် သိန်း နှင့်ချီ မှာယူပြီး ဖြန့်ပေးသည်။ မလုံလောက် လျှင် အချိန်မီ ထပ်ထုတ်ပေးနိုင်ဖို့ ပြင်ထား ရသည်။ မတ်လတစ်လလုံး ဖြန့်ချိလိုက် သောအခါ ဧပြီလဆန်းမှစ၍ လက်လီဆိုင် များပေါ် ရောက်သွားတော့သည်။

အကယ်၍ မိမိတီထွင်ထားသော ပစ္စည်း၏ မူပိုင်ခွင့်ကိုသာ ထိထိရောက် ရောက် မူပိုင်ခွင့်ရလျှင် ဤလို လျှို့လျှို့ ဝှက်ဝှက်လုပ်နေဖို့ မလိုပါ။ Pirate Copy လုပ်စားသူများကို တရားစွဲ လျော်ကြေး တောင်းနေရုံသာ ရှိသည်။

ယခု ရေးပြခဲ့သည်မှာ အောက်တွင် ဖော်ပြသည့် နောက်ဆုံးအချက်ကို ထင်ရှား စေလို၍ ဖြစ်ပါသည်။

## (ဃ) ဥပဒေနှင့် စည်းမျဉ်းများ

ဥပဒေကို နားလည်လျှင် ကော်ပို ရေးရှင်းထောင်ပြီး လုပ်ငန်းချဲ့ထွင်မှုကိစ္စ၊ ဈေးကွက်ကိစ္စ၊ စာရင်းအင်းကိစ္စတွေကို ထက်ထက်မြက်မြက် လုပ်ဆောင်ခြင်းအား ဖြင့် ကိုယ့်အခြေ ပိုမိုကြီးထွားလာနိုင်သည်။ ဥပဒေနှင့် စည်းမျဉ်းများကို နားလည်ခြင်း (ဝါ) လေ့လာထားခြင်းဖြင့် အခွန်အကောက် သက်သာစေမည့် နည်းလမ်းများ ခံစားခွင့် များ တွေ့လာမည်။ ထို့အပြင် တရား တဘောင်ကိစ္စများတွင်လည်း အားသာချက် တွေ ရလာနိုင်သည်။

သူတို့နိုင်ငံတွင် လူချမ်းသာဆိုသူ များကို စာရင်းစစ်လိုက်လျှင် ဘာမှ မပိုင် ကြသည်ကို တွေ့သည်။ ကိုယ်ယောင် ဖျောက်ထားသည်ဟု သုံးနှုန်းရမည် ထင် သည်။ သုံးစရာမှန်သမျှ ကုမ္ပဏီစရိတ်မှ သုံးမည်။ ပေးစရာကျတော့ ကုမ္ပဏီက ပေးလိမ့်မည်။ အကြွေးကိစ္စတွေ ရှင်းစရာ လင်းစရာ ရုံးရောက်ဂတ်ရောက် ရောက် စရာရှိလျှင်လည်း ကုမ္ပဏီနှင့် ကုမ္ပဏီ ကိုယ်စားပြု ရှေ့နေရှေ့ရပ်တွေကပဲ တာဝန် ယူကြမည်။

(၄)

ကီယိုဆာကီ တင်ပြခဲ့သော သင်ခန်း စာ (ဥပဒေသ) ခြောက်ခုအနက် စတုတ္ထ ဖြစ်သော အခွန်အကောက်များ၏ သမိုင်း ကြောင်းနှင့် ကော်ပိုရေးရှင်းတို့၏ အား သာချက်အထိ တင်ပြပြီးခဲ့ပါပြီ။ ဥပဒေသ အမှတ် ၅ မှာ 'သူဌေးသည် ငွေကို ဖန်တီး သည်' ဟူ၍ ဖြစ်၏။

ရှင်းပါသည်။ ဝန်ထမ်းက လုပ်အား တို့ ကျွမ်းကျင်မှုတို့ကို သူဌေးထံ လာ ရောင်းသည်။ ပညာရှင်က သူဦးနှောက် သုံး၍ တီထွင်ထားရသောပစ္စည်းကို သူဌေး ထံ လာရောင်းသည်။ သူဌေးက ဘာနှင့် ဝယ်ပါသနည်း။ ငွေနှင့် တန်ဖိုးဖြတ် ဝယ် ယူလိုက်ပါသည်။ သူ့မှာ ဒီလိုဝယ်ဖို့ငွေ ဘယ်က ရပါသနည်း။ သူကိုယ်တိုင် ဖန်တီး ယူပါသည်။ ထို့ကြောင့် The Rich Invent Money ဟု ဆိုပါသည်။

ဤနေရာတွင် ကီယိုဆာကီက ရုပ် မြင်သံကြား သတင်းနှစ်ပုဒ်အကြောင်း တင်ပြပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ရှေ့ ဆင့်နောက်ဆင့်လွှင့်သော သတင်းနှစ်ပုဒ် ပါ။ ပထမတစ်ခုကတော့ ဟိုတုန်းက ကိစ္စ ဖြစ်သည်။ ဘဲလ်ဆိုသူတစ်ဦးက တယ်လီ ဖုန်းခေါ် အဝေးပြောကိရိယာတစ်ခုကို တီထွင်သည်။ ပြီးတော့ ထိုစဉ်က တကယ့် ဆုပါဂရိတ်ကုမ္ပဏီကြီးဖြစ်သည့် Western Union သို့ သွားကာ သူ့တီထွင်မှု တစ်ခုလုံးကို ဒေါ်လာတစ်သိန်းနှင့် ရောင်း လိုကြောင်း ဈေးသွားစပ်သည်။ ကုမ္ပဏီ ဥက္ကဋ္ဌက ဘာမဟုတ်တာလေးကို ဈေးမြင့် လွန်းသည်ဆိုပြီး လှောင်လွှတ်လိုက်သည်။ ထို့ကြောင့်ပင် AT & T ဆိုသော ကုမ္ပဏီ ပေါက်စလေး ပေါ်ပေါက်လာရပြီး အားလုံး ကို ဖြတ်တက်သွားတော့သည်။

ဤမှတ်တမ်းသတင်းကားအပြီးမှာ ကုမ္ပဏီတစ်ခုတွင် စရိတ်သက်သာဖို့ လူ လျှော့သည့်အထဲ ပါသွားသော မန်နေဂျာ မိသားစုက အလုပ်မဖြုတ်ရေး အသနားခံ ကြပုံ သတင်းပေါ်လာသည်။ အလုပ်ပြုတ် လျှင် အကြွေးဝယ်ထားသော ကားတို့၊ အိမ်တို့ကို ဘဏ်မှ သိမ်းတော့မည်။ ဝင်ငွေ မရှိသဖြင့် ဒုက္ခရောက်ရတော့မည်။ သူတို့ မှာ တခြား ထွက်ပေါက်မရှိ။ သူများလခ စားလုပ်ရမှ ထမင်းဝမည့်သူတွေ။

ကီယိုဆာကီက Financial IQ ကို လေ့ကျင့်ယူကြစေချင်သည့် ရည်ရွယ်ချက် မှာ 'ထွက်ပေါက်များများ ပွင့်အောင်လို့'လို့ ပြောပါသည်။ ကိုးနာရီ ရုံးတက် ငါးနာရီ ရုံးဆင်းဆိုသော 9 to 5 rat race တွင် ကျင်လည်နေသူအဖို့ ထွက်ပေါက်က တစ် ပေါက်တည်းသာ ရှိသည်။ လကုန်ရက်မှာ လခထုတ်ဖို့မျှသာ။ Financial IQ ရှိထား သူတွေ နယ်ပယ်တော်တော်များများမှာ လေ့ကျင့်ယူထားသူတွေအတွက်ကျတော့ Plan A/Plan B တွေ ရှိနေတတ်သည်။ Plan A ခေါ် ပုံမှန်စီမံချက်က အဆင်မပြေ တော့လျှင် Plan B ဖြင့် လမ်းကြောင်း ပြောင်းနိုင်သည်။

(၅)

ဤနေရာတွင် ကျွန်တော့်၏ လောလောလတ်လတ် ကိုယ်တွေ့ကို ပြောရတော့မည်။

ပညာရေးနယ်တွင် ၃၅ နှစ်ကျော် ကျင်လည်လာခဲ့ရပြီးနောက် ထိပ်ဆုံးရာထူးတွင်လည်း အကြိုသဘော တာဝန်ပေးခံထားရပြီးပြီဖြစ်၍ ရှေ့ရေးလမ်းခရီးမှာ အထစ်အဖုမရှိ ချောမွေ့နေပြီဟု ကျွန်တော် ထင်ခဲ့သည်။ ကိုယ့်ဝန်းကျင်မှာ ကိုယ်နှင့် အနီးဆုံးဆို၍ လွန်ခဲ့သော ဆယ်နှစ်လောက်ကမှ ကိုယ်ကိုယ်တိုင် ဘွဲ့လွန်လုပ်ပေးထားရသူတစ်ဦးသာ ရှိနေသည်။ ဘွဲ့လွန်မှာ နှစ်ပေါင်း ၂၀ လောက် ကိုယ်က စောနေတာ အပြင်လက်ရှိ ရာထူးမှာပင် ကိုယ်က တစ်နှစ်ကျော် စောနေခဲ့တာတွေ ထောက်ပြီး ကျွန်တော် အေးအေးနေခဲ့၏။ ချောက်တွေ၊ ကမ်းပါးတွေ မြွေတွေ၊ ကင်းလိပ်ချောတွေအကြောင်း မစဉ်းစားခဲ့။ ကျွန်တော်သည် ကိုယ့်ခရီးကိုသာ အကောင်းဆုံးဖြစ်အောင် နေ့မအား ညမအား ကြိုးစားနေခဲ့၏။ သို့သော် အချိန်တန်တော့ ကုလားထိုင်ကို ရသွားသူက ကျွန်တော်မဟုတ်။ ဤလို ဖြစ်လာသောအခါ ကျွန်တော့်မှာ ရွေးစရာလမ်း မရှိတော့ပေ။ ကျွန်တော်က အသက်ပိုငယ်နေတာ မှန်သော်လည်း ကျွန်တော့်ကို နောက်တစ်ကြိမ် ထပ်စဉ်းစားတော့မည်မဟုတ်။ စဉ်းစားရန်လည်း အကြောင်းကိစ္စဖန်လာစရာ မရှိနိုင်။ တကယ်တော့ ကုလားထိုင်ကို မပေးခြင်းမှာ 'မင်းထွက်တော့' ဟု ပြောလိုက်ခြင်းသာ ဖြစ်သည်။

ဘာလုပ်မလဲ။ ပင်စင်လေးတင်ပြီး ယောဂီအဝတ်အစားဝယ်ကာ ဘုရားသွားကျောင်းတက်လုပ်ဖို့သာ ရှိတော့သည်။ သို့သော် ကျွန်တော်ကား မြေဖြူခဲကိုင်တာ တစ်ခုတည်း တတ်မြောက်သူမဟုတ်။ Option တွေ ပွင့်နေသည်။ ဒီရည်းစားက ကိုယ့်ကို ပစ်သွားလို့ ပူဆွေးဝမ်းနည်းကာ သတ်သေချင်စိတ်ပေါက်နေတာမျိုး ကျွန်တော် စိတ်မဝင်စားပေ။ ချောင်းငယ်မြောင်းငယ်မှ ထွက်ပြီး မြစ်ကြီးအင်းကြီးမှာ ငါးကြီးကြီးတွေ ဘာကြောင့် မဖမ်းနိုင်ရမှာလဲ။

စာရေးသူ ရောဘတ်ကီယိုဆာကီက The more real you think money is, the harder you will work for it. If you can grasp the idea that money is not real, you will grow richer faster ဟု ဆိုပါသည်။ ငွေကြေးကို တကယ့်အဟုတ်ကြီးထင်နေရင် ငွေအတွက် (ဝင်ငွေ/လစာအတွက်) တစ်အားကြိုးစားပမ်းစား လုပ်တော့မယ်၊ ငွေဆိုတာ အရှိတရားမဟုတ်ဘူး၊ ငွေရဖို့က အရေးမကြီးဘူး ဆိုတဲ့ သဘောတရားကို ရသွားပြီဆိုရင်တော့ ခင်ဗျား မြန်မြန်ချမ်းသာလာတော့မယ် ဟု ဘာသာပြန်လိုက်ပါသည်။

'ငွေဟာ အရှိတရားမဟုတ်ဘူး။ အစစ်အမှန်မဟုတ်ဘူးဆိုရင် ဘာက အစစ်အမှန်လဲ? အရေးကြီးတာလဲ?

ရောဘတ်တို့ ငယ်ငယ်က ဖေချမ်းသာ ကို မေးကြည့်သည်။

'ကိုယ်သန်ရာသန်ရာ ထင်ကြပေါ့ကွာ' ဟု ဖြေလိုက်သော်လည်း ထင်ကြဆိုသော စကား၏ အကျယ်အဝန်းကိုတော့ စဉ်းစားဖို့ထားခဲ့ပုံ ရ၏။ ဘယ်သူ့မှာမဆို တစ်ခုတည်းသော အဖိုးတန်ပိုင်ဆိုင်မှုမှာ 'စိတ်' ဖြစ်ပါ၏။ စိတ်ကို စနစ်တကျ လေ့ကျင့်ယူလျှင် ခနကိုသာမဟုတ် ဘာမဆိုကိုပင် ဖန်တီးနိုင်ပါသည်။ ကိုယ့်စိတ် (ဦးနှောက်နှင့်ပညာ)ကို စနစ်တကျ လေ့ကျင့်၊ အောင်မြင်မှု ကြွယ်ဝမှုတွေ ဖန်တီး– အဲဒီစိတ် အရည်အသွေးကို မိသားစုအတွင်း လက်ဆင့်ကမ်း...

ထို့အတူပင် Untrained mind ခေါ် ပျိုးထောင်မှုမရှိခဲ့သည့်စိတ် (ဦးနှောက်/ပညာ)သည် ဆင်းရဲခြင်းကို ယူဆောင်လာတတ်သည်။ ထိုခပ်ညံ့ညံ့ စိတ်အရည်အသွေးသည်လည်း မိသားစုအတွင်း လက်ဆင့်ကမ်း ဝင်ရောက်သွားတတ်သည်သာ။

(၆)

စာအုပ်ထဲတွင်တော့ ဥပမာဖြင့် ပြထားသည်။ ကျွန်တော် အကြမ်းဖျင်းသာ ရေးပြပါတော့မည်။ ရောဘတ်တစ်ယောက် အိမ်ရောင်းအိမ်ဝယ်လုပ်ငန်းဖြင့် စားသာနေကြောင်း သတင်းကြားရသော သူငယ်ချင်းတစ်ယောက်က သူလည်း ဤလုပ်ငန်း လုပ်ချင်ကြောင်း ပြောသည်။ အဆင်ပြေလောက်သော အိမ်တစ်လုံးတွေ့၍ လိုက်ပြတော့ တောင်တောင်အီအီ လုပ်နေသည်။ မဝယ်ဖြစ်လိုက်။ ဝယ်သာဝယ်လိုက်လျှင် အတော်မြတ်သွားနိုင်သည့် ပွဲပေါက်ကြီးဖြစ်၏။ ရောဘတ်တို့ အိမ်ရောင်းအိမ်ဝယ်လုပ်သည် ဆိုခြင်းမှာ မဝယ်မီကပင် မြတ်နေအောင် ဝယ်ခြင်းဖြစ်ကြောင်း ကျွန်တော် ရေးပြခဲ့ဖူးပါသည်။

မြေဖြင့် သူဌေးဖြစ်လိုသော ထိုသူငယ်ချင်းမှာ အမှားများစွာ ရှိသည်။ အရေးကြီးသော နှစ်ချက်မှာ–

(က) အိမ်ရောင်းမြေရောင်းလုပ်ချင်သည်ဟုသာ ပြောသည်။ ဘာကိုမှ ဆည်းပူးမထား။ ဈေးကွက်ကိုမျှ မသိ။

(ခ) မစွန့်စားရဲ။

ထိုနှစ်ချက်သည် ဆက်စပ်နေ၏။ ချမ်းသာချင်လျှင် စွန့်စားရဲရမည်၊ မစွန့်စားရဲဘဲနှင့်တော့ ချမ်းသာဖို့မလွယ်။ သို့သော် ရောဘတ်တို့လို လူစားမျိုး၏ စွန့်စားမှုမျိုးကား Calculated risk ခေါ် အားလုံး တွက်ချက်ဆင်ခြင်ပြီးမှ စွန့်စားခြင်း ဖြစ်သည်။ ထိုသို့ တွက်ချက်ဆင်ခြင်နိုင်ဖို့အတွက် အိမ်မြေရောင်းဝယ်နည်းသင်တန်းတို့ မြေယာပိုင်ဆိုင်ခွင့် ဥပဒေများသင်တန်းတို့ နေရင်းထိုင်ရင်း ဝင်ငွေတိုးပွားစေနည်းသင်တန်းတို့ စသော ဒေါ်လာ ငါးရာတစ်ထောင်တန် သင်တန်းတွေ တက်သည်။ ဈေးကွက်ထဲ ကိုယ်တိုင်ဝင်သည်။ တချို့ကတော့ ဒေါ်လာသောင်းနှင့် သိန်းနှင့်ချီပြီး အလုပ်လုပ်ဖို့ကိစ္စတွင် ဒေါ်လာတစ်ထောင်တန်သင်တန်းတက်ဖို့ နှမြောနေကြသည်။

စွန့်စားမှုဆိုတာ ရှိမည်ပင်။ စွန့်စားမှုကို ရှောင်လိုလျှင် ရှောင်လို့ ရပါသည်။ ဘာမှမလုပ်လျှင် ဘာမှ စွန့်စားနေစရာ မလိုပါ။ သို့သော တကယ်ဖြစ်သင့်သည်ကတော့ (သင်တန်းကြိုတက်တာ ဈေးကွက်ဆင်းလေ့လာတာမျိုးလို) စွန့်စားမှုကို ရင်ဆိုင်စီမံခြင်းဆိုသော Management of risk ပဲ လုပ်ရမှာ ဖြစ်ပါ၏။

(၇)

**ရောဘတ်ကီယိုဆာကီ၏ ဆဋ္ဌမ ဥပဒေသမှာ ငွေရဖို့ အလုပ်လုပ်တာထက် ပညာရဖို့ အလုပ်လုပ်တာ ဖြစ်ပါစေဟူ၍ ဖြစ်ပါသည်။** အခကြေးငွေအတွက် အလုပ်လုပ်နေသူသည် အလုပ်၏ အလုအပနှင့် တန်ဖိုးအစစ်ကို မမြင်နိုင်ပေ။ ကျွန်စိတ်သက်သက်နှင့် ကျွန်ခံနေခြင်းဟု ဆိုရပေမည်။ ကျွန်စိတ်ဖြင့် အမှုတော်ထမ်းနေလျှင် ကိုယ့်အတွက် လုပ်အားခကလွဲပြီး ဘာမှ ရမည်မဟုတ်။ ကွန်ပျူတာစာစီစာရိုက်လုပ်ငန်းဆိုပါစို့။ ပေးသမျှ ရိုက်လွှတ်နေသူအဖို့ သူ့လုပ်ငန်းမှ သူရမည်မှာ တစ်မျက်နှာ ဘယ်လောက်၊ သို့မဟုတ် နေ့တွက်ဘယ်လောက်ဆိုသည့် လုပ်အားခသာ ဖြစ်လိမ့်မည်။ ပညာရှာလိုသူ သခင်စိတ်ဖြင့် အလုပ်လုပ်လိုသူက ကိုယ်ရိုက်နေရသော စာတွေကို သေသေချာချာ ဖတ်ပြီးလှအောင် အဆင်ပြေအောင် မှန်ကန်အောင် ပြင်ပေးနေရင်းကပင် လိုလိုလားလား ဖတ်ရှုပြီးသားဖြစ်ကာ နေရင်းထိုင်ရင်း ဗဟုသုတတွေ ကြွယ်ဝလာနိုင်သည်။ ကိုယ်ကိုင်နေသည့် ကွန်ပျူတာကို တိုးချဲ့လေ့လာခြင်းဖြင့် စာစီစာရိုက်ထက်ပို ကျယ်ပြန့်သော ကွန်ပျူတာလောကထဲသို့ ဝင်ရောက်လေ့လာ တတ်မြောက်နိုင်သည်။

(၈)

ခွေးအိုကြီးလက်ပေးသင်နေလို့ရမလား ဘာထူးမှာလဲဟု ဆင်ခြေပေးကြပါလိမ့်မည်။ အသစ်အဆန်းတစ်ခုကို လုပ်ကြည့်တော့မည်ဆိုလျှင် အတားအဆီးအများဆုံးနှင့် အကြန့်ကြာဆုံးအပိုင်းမှာ လုပ်ရနိုး မလုပ်ရနိုး ချီတုံချတုံ ဖြစ်နေသောကာလဖြစ်၏။ စိတ်တင်းပြီး ရဲရဲဆုံးဖြတ်လျှင် အားလုံးလွယ်လင့်တကူ ဖြစ်သွားပါလိမ့်မည်။ Mind-Set ဟု ခေါ်သော စိတ်နေစိတ်ထားက အဓိကဖြစ်သည်။ ဒီအရွယ်ကြီးကျမှ ကောင်းပါ့မလားတို့၊ သင်လို့တတ်မှ တတ်ပါ့မလား တို့ဆိုသော အပျက်တွေးများသည် လူကို နိမ့်ရာသို့သာ ဆွဲချတတ်ပါသည်။ ကျွန်တော့်အိမ်တွင် မိသားစုခြောက်ယောက်ရှိသည်။ ကွန်ပျူတာရှိသည်။ ကျွန်တော်နှင့် သမီးလေးယောက်စလုံး ကွန်ပျူတာတတ်ကြသည်။ ကျွန်တော့်ဇနီး ဆေးပညာပါမောက္ခကြီးသည် ကွန်ပျူတာ လုံးဝမတတ်ပေ။ ကွန်ပျူတာသာမကပါ ရုပ်မြင်သံကြားစက်တို့ VCD တို့လည်း မဖွင့်တတ်ပါ။ မိုက်ကရိုဝေ့ဖ်မီးဖိုကိုလည်း ကြောက်လို့ဆိုပြီး မဖွင့်ပါ။ အဝတ်လျှော်စက်တို့ ရေခဲသေတ္တာတို့ကျတော့ အိုကေပါပဲ။ မလုပ်ချင်တာ မသိချင်တာလောက် ဆိုးဝါးသည့်ကိစ္စမရှိပါ။ မသိသူကိုသိအောင် သင်ပေးနိုင်သည်။မတတ်သူကို တတ်အောင် သင်ပေးနိုင်သည်။ သို့သော် မလုပ်ချင်သူ မသိချင်သူကိုတော့ လက်လျှော့လိုက်တာ ကောင်းပါသည်။

(၉)

ပညာဆိုသည်မှာ အလိုလိုတတ်လာတာမျိုးမရှိပါ။ သင်တန်းတက်လျှင်တက် စာအုပ်ဖတ်ပြီး ကိုယ့်ဟာကိုယ် ကြိုးစားလျှင် ကြိုးစား။ တစ်မျိုးမျိုးတစ်နည်းနည်းဖြင့်တော့ ပညာသင်ရပါမည်။ ချမ်းသာချင်လျှင်လည်း ချမ်းသာဖို့ ပညာကိုတော့ တတ်နေဖို့ လိုသည်။

မိမိကိုယ်ဖို့
ကုသိုလ်ပို့က
ငါတို့ရှိရာ
စီးပွားလာ–ဟု
ကြမ္မာကိုချည်း
မှတ်ထင်ရည်း–ရှင့်
ကျင့်နည်းသွမ်းဆုံး
လူမိုက်ထုံးကို
နှလုံးမငြိတွယ်စေမင်း

ဟု ရှေးပညာရှိတို့က ဆုံးမပါသည်။ ရှေးကုသိုလ်ရှိရင် ခနဥစ္စာတွေ အလိုလိုရောက်လာလိမ့်မယ်ဆိုတဲ့ လူမိုက်တွေ ကံကို အားကိုးသလိုမျိုး အားမကိုးနဲ့ဟု ဆိုလိုပါသည်။

(၁၀)

ရောဘတ်ကီယိုဆာကီတွင် အဖေနှစ်ယောက် ရှိပါသည်။ ဖခင်အရင်းက ပါရဂူဘွဲ့ရသူ၊ ပညာရေးအရာရှိကြီး၊ လစာကောင်းကောင်းရသော်လည်း အကြွေးတွေ အခွန်အခတွေကြားမှာ ဝဲနစ်နေသူ။ ထို 'ဖေပညာ' က ငါ့သား– ပညာတတ်အောင်သင်၊ ပညာထူးချွန်ရင် ရာထူးကောင်းကောင်းရပြီး လစာကြီးကြီးရမယ်ဟု ဆုံးမသည်။

သူ့သူငယ်ချင်း မိုက် ၏ ဖခင်ကတော့ ဘွဲ့တွေ ဒီဂရီတွေ ရှိပုံမပေါ်။ လုပ်ငန်းရှင်တစ်ဦးမျှသာ။ သို့သော် ငွေကြေးကို စီမံခန့်ခွဲတတ်သောကြောင့် သန်းပေါင်းရာနှင့်ချီသော လုပ်ငန်းအင်ပါယာကြီး ချဲ့ထွင်နိုင်ခဲ့သည်။ ထို 'ဖေချမ်းသာ' က ပညာသင်ပါ–ပညာနဲ့လောကကို မြင်အောင်ကြည့်ပါ။ ငွေကြေးပညာကိုတတ်အောင် သင်ပြီး သခင်စိတ်နဲ့ အလုပ်လုပ်ဟု ဆုံးမသည်။

ရောဘတ်ကီယိုဆာကီကတော့ ဖခင်နှစ်ဦးစလုံးဆီမှ ပညာယူပြီး သူ့ဘဝကို တည်ဆောက်ပါကြောင်း ဝန်ခံသည်။

Rich Dad Poor Dad ကို ကျွန်တော်ခံစားရသလို ပြန်ရေးပြရသည်မှာ ပျော်စရာကောင်းပါသည်။ ဂရုတစိုက်စောင့်မျှော်ထည့်သွင်းပေးခဲ့သော Living Color မဂ္ဂဇင်းကိုလည်း ကျေးဇူးတင်ပါသည်။ စောင့်မျှော်ဖတ်ရှုကြသော ပရိသတ်ကိုလည်း ကျေးဇူးတင်ပါသည်။

**ကြည်မင်း**

■

(ယခင်လမှ အဆက်)

# စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

## (၁၈)

လူထုစိန်ဝင်း

### ဂိုဏ်းကိုဖြိုဖို့ ခေါင်းကိုဖြတ်တဲ့ဗျူဟာ

### DISBAND THE BANDITS BY CAPTURING THEIR LEADER

ဒီဗျူဟာရဲ့ ခေါင်းစဉ်က ထန်မင်းဆက်ခေတ် နာမည်ကျော်စာဆိုကြီး 'တုဖု' ရဲ့ Going Out:First Part 'ထွက်ခွာဖို့ အရင်ခွဲခွာ'ဆိုတဲ့ ကဗျာထဲက ယူထားတာ ဖြစ်တယ်။

"လေးသုံးရင် သန်တဲ့လေး သုံးရမယ်၊

မြားသုံးရင် ရှည်တဲ့မြား သုံးရမယ်၊

လူကိုပစ်ချင်ရင် သူ့မြင်းကို အရင်ပစ်ရမယ်၊

ဓားပြဂိုဏ်းကိုဖြိုချင်ရင် ခေါင်းဆောင်ကို အရင်ဖမ်းရမယ်"

When using a bow, one should use a strong bow, When using an arrow, one should use a long arrow, To shoot at a person, one should first shoot his horse, To disband the bandits, one should first catch their leader.

ဒီကဗျာရဲ့ ဆိုလိုချက်က ပြဿနာ ကို ဖြေရှင်းမယ်ဆိုရင် ပြဿနာရဲ့ အကြောင်းရင်းကို ရှာရမယ်ဆိုတာ ဖြစ်တယ်။ 'မြွေဖမ်းရင် ခေါင်းက ဖမ်းရတယ်' ဆိုတဲ့ တရုတ်ရိုးရာရှေးစကားနဲ့ သဘောချင်းအတူတူ ဖြစ်တယ်။ မြွေကို အမြီးတို့ ကိုယ်လုံးတို့က ကိုင်ဖမ်းရင် ခေါင်းလှည့်ပြီး ပေါက်နိုင်တယ်။ ခေါင်းကိုင်ဖမ်းရင်တော့ ဘာမှမလုပ်နိုင်တော့ဘူး။ ဒီသဘောတရားကို ထင်ဟပ်ပြတဲ့ ဇာတ်လမ်းတစ်ပုဒ် ရှိတယ်။

### နောက်ခံသမိုင်းဇာတ်လမ်း

အေဒီ ၇၅၇ က ထန်မင်းဆက်က ဘုရင် 'ထန်စုကျုံး'က 'စွီယန်း' မြို့ကို သူပုန်ရန်က ကာကွယ်ဖို့ စစ်သေနာပတိကြီး 'ကျန်းစွင့်' ကို တာဝန်ပေးလိုက်တယ်။ ကျန်းစွင့်ရဲ့ တပ်တွေက 'ယင်ကျိချီ' ခေါင်းဆောင်တဲ့ သူပုန်တွေကို တွန်းလှန်တိုက်ခိုက်ကြတယ်။ သူပုန်တပ်သား ၅၀၀၀ လောက် သေဆုံးသွားတဲ့အခါ သူပုန်တပ်တွေ တိမ်းရှောင်သွားကြတယ်။ သူပုန်ဗိုလ်ချုပ် ယင်ကျိချီ ဘယ်နေရာ ဘယ်ဒေသမှာ ခိုအောင်းနေတယ်ဆိုတာ ဘယ်သူမှ တွေ့အောင် မရှာနိုင်ကြဘူး။ ဒီအခါ ကျန်းစွင့်က ပရိယာယ်သုံးဖို့ ကြံဆပြီး သူ့တပ်သားတွေကို ကောက်ရိုးနဲ့လုပ်ထားတဲ့ မြားတွေနဲ့ သူပုန်တွေကို ပစ်ခတ်ကြဖို့ စေခိုင်းလိုက်တယ်။

သူပုန်တပ်သားတွေက ကျန်းစွင့်တို့ဘက်က ကောက်ရိုးမြားတွေနဲ့ပစ်တာ တွေ့ရတဲ့အခါ ဘုရင့်တပ်သားတွေမှာ လေးမြားလက်နက်တွေမရှိတော့လို့ ကောက်ရိုးကို မြားလုပ်ပြီး ပစ်နေရတယ်။ ခုအချိန် ဝင်တိုက်ရင် အလွယ်တကူနဲ့နိုင်ပြီလို့ ယူဆသွားကြတယ်။ ဒီအချက်ကို သူတို့ ဗိုလ်ချုပ်ဆီ သွားသတင်းပို့ရမယ်ဆိုပြီး ထွက်သွားကြတယ်။ သူတို့နောက်က လိုက်သွားပြီး သူပုန်ဗိုလ် ယင်ကျိချီ ပုန်းအောင်းရာကို သိသွားကြတယ်။ အဲဒီအခါ ကျန်းစွင့်တပ်သားတွေက ဒလစပ် ပစ်ခတ်တိုက်ခိုက်ကြတဲ့အခါ ယင်ကျိချီ ဘယ်ဘက်မျက်စိ မြားမှန်ပြီး ကန်းသွားတယ်။ တိုက်ပွဲပြီးသွားတဲ့အခါ ယင်ကျိချီ လွတ်မြောက်သွားပေမယ့် သူ့တပ်တစ်ခုလုံး ချေမှုန်းခံလိုက်ရတယ်။

### သုံးသပ်ချက်နဲ့ လက်တွေ့ကျင့်သုံးမှု

စစ်ပွဲမှာ ခေါင်းဆောင်ကျသွားရင် တပ်တစ်ခုလုံး စိတ်ဓာတ်ပျက်ပြားပြီး ကစဉ့်ကလျား ဖြစ်သွားလေ့ရှိတယ်။ ဒါကြောင့် ခေါင်းဆောင်ကို အရင်ဆုံးဖြုတ်နိုင် အောင်ကြိုးစားကြရတယ်။ ဖော်ပြပြီး ဗျူဟာ ၁၆ က 'နောင်မှာ ပြန်ဖမ်းဖို့ ရန်သူကို လွှတ်ပေးတဲ့ဗျူဟာ'ရဲ့ ရည်ရွယ် ချက်က ရန်သူ့စစ်တပ်ကို အနိုင်ရဖို့ထက် ရန်သူ့စိတ်ဓာတ်ကို အနိုင်ရဖို့ ဖြစ်တယ်။ စစ်ပွဲမှာ လူအသေအပျောက် နည်းနိုင် သမျှနည်းနည်းနဲ့ အနိုင်ရဖို့ ဖြစ်တယ်။ ရန်သူကို ဖမ်းမိလိုက် ပြန်လွှတ်ပေးလိုက်၊ နောက်ပြန်ဖမ်းလိုက် ပြန်လွှတ်လိုက်လုပ်ခြင်းနဲ့ ရန်သူ့စိတ်ဓာတ်ပျက်ပြားသွားစေနိုင်တယ်။ သြဇာကြီးမားတဲ့ ခေါင်းဆောင်တစ်ယောက် အညံ့ခံလိုက်ပြီဆိုတာနဲ့ ကျန်လူအားလုံး အညံ့ခံကြတော့မှာ သေချာသလောက် ဖြစ်တယ်။

စီးပွားရေးလောကမှာတော့ ကုမ္ပဏီတွေဟာ ပြိုင်ဘက်ကုမ္ပဏီတွေက ဦးစီးခေါင်းဆောင်လုပ်နေတဲ့ မန်နေဂျာကောင်းတွေကို ကိုယ့်ဆီ ရောက်လာအောင် နည်းမျိုးစုံသုံးပြီး ဆွဲဆောင်သိမ်းသွင်းလေ့ရှိကြတယ်။ စီအီးအိုကောင်းတစ်ယောက် ကိုယ့်ဘက်ပါလာခြင်းဟာ ပြိုင်ဘက်ကုမ္ပဏီဝန်ထမ်းတွေကြား စိတ်ဓာတ်ပျက်ပြားမှုတွေ ပေါ်ပေါက်လာစေရုံသာမက ကိုယ့်ဘက်ရောက် စီအီးအိုနဲ့အတူ သူ့ကျွမ်းကျင်မှုတွေအပြင် သူ့စီးပွားရေးအဆက်အသွယ်တွေပါ ရရှိလိုက်တာ ဖြစ်တယ်။ စင်ကာပူက ပင်လယ်ရပ်ခြား အိမ်မြေရောင်းဝယ်ရေးလုပ်ငန်းကြီးတစ်ခုရဲ့ ထိပ်တန်းပါတနာအက်ဒမန်ထျဲ့ နုတ်ထွက်သွားတဲ့အခါမှာ ကုမ္ပဏီက လူတော်တွေ အများကြီးလိုက်ထွက်သွားကြတယ်။ နောက်တော့ သူတို့အားလုံး စုပေါင်းပြီး ကုမ္ပဏီတစ်ခု ထောင်ကြတယ်။ နှစ်နှစ်တောင် မကြာလိုက်ခင်မှာ မူလ သူတို့လုပ်ခဲ့တဲ့ ကုမ္ပဏီကို ပခုံးချင်းယှဉ်နိုင်တဲ့ အဓိကကုမ္ပဏီကြီး ဖြစ်သွားတယ်။

အာရှစီးပွားရေးဖွံ့ဖြိုးလာလို့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်များပြားလာတဲ့အခါမှာ မန်နေဂျာကောင်းတွေ အများကြီးလိုအပ်လာခဲ့တယ်။ တရုတ်တို့၊ ထိုင်ဝမ်တို့၊ ဟောင်ကောင်တို့က အနောက်နိုင်ငံတွေမှာရှိနေကြတဲ့ တရုတ်လူမျိုးတွေကို အခွင့်အရေးကောင်း၊ မက်လုံးကောင်းတွေပေးပြီး ပြန်လာအောင် စည်းရုံးသိမ်းသွင်းကြတယ်။ နိုင်ငံစုံကော်ပိုရေးရှင်း MNC တွေဖြစ်ကြတဲ့ Allied Signals, Motorola, Dell Computers, Coca-Cola စတဲ့ လုပ်ငန်းကြီးတွေကလည်း တရုတ်၊ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင် စတဲ့ ဒေသတွေကို လွှတ်ဖို့ တရုတ်စကားရော အင်္ဂလိပ်စကားပါတတ်သူတွေကို ရှာဖွေခေါ်ယူ ငှားရမ်းနေကြရတယ်။

ပညာရေးနယ်ပယ်မှာလည်း သုတေသနလုပ်ငန်းနဲ့ ထင်ရှားကျော်ကြားပြီး စီးပွားရေးလုပ်ငန်းကြီးတွေနဲ့လည်း အဆက်အသွယ်ကောင်းကောင်းရှိထားတဲ့ ပါမောက္ခတွေ၊ သုတေသီတွေကို ကုမ္ပဏီတွေက အပြိုင်အဆိုင် လိုက်လံရှာဖွေခေါ်ယူကြရတယ်။

'ဂိုဏ်းကိုဖြိုဖို့ ခေါင်းကိုဖြုတ်တဲ့ဗျူဟာ' က ခေါင်းဆောင်ကောင်း အရေးကြီးပုံကို ပြောချင်တာတင်မကဘူး။ ပြဿနာတစ်ရပ် ပေါ်ပေါက်လာတဲ့အခါ ပြဿနာဖြစ်ပွားရတဲ့ အကြောင်းရင်း ဇာစ်မြစ်ကို ရှာဖို့ အရေးကြီးကြောင်းလည်း ထောက်ပြချင်တာ ဖြစ်တယ်။ ပြဿနာတစ်ခုဖြစ်လာတဲ့အကြောင်းတွေ အများကြီး ရှိတတ်စမြဲပဲ။ ဒါပေမယ့် အဓိကအကျဆုံးအကြောင်းကတော့ တစ်ခုတည်းသာရှိတယ်။ အဲဒီအဓိကကို မရှင်းဘဲ အဆွယ်အပွားတွေကို ရှင်းပစ်ရုံနဲ့ ပြဿနာ ဘယ်တော့မှ ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ ရှင်းလိုက်ပေါ်လိုက် ဖြစ်နေမှာပဲ ဖြစ်တယ်။ အဓိကဇာစ်မြစ် Root ကို တွေ့အောင်ရှာပြီး ရှင်းပစ်နိုင်မှ အပြီးအပြတ် ဖြေရှင်းလို့ရမှာဖြစ်တယ်။

စင်ကာပူနိုင်ငံမှာ အလုပ်သမားလုပ်ခတွေကြီးမြင့်၊ ဆိုင်ငှားရမ်းခတွေ ခေါင်ခိုက်လာတာကြောင့် ထုတ်လုပ်မှုစရိတ်တွေ တစ်နေ့တခြား တက်သထက်တက်လာတယ်။ အဲဒီအခါ လက်လီဈေးကွက်ကျသွားတယ်။ ဒီတော့ လက်လီလုပ်ငန်းရှင်တွေက အစိုးရကောက်ခံနေတဲ့ အခွန်အတုတ်တွေ လျှော့ပေါ့ပေးဖို့ တောင်းဆိုကြတယ်။ အစိုးရက လိုက်လျောနိုင်သလောက် လိုက်လျောပေးခဲ့ပေမယ့် လုပ်ခတို့ ငှားရမ်းခတို့ကတော့ ကြီးမြဲကြီးနေခဲ့တယ်။ ဒီတော့ ပြဿနာဟာ ပပျောက်မသွားခဲ့ပါဘူး။

ဟောင်ကောင်ကတော့ ဒီလိုမလုပ်ဘူး။ ထုတ်လုပ်မှု ကုန်ကျစရိတ် မြင့်တက်လာတာကို သူက ထုတ်လုပ်မှု ပိုမိုမြင့်တက်လာအောင်လုပ်ခြင်းနဲ့ ရင်ဆိုင်တယ်။ ဥပမာ–မုန့်ဖုတ်လုပ်ငန်းက ဆောင်ရွက်ပုံကို နာမူနာပြချင်တယ်။ မြို့တွင်း မုန့်တိုက်ကြီးတွေဟာ ဈေးကြီးတာကြောင့် အရောင်းကျလာတယ်။ အဲဒီအခါ ထုတ်လုပ်မှုစရိတ်ကြီးမြင့်ရတဲ့အကြောင်းရင်းကို ရှာကြတော့ အဓိကဇာစ်မြစ်ကို သွားတွေ့ရတယ်။ ဟောင်ကောင်မုန့်တိုက်ကြီးတွေဟာ တိုက်ခန်းရဲ့တစ်ဝက်ကို အရောင်းပြခန်း လုပ်ထားပြီး နောက်ဘက်က တစ်ဝက်ကို မုန့်ဖုတ်တဲ့လုပ်ငန်း လုပ်လေ့ရှိကြတယ်။ ဒီတော့ ပြဿနာကို လေ့လာသူတွေက ဆိုင်ခန်းနေရာတစ်ခုလုံးကို အရောင်းပြခန်းလုပ်နိုင်ရင် နေရာတစ်ဝက် အလဟဿဝင်ငွေမရ ဆုံးရှုံးတဲ့အဖြစ်က လွတ်မယ်။ မုန့်လုပ်တာကို နေရာကျဉ်းကျဉ်းမှာ များများထွက်အောင် စက်ကိရိယာတွေနဲ့ ချည်းထုတ်လုပ်နိုင်အောင် လုပ်မယ်။ နောက်ပြီးတော့ မုန့်ဖုတ်တဲ့လုပ်ငန်းချည်းသက်သက်လုပ်တဲ့ မုန့်ဖုတ်သမားတွေကို ကိုယ်လုပ်ချင်တဲ့မုန့်တွေ လုပ်ခိုင်းရင် နေရာရော အလုပ်သမားပါ လိုအပ်မှု လျော့သွားတယ်လို့ လေ့လာသိရှိခဲ့ကြတယ်။ သူတို့လေ့လာတွေ့ရှိချက်အတိုင်း လုပ်ငန်းရှင်တွေက ပြုပြင်လုပ်ဆောင်ကြတော့ ထုတ်လုပ်မှုအများကြီး တိုးတက်လာသလို ထုတ်လုပ်မှုစရိတ်လည်း လျော့ကျသွားခဲ့ကြတယ်။ ဒါကြောင့် စင်ကာပူမုန့်လုပ်ငန်းတွေ ကျဆင်းသွားပေမယ့် ဟောင်ကောင်မုန့်လုပ်ငန်းကတော့ ပိုပြီးတိုးတက်လာခဲ့တယ်။ ဒါဟာ ပြဿနာဇာစ်မြစ်ကို မှန်မှန်ကန်ကန် သုံးသပ်ရှာဖွေနိုင်ခဲ့ခြင်းကြောင့် ဖြစ်တယ်။ 'ဂိုဏ်းကိုဖြိုဖို့ ခေါင်းကိုဖြုတ်တဲ့ဗျူဟာ' အတိုင်း လိုက်နာကျင့်သုံးနိုင်ခဲ့ခြင်းကြောင့် ဖြစ်တယ်။

**လူထုစိန်ဝင်း**

၂၇–၇–၂၀၀၄

(Wee Chow Hou နဲ့ Lan Luh Luh တို့ ရေးတဲ့ "The 36 Strategies Of The Chinese" ဆိုတဲ့ ၁၉၉၉ ထုတ် စာအုပ်ကို ဘာသာပြန်ထားတာ ဖြစ် ပါတယ်။)

# LIVING COLOR

စီးပွားရေး ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် သတင်းမဂ္ဂဇင်း

NO.111, SEPTEMBER, 2004



## စာကြည့်တိုက်များ၏
## အခန်းကဏ္ဍ